www.burmeseclassic.com



# မီဒီယာစစ်မျက်နှာ

ဇိုးလမင်း

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ▶ | ၉၇/၂၀၀၄(၈) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ▶ | ၁၀၉/၂၀၀၄(၉) |
| ပုံနှိပ်ခြင်း | ▶ | ပထမအကြိမ်<br>၂၀၀၄ခုနှစ်၊ နိုဝင်ဘာလ |
| ပုံနှိပ်သူ | ▶ | ဦးအေးမြင့်(၀၃၃၄၂)<br>Vital Stream |
| တာဝီစာရိုက် | ▶ | ၁၂၇(အေ)၊၃၉လမ်း(အောက်)၊<br>ကျောက်တံတားမြို့နယ်၊ |
| ထုတ်ဝေသူ | ▶ | ဦးကျော်ဟင်း၊<br>ယုံကြည်ချက်စာပေ |
| မျက်နှာဖုံးဒီဇိုင်း | ▶ | ရွှေမြင့်သိန်း |
| အုပ်ရေ | ▶ | ၅၀၀ |
| တန်ဖိုး | ▶ | ၉၀၀ ကျပ် |
| ဖြန့်ချိရေး | ▶ | မျိုးဆက်သစ်စာပေ<br>အမှတ်(၁၈၀)၊ပ-ထပ်(ယာ)၊<br>ဆူးလေဘုရားလမ်း၊<br>ကျောက်တံတားမြို့နယ်၊<br>ဖုန်း-၂၄၁၁၂၈ |


# မောင်ဆုရှင်၏ အမှာစာ

လူတွင် သတင်းသည် ဆက်သွယ်ရေးလက်နက်ကိရိယာ ဖြစ်သည်မှန်၏။ သတင်းစကားတို့ ကမ္ဘာအနှံ့ နေ့စဉ်ဖြစ်ပျက် ပေါ်ပေါက်နေကြသည်။ ပေါ်ပေါက်ရာဌာနများစွာတို့တွင် နှုတ်ဖျားမှ၊ လက်ဖျားမှ၊ ကလောင်ဖျားမှ ဟူ၍ အသွင်ကွဲ၍ ဖြန့်ချိလေ့ရှိကြသည်။ သို့သော် သတင်းကိုစွဲ၍ အနက်ဖွင့်ခြင်း၊ အဓိပ္ပာယ်ယူခြင်း၊ ရစေချင်သည်ကို ဆောင်း(ဇောင်း)ပေးခြင်း၊ ပုံပန်းဖျက်၍ လိုသလိုဆိုခြင်း၊ မုသားသုံးခြင်း စသောပရိယာယ်သဘောတွေ ယခုအခါ ကမ္ဘာပေါ်တွင် များလှသည်။

ယခုအခါ၌ ထိုကိရိယာတို့ကို သုံးလျက် နှုတ်မှဆိုခြင်း၊ ကလောင်ဖြင့်ရေးခြင်း၊ အက္ခရာထင်အောင်ပုံနှိပ်ခြင်းဟူသော ပြောအား၊ ရေးအား ပုံနှိပ်အား၊ လွှင့်ထုတ်အား၊ ထုတ်ပြန်အား အသာစီးရထားသော နိုင်ငံကြီးတို့ကတွင်ကျယ် မင်းမူလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

သတင်းစာအရေးအသား မီဒီယာသမားတို့၏ လုပ်ငန်းသဘာဝမှာ စိတ်ဝင်စားဖွယ်ရာ ဖြစ်သည်။ အချိန်မီအချိန်ကိုက် အမြန်လုပ်ရသောကြောင့် ဖုတ်ပူမီးတိုက်စာပေ (Literature under pressure) ဟု တင်စား၍ဆိုသည်။ မြန်မာဘာသာ "သတင်း" ဟူသော အသုံးနှုန်းကို "အတင်း" ဟူသောဝေါဟာရနှင့် သံယောင်လိုက်၍ နာမည်ဆိုးနှင့် တင်စားရသည်လည်းရှိသည်။ သတင်းသည် အရပ်လေးမျက်နှာကို ဆိုလိုသည်ဟုလည်း NEWS ဟူသော အက္ခရာလေးလုံးအစဉ်ကို မြောက်၊ အရှေ့၊ အနောက်၊ တောင်ဟူသော အင်္ဂလိပ်ဘာသာ ဝေါဟာရတို့ဖြင့် သခင်ပြုကြသည်လည်းရှိသည်။

သတင်းကို အတော်အသင့်ကျယ်ပြန့်စွာ စတင်ဖြန့်ချိနိုင်ခဲ့သော ကမ္ဘာ့သမိုင်းအလယ်ခေတ်မှစ၍ သတင်းလုပ်ငန်းအား မယိမ်းမယိုင်သောမဏ္ဍိုင်အဖြစ် အရာသွင်းကြလျက် စတုတ္ထမဏ္ဍိုင်ဟု ဝိတ္ထာဖွင့်ဆိုခဲ့ဖူးသည်။ စတုတ္ထမဏ္ဍိုင်၏ ပြောင်းလဲသောခရီး၌ အချို့နိုင်ငံများတွင် လုပ်နည်းလုပ်ဟန် ပုံပန်းများတိုးပွားမှုနှင့်အတူ အနှစ်သာရများ ပျက်ယွင်းလာခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

လူတို့သည် နေ့စဉ်သတင်းစုံကိုခံယူရာ၌ အဆိုးကိုပယ်၍ အကောင်းကိုယူရလျှင် စိတ်ချမ်းသာသည်ဟူ၍ သဘောပေါက်လျက် ပေါလ်ဂတ်တီ (Paule Getty) အမည်ရှိသော သူဌေးကြီးသည် သတင်းကောင်းတို့ကိုသာ တမင်ရွေးနုတ်စုပေါင်းစေ၍ ဖတ်လေ့ရှိသည်ဟုကြားဖူးသည်။ သို့သော် သတင်း၏ ရင်ခုန်သံကို အသုံးချလိုသူတို့က "ခွေးကလူကိုကိုက်လျှင် သတင်းမဟုတ်၊ လူကခွေးကိုကိုက်မှ သတင်း" ဟူ၍ ပဋိလုံလှန်လှောကာ လက်စွမ်းပြလိုသူတို့ လည်းရှိသည်။

သတင်းမီဒီယာလုပ်ငန်းတွင် မထူးဆန်းသော်မှ သိသင့်သိထိုက်သည်ဟူ၍မူ စကားကို လူကြားကောင်းအောင် ဟိတ်ဟန်ထုတ်လျက် ပြောချင်သူတို့ကသတင်းစာ၏ အာဘော်ထိပ်နားတွင် "ပုံနှိပ် သင့်သော သတင်းများအားလုံး" ဟူသော အာလုပ်ကို All the news that fit to print ဟူ၍ တော်မှန်သော ခံယူချက်ကိုဖော်ပြသည်။ "နိုင်ငံအတွက် လိုအပ်သော သတင်းစာကို ထုတ်ဝေရေးသားခွင့်သာ ပေးပါ။ ဥပဒေစည်းကမ်းချမှတ်သူတို့ ရန်လုပ်မည်ကို ဂရုထားဖွယ်မလို' Let me make the newspaper of a country, and I do not care who make its laws ဟူ၍ ဆိုသူကဆိုသည်။

ဤသို့ဖြင့် သတင်းဖြန့်ရန် နည်းလမ်းအသွယ်သွယ်ဖြစ်သော နှုတ်ပြော၊ စာပြော၊ အရုပ်ပြော၊ ယန္တရားအစီအမံတို့ကို တည်ဆောက်ကြပြီး သတင်းကို ရည်ရွယ်ချက်အမျိုးမျိုး အကောင်းအဆိုးရောလျက် ဖြန့်ဖြူးကြသည်။ ကြားစေလိုသောသူတို့၏နား၊ ဖတ်စေလိုသောသူတို့၏မျက်စိအောက်၊ မြင်စေ၊ ကြားစေ၊ အာရုံရောက်စေလိုသူတို့၏ နားဝန်းကျင်သို့ ပို့ပေးကြလေသည်။ ထိုအခါ အမှန်ကိုပြောသော အခါ "အတင်း" ဖြစ်သွားရသည်။ "အတင်း"မျှမက "အပုပ်" အဖြစ်သို့

www.burmeseclassic.com

အသွင်ပြောင်းသွားသည်အထိ ဖြစ်သည်။ ဤကိစ္စတွင် စေတနာနှင့် လုပ်နည်းလုပ်ဟန် ကွဲပြားမှုအမျိုးမျိုးမှာ "လက်သယ်" ဖြစ်၏။

အနောက်တိုင်းသတင်းစာ မီဒီယာတို့အပေါ် လူသာမန်တို့ အမြင်အမျိုးမျိုးရှိသည်။ ကွယ်လွန်သူ ဒိုင်ယာနာမင်းသမီးက "သတင်းစာဆိုတာ တယ်ပြီးရက်စက်တာပဲ၊ ဘယ်သူ့ကိုမှ ခွင့်မလွှတ်ဘဲ အမှားကိုတွေ့အောင်သာ အမဲလိုက်သလို သဲသဲမဲမဲ ရှာနေကြတာ" ဟု ၁၉၉၃ ခုနှစ် ဩဂုတ်လအတွင်းက ပြင်သစ် သတင်းစာ လီမွန်း (Le Monde)သို့ ပြောခဲ့ဖူးသည်။ အညှိနှံ့ခံ၍ ကြီးပွားလိုသော သတင်းသမားတို့ကို ဆိုလိုခြင်းဖြစ်သည်။

ဟန်နင်ဆွက်ဖာ (Hannen Swaffer) အမည်ရှိ ဗြိတိသျှ သတင်းစာဆရာနှင့် ဝေဖန်ရေးဆရာတစ်ဦးကမူ "ဗြိတိသျှ သတင်းစာ လွတ်လပ်ခွင့်ဆိုတာဟာ ပိုင်ရှင်ရဲ့အစွဲအလမ်းနဲ့၊ ကြော်ငြာထည့်တဲ့သူတွေ မငြိုငြင်အောင် လုပ်ရတဲ့ကိစ္စပဲ" ဟု ၁၉၇၄ ခုနှစ်က သူ့စာအုပ်တစ်အုပ်တွင် အပြစ်အနာဖော်ထုတ်၍ မှတ်ချက်ပေးဖူးသည်။

"မီဒီယာဆိုတဲ့ စကားကြားရတာ၊ ဝိဉာဉ်သမားတွေရဲ့ စုံညီအစည်းအဝေးလား အောက်မေ့ရတယ်" ဟု ချက်ကိုစလိုဘေးကီးယားမှာ မွေးဖွားပြီး အင်္ဂလန်မှာ ပြဇာတ်ဆရာလုပ်နေသူ တွမ်းစတော့ပတ် (Ton Stoppard) ဆိုသူက ၁၉၈၉ ခုနှစ်တွင် မှတ်ချက်ပေးဖူးပါသည်။ ထိုသူက မီဒီယာဆိုတာ သူတော်ကောင်းလုပ်ငန်းလိုပါလားဟု မျှော်လင့်သယောင် ရွဲ့ပြခြင်းဖြစ်သည်။

"မီဒီယာဆိုတာ ဆီဆေးပန်းချီကားကြီးတစ်ခုနဲ့ တူတယ်။ အနားကပ်ကြည့်ရင် ဘာကိုဆိုလိုမှန်း သိပ်မသဲကွဲဘူး။ နောက်ဆုတ်ပြီး ခပ်လှမ်းလှမ်းကကြည့်မှ ပုံပေါ်လာတတ်တယ်လို့ ပြောချင်တယ်" ဟု ဗြိတိသျှသတင်းစာဆရာ ဘားနဒ်အင်ဂန် (Bernard Ingham) ဆိုသူက ၁၉၉၀ ပြည့်၊ ဖေဖော်ဝါရီလတွင် ဗြိတိသျှပါလီမန်၏ သတင်းစာဆရာများ ခန်းမဆောင်တွင် ဆွေးနွေးခန်း၌ မှတ်ချက်ပေးဖူးသည်။ ထိုသူပြောသလို ခပ်လှမ်းလှမ်းရှုထောင့်မှ မိမိတို့ကိုယ်ပိုင်အမြင်နှင့် အမျိုးသားရေးရှုထောင့်မှ ပေါင်းစပ်၍ သုံးသပ်ကောင်းသည်ဟု ထင်ပါသည်။

မီဒီယာလုပ်ငန်းနှင့် ချိတ်ဆက်၍ လိုသလိုဆွဲသုံးနေသော ဝေါဟာရများလည်း ကောက်ခါငင်ကာတွေးကြည့်လျှင်ပင် အများအပြားရှိနေသည်။ အများအကျိုးဆောင်မှု (Public Interest)၊ ဆောင့်စည်းထိန်းသိမ်းမှု (Restraint)၊ အရေးအသားလွတ်လပ်မှု (Editorial Freedon)၊ ဝာနယ်ဇင်းကျင့်ဝတ် (Professinal code of conduct)၊ တကိုယ်ရေ သီးခြားနေခွင့် (Right to Privacy)၊ အရေးဥပဒေအရ ထိန်းချုပ်စောင့်စည်းမှု (Legal constraints)၊ အမျိုးသား အကျိုးစီးပွား (National Interests)၊ ယဉ်ကျေးမှုထိုးဖောက်ခြင်း (Cultural Penetration)၊ ဒေသအလိုက် လူမှုစံနှုန်း

www.burmeseclassic.com

www.burmeseclassic.com

တန်ဖိုးထားမှု (Local Values and Norms)၊ စောင်းပေးမှု (Slant)၊ သတင်းဦးမှု (Scoop)၊ မီဒီယာ ပေါင်းစပ်ခြင်းနှင့် လက်ဝယ်ရယူခြင်း (*Mergers and Acquisition*)၊ မီဒီယာ ဖန်တီးသော ဖြစ်ရပ် (Media Event)၊ မီဒီယာထိုး ဖောက်ဝင်ရောက်ခြင်း (Media Invasion)၊ သဘောထားတုံ့ပြန်ချက် (Feedback)၊ အပြန်အလှန် ချိတ်ဆက်မှုပြုခြင်း (Interactive) တို့မှ သည် ယခုခေတ်စားနေသော ကမ္ဘာပြုမှု သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ယှက်နွယ်ပြောင်းလဲမှု (Globalization)၊ အထိ များလှစွာ သောဝေါဟာရတို့ ရှိနေပါသည်။ ထိုဝေါဟာရတို့ကို အနက်မှန်၊ ပညတ်မှန် တွေးဆခံယူတတ်ပါမှ မီဒီယာခေတ် လူသားအဖို့ ရပ်တည်မှု အခြေခိုင်စရာရှိပါသည်။

ဤသို့ ပိုင်းခြားရပ်တည်မှုတွင် အထောက်အကူအဖြစ် လေ့လာနိုင်ရန် အနောက်မီဒီယာလုပ်ငန်းကို စောင့်ကြည့်လေ့လာလျက် ပညာရပ်ပိုင်းကိုပါ လေ့ကျင့်ကျွမ်းနှီးသော စာရေးဆရာ "ဖိုးလမင်း" က အိတ်သွန်ဖာမှောက်ပြုလျက် အတွင်းနှိုက်ကာတင်ပြထားသည်ကို ဖတ်ရှုလေ့လာကြပါကုန်။

၂၀၀၄ ခုနှစ်၊ ဧပြီလ (၂၇)ရက်

မောင်ဆုရှင်

## စာရေးသူ၏ တင်ပြလွှာ

ယခုတော့ "မီဒီယာ စစ်မျက်နှာ" ပေါ့။

ဟိုအရင်တစ်ခါတုန်းက "လိမ်ညာမှုများ၏ ကိုယ်ရံတော်"၊ နက်နဲကျယ်ဝန်းလှသော မီဒီယာပညာရပ်များထဲမှ အမှောင့်သတင်း ဖန်တီးမှုပညာကို "လိမ်ညာမှုများ ၏ ကိုယ်ရံတော်" အဖြစ် ကျွန်တော် စာဖွဲ့ခဲ့သည်။

အပြိုင်အဆိုင် လူ့လောကကြီးထဲတွင် စစ်မျက်နှာအစုံဖွင့်၍ အလုအယက် အနိုင်ရရေး ကြိုးပမ်းကြသည်။ နိုင်ငံရေးစစ်မျက်နှာ၊ စီးပွားရေးစစ်မျက်နှာ၊ စစ်ရေးစစ်မျက်နှာ၊ လူမှုရေး (ယဉ်ကျေးမှု) စစ်မျက်နှာ၊ ဘက်စုံတက်စုံ စစ်မျက်နှာဖွင့်၍ ရှင်သန်နိုင်ရေး ကြိုးပမ်းကြသည်။

www.burmeseclassic.com

စစ်မျက်နှာအားလုံးတို့၏ တပ်ဦးတွင် "မီဒီယာ" ကို "စစ်ဦးဘီလူး"အဖြစ် ရှေ့တန်းတင်၍ စစ်မျက်နှာဖွင့်ကြသည်။

ထိုသို့သော "စစ်ဦးဘီလူး" မီဒီယာကို "မီဒီယာစစ်မျက်နှာ" ဟုကျွန်တော် စာဖွဲ့မိပြန်ပါသည်။ မီဒီယာကို စစ်ဦးဘီလူးအဖြစ် တင်သောစစ်မျက်နှာတိုင်းတွင် အောင်ပွဲဆင်နိုင်ကြသည်။

သို့ဖြင့် လာမည့်ရာစုနှစ်ကို မီဒီယာခေတ်၊ သတင်းခေတ် Information Age ဟုပင် သမုဒ်လာကြလေပြီ။

သို့ဆိုလျှင် "မီဒီယာစစ်မျက်နှာ" သည် မည်မျှအရေးပါနေပြီနည်း။

၂၀၀၃ ခုနှစ် နှစ်ဦးပိုင်းတွင် မီဒီယာစစ်မျက်နှာ အကြောင်း စာစုများ သတင်းစာပေါ်တွင်စာတင်ခဲ့သည်။

၂၀၀၃ ခုနှစ် နှစ်လည်ပိုင်းတွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီ သို့ ကျွန်တော်ထွက်ခွာသွားခဲ့သည်။ ဂျဝါဟာလာနေရူးတက္ကသိုလ်ကြီးတွင် အိန္ဒိယ လူထုဆက်သွယ်ရေးပညာ တက္ကသိုလ် (IIMC) ၌ သတင်းစာ ပညာဒီပလိုမာဘွဲ့ရယူရန် ဖြစ်ပါသည်။

(IIMC) တွင် ကျွန်တော်တို့ကို သင်ကြားသူ ဆရာများနှင့် အုပ်ချုပ်သူဆရာအားလုံး လူထုဆက်သွယ်ရေး ပညာရပ်တစ်မျိုးမျိုးတွင် ပါရဂူ Ph.D ဘွဲ့ရထားပြီးသူများချည်း ဖြစ်သည်။

နေရူးတက္ကသိုလ်ကြီး၏ လက်အောက်ခံ (IIMC) တွင် ကျောင်းဆရာ တာဝန်ထမ်းဆောင်ရသူများသည် နှယ်နှယ်ရရမဟုတ်။ ထူးချွန်သူများ ဖြစ်ရသည်။ အချိန်မရွေး အလုပ်ခွင်မှ ဖယ်ရှားခြင်း ခံရနိုင်သည်ဟုဆိုသည်။

ကျွန်တော် ရောက်ခါစတစ်နေ့တွင် စိတ်မကောင်းဖွယ်ရာ ဖြစ်ရပ်တစ်ခု ကြုံလိုက်ရသည်။ ပြင်ပမှ ဧည့်ပါမောက္ခတစ်ဦး စာလာသင်သည်။ အချိန်ပိုင်းသင်ကြားပေးရန် ငှားရမ်းထားသူ ပါမောက္ခတစ်ဦး ဖြစ်သည်။ သူသင်ကြားရသော ဘာသာရပ်မှာ မီဒီယာ လွတ်လပ်ခွင့်နှင့် နိုင်ငံရေးကျင့်စဉ်ဖြစ်သည်။

မြန်မာနိုင်ငံကို ဦးတည်တိုက်ခိုက်လာသဖြင့် ကျွန်တော့်ကိုယ် ကျွန်တော် ပွဲထုတ်လိုက်ရသည်။

သူ့စကားကို နိုင်ငံရေး သီအိုရီ အဓိပ္ပါယ် ဖွင့်ဆိုချက်များနှင့် တကွ ချည်နှောင်ထုပ်ပိုးပြီး တန်ပြန်မေးခွန်းများဖြင့် ပစ်ခွတ်လိုက်သည်။ သူမပြောနိုင်တော့။ သူ့စကား သူပြန်ရှင်းမပြနိုင်တော့။

နိုက်ဂျီးရီးယားမှ ဂျာနယ်လစ် ဂေါ်ဒွင်ကလည်း အိန္ဒိယ၏ ဒီမိုကရေစီနှင့် မီဒီယာလွတ်လပ်ခွင့်ဆိုသည်တို့ကို လက်တွေ့ဖြစ်ရပ်များနှင့် ထောက်ကွက်ဖမ်း၍ မေးခွန်းထုတ်ပြန်သည်။

နောက်ဆုံး ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး သူလေ့လာပါဦး ညီဟု ဝန်ခံနှစ်သိမ့်ရင်း အရှုံးပေးသွားသည်။ နောက်တစ်နေ့မှစပြီး ထိုဆရာပျောက်ကွယ်သွားတော့သည်။ သင်လက်စ သူ၏ ဘာသာရပ်ကို

www.burmeseclassic.com

www.burmeseclassic.com

ရပ်ဆိုင်းပြီး တစ်ပတ်စာသင်ရိုးဇယား ပြောင်းလဲ၍ အသစ်ဖြန့်ဝေလိုက်တော့သည်။

နောက်တစ်နေ့ညနေတွင် နီပေါသူ အမျိုးသမီး သတင်းစာဆရာမ သင်တန်းသူ ဆာရာဆွာတီက ကျွန်တော့်ကို ဝမ်းနည်းစကားဆိုလာသည်။

"ရဲ - မင်းကြောင့် ဟိုဆရာ စာသင်ခွင့်ရပ်ဆိုင်းခံရတယ်။ ဒီမှာက ပြင်ပဆရာကို စာသင်ခများများပေးတယ်။ ဆရာ တပည့်ပြန်လှန်ဆွေးနွေးသင်ကြားတာကို အသံဖမ်းထားတယ်။ တပည့်လောက်မှ လေ့လာမထားတဲ့ဆရာဟာ နောက်နေ့သင်ခွင့်မရတော့ဘူး။ မင်း - အဲဒါမသိဘူးလား" တဲ့။

မြန်မာပီပီ၊ ကျွန်တော် စိတ်မကောင်းဖြစ်ရသည်။ အလားတူ ပါမောက္ခ ဒေါက်တာ စီပီဆင်း (Dr.C.P. Singh) နှင့် ဒေါက်တာ ဖိရောဇ် (Dr. Md. Firoz) တို့လည်း ကျွန်တော်နှင့် အပြန်အလှန်ဝေဖန်ဆွေးနွေးကြရင်း ကျွန်တော့်အား အလွန်လေးစားမိပါကြောင်းနှင့် နိုင်ငံရေးပညာကို တော်တော် သင်ကြားခဲ့ဖူးပါသလားဟု မေးကြသည်။ မြန်မာနိုင်ငံတွင် သတင်းစာပညာနှင့် နိုင်ငံရေးပညာ လေ့လာမှုမြင့်မားကြောင်း အသိအမှတ်ပြုကြသည်။ ကျောင်းပြီးခါနီး နောက်ဆုံးလတွင် ကာတပ်ခ်မြို့ရှိ IIMC ကျောင်းခွဲမှကျောင်းအုပ်ကြီး ဒေါက်တာ ဆရီဗတ်စ်တာဗာ Dr. Srivastava လာရောက်သင်ကြားသည်။

သူသင်ကြားသော ဘာသာရပ်မှာ အနောက်နိုင်ငံကြီးများ၏ သတင်းဌာနများမှ သတင်းလှည့်ဖျားရေးသားမှု အကြောင်းဖြစ်သည်။ စာအုပ်စာတမ်းများပါးပြီး ကျောင်းသားများ လေ့လာရခြင်းမရှိသေးသော ဘာသာရပ်ဖြစ်သည်။

"ဆရာ - ဒီဘာသာရပ် သင်မယ်လို့ ပြီးခဲ့တဲ့တစ်ပတ်တည်းက ကြိုတင်ပြီး သင်ရိုးဇယားပေးထားတယ်။ အခုမင်းတို့ ဂျာနယ်လစ်တွေဖြစ်ပြီး ဘာမှလေ့လာမထားဘူး။ မင်းတို့တိုင်းပြည်က မင်းတို့ကို ဘယ်လိုအားထားမလဲ။ အလွန်ညံ့ဖျင်းတဲ့ဂျာနယ်လစ်တွေ" ဟုဆူပူပါတော့သည်။

ကျောင်းသားများက ကျွန်တော့်ကို အကူအညီ တောင်းခံသောမျက်လုံးများဖြင့် ကြည့်ကြသည်။ ဆရာပြော၍ အားရသွားသောအခါမှ ကျွန်တော်ထရပ်လိုက်သည်။ အနောက်နိုင်ငံများက ကျင့်သုံးသော "သတင်းလွတ်လပ်စွာ စီးဆင်းရေး" ဆောင်ပုဒ်၏ အနိုင်ကျင့်ပုံများကို နိုင်ငံငယ်များကနှစ်ပေါင်း (၂၀)မျှခံစားပြီးနောက် မခံမရပ်နိုင် အော်ဟစ်လာချိန်တွင် ကုလသမဂ္ဂသည် ကော်မရှင်တစ်ခုဖွဲ့စည်းပေးရပုံနှင့် ထိုကော်မရှင်ဥက္ကဋ္ဌ လမ်းညွှန်သော စကားရပ်တို့ကို ကျွန်တော်ရွတ်ပြလိုက်သည်။

ဆရာ့အတွက် အံ့အားသင့်ခြင်းကြီးစွာ ဖြစ်သွားရပြီး ကျောင်းသားများက လက်ခုပ်အားပါးတရတီး၍ ဂုဏ်ပြုလိုက်ပါသည်။ ဆရာ့အနေဖြင့် တပည့်တစ်ဦးအတွက်ဂုဏ်ယူသောအပြုံးဖြင့် စာဆက်သင်

www.burmeseclassic.com

www.burmeseclassic.com

သွားသည်။ နောက်တစ်ပတ်ထဲတွင် သူ့အချိန်ပြန်ပါ၍ နိုင်ငံကြီးများက သတင်းလှည့်ဖျားရေးသားမှုများအကြောင်း နမူနာများနှင့်တကွ သင်ကြားသည်။ ဤတစ်ကြိမ်တွင် ဆရာက ကျွန်တော့်ကိုအကူအညီ တောင်းခံသော မျက်လုံးများဖြင့်ကြည့်လာသည်။ မြန်မာနိုင်ငံသား တွေဟာ ဒီကိစ္စအတွေ့အကြုံများကြောင်းလည်း ရေလာမြောင်းပေး ပြောသည်။

ကျွန်တော်က ဆရာဝေပေးသည့် ပရက်ဆေးမှပာစုလွှာ များတွင် ပါသော နမူနာများကိုကြည့်ပြီး ဖြည့်စွက်ဆွေးနွေးသည့်အနေဖြင့် တစ်ခုချင်းနည်းစနစ် သတ်မှတ်ပေးလိုက်ပါသည်။ ဤတစ်ကြိမ်တွင် လည်း ဆရာက မင်းဒီနည်းစနစ်တွေ ဘယ်လိုရသလဲဟု အားရဝမ်းသာ မေးလာပါသည်။ ကျောင်းသားများ ကကြိုသိပြီးဖြစ်နေ၍ ဆရာ့ကို အဖြေပေးလိုက်ကြသည်။

"မစ္စတာ ရဲ - က စာအုပ်တစ်အုပ် ရေးထားတယ်ဆရာ။ Body Guard of Lies တဲ့။ 'သူ့ဆီမှာ အဲဒီစာအုပ်တွေပါလာတယ်"။

ပါမောက္ခချုပ် ဒေါက်တာဘီပီဆန်ဂျေး Dr.B.P.Sanjay အပါအဝင် ပါမောက္ခ (၈) ဦးတို့ တောင်းခံလွှာ၍ ကျွန်တော်လက်ဆောင် ပေးလိုက်ရသည်။

သင်တန်းမှူး ဒေါက်တာဘီလာရီရှားမား Co-ordinator Madam Dr. Smita V Sharma က ကျောင်းစာကြည့်တိုက်အတွက် တစ်အုပ်ထပ်တောင်းသွားသေးသည်။ သူတို့စာကြည့်တိုက်တွင် ယခုလို ပြုစုထားသော စာအုပ်မျိုးမရှိသေး ဟုဆိုပါသည်။

ကျွန်တော်ပြန်ခါနီးတွင် ပါမောက္ခချုပ်က "လိမ်ညာမှု များ၏ ကိုယ်ရံတော်" စာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုပြီးပို့ပေးရန် ထပ်တလဲလဲ မှာကြားပြန်သည်။ ကျွန်တော် ကတိပေးခဲ့ရသည်။

လွန်ခဲ့သည့် ၁၅ နှစ်ခန့်က မြန်မာသတင်းစာများပေါ်မှ "လိမ်ညာမှုများ၏ ကိုယ်ရံတော်" သည် ယခုအခါ စာအုပ်အဖြစ် အိန္ဒိယနိုင်ငံတွင် အကြီးဆုံးတက္ကသိုလ်ကြီးဖြစ်သော ဂျဝါဟာလာ နေရူးတက္ကသိုလ်ကြီး၏ IIMC ပင်မစာကြည့်တိုက်ထဲ မှတ်မှတ်ရရ ရောက်ရှိသွားခဲ့ပြီဖြစ်သည်။ ကျွန်တော် ဂုဏ်ယူပီတိဖြစ်မိရပါသည်။

မြန်မာသတင်းစာဆရာတစ်ဦးအနေဖြင့် ဘက်မလိုက် နိုင်ငံများ၏ သတင်းစာဆရာ သင်တန်းသားများရှေ့တွင် မျက်နှာ ပွင့်လန်းခဲ့ရသည်။

တစ်ခါတုန်းက "လိမ်ညာမှုများ၏ ကိုယ်ရံတော်" အတွက်ပါ။ ယခုတော့ "မီဒီယာ စစ်မျက်နှာ" ပေါ့။

ဖိုးလမင်း

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | စာစုအမည် | စာမျက်နှာ |
|---|---|---|
| ၁ | အဆိပ်သင့်ကလောင် | ၁ |
| ၂ | ကမ္ဘာ့သတင်းများနောက်ကွယ်ကစီအိုင်အေ | ၁၅ |
| ၃ | စီအိုင်အေ၏ ဟန်ပြအဖွဲ့အစည်းများ | ၃၃ |
| ၄ | စီအိုင်အေ၏ သတင်းအင်ပါယာ | ၄၅ |
| ၅ | စီအိုင်အေရဲ့ တို့လှုပ်တွေ | ၆၁ |
| ၆ | သတင်းကာန့်လန့်ကာနှင့် ပေါ်လစီဆင်သာ | ၇၇ |
| ၇ | ပီပီရိုရီအများနဲ့ မရေမရာအမှန် | ၉၃ |
| ၈ | နိုင်ငံရေးကို လမ်းခင်းပေးမယ့် တလွဲသတင်း | ၁၁၃ |
| ၉ | နိုင်ငံတိုင်းက အားပေးနေသော ဟောလီးဝုဒ် | ၁၂၉ |
| ၁၀ | ဖန်သားပြင်ပေါ်မှကျူးကျော်လာသောအတွေးအမြင်များ | ၁၄၃ |
| ၁၁ | စိတ်အစာနှင့် ဝါဒဖြန့်စားဖိုကြီး | ၁၅၉ |
| ၁၂ | မီဒီယာစစ်မျက်နှာ | ၁၈၇ |
| ၁၃ | မီဒီယာအနောက်မိုး | ၂၁၅ |


www.burmeseclassic.com

www.burmeseclassic.com

# အဆိပ်သင့် ကလောင်

ကမ္ဘာ့နိုင်ငံကြီးများအနေနဲ့ ပြန်ကြားရေးလုပ်ငန်းကို အဓိက လက်နက်ကြီးသဖွယ် အသုံးပြုပြီး၊ နိုင်ငံငယ်များကို ကျူးကျော်ရန် အားထုတ်နေခြင်းနဲ့ပတ်သက်လို့ နိုင်ငံငယ်များက ခံစစ်ဆင်မှုစတင်နိုင်ခဲ့တာ မကြာလှသေးပါဘူးခင်ဗျာ။

အထူးသဖြင့် အခုလိုခံစစ်ဆင်နွှဲနိုင်ဖို့အတွက် အရေးတကြီး မပြုစ်မနေ ဆောင်ရွက်ရမယ့် တာဝန်တစ်ရပ်ကတော့ "စာပေဆောက်လှမ်းမှု" လုပ်ငန်းတစ်ရပ်ပါ။

တစ်နည်းအားဖြင့် လူထုဆက်သွယ်ရေး၊ ပြန်ကြားရေးလုပ်ငန်းတွေထဲကို၊ နိုင်ငံကြီးများက ထောက်လှမ်းရေးအဖွဲ့များ ထိုးဖောက်

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်နေမှုနဲ့ ပတ်သက်လို့ လေ့လာထောက်လှမ်းခြင်းမျိုးပါပဲ။ ဒီတာဝန်ကို နိုင်ငံငယ်များက မျိုးချစ်စာနယ်ဇင်းသမားများနဲ့ ပြန်ကြားရေးဌာနများက ပုဂ္ဂိုလ်များက ရှာဖွေဖေါ်ထုတ်ပြီး၊ မိမိပြည်သူ လူထုကို ချပြခြင်းဖြင့် မိမိပြည်သူများအား ပြည်ပမှဆွဲဆောင်မှုကို ကာကွယ်လေ့ ရှိကြပါတယ်။

အထူးသဖြင့် တော့ စီအိုင်အေနဲ့ အနောက်အုပ်စု ထောက်လှမ်းရေး အဖွဲ့များရဲ့ ထိုးဖောက်ဝင်ရောက်မှုကို နိုင်ငံငယ်များက အလန့်တကြား စုံစမ်းဖေါ်ထုတ်နေကြပါပြီ၊ လေ့လာမိသမျှ ဖေါ်ပြလိုက်ရပါတယ်ခင်ဗျာ။

## စီအိုင်အေတို့ရဲ့ စာပေတွေထဲမှာ

ဥပမာအားဖြင့် ဟောင်ကောင်မှာရှိတဲ့ အာရှရေးရာပြဿနာများလေ့လာရေးဌာန Centre of Asian Problems Studies ကြီးဟာ စီအိုင်အေအဖွဲ့ကြီးက တည်ထောင်ထားတဲ့ဌာနဖြစ်ကြောင်း၊ အာရှနိုင်ငံများက အသိအမှတ်ပြုထားကြပါတယ်။ အလားတူပဲ၊ အရှေ့ပိုင်းနိုင်ငံများအတွက် 'သိပ္ပံစာပေ' များထုတ်ဝေရာ အမေရိကန်စာအုပ်တိုက် တစ်တိုက်ဖြစ်တဲ့ Franklin Books စာအုပ်တိုက်ကြီးဟာလည်း လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက စီအိုင်အေ လက်အောက်ခံ စာအုပ်တိုက်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။



ဒီစာအုပ်တိုက်ကြီးဟာ အာရှဖောင်ဒေးရှင်း အဖွဲ့ *Asia Foundation* ကနေ ငွေကြေးရယူ လည်ပတ်နေရပါတယ် လို့လည်း စာအုပ်တိုက်တာဝန်ခံက ထုတ်ဖေါ်ပြောကြားခဲ့ပါတယ်။

ဒီလိုပဲ ဝေါ်ကာစာအုပ်တိုက်ကြီး Walker & Co; က ပိုင်ရှင်များဟာလည်း စီအိုင်အေထောက်လှမ်းရေးအဖွဲ့ကြီးက အရာရှိတွေဖြစ်နေကြောင်း အံ့သြစဖွယ်တွေ့ရှိရပါသတဲ့။

ဒါကြောင့်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် အမှောင့်လုပ်ငန်းအတွေးအခေါ်တွေ ဖြန့်ဖြူးပေးနေတဲ့ စာအုပ်တိုက်တွေကိုကြည့်ရင်၊ လွန်ခဲ့တဲ့ဆယ်စုနှစ်သုံးခုလောက်ကတည်းက စီအိုင်အေ၊ အမေရိကန်ဗဟိုထောက်လှမ်းရေးအဖွဲ့ကြီးရဲ့ထိန်းချုပ်မှုနဲ့ စီအိုင်အေစုံထောက်တွေ ပြုစုရေးသားခဲ့တဲ့စာအုပ်တွေ၊ ဒါမှမဟုတ် စီအိုင်အေက ငွေပေးရေးခိုင်းတဲ့စာအုပ်တွေဖြစ်နေတာကို တွေ့ရမှာမဆန်းပါဘူးလို့ ဆိုနေကြပါပြီ။

အခုလို စီအိုင်အေက ချုပ်ကိုင်ထားတဲ့ သတင်းဌာနတွေ၊ သတင်းစာတွေ၊ ဂျာနယ်၊ စာအုပ်တိုက်တွေ များပြားလာတာကြောင့် အမေရိကန်ရှေ့ဆောင် စာရေးဆရာကြီးတစ်ဦးလည်းဖြစ်၊ စာအုပ်ထုတ်ဝေသူလည်းဖြစ်တဲ့ ဖီးလစ်ဘိုနော့စကီ (Phillip Bonosky )က "တစ်ကမ္ဘာလုံးဟာ စီအိုင်အေတို့ရဲ့စာပေတွေထဲမှာ နစ်မြုပ်နေရပါပြီ" လို့ ငြီးတွားခဲ့ပါတယ်။

အခြားသော စာပေပညာရှင် အသိုက်အဝန်းတွေကလည်း

www.burmeseclassic.com

www.burmeseclassic.com



စီအိုင်အေအကြီးအကဲရဲ့ စာထဲမှာ "နိုင်ငံခြားတိုင်းပြည်တွေက သတင်းထောက်တွေဆီက ရရှိနေတဲ့ သတင်းအချက်အလက်တွေဟာ စီအိုင်အေထောက်လှမ်းရေးလုပ်ငန်းကြီးအတွက် အရေးပါတဲ့သတင်းတွေ ဖြစ်နေပါတယ်" လို့ ပါရှိကြောင်း ဖော်ပြထားပါတယ်။

အလားတူပဲ၊ အမေရိကန်ဂျာနယ်ကြီး တစ်စောင်ဖြစ်တဲ့ ကိုလန်ဘီယာဂျာနယ် လစ်ဇင်ရီဗျူး (Columbia Journalism Review) ကလည်း စာနယ်ဇင်းများနဲ့ လူထုဆက်သွယ်ရေး လုပ်ငန်းလောကထဲကို စီအိုင်အေ ထိုးဖောက်ဝင်ရောက်မှုကြောင့် ပေါ်ပေါက်လာတဲ့ ပြဿနာတွေကို အထူးသုတေသနပြု လေ့လာပြီး သုံးသပ်ရေးသားခဲ့တာကို တွေ့ရပါတယ်။

ဂျာနယ်ကြီးက ဖော်ပြရာမှာ "စီအိုင်အေ အမေရိကန်ထောက်လှမ်းရေးအဖွဲ့ကြီးသည် ရိုက်တာသတင်းဌာနကြီး (ဗြိတိန်)နှင့် ပြင်သစ်သတင်းဌာနကြီး (France Presse)ကြီးတို့အတွက် နိုင်ငံခြားတိုင်းပြည်များမှ သတင်းစာဆရာ အများအပြားကို ဝယ်ယူနေကြောင်း၊ ထိုသတင်းဌာနကြီးများသည် ကမ္ဘာ့နိုင်ငံပေါင်းများစွာရှိ သတင်းစာအများအပြားကိုလည်း ပိုင်ဆိုင်ပြီး ကိုင်တွယ်အသုံးပြုနေကြောင်း" ဖော်ထုတ်ရေးသားခဲ့ပါတယ်။

စီအိုင်အေအဖွဲ့အစည်းဟာ စာအုပ်တိုက်ပေါင်းများစွာကို ပိုင်ဆိုင်ပြီး ငွေအရင်းအနှီးများစွာကို အသုံးပြုနေကြောင်းလည်း



တွေ့ရပါတယ်။ အဲဒီစာအုပ်တိုက်ကြီးတွေဟာ အင်္ဂလိပ်ဘာသာနဲ့ ဖြန့်ဝေနေတာတွေရပြီး၊ စာပေအလုပ်ရော၊ ထောက်လှမ်းရေးအလုပ်ပါ နှစ်မျိုးခွလုပ်နေတာ တွေ့ရပါတယ်။ တစ်နည်းအားဖြင့်တော့ စီအိုင်အေက ဉာဏ်ကွန့်မြူးပြီး၊ အပင်းသွင်းပေးထားတဲ့ ဝါဒဖြန့်စာပေတွေ ရိုက်နှိပ်ထုတ်ဝေရင်း ထောက်လှမ်းရေးလုပ်ငန်းကိုလည်း မင်းသားမျက်နှာဖုံးစွပ်ပြီး ဆောင်ရွက်နေကြခြင်း ဖြစ်ပါတယ်။

အလားတူပဲ၊ စီအိုင်အေဟာ သတင်းစာတိုက်များရဲ့ လုပ်သားတွေအတွင်းမှာပါ ထိုးဖောက်မြှုပ်နှံထားကြောင်း တွေ့ရပြန်ပါတယ်။

## ဖက်ဆစ်လက်သစ်တို့ ပိုင်သမျှ

အမေရိကန်မဂ္ဂဇင်းကြီး တစ်စောင်ဖြစ်တဲ့ ဆဲဗင်းဒေး (Seven Days) မဂ္ဂဇင်းကြီးက ဖော်ပြရာမှာတော့ စီအိုင်အေဟာ ကမ္ဘာတစ်ဝန်းလုံးမှာ သတင်းစာနဲ့ဂျာနယ် အမျိုးပေါင်း(၂၀၀)ကျော်၊ သတင်းစာတိုက်နဲ့ သတင်းအေဂျင်စီပေါင်း(၅၀)၊ ရေဒီယိုနဲ့ရုပ်မြင်သံကြား အသံလွှင့်ဌာနပေါင်း (၂၀)၊ စာအုပ်တိုက် (၂၅)တိုက်တို့ကို တိုက်ရိုက်တိုင်တွယ်အသုံးပြုနေကြောင်းလည်း လေ့လာဖော်ပြထားတာ ဖတ်ရှုရပါတယ်။

ဒီတော့ နိုင်ငံငယ်လေးတွေက ပရိသတ်ဟာ နိုင်ငံကြီးတွေက စာနယ်ဇင်းတွေမှ မှန်ကန်ကြောင်း၊ အားထားရကြောင်း မျက်စိစုံမှိတ်

www.burmeseclassic.com

www.burmeseclassic.com



ပြောကြားနေမှုကို ဘယ်လိုသုံးသပ်ရပါမလဲ။

ဒီလိုနိုင်ငံငယ်လေးတွေက ပရိသတ်အများစုဟာ သွေးက ပြောသောစကားများကို ကျော်လွန်ပြီး ဘေးကပြောသောစကားများကို အယုံမိနေခြင်းကိစ္စမှာ ကမ္ဘာ့စာနယ်ဇင်းတွေရဲ့ အာဘော်ဘယ်လောက် ယိမ်းယိုင်တိမ်းစောင်းနေပြီလဲ။

ကမ္ဘာ့ပြည်သူအများစုကြီးရဲ့ မျက်စေ့၊ နားကလေးတွေကို လှည့်စားရာမှာ ကမ္ဘာ့လူထုဆက်သွယ်ရေးယန္တယားကြီးထဲကို ကိုလိုနီလက်သစ်ဝါဒီနိုင်ငံကြီးများက **ဖက်ဆစ်လက်သစ်** Neofascist လို့ခေါ်နေတဲ့ ကမ္ဘာကျော်ထောက်လှမ်းရေးအဖွဲ့ကြီးတွေရဲ့ လက်ရာခြေရာတွေ ဘယ်လောက်ထိုးဖောက် ဝင်ရောက်နေပါသလဲ။

ကမ္ဘာ့လူထုဆက်သွယ်ရေးယန္တယားကြီးတစ်ခုလုံးနီးပါးကို ချုပ်ကိုင်ထားနိုင်တဲ့ ယဉ်ကျေးမှုကိုလိုနီလက်သစ်ဝါဒကို '**ဖက်ဆစ်လက်သစ်**'တို့က ဘယ်လိုအမြစ်တွယ်ချုပ်ကိုင်ထားသလဲ။ ဖက်ဆစ်လက်သစ်တို့က ဆင့်ပွားပေးလိုက်တဲ့ တစ်ဖက်သတ်ဝါဒဖြန့်သတင်းတွေကို နိုင်ငံငယ်လေးတွေက အမျိုးသားအသံလွှင့်ဌာနတွေ၊ နိုင်ငံပိုင်စာနယ်ဇင်းတွေက ဘယ်လောက်များလိုက်ပါပြီး တိုက်ရိုက်ဘာသာပြန်ဖော်ပြနေကြပါသလဲ။

တစ်နည်းအားဖြင့် ကိုယ့်ပြည်သူတွေကို ယဉ်ကျေးမှုကိုလိုနီလက်သစ်ဝါဒီတို့ရဲ့ လှည့်ဖျားနှားသွင်းခံနေရတဲ့ "**စေလိုရာစေ**



ဘဝထဲက ရုန်းထွက်နိုင်အောင် "**အမျိုးသားရေးဝါဒီ**" စာနယ်ဇင်းသမားတွေ ဘယ်လောက်များ စွမ်းဆောင်နိုင်ကြပါသလဲ။

ဒီအတွက် အမြုတေအဖွဲ့အစည်းများအဖြစ် နိုင်ငံငယ်လေးတွေက ထူထောင်ထားတဲ့ "**သုတေသနအဖွဲ့အစည်း**" (Information Research Department) တွေဟာ တကယ်အမှန် သုတေသနလုပ်နေကြသလား၊ ဘာသာပြန်သူ့ဓားသန လုပ်နေကြသလား။

စဉ်းစားစရာလေးတွေပေါ့ခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာ့သတင်းများ နောက်ကွယ်က စီအိုင်အေ

ကမ္ဘာ့သတင်းများနောက်ကွယ်က
စီအိုင်အေလို့ပဲဆိုရမလား ၊
စီအိုင်အေနောက်ကွယ်က သတင်းများလို့ပဲ
ဆိုရလေမလား ၊
မပြောတတ်လောက်အောင်ပါပဲခင်ဗျာ။

ကမ္ဘာ့သတင်းများနဲ့ စီအိုင်အေ ဆိုတဲ့စကားရပ်ကလေး နှစ်ခုကြားမှာ ရှုပ်ထွေးမွေလိမ်လှတဲ့ နောက်ကြောင်းဇာတ်လမ်း ရှည်ကြီးများကို လေ့လာသူများ အံ့သြကုန်နိုင်ဖွယ်တွေ့ရှိနေကြရ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ လို့ခေါ်တဲ့ စီအိုင်အေ(CIA) အဖွဲ့ကြီးရဲ့ ဌာနချုပ်ကြီးထဲကို ဝင်လိုက်တာနဲ့ ခန်းမကြီးတစ်ခုကို တွေ့ရပါလိမ့်မယ်။ အဲဒီခန်းမကြီးရဲ့ ကျောက်သား နံရံပေါ်မှာတော့ ခရစ်ယာန်ဓမ္မကျမ်းစာလာ စာသားတစ်ခုကို ထွင်းထု ကမ္ပည်းတင်ထားပါတယ်။

'သင်သည် အမှန်တရားကို နားလည်ရမည် ၊ ထိုအမှန်တရားက သင့်အားလွတ်မြောက်မှုကို ပေးစွမ်းနိုင်လိမ့်မည်' တဲ့။ အဲဒီလို ရေးထိုးထားပါတယ်။

ဒါပေမဲ့ အတွင်းကျကျလေ့လာသူတွေကတော့ ဒီစာသားလေးကို လက်စွဲဆောင်ပုဒ်အဖြစ်နဲ့ ကျင့်သုံးနေကြတဲ့ စီအိုင်အေ ခေါင်းဆောင်တွေဟာ အဲဒီစာသားလေးကို ဘယ်လိုသဘောပေါက်ထားကြပါသလဲ၊ ဘယ်လိုများလိုက်နာကျင့်သုံး နေကြပါသလဲဆိုပြီး သူတို့ရဲ့ လုပ်ရပ်တွေနဲ့ချိန်ထိုး လေ့လာနေကြတယ်ခင်ဗျ။

လေ့လာသူတွေရဲ့ တွေ့ရှိချက်တွေမှာ ဖော်ပြထားတာကတော့ စီအိုင်အေအဖွဲ့ဝင်တွေဟာ ဖြစ်ရပ်မှန်တွေကို သိရှိနိုင်ဖို့ ထောက်လှမ်းနေတဲ့ သူလျှိုလုပ်ငန်းတွေတင်မကပါဘူးတဲ့။ အမှန်တရားကိုဖုံးကွယ်ပြီး မှိုင်းတိုက်ပေးတဲ့ အမှောင့်လုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးလျက်ရှိနေပါတယ်လို့ ဆိုကြပါတယ်။ အထင်ပေါ်ဆုံး သာဓကလေးကို ဖော်ပြရမယ်ဆိုရင်တော့ ကမ္ဘာ့နိုင်ငံ



များက သတ်မှတ်ပြောဆိုနေကြတဲ့ အမှောင့်လုပ်ငန်း ဝါဒဖြန့်ချိမှု (Subversive Propaganda) လုပ်ငန်းကိုပဲ စီအိုင်အေက ဘယ်လို လှည့်စားထားသလဲဆိုတော့ သတင်းဖြန့်ချိရေးဆောင်ရွက်မှု (Information Activities) လို့လှည့်စားဖော်ပြနေတာကို တွေ့ရပါတယ်။

ဒီတော့သူတို့ရဲ့ဆောင်ပုဒ်ထဲက သင်သည်အမှန်တရားကို နားလည်ရမည် ဆိုတဲ့စာသားလေးကိုသူတို့ဘယ်လိုများ နားလည်နေကြပါလိမ့်လို့ စဉ်းစားရတော့မှာဖြစ်ပါတယ်။

## ခေတ်သစ်နယ်ချဲ့ဝါဒ ဘာလဲ

တကယ်တော့ ခေတ်သစ်နယ်ချဲ့ ဝါဒလို့ပဲခေါ်ခေါ်၊ ဖာတ်သွင်းရေး ဝါဒလို့ပဲ ခေါ်ခေါ် ဖြစ်ပါစေ၊ ဒီလုပ်ရပ်မှာပါတဲ့ လုပ်ငန်းတွေက တော့ နိုင်ငံငယ်လေးတွေရဲ့ စီးပွားရေးကဏ္ဍမှာပဲဖြစ်ဖြစ်၊ လူမှုရေး၊ နိုင်ငံရေး ၊ စစ်ရေးနဲ့ ပြည်သူ့စိတ်ဓာတ်ရေးရာ ကဏ္ဍတွေမှာပဲဖြစ်ဖြစ်၊ အတွေးအခေါ် မှိုင်းတိုက်ရေးလုပ်ရပ်တွေကို ထည့်သွင်းလုပ်ကိုင်နေကြတာတွေ့ရပါလိမ့်မယ်။

အခုလို နိုင်ငံငယ်လေးတွေရဲ့ နိုင်ငံရေး နယ်ပယ်စုံမှာ ဆင့်ပြီးတစ်ဆင့် နယ်ချဲ့ဝါဒီတွေအမှောင့်လုပ်ငန်း ဆောင်ရွက်ပုံတွေကို ချီလီနိုင်ငံရဲ့ဖြစ်ရပ်က ကမ္ဘာကိုဖော်ပြနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၇၃ ခုနှစ် ၊ ချီလီနိုင်ငံမှာ တရားဝင်ရွေးကောက်တင်မြှောက်ထားတဲ့ ဆဲလ်ဗေဒိုအလန်ဒေးအစိုးရကို မဆီမဆိုင်လက်ပံသားဓားနဲ့ချိုင်ခဲ့ကြတုန်းက ချီလီနိုင်ငံနဲ့ပြည်သူတွေရဲ့ စီးပွားရေးကို လုံးဝကမောက်ကမဖြစ်သွားအောင် အမျိုးမျိုးပိတ်ဆို့ ထိုးနှက်ခြင်း၊ နိုင်ငံရေးအတိုက်အခံ စာနယ်ဇင်းတွေက တိုက်ပွဲဆင်နွှဲခြင်း၊ နိုင်ငံမငြိမ်မသက်ဖြစ်အောင်လှုံ့ဆော်ခြင်း ၊ အဖျက်အမှောင့်လုပ်ငန်းတွေ ဆောင်ရွက်ခြင်း နိုင်ငံရေးခေါင်းဆောင်တွေကို အကြည်ညိုကင်းမဲ့အောင် အရှိအသေတန်အောင် ဆောင်ရွက်ခြင်းလုပ်ရပ်တွေ ပါဝင်ခဲ့တယ်လို့ ဆိုပါတယ်။

## နိုင်ငံရေးအဆောက်အအုံကြီး ယိုင်နဲ့သွားအောင်

အလားတူပဲ မကြာသေးမီက နီကာရာဂွါး နိုင်ငံငယ်လေးမှာလည်း နိုင်ငံရေးအဆောက်အအုံကြီး ယိုင်နဲ့သွားအောင် စီးပွားရေးစစ်ဆင်နွှဲခြင်းကို စီအိုင်အေနဲ့အမေရိကန်အစိုးရတို့က အကြီးအကျယ်ပြုလုပ်ခဲ့ကြတယ်လို့ ဆိုပါတယ်။

စစ်ရေးအရ ဖိအားပေးဖို့ရာ နီကာရာဂွါး ပြည်သူတွေကို နေရာအနှံ့မှာ မိုင်းတွေထောင်ပြီး ပိတ်ဆို့ခဲ့တာလည်း တွေ့ရပါတယ်။

တစ်ချိန်တည်းမှာပဲ နီကာရာဂွါးနိုင်ငံရဲ့ စီးပွားရေးဘဝတစ်ခုလုံး ပျက်သုဉ်းသွားအောင် လုပ်ပစ်လိုက်ကြတာလည်း တွေ့ရပါတယ်။ အခြားတစ်ဖက်မှာတော့ နီကာရာဂွါးနိုင်ငံအစိုးရနဲ့



ပြည်သူများကို ကမ္ဘာ့နိုင်ငံများက အထင်အမြင်လွဲမှားအောင်နဲ့ သိက္ခာတစ်ပြားမှ မရှိတော့အောင်လည်း အသရေဖျက်ခြင်းနဲ့ လိမ်ညာသတင်းလွှင့်ခြင်းတွေကို ကမ္ဘာ့အနှံ့လှည့်စား နားသွင်းခဲ့ကြတာတွေတွေ့ခဲ့ရပြီးဖြစ်ပါလိမ့်မယ်။

အခုလိုကမ္ဘာ့လူထုကြီးရဲ့ မျက်စိတွေနားတွေကိုလှည့်စားနေကြတဲ့ သူတွေထဲမှာ ဘယ်သူတွေ အဓိကနေရာကနေ ချုပ်ကိုင်ထားကြပါလိမ့်။ ဒါစဉ်းစားစရာပါ။

ဒီတနေ့ စီအိုင်အေကသုံးစွဲနေတဲ့ ငွေကြေးဘီလီယံပေါင်းများစွာရဲ့ သုံးပုံတစ်ပုံကို အမေရိကန်ပြည်ထောင်စုရဲ့ ပြည်ပကို တင်ပို့နေတဲ့ စီအိုင်အေရဲ့သတင်းဖြန့်ချိမှု လုပ်ငန်းကြီးအတွက် အသုံးပြုနေပါတယ်လို့ဆိုလိုက်ရင် စာရှုသူအများ အံ့ဩသွားကြမယ်ထင်ပါတယ်။တကယ်ပါ။

စီအိုင်အေရဲ့ သတင်းဖြန့်ချိမှုလုပ်ငန်းဆိုတာကတော့ အမေရိကန်အစိုးရနဲ့ လူမှု-နိုင်ငံရေးစနစ်သို့မဟုတ် နိုင်ငံရေးလမ်းစဉ်တစ်ကြောင်းမဟုတ် တစ်ကြောင်း သဘောထားချင်းမတိုက်ဆိုင်တဲ့ နိုင်ငံတွေအပေါ်မှာ စိတ်ဓာတ်စစ်ဆင်ရေး ဆင်နွှဲခြင်းနဲ့ သဘောတရားရေး အတွေးအခေါ်ပိုင်း အမှောင့်လုပ်ငန်းဆောင်ရွက်မှုတွေသာဖြစ်တယ်လို့ဆိုကြပါတယ်။ ကမ္ဘာ့နိုင်ငံများက အဲသလိုပဲ သဘောပေါက်နေကြပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



## နံရံကိုအပ်နဲ့ ထွင်းရသလို

ဘယ်လိုပဲဖြစ်ဖြစ် စီအိုင်အေဟာ အခုလိုမမှန်မကန် သတင်းတွေလွှင့်ပြီး အဖျက်အမှောင့်လုပ်ငန်းတွေ လုပ်ကိုင်ရာမှာ သူတို့ရဲ့ လုပ်ရပ်တွေမပေါ်လွင်စေဖို့ အခြားအကြောင်းအရာတွေနဲ့ မျက်နှာဖုံးစွပ် အကာအကွယ်ယူထားလေ့ရှိတာတွေ့ရပါတယ်။ ဒါကြောင့် စီအိုင်အေတို့ရဲ့ **အဆိပ်ခတ်ထားတဲ့ ကလောင်** တွေကိုဖော်ထုတ်ဖို့ရာ တကယ်တော့မလွယ်လှပါဘူး။ ဒီအကြောင်းနဲ့ပတ်သက်လို့ အမေရိကန်ဆီးနိတ်လွှတ်တော်အမတ် ဝေါလ်တာအက်ဖ်မွန်းဒေးလ် (Walter F. Mondale) ကပြောဖူးတာလေးတစ်ခု ဖောက်သည်ချပါရစေ။

**"စီအိုင်အေအကြောင်းနဲ့ပတ်သက်လို့ အမှန်တရားရှာဖွေရတာဟာ နံရံကိုအပ်နဲ့ထွင်းရသလိုပါပဲဗျာ"** တဲ့။

အတော်လက်ဝင်ပုံကို စိတ်ပျက်လက်ပျက် ညည်းညူလိုက်ခြင်းပါ။ တကယ်လည်း အမေရိကန်ပြည်သူတို့ရဲ့ လိုလားချက်ကို လိုက်လျောပြီး စီအိုင်အေရဲ့လျှို့ဝှက်ချက်ကို ခြေရာကောက်ရမယ့် အလုပ်ဟာ မလွယ်လှပါဘူး။

စီအိုင်အေလုပ်ရပ်တွေအပေါ် အမေရိကန်ပြည်တွင်းမှာ မကျေနပ်မှုတွေ အကြီးအကျယ်ပေါ်ပေါက်နေတာကြောင့် ၁၉၈၂



ခုနှစ် ၊ ဇွန်လအတွင်းမှာ အမေရိကန်သမ္မတ ရော်နယ်ရီဂင်ဟာ ပြည်သူလူထုရဲ့လိုလားချက်ကို လိုက်လျောရတဲ့အနေနဲ့ ဥပဒေတစ်ရပ်ထုတ်ပြန်ပေးခဲ့ရပါတယ်။

အဲဒီဥပဒေမှာ အမေရိကန်ပြည်သူလူထုရဲ့အကျိုးကို စော်ကားပြီး ဥပဒေမဲ့လုပ်ရင် စီအိုင်အေခေါင်းဆောင်တွေကို ဒဏ်ငွေဒေါ်လာ (၅၀၀၀၀)နဲ့ ထောင်ဒဏ်(၁၀)နှစ်ထိ ချမှတ်ခွင့်ရှိကြောင်း ဖော်ပြပေးခဲ့ပါတယ်။ ဒါဟာ **အမေရိကန်ပြည်သူတွေကိုယ်တိုင်သိရှိခံစားခဲ့ရပြီး ပေါက်ကွဲထွက်လာလို့ ပြဋ္ဌာန်းပေးလိုက်ရတဲ့ ဥပဒေတစ်ရပ်ဖြစ်ပါတယ်။**

အမေရိကန်ပြည်တွင်းမှာ စီအိုင်အေရဲ့ မမှန်မကန်လုပ်ရပ်တွေကို မကျေနပ်အုံကြွပြီး စီအိုင်အေရဲ့ ရာဇဝတ်မှုတွေကို ဖော်ထုတ်ခဲ့တာတွေ၊ နိုင်ငံတကာမြင်ကွင်းမှာ စီအိုင်အေကျဆုံးပြီး အထုပ်ပြေခဲ့ရတာတွေ ၊ အမြင်မှန်ရသွားသူ စီအိုင်အေ အကြီးအကဲအချို့နဲ့ စီအိုင်အေအဖွဲ့ဝင်တွေရဲ့ ဖော်ထုတ်ချက်တွေကြောင့်စီအိုင်အေရဲ့ အပုပ်ထုပ်ကြီးပေါ်ထွက်ခဲ့ရတာတွေဟာဒုနဲ့ဒေးပါ။

## ကမ္ဘာ့ပြည်သူများအဖို့ ဝမ်းနည်းစရာ

တကယ်တော့ အခုလိုဖြစ်လာရတာဟာလည်း မဆန်းတော့ပါဘူး။ သူ့သဘောသူဆောင်သွားရခြင်းပါ။ ၁၉၄၇ ခုနှစ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့စည်းခဲ့တဲ့ အမေရိကန်အမျိုးသားလုံခြုံရေးကောင်စီရဲ့ ပထမဆုံး ထုတ်ပြန်တဲ့လမ်းညွှန်စာပိုဒ်ထဲမှာ စီအိုင်အေ အနေနဲ့ ဘာလုပ်ရမယ် ဆိုတာကို အခုလိုဖော်ပြထားတာ တွေ့ရတယ်ခင်ဗျ။

'အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို လွှမ်းမိုးမှုရယူရန် အတွက် လျှို့ဝှက်ဖုံးကွယ်ထားတဲ့ စိတ်ဓာတ်ရေးရာလုပ်ငန်းများကို ဆောင်ရွက်ရမယ်' လို့ ဖော်ပြထားတာကို တွေ့ရှိရပါတယ်။ သူ့စာသား အတိုင်းဖော်ပြရရင်တော့ -

"To Take Covert Psychological Actions to Influence the Internal Situation in other Countries" လို့ဖော်ပြထားပါတယ်။ ကမ္ဘာ့ပြည်သူများအဖို့ ဝမ်းနည်းစရာပါ။

အဲဒီအမေရိကန်အမျိုးသားလုံခြုံရေးကောင်စီရဲ့ လမ်းညွှန်ချက်ကို အမေရိကန်သမ္မတက တရားဝင်ထပ်လောင်း အတည်ပြုပြီး ဒုတိယကမ္ဘာစစ်ပြီး ကာလတစ်လျှောက်လုံး အမှောင့်လုပ်ငန်း စိတ်ဓာတ်ရေးရာ စစ်ဆင်မှုလုပ်ငန်းများကို သဘောတူခွင့်ပြုခဲ့ကြောင်း တွေ့ကြရပါတယ်။

ဒါပေမဲ့ ဒီလိုစိတ်ဓာတ်စစ်ဆင်မှုလုပ်ငန်းတွေ အမေရိကန် ပြည်တွင်းမှာရော၊ ကမ္ဘာ့ပြည်သူတွေအပေါ်မှာပါ ဆောင်ရွက်မှုကို လျှို့ဝှက်ထားနိုင်ခဲ့ကြတဲ့အတွက် ၁၉၇၆ ခုနှစ်၊ ဧပြီလမတိုင်မီအချိန် အထိ အမေရိကန်ပြည်သူတွေလုံးဝ မသိခဲ့ကြရပါဘူး။



## ကိုယ်ချင်းစာဖို့ လူ့အခွင့်အရေးလေးတောင် မရလိုက်ရှာ

အဲသလို အမေရိကန်သမ္မတက လမ်းညွှန်ချက်တွေချမှတ်ပေးပြီး ၊ ပုလင်းတူဗူးဆို့ ဖြစ်လာခဲ့တဲ့အခါမှာတော့ စီအိုင်အေဟာ သမ္မတအိမ်ဖြူတော်နဲ့ ပူးပေါင်းပြီး ၊ ရာပေါင်းများစွာသော လျှို့ဝှက်စစ်ဆင်ရေးတွေကို ကမ္ဘာ့ပြည်သူလူထုကြီးအပေါ် မှာ ချမှတ်ဆောင်ရွက်ပါတော့တယ်ခင်ဗျာ။

ဆီးနိတ်လွှတ်တော်ကော်မတီရဲ့ အစီရင်ခံ စာတစ်ခုမှာ ဖော်ပြထားချက်အရ သိရတာကတော့ 'သမ္မတထရူးမင်း' လက်ထက်က အခုလိုလျှို့ဝှက်စိတ်ဓာတ်ရေးရာ စစ်ဆင်မှုပေါင်း (၈၁) ကြိမ်၊ 'အိုက်စင်ဟောင်ဝါ' လက်ထက်မှာ(၁၇၀) ကြိမ်၊ 'ဂျွန်အက်ဖ်ကနေဒီ' အစိုးရလက်ထက်မှာ (၁၆၃) ကြိမ်၊ 'လင်ဒန်ဘီဂျွန်ဆင်' အစိုးရ သက်ထက်မှာ (၁၄၂) ကြိမ်ရှိခဲ့ကြောင်း ဖော်ပြခဲ့တာတွေ့ရတယ်ခင်ဗျ။

နည်းတဲ့အရေအတွက်လားဗျာ။ တစ်ကြိမ် တစ်ကြိမ် ဆင်နွှဲလိုက်ရင်ပဲ ကမ္ဘာ့ပြည်သူတွေထဲက ပစ်မှတ်အုပ်စုတွေဟာယ်လောက်များလိမ့်လိမ့်ပြီး ခံလိုက်ရမလဲလို့ ဖိုးလမင်းတွေးကြည့်မိပါတယ်။

ပီရိလွှန်းလို့ကမ္ဘာ့တစ်နေရာက လူသားတွေ ခံစားလိုက်ရတာကို အခြား တစ်နေရာက လူသားတွေမသိရှိလိုက်ရဘဲ၊ ကိုယ်ချင်းစာဖို့ လူ့အခွင့်အရေးလေးတောင် ရလိုက်ကြရရှာမှာမဟုတ်ပါဘူး။ အဲဒီလို

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်စစ်ဆင်ရေးတွေကို သမ္မတနစ်ဆင်နဲ့ သမ္မတဖို့ဒ်လက်ထက်မှာလည်း ဆောင်ရွက်ခဲ့ကြတယ်လို့ဆိုပါတယ်။ ဒါပေမဲ့ အရေအတွက် ဘယ်လောက်ရှိမယ်လို့တော့ ကမ္ဘာ့စာနယ်ဇင်းတွေနဲ့ မှတ်တမ်းတွေပေါ်မှာ ဖော်ပြနိုင်စွမ်းမရှိခဲ့ပါဘူး။

စစ်ပြီးနောက်ပိုင်း အမေရိကန်သမ္မတတိုင်းရဲ့ လက်ထက်မှာ အခုလိုစစ်ဆင်ရေးတွေကို စီအိုင်အေက တင်ပြပြီးမှ ဆောင်ရွက်တာတွေရှိသလို မတင်ပြဘဲနဲ့ မင်းလိုလိုက် မင်းကြိုက်ဆောင်ပြီး လုပ်ခဲ့တာတွေလည်း နည်းလှမယ်မဟုတ်ပါဘူး။

အမေရိကန်ပြင်ပမှာရှိတဲ့ နိုင်ငံခြားသတင်းစာတွေက သတင်းစာများရဲ့ ဖော်ပြချက်တွေအရ သိလိုက်ကြရတာကတော့ ၁၉၈၃ ခုနှစ်မှာ စီအိုင်အေ အဖွဲ့ဝင်စုံထောက် (၂၀၀၀၀)ရှိပြီး အဲဒီအရေအတွက်ရဲ့ ထက်ဝက်ကျော်ဟာ အမေရိကန်နိုင်ငံရဲ့ ပြည်ပမှာရှိတယ်လို့ဆိုပါတယ်။

အာဂူမင်တိုဂျာနယ်(Argumentos)ရဲ့ အဆိုအရ အမေရိကန်ပြည်ထောင်စုအလိုတော်ကျ ကမ္ဘာ့ပြည်သူလူထုကြီးကို စိတ်ဓာတ်ရေးရာလွှမ်းမိုးပြောင်းလဲဖို့ လျှို့ဝှက်ဆောင်ရွက်နေသူ စီအိုင်အေတပ်ဖွဲ့ဝင် (၃၀၀၀)ရှိတယ်လို့ ဖော်ပြထားပါတယ်။

တကယ်တော့ စီအိုင်အေတပ်ဖွဲ့ဝင် (၃၀၀၀) အပြင် ဝါဒဖြန့်လုပ်ငန်းလုပ်ကိုင်နေသူတွေ၊ အရပ်သားပုဂ္ဂိုလ်တွေ အရေအတွက်



ကလည်း မနည်းလှတဲ့အတွက် အမေရိကန်ပြည်၊ လန်ဂလေအရပ်က စီအိုင်အေအဆောက်အအုံသစ်တစ်လုံး ထပ်မံတိုးချဲ့ဆောက်လုပ်ခဲ့ရတယ်လို့တောင် ဆိုတယ်ခင်ဗျ။

## လှည့်ဖျားထားတဲ့ သတင်းပို့ကုန်တွေ

ဒါ့အပြင် ကမ္ဘာ့လူသားတွေကို မှိုင်းတိုက်တဲ့စိတ်ဓာတ်စစ်ဆင်ရေး တာဝန်တွေကို စီအိုင်အေတပ်ဖွဲ့ဝင် (၃၀၀၀)နဲ့ အခြားသော စီအိုင်အေသူလျှို (၉၅၀)ကလည်းထပ်မံပြီး ကူညီပံ့ပိုးနေသေးတယ်လို့ဆိုပါတယ်။ ဒါကြောင့်သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားနဲ့အခြားသောဝါဒဖြန့်ချိရေး ကိရိယာတွေကနေ နယ်ချဲ့ဝါဒီထို့အလိုကျ လှည့်ဖျားထားတဲ့သတင်းပို့ကုန်တွေကို ကမ္ဘာ့အဝန်းဆီဖြန့်ချိပေးနေတဲ့ အဖွဲ့အစည်းကြီးဟာ စီအိုင်အေအဖွဲ့ကြီး ဖြစ်တာကိုမျက်ဝါးထင်ထင်တွေမြင်ရမှာ ဖြစ်ပါတယ်ခင်ဗျာ။

အမေရိကန်စီအိုင်အေ ထောက်လှမ်းရေးအဖွဲ့ကြီးဟာ နာမေါင်းများစွာသော လူထုဆက်သွယ်ရေးကိရိယာတွေကိုလည်း ဝယ်ယူဖွဲ့စည်းထားတာ တွေ့ရတယ်ခင်ဗျ။ အဲဒီကိစ္စအတွက် အရပ်ဘက်မှာရှိတဲ့ အမေရိကန်သတင်းထောက်(၄၀၀)ကျော်ကို စီအိုင်အေ စီထောက်တွေက လျှို့ဝှက်လုပ်ငန်းတာဝန်တွေပေးပြီး တိုက်ရိုက်အခိုင်းနေတယ်လို့လည်း ဆိုထားပါတယ်။ အဲဒီ စီအိုင်အေ အခိုင်းခံ

www.burmeseclassic.com

www.burmeseclassic.com



အရပ်သား သတင်းထောက်တွေဟာ ကမ္ဘာအဝန်းကနေ သတင်းတွေ ထောက်လှမ်းဖော်ထုတ် စုဆောင်းရရှိရုံသာမက၊ နိုင်ငံအများအပြားက ပြည်သူတွေကို နိုင်ငံရေးသဘောထားအမြင် ညှို့ယူဆွဲဆောင် သိမ်းသွင်းနိုင်ဖို့အတွက် ဝါဒဖြန့်စစ်ဆင်ရေးတွေလုပ်ကိုင်ဖို့ စီအိုင်အေ စုံထောက်တွေနဲ့ တိုက်ရိုက်ဆက်သွယ်နေရတယ်လို့လည်း သိရပါတယ်။

## စီအိုင်အေနဲ့ တူနေလို့

စီအိုင်အေအနေနဲ့ အခုလိုနိုင်ငံတကာ လူထုဆက်သွယ်ရေး လုပ်ငန်းတွေမှာ ဝင်ရောက်ခြေရှုပ်လာခဲ့တဲ့အတွက် ဆီးနိတ်လွှတ်တော် နိုင်ငံခြားဆက်သွယ်ရေးကော်မတီထဲမှာ ဒေါသမီးတောက်လောင်မှု တစ်ခုဖြစ်ပွားခဲ့ရဖူးပါတယ်။

အဲဒီကိစ္စက အခြားမဟုတ်ပါဘူး။ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအေဂျင်စီ (ICA) ရဲ့အမည်ကို ပြောင်းလဲပေးဖို့ တောင်းဆိုခြင်းပဲဖြစ်ပါတယ်။ ဒီအတိုကောက်စာလုံးတွေဟာ အမေရိကန်ဗဟို ထောက်လှမ်းရေးအေဂျင်စီ (Central Intelligence Agency) နဲ့တူနေလို့ပါပဲတဲ့။ အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေး အေဂျင်စီ International Communication Agency (ICA)ကို (CIA) နဲ့ ဆက်သွယ်သယောင် ကမ္ဘာ့ပြည်သူများက မှားယွင်းအထင်လွဲမှု



တွေပေါ်ပေါက်နိုင်တဲ့အတွက် နာမည်ဆိုးနဲ့ ကျော်ကြားနေတဲ့ CIA နဲ့ကွဲလွဲအောင် အမည်ပြောင်းလဲပေးဖို့ အတင်းအကြပ်တောင်းဆို နေမှုပဲ ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အမေရိကန်စီအိုင်အေ ထောက်လှမ်းရေးအဖွဲ့ကြီးဟာ ရှေးအစဉ်လာကတည်းက အမှောင့် လုပ်ငန်းဝါဒဖြန့် ယန္တရားတွေနဲ့ ဆက်သွယ်မှုရှိနေကြောင်းကမ္ဘာ့ ပြည်သူတွေ သိသင့်သလောက်သိနေကြပါတယ်။

အမှန်တကယ်လည်း ဝါဒဖြန့်ချိရေး လုပ်ငန်းကြီးကို အမေရိကန်စီအိုင်အေ ထောက်လှမ်းရေးအဖွဲ့ကြီးရဲ့ လက်အောက်ခံ ဌာနခွဲဖြစ်တဲ့ သုတေသနဌာန (Office Of Research) ကဆောင် ရွက်နေတာတွေ့ရပါတယ်။ အဲဒီအဖွဲ့ကြီးဟာ လျှို့ဝှက်ထောက်လှမ်း ရေးသတင်းတွေ စုဆောင်းခြင်းနဲ့ ဖြန့်ချိခြင်းကို ဆောင်ရွက်ရပါတယ်။

## အဆိပ်ခတ်ထားသော ကလောင်များ

များသောအားဖြင့်တော့ အမေရိကန်သမ္မတအိမ်ဖြူတော်က ညွှန်ကြားလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒလုပ်ရှားမှုနဲ့အတူ ကမ္ဘာ့ ပြည်သူ တွေရဲ့ သဘောထားအမြင်လိုက်ပါ ပြောင်းလဲနေစေရေး အတွက် လုပ်ကိုင်နေရတယ်လို့ ဆိုပါတယ်။ ဒီဌာနကြီးကို အထောက်အကူ ပြုဖို့အတွက် သတင်းထောက်တွေ ရှာဖွေစုဆောင်းထားတဲ့နိုင်ငံခြား သတင်းပေါင်းစုံကို ခွဲခြမ်းစိတ်ဖြာပေးရတဲ့ အထူးဌာနတစ်ခုလည်း

www.burmeseclassic.com

www.burmeseclassic.com



ရှိနေပါသေးတယ်။ အဲဒီ အထူးဌာနကတော့ရလာတဲ့ သတင်းတွေကို အဆိပ်အတောက်တွေနဲ့ထုံမွမ်းဖို့ရာ **အဆိပ်ခတ်ထားသော ကလောင် (Poisoned Pens)** တွေကို အသုံးပြုနေကြတယ်လို့ ဆိုပါတယ်။

လေ့လာချက်များအရ သိရတာကတော့ အမေရိကန် ပြည်ထောင်စုအနေနဲ့ သူ့ရဲ့ နယ်ချဲ့ဝါဒအတွေးအခေါ် ဖြန့်ကျက်ရေး အတွက် အခြေခံပစ်မှတ်တွေဟာ တစ်ချိန်ကနယ်ချဲ့ကျွန်သဘောက် ဘဝနဲ့နေခဲ့ရပြီး၊ အခုမှလွတ်လပ်ခါစ ရုန်းကန်ထလာတဲ့နိုင်ငံငယ် လေးတွေ ဖြစ်ကြောင်းသိရပါတယ်။

အထူးသဖြင့် အာရှတိုက်မှာရှိတဲ့ လွတ်လပ်ခါစဖွံ့ဖြိုးဆဲ နိုင်ငံတွေကမနူးမနပ် ပြည်သူတွေအပေါ်မှာ အမေရိကန်နဲ့ နယ်ချဲ့ လိုလားတဲ့ အတွေးအခေါ်သဘောထားတွေ ကိန်းဝပ်လာစေဖို့ အတွက် ရေဒီယိုနဲ့စာနယ်ဇင်းတွေကို စီအိုင်အေက ကိုင်တွယ်အသုံး ချနေတာ တွေ့ရပါတယ်။ ဒီရေဒီယိုတွေထဲမှာ အထင်ရှားဆုံးကတော့ **စီအိုင်အေက တိုက်ရိုက်ကိုင်တွယ်အသုံးချနေတဲ့ Free Asia လို့ခေါ်တဲ့ လွတ်လပ်သောအာရှအမည်ခံ အသံလွှင့်ဌာနခွဲ** ဖြစ်တယ် ခင်ဗျ။ နာမည်ကသာ လွတ်လပ်သောအာရှဖြစ်ပေမဲ့ သတင်းတွေက မလွတ်မလပ်တွေမှန်း စာရှုသူပရိသတ် သဘောပေါက်မှာပါ။

ဒါကြောင့်ကမ္ဘာ့နိုင်ငံငယ်လေးတွေက မနူးမနပ်သတင်း သမား၊ စာနယ်ဇင်းသမားလေးတွေနဲ့၊ မနူးမနပ်နိုင်ငံရေးသမားလေး



တွေက ပြည်ပအသံလွှင့်ဌာနကြီးတွေရဲ့ ပိုင်းခြားစိတ်ဖြာ သုံးသပ်ရာ ကဏ္ဍတို့၊ အာရှရေးရာရှုထောင့်ပဒေသာကဏ္ဍတို့မှာ နှစ်မျောပြီး ကိုယ့်နိုင်ငံ ကိုယ့်ပတ်ဝန်းကျင်အပေါ် နိမ့်ကျခံစားမှု စိတ်ဝေဒနာ ရှင်တွေအဖြစ်နဲ့ အရာရာမကျေမနပ်ဖြစ်နေချိန်မှာ ဟိုအသံလွှင့်ဌာန တွေရဲ့ စာနယ်ဇင်းတွေက ထုတ်လွှင့်တဲ့ ကမ္ဘာ့သတင်းများနောက် ကွယ်မှာ ဘယ်သူတွေရှိနေမလဲ။

နိုင်ငံငယ်လေးတွေက သံတမန်အရာရှိတွေ၊ နိုင်ငံတကာ ဆက်ဆံရေးဝန်ထမ်းတွေဟာ နိုင်ငံကြီးတွေရဲ့ စာနယ်ဇင်းတွေဖတ်၊ သတင်း ဖတွေနားထောင်ပြီး နိုင်ငံကြီးတွေက ကမကထလုပ် ပြဋ္ဌာန်း ထားတဲ့ ဥပဒေတွေ၊ စည်းမျဉ်းတွေကို အလွတ်ကျက်ပြီး၊ အဲဒါ တွေကိုစံပြုလို့ ကိုယ့်နိုင်ငံ ကိုယ့်အစိုးရကို ပြန်လည်တိုင်းတာ၊ မကျေ မနပ်ဖြစ်နေတဲ့အချိန်မှာ သူတို့ရရှိထားတဲ့သတင်းတွေ၊ သူတို့စံပြု ထားတဲ့စည်းမျဉ်းဥပဒေတွေရဲ့ နောက်ကွယ်မှာ ဘယ်သူတွေရှိနေ မလဲ။ စဉ်းစားစရာလေးတွေပေါ့ ခင်ဗျာ။

ဘာပဲဖြစ်ဖြစ် ကိုယ့်ပြည်သူတွေကို အမှန်အတိုင်း တင်ပြဖို့ တာဝန်က မျိုးချစ်စိတ်ဓာတ်ရှိသူ ကလောင်ရှင်များရဲ့ တာဝန်တစ်ရပ် မဟုတ်ပါလား။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# စီအိုင်အေ၏ ဟန်ပြအဖွဲ့အစည်းများ

အာရှနိုင်ငံတွေမှာ ဝင်ရောက်စွက်ဖက်ဖို့ ၊ ဆရာကြီးလုပ်ဖို့အတွက်အမေရိကန်စီအိုင်အေ ထောက်လှမ်းရေးအဖွဲ့ကြီးဟာ အတုအယောင်ဟန်ပြ အဖွဲ့အစည်းတွေဖွဲ့စည်းပြီး၊ နယ်ချဲ့ဝါဒဖြန့်ချိရေးလုပ်ငန်းတွေကို လုပ်ကိုင်နေပါတယ်ဆိုတဲ့ အသံတွေလွှမ်းနေပြန်ပါပြီ။

ဥပမာအားဖြင့် ပြောရရင်တော့ အာရှအရှေ့ဖျားဒေသမြို့တော်ကြီးတစ်ခုမှာ တည်ထောင်ထားခဲ့တဲ့ လွတ်လပ်သောအာရှ (Radio Free Asia) အသံလွှင့်ဌာနကြီးကို ဖျက်သိမ်းလိုက်ပြီးတဲ့နောက်မှာ အဲဒီအသံလွှင့်ဌာနက ဦးဆောင်ကော်မတီအဖွဲ့ဝင်တွေကိုမျက်နှာဖုံးတစ်မျိုးစွပ်ပြီး အာရှဖောင်ဒေးရှင်း (Asia Foundation)

www.burmeseclassic.com

www.burmeseclassic.com



လို့အမည်ပြောင်းလဲ ထပ်ဆင့်လှုပ်ရှားစေခဲ့တယ်လို့ ဆိုနေကြပါတယ်။ ဒီအာရှဖောင်ဒေးရှင်း အဖွဲ့ကြီးကို ဦးဆောင်သူဟာလည်း အမေရိကန်စီအိုင်အေထောက်လှမ်းရေးရုံးချုပ်က အကြီးအကဲတစ်ဦး ဖြစ်နေတာ တွေ့ရပါတယ်။ ဒါ့အပြင် အာရှဖောင်ဒေးရှင်းအဖွဲ့ကြီးကို ဘယ်သူက ငွေကြေးစိုက်ထုတ် ကုန်ကျခံနေသလဲဆိုတာလည်း ပဟေဠိ မေးခွန်းတစ်ခုပါ။

## အာရှဖောင်ဒေးရှင်းကို ကမကထပြုသူ

နှစ်ဆယ့်ငါးနှစ်တိုင်တိုင် လှုပ်ရှားနေခဲ့တဲ့ အာရှဖောင်ဒေးရှင်း အဖွဲ့ကြီးအတွက် ကမကထပြု အကုန်အကျခံနေသူတွေရဲ့ အမည်ကို ဖော်ပြရာမှာတော့ **ကယ်လီဖိုးနီးယားနယ်သား သူကြွယ်ကြီးတွေ** (Califonian Magnates) လို့သာ အမည်တပ်ထားပြီး ၊ အမြဲလို့ဝှက် အဆင့်မှာ ရောက်ခဲ့တယ်ခင်ဗျ။ အမှန်တော့ အမေရိကန်အစိုးရရဲ့ ငွေကြေးပံ့ပိုးမှုကိုရယူနေတဲ့ အဖွဲ့အစည်းတွေထဲမှာ အာရှဖောင်ဒေးရှင်း အဖွဲ့ကြီးဟာလည်း တစ်ခုအပါအဝင်ဖြစ်ပြီး ၊ အမေရိကန်ဥပဒေအရ နိုင်ငံခြားတိုင်းပြည်တွေကို ကူညီထောက်ပံ့မှုကိစ္စတွေမှာ အာရှဖောင်ဒေးရှင်းအဖွဲ့ကြီးကို တာဝန်လွှဲပေးထားတယ်လို့ဆိုပါတယ်။

အာရှဖောင်ဒေးရှင်းဟာ နောက်ကွယ်မှာ အမေရိကန်ဗဟို ထောက်လှမ်းရေးအဖွဲ့ကြီး CIA နဲ့ဆက်သွယ်နေတယ်ဆိုပေမယ့် ငွေကြေးနဲ့ထောက်ပံ့မှုတွေကိုတော့ **အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အေဂျင်စီ** (AID: Agency for International Development) ထံမှ တဆင့်ယူနေပြီး တစ်နှစ်ကို ဒေါ်လာငါးသန်းလောက်ရှိတယ်လို့ သိရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အမေရိကန်ပြည်သူတွေနဲ့ အာရှနိုင်ငံ ငယ်တွေက ပြည်သူတွေအနေနဲ့ စီအိုင်အေနဲ့ အာရှဖောင်ဒေးရှင်း အဖွဲ့ကြီးတို့ ဆက်စပ်မှုကြောင့် ဒီအဖွဲ့ကြီးအပေါ် လေးစားလိုစိတ်မရှိ ကြတာကိုတွေ့ရပါတယ်။

ဒါကလည်းအကြောင်းရှိပါတယ်။ အာရှဖောင်ဒေးရှင်း အဖွဲ့ကြီးဟာ ဖွံ့ဖြိုးဆဲနိုင်ငံငယ်ပေါင်း(၂၀)မှာတာဝန်ယူလုပ်ကိုင် နေတဲ့အခါမှာ သူ့ရဲ့လက်အောက်ခံဌာနခွဲတွေက အဲဒီနိုင်ငံလေး တွေမှာ ထောက်လှမ်းရေးလုပ်ငန်းတွေနဲ့ အမှောင့်လုပ်ငန်းတွေ ဆောင်ရွက်ကြလို့ပါပဲတဲ့။ အာရှဖောင်ဒေးရှင်းအဖွဲ့ကြီးဟာ ဖွံ့ဖြိုးဆဲ နိုင်ငံတွေမှာ တစ်ဖက်တစ်လမ်းကနေ မူလအလုပ်နဲ့ဘာမှမဆိုင်တဲ့ အလုပ်တွေကို တက်တက်ကြွကြွကြီးလုပ်ဆောင်နေတယ်လို့ ဆိုကြ ပါတယ်။

အဲဒါကတော့ဖွံ့ဖြိုးဆဲနိုင်ငံငယ်တွေကနေ **စီးပွားရေးသတင်း** **တွေကို စုဆောင်းခြင်း** ၊ ပြည်တွင်းနိုင်ငံရေးအခြေအနေတွေ **စောင့်ကြည့်စမ်းခြင်း၊ အစိုးရအရာရှိကြီးတွေ၊ ပညာရှင်တွေ၊ အစိုးရဌာနတွေနဲ့ လူထုလူတန်းစား အဖွဲ့အစည်းတွေအတွင်းမှာ ထိုးဖောက်စည်းရုံး**



www.burmeseclassic.com

www.burmeseclassic.com



လေ့လာခြင်း၊ စစ်တပ်အတွင်း စိတ်ဓာတ်ရေးရာကိစ္စတွေ လေ့လာစုဆောင်းခြင်း၊ အတိုက်အခံပါတီတွေရဲ့ အခြေအနေဖော်ထုတ်လေ့လာခြင်း စတဲ့အလုပ်တွေပဲလို့ ဆိုပါတယ်။

## အာဆီယံသတင်းစာ

ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးတွေအတွင်းမှာ နည်းမျိုးစုံနဲ့ ဝါဒဖြန့်စာပေတွေဖြန့်ချိခြင်း၊ အာဆီယံသတင်းစာ(The Asean Newspaper) ကိုအသုံးပြုပြီး၊ အမေရိကန်ထောက်လှမ်းရေးအရာရှိတွေရေးသားတဲ့ ဆောင်းပါးတွေဖော်ပြဖြန့်ဝေခြင်း၊ အမေရိကန်စာအုပ်စာတမ်း မဂ္ဂဇင်းတွေဝယ်ပါမယ်ဆိုတဲ့ ကာတိကိုရယူပြီး၊ အာရှနိုင်ငံတွေမှာရှိတဲ့ အဖွဲ့အစည်းတွေကို ထောက်ပံ့ငွေပေးခြင်းစတဲ့လုပ်ရပ်တွေ လုပ်ကိုင်နေတာလည်း တွေ့ရပါတယ်။

ပြောရမယ်ဆိုရင်တော့ အာရှဖောင်ဒေးရှင်းအဖွဲ့ကြီးရဲ့ အမှောင့်လုပ်ငန်း ဆောင်ရွက်မှုတွေဟာ ကျယ်ဝန်းလှပြီးလုပ်နည်းလုပ်ဟန်လည်း စုံလင်လှပါတယ်။ အင်ဒီယန်သတင်းစာကြီး(The Indian) ရဲ့ ဖော်ပြချက်အရ သိရတာကတော့ အာရှဖောင်ဒေးရှင်းအဖွဲ့ကြီးဟာ အိန္ဒိယပြည်တွင်းထုတ်စာနယ်ဇင်းတွေကို ချဉ်းကပ်စည်းရုံးပြီး အမေရိကန်အစိုးရရဲ့အကျိုးစီးပွားအတွက် တစ်ဖက်တစ်လမ်းကနေ သစ္စာဖောက်ဆောက်ရွက်ပေးဖို့ တစ်ဖက်လှည့်နဲ့



လက်အောက်ခံအဖွဲ့အစည်းတွေ မွေးမြူစေခိုင်းနေတယ်လို့ ဖော်ပြထားပါတယ်။

## အာရှကျောင်းသား သတင်းစာ

အာရှဖောင်ဒေးရှင်းအဖွဲ့ကြီး ကိုယ်တိုင်ကလည်း အာရှကျောင်းသား (Asian Student)သတင်းစာကြီးတစ်စောင် ထုတ်ဝေလျက်ရှိပြီး၊ သတင်းစာရဲ့ အာဘော်ကိုစိစစ်ကြည့်ရင် အာရှတိုက်သားလူငယ်တွေနဲ့ ကျောင်းသားတွေအပေါ် အနောက်အုပ်စုလိုလားတဲ့ စိတ်ဓါတ်တွေ ကိန်းဝပ်လာစေအောင် စနစ်ကျလှတဲ့ နိုင်ငံရေးဝါဒဖြန့်ချိမှုနည်းစနစ်တွေကို ကျင့်သုံးဖော်ပြနေတာ တွေ့ရတယ်ခင်ဗျ။

အိန္ဒိယနိုင်ငံ အထွေထွေရွေးကောက်ပွဲတွေနဲ့ ပြည်နယ်ဥပဒေပြု အစည်းအဝေးတွေမှာလည်း အာရှဖောင်ဒေးရှင်း အဖွဲ့ကတာဝန်ရှိသူတွေအပေါ် သူတို့ရဲ့လိုလားချက်တွေအတိုင်း လွှမ်းမိုးမှုရစေဖို့ အကြိမ်ကြိမ်ကြိုးပမ်းအားထုတ်မှုတွေ ပြုလုပ်ခဲ့ပြီး ဒီမိုကရက်တစ်အင်အားစုတွေရဲ့ အောင်မြင်မှုတွေကိုလည်း အကြီးအကျယ်ဟန့်တားခဲ့တာ တွေ့ရပါတယ်လို့ အိန္ဒိယနိုင်ငံရေးသမားတွေနဲ့ အိန္ဒိယသတင်းစာဆရာကြီးတွေက ဆိုနေကြပါတယ်။ နောက်ဆုံးမှာတော့ သူတို့ကြေညာထားတဲ့ မူလလုပ်ငန်းတာဝန်တွေနဲ့ ဘယ်လိုမှ မဆက်စပ်တဲ့ သူတို့ရဲ့လိုလားချက်တွေကို ပြောင်ပြောင်တင်းတင်း ထုတ်ပြော

www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တာ တွေ့ရပါတယ်တဲ့။ အာရှဖောင်ဒေးရှင်းရဲ့ ပထမဆုံး နာယကကြီးဖြစ်သူက "အာရှနိုင်ငံများရဲ့မြေပေါ်က ကွန်မြူနစ်လိုလားသူများကို တိုက်ထုတ်ပစ်ဖို့အလုပ်ဟာ သူ့ရဲ့အလုပ်ဖြစ်ပါတယ်"လို့ မဆီမဆိုင်စကားတွေကို မအောင့်အီးနိုင်တော့ဘဲ ထုတ်ဖော်ပြောကြားခဲ့တဲ့အထိဖြစ်ပါတယ်-တဲ့။ တကယ်တမ်း ပြောရမယ်ဆိုရင်တော့ ကွန်မြူနစ်လိုလားသူများကို တိုက်ထုတ်ပစ်ဖို့ဆိုတဲ့ ရည်မှန်းချက်ဘောင်ကို ကျော်လွန်ပြီး အာရှနိုင်ငံသားများရဲ့ ယဉ်ကျေးမှု၊ မျိုးချစ်စိတ်၊ သစ္စာရှိမှုနဲ့ မလေ့စရိုက်တွေကိုချိုးဖျက်ပြီး တစ်နိုင်ငံလုံးကို ကြိုးကိုင်နိုင်ဖို့ဆိုတဲ့ အခြားရည်မှန်းချက်တွေနဲ့ လုပ်နေကြောင်း လေ့လာနေသူတွေကတော့ တိုင်းတာတွေ့ရှိနေကြရတယ်ခင်ဗျ။

## ကွန်မြူနစ်ဆန့်ကျင်ရေး တပ်မတော်

ဒါ့အပြင် အာရှပြည်သူများ၏ ကွန်မြူနစ်ဆန့်ကျင်ရေး အဖွဲ့ချုပ်ကြီး Asian People's Anti-Communists League (APACL) လို့အမည်တပ်ထားတဲ့ အဖွဲ့ကြီးကိုလည်း ထူထောင်ထားပြီး အမေရိကန်စီအိုင်အေ ထောက်လှမ်းရေးအဖွဲ့ကြီးက တိုက်ရိုက်ကိုင်တွယ်နေကြောင်းတွေ့ရပါတယ်။

တကယ့်လက်တွေ့မှာတော့ အဲဒီအဖွဲ့ကြီးဟာ အနောက်အုပ်စုရဲ့ လွှမ်းမိုးချုပ်နှောင်မှုကို ရုန်းကန်ထွက် နေတဲ့ အာရှနိုင်ငံများရဲ့



အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုတွေကို အပြင်းအထန် တိုက်ခိုက်ခြင်း၊ အမျိုးသားရေးဦးထိပ်ထားတဲ့ နိုင်ငံငယ်တွေမှာ တန်ပြန်ဆန့်ကျင်ရေးအုပ်စု၊ အဖွဲ့အစည်းတွေ ထူထောင်ခြင်းနဲ့ တိုးတက်သော အမျိုးသားရေးဝါဒီများနဲ့ ပါတီများအတွင်း သူလျှိုတွေ၊ ဒလံတွေ သွတ်သွင်းဖြို့ခွဲခြင်းများကို လက်တွေ့ဆောင်ရွက်လျက်ရှိကြောင်း သတင်းပျံ့နှံ့လျက် ရှိတယ်ခင်ဗျ။

အမေရိကန်စီအိုင်အေ ထောက်လှမ်းရေးတပ်ဖွဲ့ကြီး အနေနဲ့ ကွန်မြူနစ်ဆန့်ကျင်ရေး အပြည်ပြည်ဆိုင်ရာသမဂ္ဂ (Anti Communist International Union) အဖွဲ့ကြီးကိုလည်း ကမကထပြုကျောထောက်နောက်ခံ ပြုပေးလျက်ရှိနေပါတယ်။

ဒီသမဂ္ဂအဖွဲ့ကြီးဟာ 'ကွန်မြူနစ်ဝါဒ လက်မခံသော နိုင်ငံများ၏ အမျိုးသားလွတ်လပ်ရေးကိုကာကွယ်ရန်' ဆိုတဲ့ အကြောင်းပြချက်နဲ့ အာရှတိုက်အတွင်းမှာ အပြည်ပြည်ဆိုင်ရာ ကွန်မြူနစ်ဆန့်ကျင်ရေး တပ်မတော် လို့သမုတ်ထားတဲ့ (Foreign Legion) ခေါ် တပ်ဖွဲ့ကြီး တစ်ခု ထူထောင်ရေးကို ဝါဒဖြန့်လုပ်ဆောင်လျက်ရှိတဲ့ အဖွဲ့ကြီးလည်း ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကွန်မြူနစ်ဆန့်ကျင်ရေး အမည်ခံထားတဲ့ အဖွဲ့ကြီးတွေကို အပိုအမြတ်ထုတ်တဲ့အနေနဲ့ နိုင်ငံငယ်တွေက အမျိုးသားရေးဝါဒီတွေကို နှိပ်ကွပ်ရာမှာ အသုံးပြုခဲ့တဲ့အစဉ်အလာ

www.burmeseclassic.com

www.burmeseclassic.com



တွေရှိနေလေတော့ နောင်တစ်နေ့ ကွန်မြူနစ်ဝါဒီ အမည်ခံအစိုးရတွေ ပျောက်ကွယ်သွားရင်ကော၊ ဒီအဖွဲ့တွေကို နိုင်ငံငယ်လေးတွေကို နှိပ်ကွပ်ရာမှာ အသုံးပြုဦးမှာလားလို့ ကမ္ဘာ့ပြည်သူတွေက စောင့်ကြည့်နေမှာတော့ မလွဲပါဘူး။

## သတင်းစာလွတ်လပ်ခွင့် အဖွဲ့အစည်း

နောက်တစ်ချက် သတိထားမိတာက များမကြာသေးမီကာလအတွင်းကပဲ အမေရိကန်ထောက်လှမ်းရေးအဖွဲ့ကြီးဟာ အံ့သြဖွယ်ကောင်းလောက်အောင် လက်အောက်ခံဌာနခွဲတွေ၊ အဖွဲ့ငယ် တွေအရေအတွက် တိုးချဲ့ဖွဲ့စည်းခဲ့တာကို တွေ့ရခြင်းပါပဲ။ ဥပမာအားဖြင့်တော့ အပြည်ပြည်ဆိုင်ရာ ပြန်ကြားရေးအဖွဲ့ငယ်များလိုအဖွဲ့တွေပေါ့ ဒီအဖွဲ့တွေထဲမှာ ထင်ရှားတဲ့အဖွဲ့တွေကတော့ အီဂျစ်နိုင်ငံ၊ ကိုင်ရိုမြို့မှာဖွင့်လှစ်ထားတဲ့ အပြည်ပြည်ဆိုင်ရာ သတင်းစာလွတ်လပ်ခွင့်အဖွဲ့အစည်းကြီး ဖြစ်ပါတယ်။

ဒီအဖွဲ့ကြီးကို အမေရိကန်-အီဂျစ် မူးပေါင်းဆောင်ရွက်ရေးအဖွဲ့ကြီးလို့ ကြွေးကြော်အရေခြုံထားပေမဲ့၊ တရားဝင်ရည်မှန်းချက်ထားတာကတော့ အရှေ့အလယ်ပိုင်းမှာ ကွန်မြူနစ်အန္တရာယ်ကာကွယ်ရေးအတွက်ပဲလို့ဆိုပါတယ်။

ဒီအဖွဲ့ကြီးအတွက် အကြံဉာဏ်တွေ ထောက်ပံ့ပေးနေတဲ့



အဖွဲ့ကြီးတွေကတော့ စီအိုင်အေနဲ့ ယူအက်စ်အိုင်အေ (USIA) အဖွဲ့တွေပဲဖြစ်တယ်လို့လည်း မြွေမြွေချင်း ခြေမြင်သူတွေကဆိုပါတယ်။ ဒီအဖွဲ့ကြီးဟာ အာရပ်နိုင်ငံတွေအတွက် မဂ္ဂဇင်းကြီးတစ်ခု ထုတ်ဝေလျက်ရှိပြီး၊ အခြားစာအုပ်တွေ၊ ရုပ်ရှင်ဖလင်တွေနဲ့ ရုပ်မြင်သံကြားတိပ်ခွေတွေလည်း ဖြန့်ချိလျက်ရှိပါတယ်။

တကယ်တမ်း ပြောရမယ်ဆိုရင်တော့ နိုင်ငံတစ်ခု ဒေသတစ်ခုပစ်မှတ်အုပ်စု တစ်စုပေါ်မှာ စိတ်ဓါတ်စစ်ဆင်ရေး (Psyschological Warfare) ဆင်နွှဲဖို့ရာအတွက် စစ်ဆင်ရေးတစ်ခုစီမှာ အရေးပါဆုံး ဆောင်ရွက်လျက်ရှိနေသူတွေကတော့ အနောက်နိုင်ငံများမှ ဦးနှောက်ကြီးများ လို့ခေါ်နေကြတဲ့ ထိပ်တိပ်ကြပညာရှင်များအဖွဲ့ပဲ ဖြစ်ပါတယ်။

ဒီအဖွဲ့ကြီးအနေနဲ့ စိတ်ဓာတ်စစ်ဆင်ရေးအတွက် လိုအပ်တဲ့လက်နက်မျိုးစုံအနက် (ဝါဒဖြန့်ချိရေးလက်နက်)ကို အထူးအလေးထားဆောင်ရွက်နေတာလည်း တွေ့ရပါတယ်။ ဥပမာပြောရမယ်ဆိုရင်၊ အမေရိကန်သမ္မတအတွက် ပြုစုပေးထားတဲ့ လက်စွဲစာစောင်တစ်ခုမှာ နိုင်ငံငယ်များရဲ့ လွတ်မြောက်ရေးကြိုးပမ်းမှု (Liberation Movements) တွေကို ချိုးနှိမ်ဖို့ရာအတွက် စိတ်ဓါတ်စစ်ဆင်ရေးဆောင်ရွက်ရာမှာ အသုံးပြုဖို့အရေးပါတဲ့ ဝါဒဖြန့်ချိမှု နည်းလမ်းပေါင်း (၁၃၀) ကျော်ကို အလေးထားဖော်ပြထားကြောင်း တွေ့ရပါတယ်ခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်လျှက်ရှိကြရာမှာ သူတို့က စီအိုင်အေထောက်လှမ်းရေးအဖွဲ့ဟာ "**အမှန်တရားကို ရှာဖွေသူများ၏ အမှန်တရားဖော်ထုတ်ချက်များ အသွင်ဖြင့် ဘာသာရပ်ခေါင်းစဉ်ပေါင်း (၂၀၀၀)ကျော်ဖြင့် သန်းပေါင်းများစွာသော စာအုပ်များထုတ်ဝေလျှက်ရှိသည်**" လို့ ထုတ်ဖော်ပြောဆိုခဲ့ကြပါတယ်။

အမှန်တကယ်လည်း စီအိုင်အေဟာ ကမ္ဘာ့နိုင်ငံများဆီကို စေလွှတ်ထားတဲ့ သတင်းစာသမားတွေကြားမှာ အဓိကအခန်းကဏ္ဍကနေ ပါဝင်နေတာတွေရမှာ ဖြစ်ပါတယ်ခင်ဗျ ။

"**အီရန်ဂိတ်**" အရှုပ်တော်ပုံလို့ဆိုနေကြတဲ့ အီရန်ပြဿနာရဲ့ စစ်သတင်းထောက်များထဲမှာ စီအိုင်အေသတင်းစာသမား အများအပြား ပါဝင်နေကြတာတွေရပါတယ်။

ဒီအကြောင်းကို ဝါရှင်တန်ပို့စ် သတင်းထောက်တစ်ဦးက ထုတ်ဖော်ရေးသားခဲ့ဖူးပါတယ်။

## စီအိုင်အေ လစာဖိုင်တွဲထဲက သတင်းစာဆရာများ

သူကကားလ်ဘန်းစတိုင်း Carl Bernstein ဆိုသူတစ်ဦးကို သက်သေပြုထားပါတယ်။ သူကအာရှနဲ့ အာဖရိကနိုင်ငံများဆိုင်ရာ တာဝန်ပေးထားတဲ့ ရာပေါင်းများစွာသော အမေရိကန်သတင်းစာသမားတွေ (American Journalists) ထဲမှာ ကားလ်ဘန်းစတိုင်းလိုပဲ



စီအိုင်အေသူလျှိုလစာဖိုင်တွဲထဲမှာ စာရင်းဝင်နေသူတွေ အများကြီးရှိပါတယ်လို့ ဖော်ပြခဲ့ပါတယ်ခင်ဗျာ။

ဆက်လက်ပြီး ဝါရှင်တန်ပို့စ် သတင်းစာကြီးက ရေးသားထားရာမှာလွန်ခဲ့တဲ့ (၂၅)နှစ်ကျော် ကာလလောက်ကတည်းက၊ စီအိုင်အေအဖွဲ့ကြီးဟာ အမေရိကန်ပြည်ထောင်စုပြင်ပမှာ သတင်းစာသမားများကိုအသုံးပြုပြီး၊ အလွန်လျှို့ဝှက်နက်နဲတဲ့သတင်းတွေကို ဖော်ထုတ်ဖို့ အဖွဲ့ငယ်တွေဖွဲ့စည်းပြီး၊ ငွေကြေးထူထောင်ပေးထားကြောင်း၊ ဒါ့အပြင် လိုအပ်တဲ့အခါ ဝါဒဖြန့်တိုက်ပွဲ Propaganda Campaing ဆင်နွှဲဖို့လျှို့ဝှက်ပြီး အသင့်ပြင်ထားဖို့လည်း ဖွဲ့စည်းဆောင်ရွက်ထားကြောင်း ထုတ်ဖော်ရေးသားခဲ့ပါတယ်။

အဲသလိုဖွဲ့စည်းရာမှာ သတင်းစာသမားတွေ အတွင်းမှာ စီအိုင်အေစုံထောက် သတင်းစာဆရာတွေနဲ့၊ စီအိုင်အေကငွေပေးချေခိုင်းထားတဲ့ သတင်းစာလောကရဲ့ နာမည်ရသတင်းစာဆရာတွေ၊ ရေဒီယိုအသံလွှင့်ဌာနတွေနဲ့ အမေရိကန်ပြည်တွင်းမှာ အခြေစိုက်ထားတဲ့ သတင်းအေဂျင်စီတွေလည်း ပါဝင်ဖွဲ့စည်းထားတယ်လို့ ဆိုပါတယ်။

အဲဒီအဖွဲ့အစည်းဟာ ပြင်ပပုဂ္ဂိုလ်တွေနဲ့ ပါဝင်ဖွဲ့စည်းထားတယ်လို့ ဆိုပေမယ့်လည်း၊ ဒီကွန်ယက်ဟာ စီအိုင်အေရဲ့အစဉ်ပြင်းထားတဲ့လက်နက်တွေထဲက တစ်ခုအပါအဝင်ဖြစ်တဲ့ လျှို့ဝှက်လက်နက်

www.burmeseclassic.com

www.burmeseclassic.com



## အမေရိကန် လူမှုရေးအဖွဲ့တွေ

အာဖရိကတိုက်မှာလည်း အာရှတိုက်မှာလိုပဲ အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့ကြီးနဲ့ အလားတူ အခြားအမေရိကန် လူမှုရေးအဖွဲ့များနဲ့ အခြားအစိုးရအဖွဲ့အစည်းများကလည်း စိတ်ဓါတ်စစ်ဆင်ရေးစစ်ပွဲတွေ ပါဝင်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။

**အမေရိကန်ပညာရေး သုတေသနဌာနတွေ၊ အစိုးရဲ့ဌာန အဖွဲ့အစည်းတွေ၊ ယဉ်ကျေးမှုအဖွဲ့တွေနဲ့ ပုဂ္ဂလိကစီးပွားရေးအသင်း အဖွဲ့အများအပြားဟာလည်း သူတို့အကျိုးအမြတ်အတွက် နိုင်ငံငယ် များရှိ လူထုကိုပုံသွင်းပြီး ထောင်ချောက်ဆင်ရာမှာ စီအိုင်အေနဲ့ အပေးအယူလုပ်နေတာ တွေ့ရပါတယ်လို့ ဝေဖန်ခံနေကြရပါတယ်။**

အလားတူပဲ အစိုးရနဲ့မသက်ဆိုင်သော အဖွဲ့အစည်းများပါ လို့ကြွေးကြော်နေကြတဲ့၊ နယူးယောက်မြို့အခြေပြု **အာဖရိကန်- အမေရိကန်အင်စတီကျု** African-American Institute-(AAI) အသင်းကြီးရဲ့ အခြေအနေကို ကြည့်ရင်သိနိုင်ပါတယ်။

ဒီအဖွဲ့ကြီးရဲ့ အမှုဆောင်အရာရှိတွေက ကြုံကြိုက်တိုင်း သူတို့အနေနဲ့ အစိုးရနဲ့ကင်းရှင်းပြီး လွတ်လပ်တဲ့အဖွဲ့အစည်း ဖြစ်ပါ ကြောင်းကို မမေးပဲဖြေရှင်းနေလေ့ရှိကြပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ လက်တွေ့လုပ်ငန်းတွေကို တိုင်းတာကြည့်တဲ့အခါ အာဖရိကအပေါ်



ချမှတ်ထားတဲ့ အမေရိကန်အစိုးရမူဝါဒ (Washington's Policy in African) ရည်မှန်းချက်တွေကို အကောင်အထည်ဖော်နေကြောင်း ကွက်တိမြင်တွေ့နေကြရတဲ့အပြင်၊ အမေရိကန်အစိုးရအဖွဲ့နဲ့ အလွန် နီးကပ်စွာ ဆက်သွယ်ဆောင်ရွက်နေတာ တွေ့ကြရပါတယ်-တဲ့။

**အာဖရိကန် - အမေရိကန်အင်စတီကျု** အသင်းကြီးအနေ နဲ့ အမေရိကန်ပြည်ထောင်စုအတွင်းမှာ အာဖရိကတိုက်သားတွေ အတတ်ပညာသင်ကြားရေးနဲ့ ဘွဲ့လွန်သင်တန်းတွေ ဖို့ချရေးကိစ္စ တိုဆောင်ရွက်နေပါတယ်လို့ ဆိုပေမဲ့လည်း အာဖရိကနိုင်ငံများ အတွင်းမှာ ပုံနှိပ်ရေးနဲ့စာအုပ်စာတမ်းတွေ ဖြန့်ချိရေးအပြင် ဝါဒဖြန့် ချိရေးလက်နက်ပစ္စည်းတွေကို သွတ်သွင်းပေးနေကြောင်း တွေ့ရပါ တယ်လို့ ဆိုပါတယ်။

## အာဖရိက ရီပို့စာစောင်

တစ်ဘက်မှာ အာဖရိကတိုက်သားတွေအတွက် ပညာရေး ကိစ္စတွေဆောင်ရွက်ရင်း၊ အခြားတစ်ဘက်မှာတော့ အမေရိကန် စီးပွားရေးလုပ်ငန်းကြီးတွေ တည်ထောင်ထားတဲ့ ဂျင်နရယ်မော်တော်၊ ဖို့ဒ်ဖောင်ဒေးရှင်းနဲ့ အခြားပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့ အလှူငွေကို ထောက်ခံရယူပြီး "Africa Report" လို့ခေါ်တဲ့ လစဉ်ထုတ်စာစောင်ကို အမေရိကန်နိုင်ငံအတွင်းမှာ ထုတ်ဝေဖြန့်ဖြူးလျက်ရှိနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလစဉ်ထုတ် "Africa Report" စာစောင်တွေထဲမှာပါဝင်တဲ့ စာသားသတင်းတွေကို စိစစ်ကြည့်လိုက်တဲ့အခါမှာ **အမေရိကန်နိုင်ငံ အရင်းရှင်ကြီးတွေရဲ့ အဖိုးတန်လှတဲ့ အာဖရိကနိုင်ငံများသတင်းတွေကို စုဆောင်းခြင်းနဲ့ အမေရိကန်အရင်းရှင်ကြီးများရဲ့ မတရားရယူနေမှုတွေကို အကာအကွယ်ပေးရေးသားနေခြင်းသာ** ဖြစ်ပါကြောင်းတွေ့ကြရတယ်လို့ဆိုပါတယ်။

အသင်းကြီးတွေအနေနဲ့ ပညာရေးလုပ်ငန်းတွေကိုသာ လုပ်ကိုင်ပါတယ်လို့ ကြွေးကြော်နေပေမဲ့လည်း အာဖရိကတိုက်သားတို့ရဲ့ ဘဝသရုပ်အပေါ် ရှုမြင်သုံးသပ်ဖော်ပြနေတဲ့ သူတို့ရဲ့စီမံခန့်ခွဲမှု လုပ်ရပ်တွေကို စိစစ်ကြတဲ့အခါ အာဖရိကလွတ်လပ်ခါစ နိုင်ငံတွေအပေါ် အတွေးအခေါ် ဝါဒမှိုင်းတိုက်ပြီး အဲဒီနိုင်ငံတွေပျက်စီးရာ ပျက်စီးကြောင်း၊ ဆုတ်ယုတ်ရာ ဆုတ်ယုတ်ကြောင်းဖြစ်စေတဲ့ နယ်ချဲ့ဝါဒီတို့ရဲ့ ဆန္ဒမှန်ကို ဖော်ကျူးနေကြောင်းတွေ့ရပါတယ်။

ဒါပေမဲ့လုပ်ရပ်က သိမ်မွေ့လွန်းတဲ့အတွက် ချက်ချင်းမသိသာဘဲ လွန်မှသာအန္တရာယ်ကြီးမားကြောင်း တွေ့နိုင်တယ်လို့ ဝေဖန်သူတွေက ဆိုနေပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီး အာဖရိကန်-အမေရိကန် အင်စတီကျူအသင်းကြီးကို လေ့လာဖော်ထုတ်သူတစ်ဦးက အဲဒီအသင်းကြီးဟာ စီအိုင်အေခေါ် အမေရိကန်ဗဟိုထောက်လှမ်းရေးအဖွဲ့ကြီးက တိုက်ရိုက်ကြီးကိုင်နေတဲ့ အလုပ်နှစ်လုပ် လုပ်နေသော



ဟန်ပြအတု အယောင်အဖွဲ့အစည်းကြီးတစ်ခု ဖြစ်ပါတယ်လို့ သတင်းစာတစ်စောင်မှာ အတိအလင်းဖော်ပြခဲ့တယ်ခင်ဗျ။

အဲဒီလိုဖော်ပြခဲ့တဲ့ သတင်းစာကတော့ အမေရိကန်နိုင်ငံ ဂျိုဟန်နက်စ်ဘတ်စ် သတင်းစာကြီးတစ်စောင်ဖြစ်တဲ့ "The Star" သတင်းစာဖြစ်ပြီး ရေးသားတဲ့ပုဂ္ဂိုလ်ကတော့ သတင်းစာကြီးရဲ့ ဝါရှင်တန်ဗျူရိုဆိုင်ရာ သတင်းထောက် ဖြစ်ပါတယ်တဲ့။

## နှစ်ထပ်ဖုံးကွယ် ပုံဖျက်မှုစနစ်

အမှန်တော့ အခြားနိုင်ငံတွေနဲ့ ဆက်ဆံဆက်သွယ်ရာမှာ အနောက်နိုင်ငံများမှာရှိတဲ့ ထောက်လှမ်းရေးအဖွဲ့အစည်းတွေအနေနဲ့ သူတို့ရဲ့ထောက်လှမ်းရေး လုပ်ရပ်တွေကို ပိပိရိရိ ဖုံးကွယ်နိုင်တဲ့ 'Double Camouflage' လို့ခေါ်တဲ့ **နှစ်ထပ်ဖုံးကွယ်ပုံဖျက်မှုစနစ်**ကို တွင်တွင်ကျယ်ကျယ်ကြီး အသုံးပြုနေကြပါတယ်။

တစ်နည်းအားဖြင့် နေတိုးစစ်ဌာနချုပ်အဖွဲ့ဝင် နိုင်ငံတွေရဲ့ သျှို့ဝှက်ထောက်လှမ်းရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ သူတို့ရဲ့ ပုန်းလျှိုးကွယ်လျှိုး လုပ်ရပ်တွေကို ဖုံးကွယ်ကာရံထားရေးအတွက် လူထုသူတန်းစားအဖွဲ့စည်း အမျိုးမျိုးကိုအသုံးပြု အကာအကွယ်ယူပြီးဖောက် လုပ်ကိုင်လေ့ရှိပါတယ်တဲ့။ ဥပမာအားဖြင့် လူထုဆန္ဒသဘောထား ကောက်ယူရေးအဖွဲ့များ၊ သတင်းစဉ်ဌာနများ၊ သတင်း

www.burmeseclassic.com

www.burmeseclassic.com



ထောက်ကာလပ်အသင်း စတဲ့ သာမန်လူမှုရေးအဖွဲ့အစည်းတွေ အသွင်ဆောင်ပြီး နိုင်ငံကြီးများရဲ့ လျှို့ဝှက်အဖွဲ့အစည်းတွေအနေနဲ့ ရှုပ်ဖျက်ဝင်ရောက်လေ့ရှိတယ်လို့ ဆိုနေကြကြောင်းပါခင်ဗျာ။

❑ ❑ ❑

## စီအိုင်အေ၏ သတင်းအင်ပါယာ

ဒီကနေ့ သတင်းကြီးနေတဲ့ ကမ္ဘာကျော်သတင်းအေဂျင်စီကြီး အချို့ဟာ ကမ္ဘာ့နိုင်ငံငယ်များရှိ ပြည်သူအများစုကြီးကို ကျူးသွင်းပြီး၊ အတွေးအခေါ်ပိုင်းဆိုင်ရာ ကမောက်ကမဖြစ်အောင် အတင်းမောင်းသွင်း သုတ်သင်ခြင်းကိစ္စမှာ အဓိကတာရားခံပဲလို့ နာမည်ပျက်နဲ့ ကျော်ကြားလာနေပြီဖြစ်ပါတယ်။

တစ်နည်းအားဖြင့် ခေတ်သစ်ဖက်ဆစ်(Neo-Fascist) တွေလို့ခေါ်နေကြတဲ့ နိုင်ငံကြီးများက လျှို့ဝှက်အဖွဲ့ဝင်းတွေရဲ့ ရက်စက်

www.burmeseclassic.com

www.burmeseclassic.com



လှတဲ့ လုပ်ရပ်တွေမှာ အဓိကပါဝင်စွမ်းဆောင်နေရတဲ့ မျက်နှာဖုံးစွပ် အဖွဲ့အစည်းတွေပဲလို့ ကျယ်ကျယ်လောင်လောင် ဆိုနေကြပါတယ်။

ဒီအကြောင်းနဲ့ပတ်သက်ပြီး ၊ နမူနာပြစရာ အကောင်းဆုံး သတင်းအေဂျင်စီကတော့ "Aginter Press" လို့ခေါ်နေတဲ့ သတင်းဌာနဖြစ်ပြီး၊ အဲဒီသတင်းဌာနဟာ ၊ ၁၉၇၀ ပြည့်နှစ်ကျော် စောစောပိုင်းကာလတွေမှာ အင်အားအတောင့်တင်းဆုံး ဖြစ်လာခဲ့တဲ့ သတင်းဌာနတစ်ခုလည်း ဖြစ်ပါတယ်။

ဒီသတင်းဌာနဟာ သတင်းဌာနဟန်ဆောင်ကာ လှည့်ဖျားထားတဲ့ ပြင်သစ်ထောက်လှမ်းရေးအဖွဲ့ကြီးရဲ့လက်ပါးစေဌာနကြီးဖြစ်ပြီး ပြင်သစ်ထောက်လှမ်းရေးအဖွဲ့ကြီးက အမှတ်(၇) ဌာနကြီးမှူးဖြစ်ခဲ့သူ ထောက်လှမ်းရေး မာစတာကြီးတစ်ဦးက ကွပ်ကဲစီစဥ်လျက်ရှိတယ်လို့ လေ့လာသူများက၊ ကမ္ဘာ့စာနယ်ဇင်းများရဲ့ မျက်နှာစာပေါ်မှာ ဖော်ပြခဲ့ကြပါတယ်။

Aginter Press သတင်းဌာနကြီးအနေနဲ့ သူ့ရဲ့ဆောင်ရွက်ချက်တွေကို အယ်လ်ဂျီးရီးယားနဲ့အခြားသောအာရပ်နိုင်ငံတွေ၊ အာဖရိကနိုင်ငံတွေအထိ တိုးချဲ့လုပ်ကိုင်လျှက်ရှိပြီးတော့၊ မသိနားမလည်သူတွေကို သူတို့အလိုကျ လိုက်ပါလုပ်ဆောင်လာအောင် သတင်းလုပ်ငန်းများမှတစ်ဆင့် သွေးဆောင်စုစည်းပေးလျှက်ရှိတယ်လို့လည်း တွေ့ကြပြခံနေရပါတယ်။



## စီအိုင်အေနဲ့ပုဂ္ဂလိက အဖွဲ့အစည်းများ

အနက်ရောင် ဝါဒဖြန့်ချိရေး (Black Propaganda) လို့ခေါ်နေကြတဲ့ အမှောင့်လုပ်ငန်းဝါဒဖြန့်ချိရေးမှာ ကျွမ်းကျင်သူ CIA ဆရာ ဆရာကြီးများအနေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ဝင်ရောက်နိုင်ဖို့အတွက်၊ CIA ထောက်လှမ်းရေးတပ်ဖွဲ့ဝင်တွေကို ပုဂ္ဂလိကပြန်ကြားရေးလုပ်ငန်း အဖွဲ့အစည်းများမှာ လုပ်ငန်းအကြီးအကဲများအဖြစ်နဲ့ခန့်ထားစေပါးလျက် ရှိနေတယ်လို့ဆိုပါတယ်။

ဒီလုပ်နည်းလုပ်ဟန်တွေကို စစ်အေးကာလ အစောပိုင်းနှစ်တွေကပဲ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ သူလျှိုလုပ်ငန်းနဲ့ထောက်လှမ်းရေးလုပ်ငန်းတွေကို စိစစ်ဖော်ပြထားတဲ့ 'War of Wits' စာအုပ်ထဲမှာဖော်ပြခဲ့တာ ဖတ်ရှုရပါတယ်။

ဒီစာအုပ်ကိုပြုစုသူဟာလည်း နှယ်နှယ်ရရမဟုတ်ဘဲ၊ အမေရိကန်ဗဟိုထောက်လှမ်းရေးတပ်ဖွဲ့ဝင် စပိုင်မာစတာတစ်ဦးဖြစ်သူ "Ladislas Farago" ဖြစ်ပါတယ်။

စီအိုင်အေစပိုင်မာစတာ Ladislas Farago ရဲ့ ရေးသားချက်မှာ-

**Black Propaganda** ခေါ် အမှောင့်လုပ်ငန်း ဝါဒဖြန့်ချိမှုသည် အခြေခံကျသော ထောက်လှမ်းရေးစစ်ဆင်မှုလုပ်ငန်းတစ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်ထိုလုပ်ငန်းသည် လျှို့ဝှက်ထောက်လှမ်းချက်များမှရရှိသည့် အကြောင်းအချက်၊ သတင်းများကိုသာ ၎င်း၏ကုန်ကြမ်းအဖြစ် အသုံးပြုနေရုံမက ၎င်းလုပ်ငန်းသည်လည်းလျှို့ဝှက်မှုနယ်ပယ်အတွင်း အချုပ်အချယ် အတားအဆီးမရှိ၊ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်ရသော လုပ်ငန်းတစ်ခုဖြစ်နေခြင်းကြောင့်ဖြစ်သည်။

အနက်ရောင်ဝါဒ ဖြန့်ချိရေးလုပ်ငန်းတွင် မည်သည့်အခါမျှ ရရှိသော သတင်းအခြေအမြစ်ကို ဖော်ပြလေ့မရှိပါ။

လွှင့်ထုတ်လိုက်သမျှ သတင်းအချက်အလက်များသည် တစ်ဘက်ပစ်မှတ် ရန်သူနှင့် နီးကပ်သောအသိုက်အဝန်းမှ (သို့တည်းမဟုတ်) ရန်သူအသိုက်အဝန်းအတွင်းတစ်နေရာမှ (သို့တည်းမဟုတ်) ရန်သူ့နယ်မြေအတွင်း တစ်နေရာမှရရှိလေဟန်ကိုသာ မရေမရာ ဖော်ပြရသည်။

ထို့အပြင် ထိုသတင်းများကို ရန်သူ့အသိုင်းအဝန်းအဖွဲ့အတွင်းရှိ မလိုလားသူများထံမှ ကြားသိရလေဟန်လည်းဖော်ပြရပါသည်။

အဲဒီလို ရေးသားဖော်ပြထားပါတယ် ခင်ဗျာ။ နိုင်ငံငယ်လေးတွေက စာနယ်ဇင်းသမားများနဲ့ ပြည်သူများအတွက်တော့ ဂရုတစိုက်မှတ်သားရမယ့်အချက်တွေပဲပေါ့။



## အမှောင့်ပညာရပ်မှာ အမြဲဖွံ့ဖြိုးတိုးတက်နေတဲ့ စီအိုင်အေ

ဒီကနေ့ အမှောင့်လုပ်ငန်း ဆောင်ရွက်မှုတွေထဲက မှတ်သားရမယ့် လုပ်နည်းလုပ်ဟန်တွေကို ပြပါဆိုရင်တော့၊ ဒီလုပ်ငန်းမှာအမြဲဖွံ့ဖြိုးတိုးတက်နေတဲ့ အမေရိကန် ဗဟိုထောက်လှမ်းရေးအေဂျင်စီရဲ့ လုပ်နည်းလုပ်ဟန်တွေကိုသာ စံနမူနာအဖြစ် ဖော်ပြရပါလိမ့်မယ်။

အထူးသဖြင့် နီကာရာဂွါနိုင်ငံ ကွန်ထရာသူပုန်တွေအတွက် အဖျက်အမှောင့်လုပ်ငန်း လမ်းညွှန်မှုတွေဖော်ပြထားတဲ့ စီအိုင်အေက ထုတ်ဝေဖြန့်ဖြူးပေးတဲ့ လက်စွဲစာအုပ်ပါ အချက်အလက်တွေကို ဖော်ပြရပါလိမ့်မယ်။

အခုလို စီအိုင်အေအဖွဲ့ဝင်တွေရဲ့ လမ်းညွှန်ချက်တွေထဲမှာ၊ အစိုးရအရာရှိတွေကို သုတ်သင်သတ်ဖြတ်ဖို့ နည်းလမ်းတွေ ၊ လူထုအတွင်း ကမောက်ကမ ဖြစ်စေဖို့နဲ့၊ အထိတ်တလန့်ဖြစ်စေဖို့ နည်းလမ်းတွေ၊ အစိုးရအလုပ်ရုံနဲ့ ဌာနအတွင်းမှာ အဖျက်လုပ်ငန်းဆောင်ရွက်ပုံနည်းလမ်းတွေကို ပုံစံအမျိုးမျိုးနဲ့ဖော်ပြထားတာ တွေ့ရပါတယ်။

ဒါ့အပြင် အသေးစိတ်နည်းပေးလမ်းပြလုပ်ထားတဲ့လုပ်နည်းလုပ်ဟန်တွေထဲမှာ လျှပ်စစ်ဓါတ်အားကြိုးများ ဖျက်ဆီးဖြတ်တောက်ပုံကအစ၊ မော်တော်ကားဆီတိုင်ကီများပိတ်ဆို့စေခြင်းအလယ်၊ လမ်းမ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ဒွံသံမှုများ ဖြန့်ကျဲထောင်နည်းအဆုံး၊ ကလေးကလား နည်းလမ်းပေါင်းစုံ ပါဝင်တာကိုလည်း တွေ့ရပါတယ်။

ဒီနည်းစနစ်တွေကို နီကါရာဂွာ သူပုန်များအတွင်းရှိ အခြေခံအဖျက်လုပ်ငန်းဆောင်ရွက်တဲ့အဖွဲ့ဝင်တွေအတွက်ရည်ရွယ်ပြီး ထုတ်ဝေတာဖြစ်ပါသတဲ့။ စာအုပ်နာမည်ကိုတော့ လွတ်မြောက်ရေးတိုက်ပွဲဝင်များအတွက် လက်စွဲစာစောင် (Manual for Freedom Fighters) လို့ အမည်ပေးထားပြီး စာအုပ်ပေါင်း (၅၀၀၀) ရိုက်နှိပ်ဖြန့်ဖြူးခဲ့တာ တွေ့ရပါတယ်။

အဲဒီစာအုပ်ထဲမှာ အစိုးရအာဏာပိုင်တွေကို လုပ်ကြံဖို့နည်းလမ်းပေါင်း (၃၈)နည်းကိုလည်း သရုပ်ပြပုံတွေ၊ အကျဉ်းဖော်ပြချက်တွေနဲ့ ထည့်သွင်းဖော်ပြထားပါတယ်။

## အနက်ရောင်ဝါဒ ဖြန့်ချိရေး

'Black Propaganda' လို့ခေါ်တဲ့ အနက်ရောင်ဝါဒဖြန့်ချိရေးလုပ်နည်းလုပ်ဟန်တွေကို အာရှပြည်သူများရဲ့ ကွန်မြူနစ်ဆန့်ကျင်ရေးအဖွဲ့ချုပ်ကြီး (APACL)နဲ့ ရှေ့ဆင့်နောက်ဆင့် ပေါ်လာပြီး၊ ၁၉၆၆ ခုနှစ်မှ စတင်တည်ထောင်ခဲ့တဲ့ (WACL) ခေါ် ကမ္ဘာ့ကွန်မြူနစ်ဆန့်ကျင်ရေး အဖွဲ့ချုပ်ကြီးကလည်း ကျယ်ကျယ် ပြန့်ပြန့် အသုံးပြုလျက်ရှိတယ်လို့ ဆိုပါတယ်။



ဒါ့ကြောင့်(WACL)အဖွဲ့ချုပ်ကြီးရဲ့ အဓိကလုပ်ငန်းတာဝန်ဟာ အာရှ အာဖရိကနဲ့ လက်တင်အမေရိက နိုင်ငံတွေမှာရှိတဲ့ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုတွေကို တိုက်ဖျက်ဖို့နဲ့ အနောက်နိုင်ငံတွေအတွက်၊ နိုင်ငံငယ်များ ဆန့်ကျင်ရေးဝါဒီတွေအတွက်၊ အသားအရောင်ခွဲခြားရေး ဝါဒီတွေအတွက်၊ နယ်ချဲ့လက်ဝေခံအာဏာရှင် အစိုးရတွေအတွက်၊ အားပေးကူညီဖို့ဖြစ်ပါတယ်လို့ ဝေဖန်သူတွေက ထောက်ပြထားကြပါတယ်။

ဘယ်လိုပဲဆိုစေကာမူ (WACL)အဖွဲ့ချုပ်ကြီးကို အမေရိကန်ဗဟိုထောက်လှမ်းရေးအဖွဲ့ကြီး(စီအိုင်အေ) က လမ်းညွှန်ချက်ပေးပြီး၊ အနောက်အုပ်စုရဲ့ အုပ်ချုပ်ရေးယန္တယားကြီး လည်ပတ်နိုင်မှုအတွက် အထောက်အကူပြုစေနိုင်ဖို့ ကိုင်တွယ်အသုံးချနေတယ်လို့ သိရပါတယ်။

## ကွန်မြူနစ် ဆန့်ကျင်ရေးတဲ့လား

အဲဒီအဖွဲ့ကြီးရဲ့ နှစ်စဉ်ညီလာခံတွေကိုတော့ အမေရိကန်နိုင်ငံမှာ ကျင်းပလေ့ရှိပြီး၊ နဖူးစီးစာတမ်း ကြွေးကြော်သံက **ကွန်မြူနစ်တွေ့ကျော်မှုကို ကာကွယ်ပြီး၊ အမျိုးသားလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ရန် စည်းလုံးညီညွတ်ကြပါစို့** လို့ဖြစ်ပါတယ်ခင်ဗျာ။ ညီလာခံမှာ တက်ရောက်သူများအနေနဲ့ အမာခံပုဂ္ဂိုလ်တွေ အပါအဝင်

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အစည်းတစ်ခုကို ရွေးကောက်တင်မြှောက်ပြီး၊ အဲဒီ အဖွဲ့အစည်းဟာ အာရှ၊ အာဖရိက လက်တင်အမေရိကနိုင်ငံများရဲ့ တိုးတက်ရေးလှုပ်ရှားမှု မှန်သမျှကို မျက်စေ့မှိတ် ဆန့်ကျင်ကန့်ကွက်လေ့ရှိကြောင်း၊ အမေရိကန်ပြည်ထောင်စုနဲ့ သူ့ရဲ့အပေါင်းပါ နိုင်ငံတွေအတွင်း မကျေမနပ်တောင်းဆိုမှုမှန်သမျှကို ဆန့်ကျင်နှိပ်ကွပ်ရန် ပြဌာန်းလေ့ရှိကြောင်းနဲ့ အဲဒီရွေးချယ်ခံအုပ်စုမှာ ပါဝင်သူတွေဟာ အနောက်အုပ်စုအလိုကျ ရွေးချယ်ထားတဲ့ နိုင်ငံငယ်တွေက ပုဂ္ဂိုလ်တွေပါဝင်ကြောင်းလည်း သိရပါတယ်။

## ကမ္ဘာ့အဝန်း စာနယ်ဇင်းများဆီသို့

အလားတူပဲ Forum World Features (FWF)သတင်းစာတိုက်ကြီးဟာလည်း ကမ္ဘာ့အဝန်းနိုင်ငံများစွာရဲ့ စာနယ်ဇင်းတွေဆီကို အနောက်အုပ်စုရဲ့ သတင်းများကို ဘက်လိုက်ဖြန့်ချိရာ အရေးအပါဆုံးသော ဝါဒဖြန့်စာစောင်ကြီး တစ်ခုဖြစ်တယ်လို့ ဖွံ့ဖြိုးဆဲနိုင်ငံတွေက ဆိုပါတယ်။

အဲဒီ သတင်းစာတိုက်ကြီးကို ၁၉၅၈ ခုနှစ်က လန်ဒန်မြို့မှာ တည်ထောင်ခဲ့ပါတယ်။ ဒီ(FWF)ရဲ့လက်အောက်မှာ နိုင်ငံပေါင်း (၅၀)ကသတင်းစာအမျိုးပေါင်း(၁၅၀)တို့ပါဝင်ပြီး၊ သတင်းလက်ဝေခံဖြန့်ချိပေးနေကြပါတယ်။



(FWF) ကို ပိုင်ဆိုင်သူဟာ နယူးယောက် ဟာရဲလ်ထရီဗြွန်း သတင်းစာကြီးကို ထုတ်ဝေသူ John Hay Whitney က ပိုင်ဆိုင်တယ်လို့လည်း သတင်းစာအသိုင်းအဝိုင်းက ထင်ကြေးပေးနေကြပါတယ်။ အသေအချာတော့မသိကြပါဘူး။

## သတင်းစာတိုက်အုပ်ချုပ်သူ အမေရိကန်စုံထောက်များ

ဒါပေမယ့်(FWF)ကို နှစ်ပေါင်းများစွာကြာအောင် ဦးစီးအုပ်ချုပ်ခဲ့သူဟာ အမေရိကန်လူမျိုး အလွတ်စုံထောက် Robert Gaytley ဖြစ်ပြီး၊ သူ့နောက်ပိုင်းမှာလည်း အမေရိကန်အလွတ် စုံထောက်တစ်ဦးဖြစ်သူ Brian Crozier က အုပ်ချုပ်ခဲ့တာတွေ့ရပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီ(FWF)နဲ့ အမေရိကန်ဗဟို ထောက်လှမ်းရေးတပ်ဖွဲ့ စီအိုင်အေတို့ဆက်စပ်နေပုံကိုထင်ထင် ရှားရှားဖော်ပြနေတဲ့ အဓိကအချက်ကတော့ သတင်းစာတိုက်ပိုင်ရှင်ကို အသေအချာ မသိကြရခြင်းဘဲ ဖြစ်ပါတယ်။

ဒါ့အပြင် အုပ်ချုပ်သူတွေဟာ အမေရိကန် လူမျိုး၊ စုံထောက်အရာရှိများ ဖြစ်နေခြင်းနဲ့၊ အဲဒီသတင်းစာကြီးရဲ့ လုပ်နည်းလုပ်ဟန်တွေဟာ သတင်းစာအသွင်ယူထားတဲ့ အမေရိကန်စီအိုင်အေ ထောက်လှမ်းရေးသမားတွေရဲ့ အမှောင့်လုပ်ငန်းဝါဒ ဖြန့်ချိမှုပုံစံတွေဖြစ်နေလို့ပဲပေါ့ခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



နမူနာပြောရမယ်ဆိုရင်တော့ (FWF)နဲ့ စီအိုင်အေတို့ ပူးတွဲလှုပ်ရှားမှုကို ၁၉၇၀ ပြည့်နှစ်က ချီလီနိုင်ငံ ရွေးကောက်ပွဲမှာ စီအိုင်အေက လုံးဝမလိုလားတဲ့ အမျိုးသားရေးဝါဒီ အလန်ဒေး (Salvador Alende) ကို ချီလီနိုင်ငံရဲ့သမ္မတဖြစ်မလာစေရေးအတွက် တိုက်ဖျက်ခဲ့စဉ်ကအထင်အရှားတွေ့ရတယ်လို့ဆိုပါတယ်။

## စီအိုင်အေလက်ဝေခံ သတင်းစာတွေ

အဲဒီတုန်းက ချီလီနိုင်ငံမှာရှိတဲ့ စီအိုင်အေလက်ဝေခံ သတင်းစာတွေနဲ့(FWF) လက်ဝေခံအဖွဲ့ဝင် သတင်းစာတွေဟာ အယ်လ်ဆာဗေဒိုအလန်ဒေးကို သမ္မတရွေးကောက်ပွဲကာလ ရက်သတ္တ (၆) ပတ်ကာလအတွင်း တိုက်ခိုက်ပုတ်ခတ်ခဲ့တဲ့ ဆောင်းပါးပေါင်း (၇၂၆) ပုဒ်ရှိခဲ့ပါတယ်။

ဒီနောက်မှာတော့ အလန်ဒေးလုပ်ကြံခံရမှုဟာ စီအိုင်အေလက်ချက်ဖြစ်နေတာကြောင့် အမေရိကန်လွှတ်တော် နှစ်ရပ်လုံးက စီအိုင်အေကို အရေးယူစုံစမ်းခဲ့ရပါတယ်။

လက်တင်အမေရိကတိုက် အတွင်းမှာ စီအိုင်အေအဖွဲ့ကြီးအတွက် တာဝန်ထမ်းဆောင်ပေးနေတဲ့ သတင်းဌာနနဲ့ စာနယ်ဇင်းတွေက (FWF) သာမကပါဘူး၊ 'Covert Action' ဂျာနယ်၊ 'Orbe' သတင်းအေဂျင်စီ၊ 'Copley News Service' သတင်းအေဂျင်စီနဲ့



'Latin News Agency' သတင်းအေဂျင်စီတို့လည်း ပါဝင်နေတယ်လို့ လေ့လာသူတွေက ဆိုပါတယ်။

## လက်တင်အမေရိကအတွက် စီအိုင်အေ နားမျက်စိများ

"Copley News Service သတင်းအေဂျင်စီကြီးဟာ စီအိုင်အေ ရဲ့ လက်တင်အမေရိက အတွင်းက မျက်စိနဲ့နားများဖြစ်ပါတယ် CIA's Eyes and Ears in Latin America" လို့ နယူးယောက်တိုင်းမ်သတင်းစာကြီးက အတိအလင်းထုတ်ဖော် ရေးသားခဲ့ဖူးပါတယ်။

အခုလို ကော့ပလေ သတင်းအေဂျင်စီနှင့် စီအိုင်အေတို့ ပူးပေါင်းပြီး၊ အခြားနိုင်ငံများရဲ့ ပြည်တွင်းရေးမှာ၊ အနှောင့်အယှက်ပြု ဝါဒဖြန့်နေတာဟာ ရာစုနှစ်ရဲ့လေးပုံတစ်ပုံလောက် ရှိနေပြီလို့လည်း ရေးသားဖော်ပြထားပါတယ်။

အလားတူပဲ Agencia Orbe Latinoamericano သတင်းအေဂျင်စီအနေနဲ့လည်း လက်တင်အမေရိကနိုင်ငံများမှာရှိတဲ့ သတင်းစာတွေဆီကို သတင်းတွေ၊ ဆောင်းပါးတွေ၊ အစီရင်ခံစာတွေ၊ ဝေဖန်ချက်တွေစတဲ့ သတင်းစာသုံး အခန်းကဏ္ဍများစွာ ထောက်ပံ့ပေးပို့လျှက်ရှိရာမှာ စီအိုင်အေရဲ့ချုပ်ကိုင်ညွှန်ကြားမှုကြောင့် စီအိုင်အေအာဘော်သတင်းဖြစ်နေကြောင်း၊ လက်တင်အမေရိက

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံများရဲ့ အမျိုးသားရေးဝါဒီတွေက စွပ်စွဲနေကြပါတယ်။

အဲဒီ သတင်းအေဂျင်စီကို ချုပ်ကိုင်ခြင်းနဲ့ ငွေကြေးထောက်ပံ့ခြင်းတို့ကို ချီလီနိုင်ငံမြို့တော် ဆန်တီယာဂိုမြို့ကြီးမှာ အခြေစိုက်ထားတဲ့ စီအိုင်အေသူလျှိုတွေကနေ ဆောင်ရွက်လျက်ရှိတယ်လို့လည်း လူသိများနေပါတယ်တဲ့။

အဲဒီလိုပဲ (Latin News Agency) ဟာလည်း စီအိုင်အေ အမေရိကန် ထောက်လှမ်းရေးအဖွဲ့ကြီးက ထူထောင်ခဲ့ပြီး၊ စီအိုင်အေ ငွေကြေးနဲ့ သတင်း၊ ဆောင်းပါးတွေ ထောက်ပံ့မှုတွေနဲ့ လည်ပတ်နေရတဲ့ သတင်းဌာနကြီးဖြစ်ပါတယ်လို့ အခြားအမေရိကန် သတင်းစာကြီးတွေက ဝေဖန်ခဲ့ကြပါတယ်။

## စီအိုင်အေရဲ့ သတင်းအေဂျင်စီ

နောက်တစ်ခုက လက်တင်အမေရိကတိုက်ရှိ တတိယကမ္ဘာ့နိုင်ငံတွေကို အပြိုင်အဆိုင်စည်းရုံးကြရင်း ဝါရှင်တန်ပို့စ်သတင်းစာကြီးက ဖော်ပြရာမှာတော့-

**Latin News Agency** ကဲ့သို့ပင် **Agencia Orbe Latinoamericano** သတင်းအေဂျင်စီကြီးသည်လည်း စီအိုင်အေ၏ တယ်လီဂရပ်ဖ် အေဂျင်စီကြီးဖြစ်နေပါသည်လို့ ဖော်ပြခဲ့ပါတယ်။

ဝါရှင်တန်ပို့စ် သတင်းစာကြီးက သူ့ကိုယ်သူ ဖော်ပြရာမှာတော့-



တတိယ ကမ္ဘာ့နိုင်ငံများ၏အေဂျင်စီ **Third World's Agency** လို့ ကင်ပွန်းတပ်ထားပါတယ်။

အထက်က အချက်တွေနဲ့ အခြားသော နိုင်ငံရေး၊ လူမှုရေးဆိုင်ရာ အချက်အလက်တွေကို ပုံစံဖော်ကြည့်လိုက်မယ်ဆိုရင် စီအိုင်အေအဖွဲ့ကြီး အနေနဲ့ နိုင်ငံငယ်တွေကို ဆန့်ကျင်တဲ့ အမှောင့်လုပ်ငန်းတွေ ဆောင်ရွက်ရာမှာ သတင်းဌာနနဲ့ လူမှုအဖွဲ့အစည်းတွေကို ကြောက်ခမန်းလိလိ ထောက်လှမ်းရေးကွန်ယက်ကြီး ဖြန့်ကျက်နေကြောင်း တွေ့ရမှာဖြစ်ပါတယ်။

လေ့လာထားတဲ့ မဂ္ဂဇင်းအချို့ရဲ့ အဆိုအရကတော့၊ အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့ကြီးအပေါ် ငွေကြေးအရရော၊ လုပ်ငန်းလည်ပတ်မှုအတွက်ပါ မှီခိုအားထားနေရတဲ့ အနောက်ဘက်သတင်းစာအင်ပါယာကြီးက အသင်းအဖွဲ့တွေဟာ စုစုပေါင်း (၈၀၀)အထိရှိတယ်လို့ ဖော်ပြကြပါတယ်။ ကြောက်ခမန်းလိလိ အရေအတွက်ပေါ့ခင်ဗျာ။

ဆက်လက်ပြီး နယူးယောက်တိုင်းမ် သတင်းစာကြီးတရေးသားဖော်ပြရာမှာတော့၊ အမေရိကန်ဗဟိုထောက်လှမ်းရေးအဖွဲ့အစည်းက အရာရှိတွေဟာ လိုချင်တဲ့သဘောထားကို မူအဖြစ်သာ ချမှတ်လိုက်ဖို့လိုကြောင်းနဲ့ အဲဒီမူကို သူတို့ရဲ့ သတင်းအင်ပါယာ အတွင်းက တစ်လေသံတည်းညီအောင် သတင်းများထုတ်ပြန်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့နိုင်ငံပေါင်းများစွာရဲ့ ဘာသာပေါင်းများစွာသို့ တစ်ချိန်တည်း တစ်ပြိုင်တည်း ပြန်ဆိုရေးသား ဖြန့်ချိနိုင်ပါကြောင်း ဖော်ပြခဲ့ပါတယ်။

## စီအိုင်အေရဲ့ သတင်းအင်ပါယာ

ဒါ့အပြင် ဝါဒဖြန့်ချိရေး သတင်းအင်ပါယာ **(Propaganda Empire)** ကြီးကို စီအိုင်အေက အဓိကအားဖြင့် ငွေကြေးလက်နက်ကို အသုံးပြုပြီး ကိုင်တွယ်ထားကြောင်း၊ အချို့သတင်းစာများကို လုံးဝချုပ်ကိုင်ပြီး၊ လိုရာဝါဒ ဖြန့်ခိုင်းသလို၊ အချို့ကို အချိန်ပိုင်း တစ်ခါတစ်ရံမှသာ ငွေပေးအသုံးပြုလျက်ရှိကြောင်းလည်း အဲဒီသတင်းစာကြီးက ဖော်ပြခဲ့ပါတယ်။

ဒါကြောင့် နိုင်ငံငယ်လေးတွေက ဂုဏ်သရေရှိနိုင်ငံရေးသမားကြီးများထံ၊ အစိုးရအကြီးအကဲများထံ၊ သံတမန်ကြီးများထံ သိပ်အရေးပါလှေလှန်နဲ့ ဘာသာပြန်ဖော်ပြနေကြတဲ့ သတင်းတွေဟာ ဘယ်လောက် ဂုဏ်သရေကြီးမားတဲ့ သတင်းတွေလဲဆိုတာ စဉ်းစားစရာပါ။

ဒီလိုပဲ နိုင်ငံငယ်လေးတွေက အကြီးအကဲတွေကို ဘာသာပြန်တင်ပြနေတဲ့ အရေးပါလှပါတယ်ဆိုတဲ့ ဌာနကြီးတွေက ပုဂ္ဂိုလ်တွေစုစည်းတင်ပြနေတဲ့ သတင်းတွေဟာ ဘယ်လိုအဆင့်အတန်းရှိနေသလဲ။ တစ်ချိန်တည်းမှာပဲ အကြီးအကဲတွေ အားထားနေရတဲ့ အဲဒီ



နိုင်ငံခြား၊ သတင်းစုဆောင်းသူဟာ ဝါဒဖြန့်ချိရေးဆိုင်ရာ စိတ်ပညာ (Propaganda Psychology) ၊အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးပညာ (International Relation)၊ နိုင်ငံကြီးများရဲ့ အဓိကဝှက်ဖဲတစ်ချပ်ဖြစ်တဲ့ ပထဝီနိုင်ငံရေးပညာ (Geo-Politics) တွေကို သင်ယူထားဖူးတဲ့ ပုဂ္ဂိုလ်မျိုးမဟုတ်ခဲ့ရင် သူစီစဉ်ပေးလိုက်တဲ့ သတင်းတွေဟာ သူ့နိုင်ငံတော်အကြီးအကဲတွေအတွက် ဘယ်လောက် အန္တရာယ်ကြီးမားတဲ့ သတင်းတွေဖြစ်နေမလဲ။

## နိုင်ငံငယ်များက ပြန်ကြားရေးဆရာများ

တကယ်တော့ နိုင်ငံငယ်လေးတွေရဲ့ ခေါင်းဆောင်ပိုင်း အကြီးအကဲပိုင်းနဲ့ အရေးပါတဲ့ပုဂ္ဂိုလ်တွေကို ကမ္ဘာ့ နိုင်ငံကြီးတွေက အစိုးရအဖွဲ့နဲ့ ပညာရှင်တွေက သူတို့ပုံသွင်းချင်တဲ့အတိုင်း အတွေးအခေါ်ပိုင်းညှို့ယူပုံသွင်းတဲ့အခါ သတင်းတွေ၊ သတင်းဆောင်းပါးတွေကို အဓိကထားအသုံးပြုနေကြောင်း အထူးပြောစရာမလိုတော့ပါဘူး။

အဲဒီလိုအချိန်အခါမှာ နိုင်ငံခြားကလာတဲ့ သတင်းတွေကို ဘာသာပြန်ဖော်ပြရင်းနဲ့ အဲဒီဘာသာပြန်ဖော်ပြသူများဟာ ဖြည်းဖြည်းရာထူးတိုးတက်သွားကြတာ မြင်ကြရပြီး၊ နိုင်ငံကတော့ အတွေးအခေါ်ပိုင်းဆိုင်ရာ အမှောင့်လုပ်ရပ်တွေကို ပညာသားပါပါ အလုပ်ခံ

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးအဖြစ်လည်း တည်ရှိနေတယ်လို့ဆိုပါတယ်။

စီအိုင်အေအဖွဲ့ အကြီးအကဲဟောင်းတစ်ဦးရဲ့ ဝန်ခံပြောကြားချက်အရ သတင်းလောကထဲက စီအိုင်အေကွန်ယက်ကြီးအနေနဲ့ တာဝန်ယူလုပ်ကိုင်ရတဲ့ လုပ်ငန်းထဲမှာ အမေရိကန်အစိုးရရဲ့ မဟာဗျူဟာမြောက်စစ်ရေး၊ နိုင်ငံရေး၊ ရည်မှန်းချက်တွေကို တစ်ကမ္ဘာလုံး လိုက်နာစေရေးနဲ့ အမေရိကန်အစိုးရက မလိုလားတဲ့နိုင်ငံတွေအပေါ်မှာ အမှောင့်လုပ်ငန်းဝါဒဖြန့်ချိမှု သတင်းတွေ ထုတ်လုပ်ဖြန့်ချိရေးပဲဖြစ်တယ်လို့ သိရပါတယ်။

## လွတ်လပ်သော သတင်းဌာနများရဲ့ တံခါးပိတ်ဩဝါဒ ခံယူပွဲ

ဒါ့အပြင်မကြာသေးတဲ့ အတိတ်ကာလတုန်းက (AP) သတင်းဌာနနဲ့ (UPI) သတင်းဌာနက သတင်းထောက်တွေရယ်၊ ရေဒီယိုအသံလွှင့်ကုမ္ပဏီ အတော်များများနဲ့ အခြားသောစာနယ်ဇင်းအများအပြားတို့ဟာ အမေရိကန်ထောက်လှမ်းရေးအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ကြတာကို တွေ့ရတယ်လို့လည်း ဝေဖန်နေကြပါတယ်။

ဒီအကြောင်းနဲ့ပတ်သက်ပြီး အကိုးအကားနဲ့ တင်ပြရမယ်ဆိုရင် ၁၉၇၇ ခုနှစ်၊ နိုဝင်ဘာလ(၃၀)ရက်နေ့ထုတ် (Covert Action) လို့ခေါ်တဲ့ အမေရိကန်ဂျာနယ်ကြီးထဲမှာ ပါရှိခဲ့တဲ့အချက်ကို တင်ပြလိုပါတယ်။ အဲဒီဂျာနယ်မှာ " **စီအိုင်အေရဲ့အထူးအမိန့်**



**တစ်ရပ်** " အဖြစ် စာနယ်ဇင်းသမားတွေနဲ့ စီအိုင်အေတို့ဟာအမြဲတန်းဆက်စပ်လျှပ်ရှား နေရမယ်လို့ဆိုထားကြောင်း ဖော်ပြထားပါတယ်။

များသောအားဖြင့် စီအိုင်အေအဖွဲ့ကြီးရဲ့ " **တံခါးပိတ်ဩဝါဒခံယူပွဲ** " တွေမှာ သတင်းလောက က မျက်နှာကြီးသတင်းထောက်တွေကိုခေါ်ပြီး၊ စီအိုင်အေ အမေရိကန်ထောက်လှမ်းရေး အဖွဲ့ကြီးက လိုလားတဲ့ သတင်းအချက်အလက်တွေကို သတင်းစာအများအပြားမှာ တပြိုင်တည်းဖော်ပြစေရေးအတွက် စီအိုင်အေရဲ့လိုလားချက်တွေကို ချပေးလေ့ရှိတယ်လို့ ဆိုပါတယ်။

အဲဒီတံခါးပိတ်ဩဝါဒခံယူပွဲကို တက်ရောက်ရတဲ့ သတင်းဌာနတွေက အထူးကိုယ်စားလှယ်တွေကနေတဆင့် သူတို့ကိုင်တွယ်ထားတဲ့ လက်အောက်ခံစာနယ်ဇင်းတွေက သီးသန့်မွေးမြူထားတဲ့ သတင်းထောက်အုပ်စုငယ်တွေကို ထပ်ဆင့်ခေါ်ယူပါတယ်၊ အဲဒီအုပ်စုငယ်တွေကနေ စီအိုင်အေကချပေးလိုက်တဲ့ လုံးစေ့ပတ်စေ့ အာဘော်မယွင်းတဲ့ သတင်းတွေ (Verbatim Reports)ကို ဆင့်ပွားပေးကြရတယ်ခင်ဗျ။

သတင်းစာတွေအလိုက်တာဝန်ယူပေးရတဲ့ သတင်းထောက်တွေ အနေနဲ့လည်း သူတို့ရဲ့သတင်းစာတွေမှာ ထပ်ဆင့်ဖော်ပြတဲ့အခါ အဲဒီသတင်းတွေကို " **တည်းဖြတ်ပြုပြင်ခြင်း၊ အလျှဉ်းမရှိစေရ** " ဆိုတဲ့ ညွှန်ကြားချက်တွေရှိတယ်လို့လည်း ဖော်ပြထားပါတယ်။ ဒါ့ကြောင့်လည်း သတင်းစာတွေရဲ့လွတ်လပ်မှုနဲ့ မှန်ကန်တိကျတဲ့ သတင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတာကြောင့် သမိုင်းနဲ့ချီပြီး နစ်နာဆုံးရှုံးနေကြရပါတယ်။

ဒါကြောင့် နိုင်ငံငယ်များက အကြီးအကဲတွေကို သတင်းဘာသာပြန်တင်ပြနေသူ ကြီးကြီးမားမားစတာတွေ၊ ပြည်သူတွေကို ပြန်ကြားပေးနေရတဲ့ ပြန်ကြားရေးဌာနဆိုင်ရာ မာစတာကြီးတွေ၊ စာပေစိစစ်ရေးဆိုင်ရာ မာစတာကြီးတွေဟာ တိကျသော ဘာသာပြန်နည်းကမ်းများကို အသုံးပြုပြီး၊ နိုင်ငံကြီးများရဲ့ ဆိပ်သင့်သတင်းတွေကို ထပ်ဆင့်ဖြန့်ဖြူးပေးနေတဲ့ ကိုယ့်စရိတ်ကိုယ်စား၊ အခမဲ့ကူလီထမ်းပေးနေသူတွေ ဖြစ်သင့်ပါသလား။

စဉ်းစားစရာတွေပေါ့ခင်ဗျာ။

❑ ❑ ❑

# စီအိုင်အေရဲ့ တို့လူတွေ

နိုင်ငံကလေးတွေမှာ ပြည်သူလူထုကို ယဉ်ကျေးမှု ကိုလိုနီ လက်သစ်ဝါဒီတို့ရဲ့ လှည့်ဖျားနားသွင်းခံနေရတဲ့ စေလိုရာစေဘဝထဲက ရုန်းကန်ထနိုင်အောင် အမျိုးသားရေးဝါဒီ စာနယ်ဇင်းသမားတွေက ဘယ်လောက်များစွမ်းဆောင်နိုင်ကြသလဲ ဆိုတာ ပြန်လည်သုံးသပ်သင့်ပြီဖြစ်ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါတယ် ခင်ဗျာ။

အထူးသဖြင့် လူများစုမှီခိုအားထားရာ အမျိုးသားသတင်းစာများရဲ့ ကဏ္ဍဘယ်လောက်အရေးပါသလဲ၊ အမျိုးသားသတင်းစာများရဲ့ကဏ္ဍ ဘယ်လောက်ကျယ်ပြန့်ပါသလဲဆိုတာ ဆက်လက်တင်ပြပါရစေ။

www.burmeseclassic.com

www.burmeseclassic.com



အခုလို ပြည်သူလူထုကို ကာကွယ်ဖို့ရာ အကောင်းဆုံးနည်းကတော့ (Self Teaching) လို့ခေါ်တဲ့ ကိုယ့်ဖာသာကိုယ်ပိုင်းခြားလေ့လာစေတဲ့နည်းပဲ ဖြစ်ပါတယ်။

အဲဒီလို ပြည်သူလူထုပိုင်းခြား လေ့လာနိုင်အောင် တာဝန်ရှိသူ အမျိုးသားရေးဝါဒီတို့က ကိုလိုနီလက်သစ်ဝါဒီတို့ရဲ့ ကမ္ဘာ့သတင်းစာလုပ်ငန်းများအပေါ် ကောက်ကျစ်လှည့်ဖြား ကိုင်တွယ်ထားပုံများကို ဖေါ်ထုတ်ချပြပေးရန် တာဝန်ရှိပါတယ်ခင်ဗျာ။

ဒါ့ကြောင့် တင်ပြလိုက်ရပါတယ်။

## စီအိုင်အေ မွေးစားသားများ

ဒီနေရာမှာ ကိုလိုနီလက်သစ်ဝါဒီ နိုင်ငံအများအပြားက ထောက်လှမ်းရေးအဖွဲ့အစည်းများ ပါဝင်နေပေမယ့် ထုံးစံအတိုင်း အမှောင့်လုပ်ငန်းဘာသာရပ်မှာ အဖွံ့ဖြိုးအတိုးတက်ဆုံးဖြစ်တဲ့ စီအိုင်အေအမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့ကြီးကို နမူနာပြုရပါလိမ့်မယ်။

အမေရိကန်တက္ကသိုလ်တွေမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေက လက်ရွေးစင် သတင်းစာသမားတွေကို သတင်းစာပညာသင်တန်းပေးဖို့အတွက် စီအိုင်အေက အလေးထား လုပ်ဆောင်နေပြီး၊ ဒီအတွက်ကုန်ကျငွေတစ်စိတ်တစ်ပိုင်းကိုလည်း စီအိုင်အေကပဲ ကျခံပေးနေတယ်လို့



ဆိုပါတယ်။ ဒီလိုနည်းနဲ့ စီအိုင်အေရဲ့ ငွေကြေးအကူအညီရယူပြီး ဘွဲ့ရလာသူတွေဟာ နိုင်ငံငယ်လေးတွေရဲ့ လူထုဆက်သွယ်ရေးလုပ်ငန်းများအတွင်းမှာ စီအိုင်အေရဲ့ တို့လူတွေ (Our Own Men) အဖြစ်ကို ရောက်ရှိကြရပါတော့တယ်။

အထူးသဖြင့် စီအိုင်အေရဲ့ မွေးစားသားသတင်းစာဆရာတွေကို လက်တင်အမေရိကတိုက် နိုင်ငံတွေဆီပြန်လွှတ်ပြီး၊ အကျိုးသက်ရောက်မှုတိုင်းကို စီအိုင်အေက စမ်းသပ်ခဲ့တယ်လို့လည်း ဆိုကြပါတယ်။

## နိုင်ငံငယ်များက စပယ်ရှယ်လစ်ဆိုသူတွေ

တကယ်တော့ ဒီမွေးစားသားသတင်းစာဆရာ အချို့ဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပညာတတ်ကျွမ်းသူများမဟုတ်တဲ့ နိုင်ငံတွေရဲ့ ကျွမ်းကျင်သူ (Specialist) တွေအဖြစ်ကို ရောက်ရှိလာကြပါတယ်။

စီအိုင်အေဟာ အဲဒီလိုငွေကြေးအကုန်အကျခံပြီး မွေးထုတ်ပေးရမှုအပေါ် ဘယ်လောက်စိတ်ဝင်စားမှု ကြီးမားသလဲဆိုတာ အမေရိကန်မှာ ပညာသင်ခဲ့ရတဲ့ နိုင်ငံငယ်တွေက စပယ်ရှယ်လစ်သတင်းစာဆရာဦးရေဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေက သတင်းစာဆရာဦးရေရဲ့ ထက်ဝက်ကျော်ရှိတဲ့ ကိန်းဂဏန်းကိုကြည့်ရင် သိနိုင်ပါတယ်။ အလားတူပဲ၊ အမေရိကန်ကွန်ဂရက်ကို တင်သွင်းတဲ့ သမ္မတရဲ့ သဝဏ်လွှာတစ်စောင်မှာ ဝါရှင်တန်အစိုးရရဲ့ နိုင်ငံတကာပညာရေး

www.burmeseclassic.com

www.burmeseclassic.com



အစီအစဉ်နဲ့ ပတ်သက်ပြီး အမေရိကန်အစိုးရရဲ့ အသောထားအမြင်ကို ထင်ဟပ်ပေါ်လွင်စေတဲ့ အကြောင်းအရာများကို ဖော်ပြခဲ့ပါတယ်။

အဲဒီသဝဏ်လွှာမှာ အမေရိကန်နိုင်ငံတွင် ပညာသင်ကြားနေသော ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျောင်းသားအများအပြားသည် တစ်နေ့တွင် သူတို့၏နိုင်ငံများ၌ ဦးဆောင်ဦးရွက်နေရာများမှ ပါဝင်လာကြလိမ့်မည်။ ထို့ကြောင့် ဤကဲ့သို့အရေးပါသော ခေါင်းဆောင်များကို ရှာဖွေပြီး အကူအညီပေးရမည်လို့ ဖော်ပြထားတာကိုတွေ့ရပါတယ်။ ဒါဟာ နိုင်ငံငယ်များရဲ့ အနာဂတ်ကို ဘယ်လိုကိုင်ထားဖို့ ရည်ရွယ်တယ်ဆိုတဲ့ အကြောင်းအရာပဲ ဖြစ်ပါတယ်ခင်ဗျာ။

## နောက်လိုက်ရှာဖွေရေးစီမံကိန်းနဲ့ ပစ်မှတ်နံပါတ်တစ်

အလားတူပဲ၊ အမေရိကန် နိုင်ငံရေးသမားတွေနဲ့ တွေးခေါ်မြော်မြင်ရေးဝါဒီတွေကလည်း အနောက်ဘက်ယဉ်ကျေးမှု အစဉ်အလာများနဲ့ အနောက်ဘက်အတွေးအခေါ်တွေ သင့်ပေးလိုက်တဲ့ သတင်းစာသမားတွေဟာ အမေရိကန်အစိုးရရဲ့ အကျိုးစီးပွားတိုးမြှင့်ရာမှာ ထိရောက်သော လက်နက်ကိရိယာ (Effective Instrument) တစ်ခုဖြစ်လာလိမ့်မယ်လို့ ယုံကြည်ကြောင်း ထုတ်ပြောလေ့ရှိတာကို တွေ့ရပါတယ်။ ဒါလောက်ဆိုရင် ဘာဖြစ်လို့ အမေရိကန်နောက်လိုက်ရှာဖွေရေးစီမံကိန်းများမှာ နိုင်ငံငယ်များက သတင်းစာဆရာတွေဟာ



ပစ်မှတ်နံပါတ်တစ် (Target Number One) များအဖြစ် သတ်မှတ်ခံကြရတယ်ဆိုတာ ရှင်းလောက်ပြီထင်ပါတယ်။ တစ်ဘက်မှာလည်း အမေရိကန်ပညာရှင်ရေးလောကမှာ အောင်လက်မှတ်ရရှိတဲ့ လူထုဆက်သွယ်ရေးဌာနအကြီးအကဲတွေကို လူထုဆက်သွယ်ရေး လုပ်ငန်းတွေထူထောင်စေခြင်း၊ အဲဒီလိုထူထောင်ဖို့ ငွေကြေးအကူအညီကြီးမားစွာပေးခြင်း၊ အထူးဂရုစိုက်ပျိုးထောင်ပေးခြင်းတို့ကို တွေ့ရပါတယ်။

ဒီအကြောင်းနဲ့ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအေဂျင်စီ Agency for International Development (AID)က အရှေ့ဖျားဒေသဆိုင်ရာ လက်ထောက်အုပ်ချုပ်ရေးမှူးတစ်ဦးက အခုလို မှတ်ချက်ပြုဖူးတယ်ခင်ဗျ။

"အမေရိကန်ပြည်ထောင်စုသည် ၎င်း၏နိုင်ငံမှ အောင်လက်မှတ်ရခဲ့သူများကို တရားမဝင်ပုန်းလျှိုးကွယ်လျှိုး အသင်းကလေးများထူထောင်ရန် လျှို့ဝှက်ထောက်ပံ့မှု ပြုလုပ်နေပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုနေရာများ (အသင်းအဖွဲ့များ)သည် အမေရိကန်မှလာ သော ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးရန် အကောင်းဆုံးနေရာလေးများ ဖြစ်နေသောကြောင့်ပါတည်း" လို့ ပြောဆိုခဲ့ပါတယ်။ ဒီနေ့ မျက်မှောက်အခြေအနေမှာတော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေက သတင်းစာဆရာတွေကို သင်တန်းပေးလေ့ကျင့်ရေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆက်စပ်နေတဲ့ ကိစ္စအဝဝကိုဆောင်ရွက်ရာမှာ ကမ္ဘာ့သတင်းစာလွတ်လပ်ခွင့် ကော်မတီ (World Press Freedom Comitte) က တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေတာကို တွေ့ရပြန်ပါတယ်။

အဲဒီကော်မတီမှာ ပါဝင်နေသူများကတော့ အနောက်အုပ်စုရဲ့နာမည်ကြီးသတင်းစာတိုက် အသင်းစုများရဲ့ ဥက္ကဋ္ဌတွေ၊ ထိပ်တန်းစာပေတိုက်ကြီးများ အသင်းရဲ့နာယကတွေ၊ အယ်ဒီတာများ အဖွဲ့ရဲ့ နာယကတွေသာ ဖြစ်ပါသတဲ့။ ကမ္ဘာ့လူထုသဘောထားကို ရှာဖွေပေးနိုင်မဲ့ ပုဂ္ဂိုလ်ကြီးတွေပေါ့ခင်ဗျာ။

မကြာသေးမီက ဆန်ဖရန်စစ္စကိုမှာကျင်းပခဲ့တဲ့ အမေရိကန်သတင်းစာထုတ်ဝေသူများအသင်း [American Newspaper Publishers Association(ANPA)] မှာ ကမ္ဘာ့သတင်းစာလွတ်လပ်ခွင့်ကော်မတီကြီးကိုစတင်ထူထောင်ရာမှာ ပါဝင်ခဲ့သူတစ်ဦးက အဲဒီအဖွဲ့ကြီး တည်ထောင်ရခြင်းရဲ့ ရည်ရွယ်ချက်ကို ဖွင့်ဟပြောကြားခဲ့တာတွေ့ရပါတယ်။

## အမေရိကန်လုပ် နမူနာပစ္စည်းတွေ

"ရည်ရွယ်ချက်တွေ အများအပြားရှိနေတဲ့အထဲက အဓိကရည်ရွယ်ချက်ကတော့ သတင်းစာလွတ်လပ်ခွင့်ကို ကာကွယ်ရန်၊ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အနောက်နိုင်ငံများကပိုင်သော သတင်းဌာနတွေကို



ထိန်းနိုင်ဖို့အတွက် ကာကွယ်ခုခံရေး အစီအစဉ်များချမှတ်ရေးပဲ ဖြစ်ပါတယ်" လို့ဖွင့်ပြောခဲ့တယ်ခင်ဗျ။

ဒါကြောင့် ဒီကော်မတီအနေနဲ့ အမေရိကန်ပြည်ထောင်စုမှာ ပို့သွင်းလေ့ကျင့်ပေးခဲ့တဲ့ နိုင်ငံငယ်တွေရဲ့ သတင်းစာဆရာ အားလုံးကို ခြေရာခံ လမ်းကြောင်းပေးရန် အဓိကရည်ရွယ်နေကြောင်း သိသာပါတယ်။ အလားတူပဲ သတင်းစာဆရာတွေကို ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အမေရိကန်လုပ်ပစ္စည်းများအဖြစ် နမူနာပြစုစည်းရန်နဲ့ အကူအညီပေးရန် ကြိုးစားနေကြပါတယ်။

နိုင်ငံငယ်များရဲ့ ဒေသန္တရပြန်ကြားရေးလုပ်ငန်းများ အရှည်အသွေးတိုးမြင့်စေရန်အတွက်လို့ အကြောင်းပြပြီး ဖွံ့ဖြိုးဆဲနိုင်ငံများဆီက အစိုးရပိုင် (သို့) နိုင်ငံပိုင်သတင်းစာတွေ၊ ရေဒီယိုနဲ့ရုပ်သံလွှင့်ဌာနတွေ၊ သတင်းအေဂျင်စီတွေထဲမှာ အမေရိကန် ပို့သွင်းပေးထားတဲ့ လူထုဆက်သွယ်ရေးလုပ်ငန်း ကျွမ်းကျင်သူဆိုသူတွေကို နေရာချထားစေဖို့ ကြိုးစားနေတာကိုလည်း တွေ့ရပြန်ပါတယ်။

ဒါကြောင့်စီအိုင်အေက အလေးအနက်ထားလုပ်ဆောင်နေတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် လူထုဆက်သွယ်ရေးလုပ်ငန်း ကျွမ်းကျင်သူတွေမွေးမြူပေးရေးကိစ္စမှာ အဲဒီကော်မတီကြီးပါဝင်ခွတ်ဖက်နေခြင်းဟာ ဒီကော်မတီအပေါ် အမေရိကန်လျှို့ဝှက်ထောက်လှမ်းရေးဌာနများရဲ့ ဩဇာလွှမ်းမိုးနေပြီဆိုတာ ဖော်ပြ

www.burmeseclassic.com

www.burmeseclassic.com



နေခြင်းပဲဖြစ်ပါတယ်လို့ လေ့လာသူတွေကဆိုပါတယ်။

အခုလို ကမ္ဘာ့သတင်းစာ လွတ်လပ်ခွင့်ကော်မတီနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို ၁၉၇၇ ခုနှစ် အောက်တိုဘာလထုတ် ရိုးလင်း စတုန်း (Rolling Stone) ဂျာနယ်မှာ ဖော်ပြခဲ့ခြင်းဖြစ်ပါတယ်။

## ကမ္ဘာကြီးအန္တရာယ်ရှိ

အလားတူပဲ၊ လူထုဆက်သွယ်ရေးလုပ်ငန်းတွေမှာ စီအိုင်အေ ပါဝင်ပတ်သက်နေမှုကြောင့် ကမ္ဘာကြီးအန္တရာယ်ရှိပုံကို နယူးဒေလီမြို့ အပတ်စဉ်ထုတ် ဂျာနယ်တစ်စောင်ဖြစ်တဲ့ (New Age) နယူးအိပ်ချ် ဂျာနယ်ကြီးက အခုလိုသုံးသပ်တိပေးထားပါတယ်-

**အမေရိကန်ထောက်လှမ်းရေးအဖွဲ့များသည် နယ်ချဲ့ အသိုက်အဝန်း (Imperialist Society) ထဲမှစစ်ရေး၊ နိုင်ငံရေး ဆိုင်ရာ အဆောက်အအုံကြီး၏ တစ်စိတ်တစ်ဒေသပင်ဖြစ်သည်** လို့ဖော်ပြထားပါတယ်ခင်ဗျာ။

ဒါ့အပြင် အမေရိကန်အစိုးရနဲ့ သဘောထားချင်း တိုက်ဆိုင်ခြင်းမရှိတဲ့ နိုင်ငံငယ်တွေက အစိုးရအဖွဲ့အကြီးအကဲတွေကို စီအိုင်အေ က လုပ်ကြံသတ်ဖြတ်ခြင်း၊ အတိုက်အခံအဖွဲ့ကြီးတွေကို ပြောင်ပြောင် တင်းတင်း အားပေးကူညီခြင်း၊ အကျပ်ကိုင်ခြင်းနှင့် ရက်စက်မှုလုပ်ရပ် များကိုလည်း လုပ်ဆောင်လေ့ရှိကြောင်း၊ အဲဒီနယူးအိပ်ချ်ဂျာနယ်



ကြီးက ဖော်ပြထားပါတယ်။ သူတို့မနှစ်သက်တဲ့ အစိုးရတွေ၊ နိုင်ငံတွေ အပေါ်မှာ စီအိုင်အေက တိုက်ခိုက်နေတဲ့နည်းလမ်းတွေထဲမှာ လူထု ဆက်သွယ်ရေးနည်းနဲ့တိုက်ခိုက်ခြင်းဟာ အထိရောက်ဆုံးနဲ့ နိုင်ငံငယ် တွေအတွက် အန္တရာယ်အကြီးမားဆုံးလည်းဖြစ်ကြောင်းကို၊ အဲဒီ "ခေတ်သစ်"လို့အဓိပ္ပါယ်ရတဲ့ဂျာနယ်ကြီးကဖော်ပြထားပါတယ်ခင်ဗျာ။

## စီအိုင်အေရဲ့ ကိုယ်ချင်းဆက် အမွှာညီနောင်

နိုင်ငံငယ်တွေအပေါ်မှာ စီအိုင်အေလိုပဲ၊ လူထုဆက်သွယ် ရေးလုပ်ငန်းတွေကို အဆိပ်အတောက်လက်နက်သဖွယ် အသုံးပြု ရာ မှာ ထက်မြက်လှတဲ့ အခြားအဖွဲ့အစည်းတစ်ခုကတော့ စီအိုင်အေ နဲ့ ကိုယ်ချင်းဆက် အမွှာညီနောင်လို့ဆိုရမယ့် ဗြိတိသျှထောက်လှမ်းရေး အဖွဲ့ကြီးတွေပဲ ဖြစ်ပါတယ်။ ဗြိတိသျှထောက်လှမ်းရေး အဖွဲ့ဝင်တွေ ဟာ နိုင်ငံငယ်တွေကလူထုအပေါ် အမှောင့်လုပ်ငန်းတွေ ဆောင်ရွက် နေပုံကို ပြတ်ပြတ်သားသားဝန်ခံပြီး၊ လူထုကိုချပြပြောကြားခဲ့သူ ကတော့ ဒေါ်နယ်မက်ကောမစ် (Donald Mac Cormick) ဆိုသူ ဖြစ်ပါတယ်။ သူဟာ ဗြိတိသျှအပတ်စဉ်ထုတ် သတင်းစာကြီးတွေ ထဲမှာ ဩဇာတိက္ကမ အကြီးမားဆုံးဖြစ်တဲ့ ဆန်းဒေးတိုင်းမ်(Sunday Time) သတင်းစာကြီး ရဲ့ နိုင်ငံခြားရေးဌာန အယ်ဒီတာအဖြစ် (၁၀)နှစ်ခန့် လုပ်ကိုင်လာခဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## တယ်လီဖုန်းတစ်ချက် လှည့်ရုံနဲ့

တိုင်းမ်အောက် (Time Out) မဂ္ဂဇင်းကြီးနဲ့ တွေ့ဆုံပြောကြားခန်းမှာ သူကပြောကြားရာမှာတော့ "**Sunday Time** သတင်းစာကြီးရဲ့ ပြည်ပသတင်းထောက်တွေဟာ ဂရိတ်ဗြိတိန်ထောက်လှမ်းရေးအေဂျင်စီလို့ခေါ်တဲ့ ဗြိတိသျှလျှို့ဝှက်ထောက်လှမ်းရေး တပ်ဖွဲ့ဝင်တွေပဲဖြစ်ပါတယ်" လို့ခပ်ရှင်းရှင်းပဲ ပြောကြားခဲ့ပါတယ်။

"**ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဌာနကတစ်ဆင့် တယ်လီဖုန်းတစ်ချက်**လှည့်ပြီးပြောလိုက်ရုံနဲ့ နိုင်ငံခြားမှာ တာဝန်ထမ်းဆောင်**နေတဲ့** ပြည်ပသတင်းထောက်တစ်ဦးကို **အစားထိုးခန့်အပ်နိုင်တဲ့အတိ**ပြည်ပသတင်းထောက်တွေ**အပေါ်** ဗြိတိသျှလျှို့ဝှက်ထောက်လှမ်းရေးဌာနကြီးက ဩဇာညောင်းလှပါတယ်" လို့လည်း သူကဖွင့်ပြောခဲ့ပါတယ်။

အလားတူပဲ၊ ၁၉၈၀ပြည့်နှစ် အတွင်းကဗြိတိသျှ အပတ်စဉ်ဂျာနယ်ဖြစ်တဲ့ အီကိုနိုမစ် (Economist)ဂျာနယ်နဲ့ ဂါးဒီးယန်းသတင်းစာ(Guardian) တို့ကခန့်ထားကြတဲ့ သတင်းထောက်တစ်ဦးကို အိန္ဒိယအစိုးရကနှင်ထုတ်လိုက်တာဟာ ဘာကြောင့်လဲဆိုတာ အများကသဘောပေါက်ပါလိမ့်မယ်လို့ အိန္ဒိယမျိုးချစ်သတင်းစာဆရာတစ်ဦးက ထောက်ပြထားတာလည်း ဖတ်ရှုရပါတယ်။



## ဘီဘီစီသတင်းထောက်တွေ မောင်းထုတ်နေရ

အဲဒီဗြိတိသျှ သတင်းထောက်တစ်ဦးဟာ အိန္ဒိယကိုစတင်ရောက်ရှိလာကတည်းက အိန္ဒိယပြည်ထဲရေးဆိုင်ရာ မူဝါဒတွေနဲ့ ပြည်ပရေးရာမူဝါဒတွေကို လူထုကအယုံအကြည်ကင်းမဲ့အောင် လိမ်ညာလုပ်ကြံဝါဒဖြန့်မှုတွေနဲ့ စတင်လုပ်ခဲ့ပြီး အိန္ဒိယအစိုးရကို ဆန့်ကျင်တဲ့ အဖွဲ့အစည်းတွေက အမာခံပုဂ္ဂိုလ်တွေနဲ့ ဆက်သွယ်လှုပ်ရှားခဲ့တယ်လို့လည်း ဖော်ပြခဲ့ပါတယ်။

အထူးသဖြင့်တော့ အာရှတစ်ခွင်မှာ ဘီဘီစီလို့ခေါ်တဲ့ (British Broadcasting Coporation) ဟာ နာမည်ပျက်နဲ့ ကျော်ကြားလာခဲ့ကြောင်း၊ ဘီဘီစီရဲ့သူတစ်ပါးပြည်တွင်းရေးမှာ နှောက်ယှက်လှုံ့ဆော်မှုနဲ့ အမှောင့်လုပ်ငန်းဆောင်ရွက်မှုတွေကြောင့်၊ အာရှနိုင်ငံငယ်များမှ အစိုးရတွေက ဘီဘီစီသတင်းထောက်တွေကို တရားဝင်ကြေညာပြီး မောင်းထုတ်ရမှုတွေဖြစ်ခဲ့ကြောင်းလည်း သူကဆိုပါတယ်။

တောင်အာရှဒေသမှာ ကြည့်မယ်ဆိုရင်လည်း အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အာဖဂန်နစ္စတန်နဲ့ ဆေးရှ်နိုင်ငံတွေက ဘီဘီစီအသံလွှင့်ဌာနကြီးအပေါ် တရားဝင်ပြောင်ပြောင်တင်းတင်း ကန့်ကွက်မှုတွေ ပြုလုပ်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဗြိတိသျှထောက်လှမ်းရေးနဲ့ ဘီဘီစီ

ဒါပေမယ့် ဒီနေ့ထက်တိုင်အောင်ပဲ၊ ဗြိတိသျှစာနယ်ဇင်းတွေနဲ့ ဘီဘီစီအသံလွှင့်ဌာနကြီးတို့က သူတို့ဟာ ဗြိတိသျှ လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့တွေနဲ့ ပတ်သက်မှုမရှိဘူးလို့အတင်းအဓမ္မ ငြင်းဆိုလျက်ရှိပါသေးတယ်။ သူတို့ဟာလွတ်လပ်မှု ရှိပါတယ်လို့လည်း ခပ်တည်တည် ကြွေးကြော်နေတုန်းပဲခင်ဗျ။

ဘယ်လိုပဲငြင်းငြင်း ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဌာနလက်အောက်မှာဆောင်ရွက်နေတဲ့ သတင်းသုတေသနဌာနကြီး (Information Research Department) အနေနဲ့ဗြိတိသျှထိပ်တန်းသတင်းစာဆရာကြီးတွေထံ သူတို့လိုလားတဲ့ ခေါင်းစဉ်တွေ ချပေးနေကြောင်း၊ အဲဒီလိုချပေးတဲ့အတိုင်းလည်း ဗြိတိသျှသတင်းစာ အသိုင်းအဝန်းက အာရှ(သို့)အာဖရိကမှာရှိတဲ့ ပစ်မှတ်နိုင်ငံငယ်တွေ အပေါ် စိတ်ဓါတ်စစ်ဆင်ရေးတိုက်ပွဲတွေ လုပ်လေ့ရှိကြောင်း ဝေဖန်ခံနေရပါတယ်။

ဒါ့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေအနေနဲ့ အနိုင်ကျင့်ဝါဒဖြန့်တိုက်ပွဲတွေက ကင်းလွတ်စေအောင်နဲ့ နိုင်ငံငယ်တွေဖွံ့ဖြိုးလာရေးအတွက် အနောက်ဘက်စာနယ်ဇင်းများက အထောက်အကူပြုမယ့်ခေတ်ကိုရောက်အောင် မျှော်လင့်စရာလမ်းစ မမြင်နိုင်သေးပါဘူး။



## ဘက်မလိုက် သတင်းစာဆရာကြီးများ ညည်းညူ

ဒါ့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံအတွင်းက အရှေ့ဖျားဒေသတွင်းမှာရှိတဲ့ စီးပွားရေးအင်အားကြီးနိုင်ငံတစ်နိုင်ငံနဲ့ အရှေ့အလယ်ပိုင်းက စစ်အင်အားတောင့်တင်းလှတဲ့ နိုင်ငံတစ်နိုင်ငံကဲ့သို့ နိုင်ငံအချို့ဟာ မိမိကိုယ်ကျိုးကိုသာ ကြည့်ပြီး၊ အနောက်အုပ်စုဘက်ကနေ ပါဝင်ကူညီနေတာကို မျက်ဝါးထင်ထင် တွေ့မြင်နေရတယ်လို့ ဘက်မလိုက်နိုင်ငံများက သတင်းစာဆရာကြီးများက ညည်းညူဝေဖန်လျက်ရှိပါတယ်။ အာဖရိကတိုက်မှာကြည့်လျှင်လည်း စီအိုင်အေဟာ တောင်အာဖရိကနိုင်ငံ အမျိုးသားပြန်ကြားရေးလုပ်ငန်းကို စနစ်တကျအခြေပြုပြီးတော့ လှုပ်ရှားနေတာ တွေ့ရပါတယ်တဲ့။

တောင်အာဖရိကပြန်ကြားရေးနဲ့ လူထုဆက်သွယ်ရေးလုပ်ငန်းတွေကိုအခြေပြုပြီး၊ အင်ဂိုလာ၊ မိုဇမ်ဘစ်၊ ဇင်ဘာဘွေနဲ့ တန်ဇနီးယားနိုင်ငံတွေရဲ့ ပြည်တွင်းရေးကို ကမောက်ကမဖြစ်စေဖို့နဲ့ ကြိုးကိုင်နိုင်ရေးဖို့ ဆောင်ရွက်လျက်ရှိကြောင်း၊ အိန္ဒိယသတင်းစာ ဆရာကြီးများက ထောက်ပြပြောဆိုနေကြပါတယ်။

ယခုအခါ ဖွံ့ဖြိုးဆဲနိုင်ငံအတော်များများမှာရှိတဲ့ နိုင်ငံရေးသမားကြီးတွေ၊ အစိုးရအရာရှိကြီးတွေနဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးတွေအနေနဲ့ နယ်ချဲ့ဝါဒီများရဲ့သဘောတရားရေးရာ အမှောင့်လုပ်ငန်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



ပြတ်ပြတ်သားသား ခုခံနိုင်ငံဖို့အတွက် တစ်မျိုးသားလုံးအသိအမြင် နိုးကြားမှု အဆင့်မြင့်မားရေးနဲ့၊ စီမံအုပ်ချုပ်ရေးရာပိုင်း ထက်မြက်ရေး တို့ဟာအထူးလိုအပ်လာကြောင်းကို သိနားလည်လာကြပြီဖြစ်ပါတယ်။

ဒီလိုနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ အမျိုးသားလွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ တာဝန်ကြီးကို အလေး အနက်ထားလာနေကြပြီဆိုတာလည်း တွေ့ရပါတယ်။

## သူတို့ကြောင့် သွေးစွန်းမှုတွေ တရားလေဟန်

ဒီကနေ့မျက်မှောက်ကာလမှာ အမေရိကန်ပြည်ထောင်စုနဲ့ အနောက်ဘက်အင်အားကြီး နိုင်ငံများက ထောက်လှမ်းရေးအေဂျင်စီ များအတွက် အလုပ်လုပ်ပေးနေတဲ့ သတင်းသမားများအနေနဲ့ ကမ္ဘာ လောကကြီးတစ်ခုလုံးကို သူတို့ရဲ့ ကိုလိုနီလက်သစ်ဝါဒ ဩဇာနယ်ပယ် အတွင်းမှာ သွန်လိုသွန်မှောက်လိုမှောက် ပြုလုပ်နိုင်ရေး၊ သူတို့ လုပ်သမျှကို ကမ္ဘာ့လူထုပရိသတ်ကြီးတစ်ခုလုံးက မျက်စေ့မှိတ်ပြီး အကောင်းမြင်လာစေရေး တို့အတွက် အကြီးအကျယ် လှုံ့လပြုနေ ကြောင်းလည်း တွေ့ရပါတယ်။

အဆိုးဆုံးနည်းလမ်းတစ်ခုကတော့ အနောက်အုပ်စုနိုင်ငံ များရဲ့ စီးပွားရေး၊ နိုင်ငံရေး၊ သဘောတရားရေးစတဲ့ နယ်ပယ်များမှာ သူတို့ရဲ့ အကျိုးစီးပွားကိုကာကွယ်ဖို့ ရည်ရွယ်ချက်နဲ့ တိုးတက်ဖွံ့ဖြိုး



လာတဲ့ နိုင်ငံငယ်တွေကို အိမ်နီးချင်းနိုင်ငံချင်း မသင့်မြတ်ရေး၊ သမိုင်း အစဉ်အလာအရရှိခဲ့ပြီး၊ တိမ်မြုပ်နေတဲ့ အကြောင်းတွေကို ပြန်လည်ဖော်ထုတ်နှိုးဆွရေး နည်းလမ်းများပဲ ဖြစ်ပါတယ်။

အလားတူပဲ၊ နယ်ချဲ့ဝါဒီတို့အနေနဲ့ လုပ်ရင်းကိုင်ရင်း၊ ဒေါသ ဖြစ်ပြီး နိုင်ငံငယ်များမှာ သွေးစွန်းတဲ့ဖြစ်ရပ်တွေ ပေါ်ပေါက်ခဲ့ရင် လည်း အရေးမကြီးဟန်လေဟန်၊ တရားလေဟန် သူတို့ရဲ့သတင်းဖြန့်ချိရေး လုပ်ငန်းများက လက်ဦးမှုရယူပြီး ရှုးသလိုပေါသလို (Innocent ammusement) လုပ်ပြတတ်ကြပါတယ်။

ဒါပေမယ့်၊ သူတို့ရဲ့ ရှုးသလို၊ ပေါသလိုလုပ်ရပ်ကလေးများ ဟာ နိုင်ငံကလေးတွေအဖို့တော့ ဘယ်လောက်တန်ဖိုးကြီးကြီး ပေးဆပ် လိုက်ကြရတယ်ဆိုတာကို အာရှနဲ့၊ အာဖရိကပြည်သူအပေါင်း ကောင်းကောင်းကြီး သိနားလည် (Know Full Well)နေကြပြီ ဆိုတာ အထူးပြောစရာမလိုတော့ဘူးလို့ ထင်ပါတယ်။

(စကားချပ်-နိုင်ငံကြီးများရဲ့ ထောက်လှမ်းရေးအဖွဲ့ကြီး တွေဟာ လူမှုရေးနယ်ပယ်စုံတွေကို ကွန်ယက်ဖြန့်ကျက်ပြီးသား ဖြစ် နေလေတော့၊ ဒီကနေ့နိုင်ငံငယ်တွေက ပြည်သူများအဖို့ အမျိုးသား ရေးတာဝန်ကြီးကို လွန်ခဲ့တဲ့နှစ်များကထက် အဆပေါင်းများစွာပိုမို တိုးမြှင့်ဖို့ လိုအပ်လာပြီဖြစ်ပါတယ်။ ဒါ့အပြင်တစ်ချိန်က လားရာ ဘက်မြင်းမတူတဲ့ ကမ္ဘာ့မဟာအင်အားကြီး နှစ်ရပ်တို့ဟာ အချင်းချင်း

www.burmeseclassic.com

www.burmeseclassic.com



ချေဖျက်ခဲ့ကြတဲ့ အနေအထားမှသည်၊ လားရာဘက်ချင်း တူညီသွားတဲ့အခါ နိုင်ငံငယ်တွေရဲ့ ရုန်းကန်နိုင်စွမ်းအားဟာ ယခင်ကထက် ဆတိုးပြီးမြင့်လာပါမှ အနာဂတ်ကမ္ဘာကြီးမှာ ရှင်သန်နိုင်လိမ့်မယ်လို့ ယူဆတဲ့အတွက် မပြောမပြီးတဲ့အရာတွေကို သက်သေအထောက်အထားများအဖြစ် တင်ပြလိုက်ရခြင်းဖြစ်ပါကြောင်း)။

❑ ❑ ❑

## သတင်းကန့်လန့်ကာနှင့် ပေါ်လစီဆင်ဆာ

ကမ္ဘာ့နေရာအနှံ့မှာ တကွဲတပြားတည်ရှိနေကြတဲ့ အိန္ဒိယ တိုက်ငယ်က ဒေလီ၊ အရှေ့အလယ်ပိုင်းဒေသ အီဂျစ်က ကိုင်ရိုအာဖရိကတိုက်ကနိုင်ရိုဘီ၊ အရှေ့တောင်အာရှအနား စွန်းကမနီလာမြို့တော်နဲ့ဘန်ကောက်မြို့တော်မှာ နံနက်ခင်းသတင်းစာတွေကို ကောက်ကိုင်လိုက်တယ်ဆိုရင်ပဲ တစ်ထေရာတည်းနည်းပါး တူညီနေတဲ့ကမ္ဘာ့သတင်းတွေကို ပြိုင်တူဖတ်ရှုရပါလိမ့်မယ်ခင်ဗျာ။

တူညီတဲ့ သတင်းတွေဆိုပေမယ့် အရင်းစစ်လိုက်ရင်တော့ ကမ္ဘာ့သတင်း (၁၀)ပုဒ်မှာ (၇)ပုဒ်ဟာ ဖွံ့ဖြိုးဆဲဒေသတွေဖြစ်တဲ့ အာရှနဲ့ အာဖရိကဒေသနိုင်ငံတွေရဲ့ ပြဿနာကိုဖြေရှင်းဖို့ ကိစ္စတွေလုံးဝ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ကြောင်း တွေ့ရမှာဖြစ်တဲ့အပြင် သတင်း (၁၀)ပုဒ်မှာ (၆)ပုဒ်ဟာ ဗြိတိန်၊ အမေရိကန်နဲ့ ပြင်သစ်သုံးနိုင်ငံတည်းမှာရှိတဲ့ သတင်းဌာနတွေကလုပ်လွှတ်လိုက်တဲ့ သတင်းတွေဖြစ်နေတာ တွေ့ရပါလိမ့်မယ်ခင်ဗျာ။ ဖွံ့ဖြိုးဆဲနိုင်ငံတွေက မျိုးချစ်သတင်းစာဆရာကြီးများ စီစစ်ထားတဲ့ တွေ့ရှိချက်ဖြစ်ပါတယ်။

ညနေခင်း ရုပ်မြင်သံကြားအစီအစဉ် ထိုင်ကြည့်လိုက်တယ်ဆိုရင်လည်း မနက်ကသတင်းစာနဲ့ ထူးမခြားနားဖြစ်တာ တွေ့ရမှာဖြစ်သလို၊ ရုပ်ရှင်ရုံဘက် လှည့်ကြည့်လိုက်ပြန်တော့လည်း ဟောလီးဝုဒ်ရုပ်ရှင်မြို့တော်ကြီးက လုပ်ချလိုက်တာလေးတွေကိုပဲ တွေ့ရဦးမှာဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံငယ်တွေက လူကြီးသူမတွေအဖို့ထောင့်ပေါင်းစုံကတိုးဝင်လာတဲ့ အနောက်ဘက်သတင်းနဲ့ ယဉ်ကျေးမှုတွေကို နှိပ်စက်မှုဝကြုံတွေ့ရမှာဖြစ်သလို သူတို့ရဲ့ကလေးငယ်တွေ့ကို ကြည့်လိုက်ပြန်တော့လည်း အနည်းဆုံးတစ်နေ့မှာတစ်ဘာသာ ပါရီ၊ မဒရစ်နဲ့ ဟောင်ကောင်က ရိုက်နှိပ်ဖြန့်ဝေပေးလိုက်တဲ့ စာအုပ်တွေနဲ့ယဉ်ပါးနေတာ တွေ့ရပါလိမ့်ဦးမယ်။ ဒါဟာ အသေအချာ သုတေသနပြုထားတဲ့တွေ့ရှိချက်တွေပါ။ ဒါကြောင့် ဒီကနေ့ခေတ်လူတိုင်းရဲ့နေ့စဉ်စားသုံးကုန် ပစ္စည်းတွေမှာမပါမပြီးတဲ့ **သတင်းဆိုတဲ့** ကုန်ပစ္စည်းလေးကို သုံးစွဲမိလိုက်တာနဲ့တစ်ပြိုင်နက် ကမ္ဘာ့လူသားအားလုံးဟာ



**အနောက်ဘက်သတင်းအင်ပါယာ** ဒါမှမဟုတ် **အနောက်ဘက်ယဉ်ကျေးမှုအင်ပါယာ** ကြီးတွေရဲ့ ထောင်ချောက်ထဲကို **မရည်ရွယ်**ပါပဲလျက် ဝင်တိုးမိလျက် သား‌ဖြစ်နေပါတော့တယ်ခင်ဗျာ။

တကယ်တော့အနောက်ဘက်က နိုင်ငံကြီးများဟာ သူ့တို့ရဲ့နိုင်ငံရေးရည်မှန်းချက်ကို ပေါက်ရောက်အောင် ဆောင်ကြဉ်းရာမှာ **လှပတဲ့အတွေးအခေါ်**လေးတွေနဲ့ **လှပတဲ့ခံစားမှု**လေးတွေကို **ဆေးခါး**ကြီးရဲ့အပေါ်ကနေ ပျားရည်ဆွမ်းလွှတ်လိုက်လေ့ရှိပါတယ်။

## ယဉ်ကျေးမှုတွေ ပီးရှိုးပစ်လိုက်

ကမ္ဘာ့အခြားဒေသတစ်ခုက ပြည်သူတွေရဲ့ စိတ်ဓါတ်ရေးရာနယ်ပယ်ကို အဝေးကနေ ထိန်းချုပ်လွှမ်းမိုးရာမှာတော့ အနောက်အုပ်စုရဲ့ **လူမှုရေးအသင်းအဖွဲ့** ဆိုတာတွေဟာ အလွန်အသုံးတည့်တဲ့ **စစ်တပ်တွေ** ဖြစ်နေပါတယ်။

အဲဒီအဖွဲ့တွေဟာ တိုက်ခိုက်လိုတဲ့ ကိုလိုနီနယ်ပယ်ထဲကိုချဉ်းနင်းဝင်ရောက်ပြီးရင် **လူနေမှုဘဝ**ကို မျိုးတုန်းအောင် တိုက်ခိုက်ချုတ်ဆီးပစ်တတ်ကြပါတယ်။ ဥပမာအားဖြင့် အာဖရိကတိုက်ကို ကြည့်ပါ။ လွန်ခဲ့တဲ့နှစ်ပေါင်း တစ်ရာကျော်လောက်က အာဖရိကတိုက်ကိုအောင်မြင်ပြီးဖြစ်တဲ့အကြောင်းကြေးနန်း စာလေးတစ်စောင်ရှိုက်လိုက်တဲ့ဘယ်လဂျီယံ ပြည်ရှင် လီယိုပို(၂)ဟာ ဘာလုပ်ခိုင်းလိုက်သလဲ။ သူက

www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြရေးအတွက် အခုလိုခိုင်းစေခြင်းမျိုးတွေကို ပိတ်ပင်ထိုက်တာမှန်ပေမယ့်လည်း စီအိုင်အေကတော့ သူ့ထုံးစံအတိုင်း နောက်ဆုတ်ဖွယ်မရှိပါဘူးတဲ့။

## အမှန်အကန်သတင်းထောက်လား။ အကြံအဖန် သူလျှိုလား

အထူးသဖြင့်တော့ အာရှနဲ့ အာဖရိကနိုင်ငံတွေအတွင်းမှာ သိမ်းသွင်းမွေးမြူစေခိုင်းထားတဲ့ စီအိုင်အေလက်ဝေခံ သတင်းစာသမား ရာပေါင်းများစွာရှိနေပြီဖြစ်ကြောင်းနဲ့ အဲဒီဒေသအတွင်းမှာ စီအိုင်အေနဲ့ အမေရိကန်အစိုးရတို့ရဲ့ လိုလားချက်တွေကို လိုက်ပါဝါဒဖြန့်နေသူဦးရေဟာ လိုတာထက်ပိုနေပြီဖြစ်ကြောင်းလည်း အာရှတိုက်သတင်းစာဆရာကြီးတွေက ထောက်ပြရေးသားခဲ့ကြပါတယ်။

အလားတူပဲ၊ အီရန်မှာရှိတဲ့ အစ္စလာမ်မစ် ဦးဆောင်ကော်မတီက ဒုတိယအကြီးအကဲတစ်ဦးကလည်း တီဟီရန်တိုင်းမ် သတင်းစာကြီးနဲ့ တွေ့ဆုံဖြေကြားခန်းမှာ အခုလိုပြောကြားခဲ့ပါတယ်။

**"အီရန်တွင် လာရောက်လုပ်ကိုင်နေသော နိုင်ငံတကာမှ သတင်းထောက်အများအပြားသည် ကိုယ့်အလုပ်သာ ကိုယ်လုပ်နေသည်ကို တွေ့ရသည်။ သို့သော် အချို့သောသတင်းထောက်များ၊ အထူးသဖြင့် အမေရိကန်သတင်းထောက်များသည် အီရန်သို့ လာရောက်သော သူလျှိုများဖြစ်နေပါသည်။ သူတို့သည် အီရန်နိုင်ငံ၌ အမေရိကန်ဩဇာအာဏာ ပြန်လည်ထူထောင်ရေးအတွက် ဖြစ်ပါသည်"** လို့ ဆိုထားပါတယ်။



အဲဒီလိုလွတ်လပ်ခါစ နိုင်ငံငယ်လေးတွေဆီကို လာရောက်သတင်းထောက်လုပ်နေပါတယ်ဆိုတဲ့ အနောက်တိုင်းသတင်းစာဆရာဒါဇင်ပေါင်းများစွာကို မကြာသေးမီနှစ်များအတွင်းကလည်း နိုင်ငံငယ် အတော်များများက နှင်ထုတ်ခဲ့ကြရပါတယ်။

အခုလိုနှင်ထုတ်ရခြင်းဟာ **" သတင်းထောက် ကျင့်ဝတ်သိက္ခာနှင့် မလျော်ညီသော လုပ်ငန်းများလုပ်ကိုင်မှု "** ကြောင့်ဖြစ်ပါတယ်လို့ နိုင်ငံငယ်များဟာ အားနည်းသူများပီပီ လျော့လျော့ပေါ့ပေါ့ အကြောင်းပြပြီး နှင်ထုတ်ခဲ့ကြရပါတယ်။ အမှန်ကတော့ ဘယ်လိုမှ မျက်စိမှိတ်သည်းခံ နိုင်စွမ်းမရှိတော့လို့ ဖြစ်ပါတယ်ဆိုတာ အများအသိပါပဲ။

## သတင်းထောက်တွေဆီကသတင်း၊ စီအိုင်အေအတွက်အရေးပါ

အခြားပြည်ပနိုင်ငံတွေမှာရှိတဲ့ သတင်းစာဆရာတွေကို ကိုင်တွယ်အသုံးပြုနိုင်ခြင်းဟာ စီအိုင်အေအတွက် အလွန်အရေးကြီးတဲ့ ကိစ္စတစ်ရပ်ဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး စီအိုင်အေထောက်လှမ်းရေးအဖွဲ့ ညွှန်ကြားရေးမှူးရဲ့ ကိုယ်တိုင်ရေးစာတစ်စောင်ကို 'ကိုဗတ်အက်ရှင်' (Covert Action) [illegible]နယ်ကြီး [illegible]ဖော်ပြထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'သိမ်းပိုက်ရတဲ့နေရာကို ခြေကုပ်ယူပြီး အာဖရိကတိုက်ကြီးရဲ့ အခြားသောဒေသက လူတွေအပေါ်မှာ စိတ်ဓါတ်ရေးရာနဲ့ ယဉ်ကျေးမှုတွေကို အစတုန်းအောင် **မီးရှို့ဖျက်ဆီးပစ်လိုက်**'လို့ အမိန့်ပေးခဲ့ပါတယ်။

အဲဒီခေတ်က သူဆင်နွှဲတဲ့ **ယဉ်ကျေးမှုချေးဆိုတ်စစ်ပွဲကြီး**ကို ခံလိုက်ရတဲ့ အာဖရိကတိုက်သားတွေရဲ့ အကျိုးဆက်ကတော့ ဒီခေတ်ထိအောင် အာဖရိကတိုက်ကြီး စီးပွားရေးခေတ်နောက်ကျကျန်ခြင်း၊ ဆင်းရဲမွဲတေခြင်းနဲ့ ကာယမသူမရှိ လျစ်လျူရှုခံနေရခြင်းစတဲ့ အကျိုးဆက်ပဲ ဖြစ်ပါတော့တယ်ခင်ဗျာ။

ဒီကနေ့ကော ဘာထူးလို့တုန်း၊ ကမ္ဘာ့နေရာအနှံ့အပြားမှာ ရှေးနှစ်ပေါင်းများစွာကတည်းက အခြေစိုက်ရှင်သန်လာတဲ့ ယဉ်ကျေးမှုဓလေ့မျိုးစုံဟာ မီးရှို့ဖျက်ဆီးခံနေရတာပဲ မဟုတ်ပါလား။ **သတင်းလွှတ်လပ်စွာစီးဆင်းရေး** ဆိုတဲ့ စကားလုံးလေးကို ကိုင်စွဲကြွေးခုန်တောင်းဆိုရင်း အနောက်နိုင်ငံကြီးများဟာ သူတို့ရဲ့အမြင်၊ သူတို့ရဲ့ ရှုထောင့်ကနေပြီး၊ ကမ္ဘာ့နိုင်ငံငယ်လေးတွေကို သိမ်းကျုံးပြီး**မောင်း**နေတာတွေ့ရပါလိမ့်မယ်။

## အတွေးအခေါ် ထောင်ချောက်ဆင်

အထူးသဖြင့်ခေတ်သစ် ကိုလိုနီဝါဒီတို့ဟာ ကမ္ဘာသူကမ္ဘာသားတို့အပေါ်မှာ **အတွေးအခေါ်** နဲ့ စိတ်ဓါတ်ရေးရာနယ်ချဲ့ဝါဒကို အလေးထားနေကြောင်းလည်းတွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံငယ်များက အမျိုးသားရေးဝါဒီခေါင်းဆောင်များဟာ သူတို့ရဲ့ နိုင်ငံအချုပ်အခြာအာဏာပိုင် နယ်မြေကိုသာ ထိန်းထားနိုင်ကြပြီး ပြည်သူတွေရဲ့ အတွေးအခေါ်နဲ့ စိတ်ဓါတ်ရေးရာကိုတော့ ထိထိရောက်ရောက် ကာကွယ်ထိန်းသိမ်းနိုင်ခြင်း မရှိသေးလို့ပါပဲ။



ဒါကြောင့် နယ်ချဲ့ဝါဒီတို့ဟာ ကမ္ဘာ့ပြည်သူသန်းပေါင်းများစွာရဲ့ ပျံ့နှံ့ချင်တိုင်းပျံ့နှံ့နေတဲ့ **အတွေးအမြင်**တွေကို **အတွေး အခေါ်ထောင်ချောက်** (Ideological traps) လေးတွေ ကွန်ယက်ဖြန့်ဆင်ပြီး ထောင်ဖမ်းနေကြောင်း နိုင်ငံငယ်လေးတွေက ပြည်သူတွေကို **အာဏာရှင်အုပ်ချုပ်ရေးစနစ်**ဆိုတဲ့ ဝါဒဖြန့်ဆောင်ပုဒ်မျိုးနဲ့ မူးယစ်ထုံထိုင်းစေလျက်ရှိကြောင်း ဝေဖန်သံတွေလည်း ကြားနေရပါတယ်။

အနောက်ဘက်နယ်ချဲ့ဝါဒီတို့ရဲ့ **စိတ်ဓါတ်စစ်ဆင်ရေး**နဲ့ ပတ်သက်လို့ ဒီကနေ့ပျိုကွဲသွားပြီဖြစ်တဲ့ ဆိုဗီယက်ပြည်ထောင်စုကြီးရဲ့ တစ်ချိန်က ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးဖြစ်သူ 'မစ်ဟေးလ်ဂေါ်ဘာချက်ဗ်'က ကွန်မြူနစ်ပါတီရဲ့ (၂၇)ကြိမ်မြောက်တွန်ဂရက်ညီလာခံမှာ နိမိတ်ပြဟောကိန်း ထုတ်ခဲ့တာလေးဟာလည်း အမှတ်ရစရာလေးတစ်ခုပါခင်ဗျာ။

" **အဆီးအတား၊ အကန့်အသက်မရှိ နွားသိုးကြိုးပြတ်နှောင်ကြိုး**မဲ့ ထွက်ပေါ်နေတဲ့ နယ်ချဲ့ဝါဒီတို့ရဲ့ စိတ်ဓါတ်စစ်ဆင်ရေးဆောင်

www.burmeseclassic.com

www.burmeseclassic.com



ရှုတ်မှုဟာ အခြားသော ကျူးကျော်စွက်ဖက်မှုပုံစံတွေလို လက်ဆုပ်လက်ကိုင် အထောင်အထည်ပြလို့ မရနိုင်ပေမယ့်၊ ကမ္ဘာ့ပြည်သူတွေ့ရဲ့ ယဉ်ကျေးမှုပုံစံ၊ သမိုင်းရေးရာနဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှု အခန်းကဏ္ဍတွေကို ကျူးကျော်ထိုးဖောက်နေတာတော့ အမှန်ပါပဲ။ ဒါထက်ပိုပြီးပြောရရင်တော့ အဲသလိုဝါဒဖြန့်မှုတွေဟာ နယ်ချဲ့ဝါဒီတို့နဲ့သဘောထားချင်း မတိုက်ဆိုင်တဲ့အုပ်စုတွေက ပြည်သူတွေအပေါ် အမြင်ချင်းဖလှယ်တဲ့၊ သဘောထားချင်းနီးစပ်တဲ့ သမာသမတ်ကျတဲ့ နှိုင်းယှဉ်ဖော်ပြချက်တွေမဟုတ်ဘဲ အခြားပြည်သူတွေအပေါ်မှာ စစ်အခြေအနေသို့ ကျရောက်ဖို့ တိုက်ရိုက်စိတ်ဓာတ်ရေးရာ ကြိုတင်ပြင်ဆင်မှုများ တိုက်ရိုက်နိုင်ငံရေး ပြင်ဆင်မှုများသာ ဖြစ်ပါတယ်. . ” လို့ ပြောကြားခဲ့ပါတယ်ခင်ဗျာ။

## မျှောင်လိပ် ပြောင်စား

တကယ်တော့ကမ္ဘာကြီး စိုးမိုးရေးဝါဒတို့ရဲ့ ကမ္ဘာ့အခြားပြည်သူတွေအပေါ် စိတ်ဓါတ်ရေးရာထိုးဖောက် သွတ်သွင်းမှုနည်းစနစ်တွေရယ်၊ ကမ္ဘာအရပ်ရပ်က ပြည်သူတွေရဲ့ အတွေးအမြင်တွေကိုပုံသွင်းဖို့ အသုံးပြုနေတဲ့ သတင်းထုတ်ပြန်ရေးဝါဒဖြန့် ကိရိယာတွေရယ်ဟာလည်း ဒီခေတ်မှာ မကြုံဖူးအောင်ကို အစွမ်းထက်တဲ့ အနေအထား ရောက်နေပြီဆိုတာလည်း တွေ့နေရပါပြီ။



သူတို့အသိုက်အဝန်းရဲ့ ပြင်ပကမ္ဘာကို သာမကဘဲ သူတို့အသိုက်အဝန်းထဲက ပြည်သူတွေအပေါ်မှာလည်း အမြဲမျက်စိဒေါက်ထောက်ကြည့်ပြီး အလွတ်ပေးလေ့မရှိပါဘူး။

ကမ္ဘာ့ပြည်သူတွေအပေါ် လွှဲမှားတဲ့အတွေးအခေါ် ခံယူကျင့်သုံးစေဖို့ကိစ္စတွေမှာပဲဖြစ်ဖြစ် သူတို့ပြည်တွင်းက အုပ်ချုပ်ရေးခေါင်းဆောင်တွေအပေါ် တစ်မျိုးမဟုတ်တစ်မျိုး မကျေမနပ်ဖြစ်နေတဲ့ အုပ်စုတွင်းက ပုဂ္ဂိုလ်တွေရဲ့ စိတ်သဘောထားတွေကို အာရုံထွေပြားပျောက်လွင့်သွားအောင် ဆောင်ရွက်တဲ့ကိစ္စတွေမှာပဲဖြစ်ဖြစ် ကမ္ဘာကြီးစိုးမိုးရေးဝါဒီတွေဟာ ဝါဒဖြန့်လူအင်အား ငွေပစ္စည်းအင်အားတွေကို လှိုင်လှိုင်ကြီး အသုံးပြုနေတာတွေ့ရပါတယ်။ သူတို့ပြည်သူတွေအပေါ်မှာပါ ပြောင်လိမ်ပြောင်စားဝါဒဖြန့်နေတာတွေ့ရပါတယ်။

## သတင်းကာန့်လန့်ကာ

တစ်ချိန်တည်းမှာပဲ ကမ္ဘာကြီးစိုးမိုးရေး ဝါဒီတို့ဟာ ပြည်တွင်းတသူတို့ သိမ်းပိုက်ထားတဲ့ ပြည်သူတွေရဲ့ စိတ်အာရုံထဲကို ပြင်ပကမ္ဘာက ပြည်သူတွေရဲ့ ခံစားချက်တွေ၊ သဘောထားတွေ၊ ရပ်တည်ချက်တွေ သယ်ဆောင်လာတဲ့သတင်းတွေ ဝင်ရောက်မလာရေးအတွက် သတင်းတန့်လန့်ကာကာဆီးရေးကိုလည်း အခိုင်အမာတည်ဆောက်ထားကြောင်း တွေ့ရပြန်ပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြင်ပကမ္ဘာက သတင်းမှန်တွေ သူတို့ပြည်သူတွေရဲ့နားထဲ မျက်စိထဲမရောက်လာအောင် လှည့်ဖျားစဉ်းလဲခဲ့တဲ့ လုပ်ရပ်ကလေး တစ်ခုကို နမူနာပြပါရစေ။ မကြာသေးမီ စစ်အေးကာလက ဟိုးလေး တစ်ကြော်ကြော်ဖြစ်သွားတဲ့ 'ကန်-ရုရှား ရေကျောဇစ်' ဆွေးနွေးပွဲ တိစ္စမှာ ဖြစ်ပါတယ်။

ဖြစ်ပုံကဒီလိုပါ။ အရှေ့အုပ်စုရဲ့ခေါင်းဆောင် ဆိုဗီယက် ပြည်ထောင်စုအကြီးအကဲ မစ်ဟေးလ်ဂေါ်ဘာချက်ဗ်ဟာ သမိုင်းတွင် ရစ်ခဲ့တဲ့ ဝါဒဖြန့်ထိုးနှက်ချက်ကလေးတစ်ခုကို ပီပီပြင်ပြင်လုပ်နိုင် ခဲ့တာတွေ့ရပါတယ်။

အစဉ်အလာအားဖြင့် အနောက်အုပ်စုရဲ့ ပြောက်မြောက်တဲ့ ထောက်လှမ်းရေးတပ်ဖွဲ့ဝင် သတင်းထောက်တွေ အုပ်စီးထားတဲ့ ၁၉၈၆ ခုနှစ်၊ ဇန်နဝါရီလ ရေကျောဇစ် ထိပ်သီးဆွေးနွေးပွဲမှာ ဖြစ်ပါ တယ်။ ဒီထိပ်သီးနိုင်ငံရေး စစ်တုရင်စားပွဲခုံပေါ်မှာ တဘက်သား ကြက်သေသေသွားစေလောက်တဲ့ ထိုးကွက်ကလေးတစ်ခုကို ဂေါ်ဘာ ချက်ဗ်က ပြုလုပ်လိုက်တယ်ခင်ဗျ။

ဆွေးနွေးဆဲကာလ ၁၉၈၆ ခုနှစ်၊ ဇန်နဝါရီလ (၁၅)ရက် နေ့မှာ ထုတ်ဖော်ကြေငြာသွားတဲ့ ၂၀၀၀ ပြည့်ကာလမှာ ဆိုဗီယက်က နျူကလီယား လက်နက်တွေအားလုံး ဖျက်သိမ်းပစ်တော့မယ်ဆိုတဲ့ အဆိုပြုချက်ပဲဖြစ်ပါတယ်။ ဆိုဗီယက် အမေရိကန်ထိပ်သီး ဆွေးနွေးပွဲ



သက်တမ်းတစ်လျှောက် ဈေးဆစ်မှုတွေနဲ့သာ မပြေမလည်နဲ့ နိဂုံးချုပ်ရတတ်တဲ့ စားပွဲဝိုင်းမှာ ဂေါ်ဘာချက်ဗ်က အဆုံးအထိ ဈေးလျှော့ချလိုက်တဲ့အပြင် **အလကားမတ်တင်း** နှုန်းထားအထိ ရောက်သွားလေတော့ ထောက်လှမ်းရေးတဖြစ်လဲ အနောက်အုပ်စု သတင်းထောက်တွေ ခေါင်းနားပန်းကြီးသွားတော့တာပေါ့။

ဂေါ်ဘာချက်ဗ်ဟာ စစ်တုရင်စားပွဲပေါ်မှာ **နယ်ရုပ်လောက်** ကို စားဖို့အသေအလဲချောင်းနေတဲ့ အနောက်ဘက်နိုင်ငံရေး **ကစား** သမားပြိုင်ဘက်ကို **ဘုရင်မကြီး**ချကွေ့ကြည့်လိုက်တာပါပဲ။

ဒီပွဲမှာ ဆိုဗီယက်တွေဟာ စစ်ဝါဒီတွေ၊ အာဏာရှင်တွေ၊ လက်နက်တပ်ဆင်ရေးဝါဒီတွေပါလို့ သမိုင်းတလျှောက် သူတို့**အစိုး** ရရဲ့ဝါဒဖြန့် သိမ်းသွင်းခြင်းခံထားရတဲ့ အမေရိကန်ပြည်သူတွေ အပေါ် ဂေါ်ဘာချက်ဗ်က အမြစ်ကလှန်ပြီး **ပညာပေး**လိုက်တာ ပါပဲဗျာ။

ဂေါ်ဘာချက်ဗ်ချကွေ့တဲ့ **ဘုရင်မကြီးကုန်းကောက်မှု** တစ်သက်လုံးဖုံးသမျှ ပေါ်တော့မယ့်အဖြစ်ကို အရှေ့ဘက်မှာ အနောက် ဘက်က သတင်းသမားတွေဘယ်လိုများ **အရှက်**ကိုကာကွယ်ခဲ့ ကြသတုန်း။ ကမ္ဘာ့သတင်းပညာရှင်တွေ စိတ်ဝင်စားစရာဖြစ်ခဲ့ ပါတယ်။ လိမ်ညာပုံကလေးကတော့ ရိုးရိုးကလေးပါ။ ဂေါ်ဘာချက်ဗ် ရဲ့ ကြေငြာချက်ထွက်ပြီးတာနဲ့ တစ်ပြိုင်နက် ဆိုဗီယက်သတင်းဌာနတ

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်ဘာသာနဲ့ ရိုက်နှိပ်ထုတ်ဝေလိုက်တဲ့ ဝေါ်ဘာချက်ဗ်ရဲ့ ကြေငြာချက် အပြည့်အစုံပါတဲ့ သတင်းစာစောင်လေးတွေကို အမေရိကန် လူထုဆီရောက်လုလုအချိန်မှာ အမေရိကန်အကောက်ခွန်ဌာနက ဖြတ်ပြီး သိမ်းဆည်းထားလိုက်ကြပါတယ်။

အလားတူပဲ အမေရိကန်ရုပ်မြင်သံကြားနဲ့ ရေဒီယိုသတင်းဌာနတွေကလည်း ဆိုဗီယက်ကို ဝေဖန်ပုတ်ခတ်ထားတဲ့ သတင်းတွေ၊ ဆောင်းပါးရှည်ကြီးတွေကြားထဲ ဝေါ်ဘာချက်ဗ်ရဲ့ **ဂျူကလီးယားလက်နက်တွေ ၂၀၀၀ ပြည့်နှစ်မှာ လုံးဝဖျက်သိမ်းရေး (သုည) အဆိုပြုချက်ကို** စာလုံးကလေးအနည်းငယ် ရောမွှေထည့်ပြီး အမေရိကန်လူထုကို ချပြလိုက်တာတွေ့ရပါတယ်။

သဘောကတော့ ရေကျာဗစ်ဆွေးနွေးပွဲက ထွက်လာတဲ့ သတင်းမှန်တွေကို တွန့်လိမ်ကောက်ကွေး အောင်လိမ်ညာလှည့်ဖျားပြီး ထုတ်လွှင့်လိုက်ကြခြင်းပါပဲ။ ဒီတော့ကာ **လွတ်လပ်တဲ့အမေရိကန်လူ့အဖွဲ့အစည်း** (Free American Society) အတွက် **လွတ်လပ်တဲ့သတင်းထုတ်ပြန်မှု** (Free Information) ဆိုတာဘာပါလိမ့်လို့ ကမ္ဘာ့ပြည်သူလူထုကြီးကတော့ စဉ်းစားနေကြမှာပါပဲ။ ဒါမျိုးက အပြင်ကနေလှည့်ပတ်ကြည့်မှ သိနိုင်တဲ့ကိစ္စလေ။

နောက်ဥပမာတစ်ခုက ဂရီနေဒါ နိုင်ငံကို အနောက်အုပ်စု ကျူးကျော်ရေးဝါဒီတွေနဲ့ စစ်တပ်တွေဝင်ရောက် ကျူးကျော်စဉ်က



သတင်းထုတ်ပြန်ပုံလေးပါ။ အဲဒီတုန်းက လွတ်လပ်စွာသတင်းစီးဆင်းရေးမှုကို ကိုင်စွဲထားပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးများက ဘယ်သတင်းထောက်၊ ဘယ်သတင်းစာသမားမှ အဲဒီဂရီနေဒါကို မဝင်ရောက်ရဘူးလို့ အမိန့်ထုတ်ထားခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်တဲ့ သတင်းတွေကိုတော့ စနစ်တကျလိမ်ညာထုတ်လွှင့်ဖို့ ပင်တဂွန်စစ်ဌာနချုပ်နဲ့ အိမ်ဖြူတော်က လက်ဝါးကြီးအုပ်ထားလိုက်တယ်လို့ ဆိုပါတယ်။

ဂရီနေဒါ နိုင်ငံငယ်လေးကို စစ်တပ်တွေနဲ့ကျူးကျော်လိုက်တဲ့ ၁၉၈၃ ခုနှစ်၊ အောက်တိုဘာလအချိန်တုန်းက အကင်းပါးတဲ့ အမေရိကန်ပြည်သူ အချို့ဟာ ဒီအပြုအမူကို မကြိုက်နှစ်သက်ခဲ့ကြောင်း ပြသခဲ့ကြပါတယ်။

ဒါပေမယ့် နောက်တစ်လလောက်အတွင်းမှာပဲ စိတ်ပညာရှင်ကြီးများနဲ့ သတင်းစာပညာရှင်တို့ရဲ့ အစွမ်းကြောင့် အမေရိကန် လူထုဟာ ဒီကိစ္စကိုကျူးကျော်တယ်လို့ အမြင်မရောက်တော့ဘဲနဲ့ **အမေရိကန်ပြည်ထောင်စုကြီးကို အင်အားကြီးနိုင်ငံအဖြစ် မိမိကိုယ်ကို ယုံကြည်မှုပြန်လည်သက်ဝင်လာစေခြင်း**ပဲဖြစ်တယ်လို့ ခံယူချက်ပြောင်းလဲလာတာ တွေ့ရပါတယ်ခင်ဗျာ။

ဒါပေမယ့် အမေရိကန်ပြည်သူတွေရဲ့ **ကိုယ့်ကိုယ်ကို ယုံကြည်မှု**ဆိုတဲ့အရာလို့ **စစ်ရေးအောင်မြင်မှုကြီးတွေ**ဟာ ရှေ့က ဖြစ်ခဲ့ဖူးတဲ့ ဗီယက်နမ်ကိုကျူးကျော်မှု၊ **အီရန်ကိုကျူးကျော်မှု**တွေ လိုပဲ

www.burmeseclassic.com

www.burmeseclassic.com



သမိုင်းမှာ တန်ဖိုးကြီးစွာပေးဆပ်ရမယ့်အရာတစ်ခုအဖြစ် ပြန်လည်နေရာတရစေမယ့် လှည့်ကွက်ကလေးပါပဲလို့ နိုင်ငံငယ်များက သတင်းစာဆရာများက သုံးသပ်ချက်ပေးထားပါတယ်။

### ပေါ်လစီဆင်ဆာ

တစ်ခါတစ်လေတော့လည်း အမေရိကန်ဖန်တီးရှင်တို့ရဲ့ မှတ်တမ်းသတင်းတွေဟာ အုပ်ချုပ်သူများနဲ့ အတွေးအမြင်ဆန့်ကျင်လို့၊ ဒါမှမဟုတ် စီးပွားရေး စီမံကိန်းတွေနဲ့ ဆန့်ကျင်လို့ဆိုပြီး တစ်ချက်လွှတ်အမိန့်နဲ့ တားမြစ်ခံရတာလည်း ရှိပါသေးတယ်။ အခုလို ပေါ်လစီနဲ့မလွတ်ကင်းလို့ ဆိုပြီး ပိတ်ပင်လေ့ရှိတဲ့ အဓိက ဆင်ဆာလုပ်ခွင့်ရှိတဲ့ အဖွဲ့ကတော့ USIA လို့ခေါ်တဲ့ အမေရိကန် ပြန်ကြားရေးအေဂျင်စီပဲ ဖြစ်ပါတယ်။

ဥပမာပြရမယ်ဆိုရင် ၁၉၈၆ ခုနှစ်လောက်က အမေရိကန် ရုပ်ရှင်ကားထုပ်တွေကို အစိုးရပေါ်လစီနဲ့ဆန့်ကျင်လို့ မအပ်စပ်လို့ ဆိုပြီး ပြည်ပသို့တင်ပို့ခွင့်နဲ့ ပြသခွင့်ပိတ်ပင်မှုခံရခြင်းပဲ ဖြစ်ပါတယ်။

အဲဒီတုန်းကဝေဖန်သူများက ပြောတာကတော့ အခုလိုပိတ်ပင်လိုက်ခြင်းဟာ အမေရိကန်ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့အချက်တွေနဲ့လည်း မကိုက်ညီပါဘူးလို့ ဆိုတယ်ခင်ဗျာ။ ဒါပေမယ့် ပြောတဲ့လူတွေ လက်မှိုင်ချရတာပါပဲ။



အဲဒီကားထုပ်တွေကတော့ -

- Peace
- A Conscious Choice
- Save Our Planet
- Out of the Ashes
- Today's Nicaragua တို့ဖြစ်ပါတယ်။

ဘာပဲပြောပြော ဒီရုပ်ရှင်ကားထုပ်တွေက ကမ္ဘာကိုဖွင့်ပြလိုက်တဲ့အချက်ကတော့ လွတ်လပ်ပါတယ်ဆိုတဲ့ အမေရိကန် ပြန်ကြားရေးအေဂျင်စီကြီးရဲ့ မှတ်သားလောက်တဲ့ပြယုဂ်ကို မှတ်ကျောက်တင် ရင်ဖွင့်ပြလိုက်ခြင်းပါပဲ ခင်ဗျာ။

### ပြောင်းပိတ်ပင်

နောက်ဥပမာ တစ်ခုကတော့ ၁၉၈၂ ခုနှစ်က ထုတ်ပြန်တဲ့ အမေရိကန်သမ္မတရဲ့ အမိန့်ကြေငြာစာအမှတ် (၁၂၃၅၆)ပါ။ အဲဒီအမိန့်ကြေငြာစာက ပြဋ္ဌာန်းပေးလိုက်တဲ့ အချက်ကတော့ အမေရိကန် ပြန်ကြားရေးအေဂျင်စီ USIA အမေရိကန်ကာကွယ်ရေး ဝန်ကြီးဌာနနဲ့ ပင်တဂွန်နဲ့ အမေရိကန် ပြည်ပထောက်လှမ်းရေးအဖွဲ့ စီအိုင်အေတို့ သတင်းဖြတ်တောက်ခွင့် ပိတ်ပင်ခွင့်၊ စွက်ဖက်ခွင့်တွေ ပိုမိုပေးလိုက်ခြင်းပဲဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**သတင်းစာများလွတ်လပ်ခွင့်** ဆိုင်ရာ သတင်းထောက်များ ကော်မတီရဲ့ ထုတ်ဖော်ပြောပြချက်အရဆိုရင် သမ္မတရီဂင် လက်ထက်က လူအများက လေးစားစရာရယ်လို့ မျှော်လင့်ထင်မှတ်နေကြတဲ့ အစိုးရဌာနကြီးတွေနဲ့ သတင်းအေဂျင်စီကြီးတွေဟာ ပိတ်ပင်တားမြစ်ရေး ဆုံးဖြတ်ချက်ပေါင်း (၅၀)လောက်တောင် ချမှတ်ခဲ့တယ်လို့ ဆိုပါတယ်။

အဲဒီပိတ်ပင်မှုတွေအရ သိရတာကတော့ အမေရိကန်ပြည်ထောင်စုရဲ့ **အကျိုးစီးပွား** ကို ထိခိုက်စေနိုင်တဲ့ သက်ငသပြချက်တွေ ရှင်းရှင်းပြောရရင်တော့ ပြည်ပမှ **အမေရိကန်အစိုးရဟာ ဘာတွေဝင်ရှုပ်၊ စွက်ဖက်နေတယ်ဆိုတဲ့ အထောက်အထားသတင်းတွေကို ပြည်တွင်းကို မတင်သွင်းရဘူးလို့** ပြဋ္ဌာန်းခြင်းပဲဖြစ်ပါတယ်။ **အစိုးရရဲ့ လုပ်ရပ်မှတ်တမ်း** တွေကို ကူးယူဖော်ပြပြီး၊ ဝေဖန်ရေးသတင်းထုတ်ပြန်ခြင်းတွေ မလုပ်ရဘူးလို့ ဆိုထားပါတယ်။

သေးငယ်လှတဲ့ ဂရီနေဒါနိုင်ငံလေးအပေါ် အမေရိကန်တပ်တွေ အတင်းဝင်ရောက် သိမ်းပိုက်ခဲ့စဉ်တုန်းက ဖြစ်ရပ်လေးမြန်ကောက်ရအောင်ပါ။ အဲဒီတုန်းက ဂရီနေဒါကျွန်းနိုင်ငံလေးအပေါ် ဘယ်သတင်းထောက်မှ မတက်လာရဘူးလို့ ဆိုထားပေမယ့် **စီအိုင်အေ**နဲ့ ပင်တဂွန်က သတင်းထောက်ဆိုသူတွေတော့ အပြည့်ပဲလို့ ဆိုပါတယ်။



အဲဒီစီအိုင်အေ ထောက်လှမ်းရေးနဲ့ ပင်တဂွန်စစ်**သတင်း**ထောက်တွေဟာ ဒီကျွန်းနိုင်ငံလေးအပေါ် အမေရိကန်စစ်**တပ်တွေ**တက်သိမ်းရတာကို ကမ္ဘာကတရားလေသယောင် ထင်မြင်လာအောင်လို့ သတင်းလိမ်ညာထုတ်လွှင့်ကြတယ်လို့လည်း ဝါဒဖြန့်ချိရေးပညာရှင်တွေက ဆိုကြပါတယ်။

သူတို့ရဲ့ ပညာခန်းထဲက တစ်ကွက်ဖော်ပြရရင်တော့ **ဒီကျွန်း**ပေါက်စကလေးကို သိမ်းရတာကိုပဲ **အမေရိကန်ပြည်ထောင်စုအတွက် ခြိမ်းခြောက်မှုတစ်ခု** (A threat to the United States) **ဖြစ်နေ**လို့ပါလို့ အကြောင်းပြထားတယ်ဆိုပဲ။

အမေရိကန်ပြည်ထောင်စုအပေါ် အမနာပပြောခြင်းမဟုတ်ပါခင်ဗျာ။ နိုင်ငံကြီးသား သတင်းပညာရှင်ကြီးများရဲ့ လှည့်လုံးကလေးတွေကို ကိုယ့်ပြည်သူတွေအတွက် တင်ပြသင့်တယ်လို့ ယူဆမိလို့ပါ။

အထက်ကပိတ်ပင်တယ်ဆိုတာတွေကကတော့ **ပြောင်းပိတ်ဝင်နည်း** ကလေးတွေတင်ပြခြင်း ဖြစ်ပါတယ်။

တစ်နည်းအားဖြင့်တော့ သူတို့ ပြည်သူတွေအပေါ် မှာထားရှိတဲ့နိုင်ငံကြီးတွေက သတင်းလက်ဝါးကြီးအုပ်ထားသူများရဲ့ **သတင်းကန့်လန့်ကာနဲ့ ပေါ်လစီဆင်ဆာ** အကြောင်းလေးပါခင်ဗျာ။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

# ပီပီရိရိအမှားနဲ့ မရေမရာအမှန်

ပြောင်ပီတ်ပင်နည်း တွေလိုပဲ သွယ်ဝိုက်ပီတ်ပင်နည်း ကလေးတွေလည်း ရှိနေပါသေးတယ်ခင်ဗျာ။ ဥပမာအားဖြင့် ပင်တဂွန်စစ်ဌာနချုပ်အနေနဲ့ ကမ္ဘာအဝန်း စစ်ရေးကျူးကျော်မှုတွေကို တရားသေဟန် ဝါဒဖြန့်ဖို့အတွက် ဟောလီးဝုဒ်ရုပ်ရှင်လောကနဲ့ လက်ဝါးရိုက်ညီပြီး ဆောင်ရွက်နေခြင်းမျိုးကို ဆိုလိုပါတယ်။

ဒါ့ထက်ရှင်းအောင် တင်ပြရမယ်ဆိုရင်တော့ ဟောလီးဝုဒ်ကထုတ်ချ လိုက်တဲ့ ရုပ်ရှင်ဇာတ်လမ်းတွေဟာ ကမ္ဘာ့နိုင်ငံငယ်လေးတွေဘက်က စာနာရပ်တည်မှုမျိုး၊ နိုင်ငံငယ်လေးတွေရဲ့ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေတဲ့ မျိုးချစ်ပုဂ္ဂိုလ်တွေဘက်က စာနာရပ်တည်

www.burmeseclassic.com

www.burmeseclassic.com



မှုမျိုးလုံးဝမရှိဘဲ ပင်တဂွန်အလိုကျ ရိုက်ပြနေခြင်းသာဖြစ်တာ တွေ့နေရပါတယ်။ ဒီလိုလုပ်ပေးဖို့အတွက် ပင်တဂွန်ကဟောလီးဝုဒ်ကို လာဘ်ထိုးမှုလေးတွေ ရှိနေပါသတဲ့။

ဟောလီးဝုဒ်က လိုချင်တဲ့အဆင့်မြင့် စစ်လက်နက်ပစ္စည်းတွေ၊ စစ်ဘက်အဆောက်အအုံပုံစံတွေ၊ စစ်ဘက်ဆိုင်ရာပစ္စည်းကရိယာ၊ ယာဉ်နဲ့ လူတွေကိုအခမဲ့ကူညီနေခြင်းကြောင့်ပဲ ဖြစ်ပါတယ်။

ဒီလိုသွယ်ဝိုက်တဲ့နည်းနဲ့ ပင်တဂွန်ရဲ့ ကမ္ဘာ့အဝန်း စွက်ဖက်မှုသတင်းတွေကို ကမ္ဘာ့လူထုနား၊ မျက်စိထဲအမှန်အတိုင်း မဝင်အောင် ဖိတ်ပင်နေတယ်လို့ ဆိုပါတယ်။

များသောအားဖြင့် ဗီယက်နမ်၊ ကမ်ပူးချား စစ်ကားတွေရိုက်လေ့ရှိပြီး၊ အဲဒီစစ်ကားတွေမှာ ဗီယက်နမ် မျိုးချစ်ပျောက်ကျားတွေ၊ ကမ်ပူးချားပျောက်ကျားတွေဟာ သူတို့ရဲ့မျိုးတူဇာတ်တူ လူမျိုးစုတွေအပေါ် ရက်စက်နေပုံ၊ ကျေးရွာတွေအပေါ် မီးရှို့ဖျက်ဆီးနေပုံ၊ အမျိုးသမီးငယ်တွေကို အဓမ္မပြုကျင့်ပုံ၊ အမေရိကန် စစ်သုံ့ပန်းတွေကို ချောင်းထဲပစ်ချပြီး ရေအောက်ဝက်လှောင်ခြံထဲလှောင်ထားပုံတွေရိုက်ပြလေ့ရှိပါတယ်။ တစ်ဘက်မှာတော့ အမေရိကန်စစ်သည်တွေက ကမ်ပူးချားက ရွာသူရွာသား အမျိုးသမီးငယ်တွေ၊ သက်ကြီးရွယ်အိုတွေ၊ ကလေးတွေကို ကယ်တင်နေရပုံတွေ အဖြစ်မှန်ကို ပြောင်းပြန်လုပ်ပြီး ရိုက်ပြနေတာတွေ့ကြရပါတယ်။



## အလွန်ကောင်းတဲ့ လူနေမှုစနစ်

အထူးသဖြင့် အမေရိကန်စစ်သူရဲကောင်းဇာတ်လိုက်ရဲ့ စွန့်စားမှုတွေ၊ အမေရိကန်လက်နက်တွေရဲ့ အံ့ဘနန်း ရှုမောစရာ ပြကွက်တွေ ရိုက်ပြထားတဲ့အတွက် နောက်ဆုံးမှာ နိုင်ငံငယ်တွေရဲ့ မျိုးချစ်ပုဂ္ဂိုလ်တွေကို ရွံမုန်းစရာအဖြစ်နဲ့ တွေ့နေရပါတော့တယ်။

ဒီထဲမှာ အမေရိကန် စစ်သားတစ်ဦးဦးက ကျူးကျော်ခံရတဲ့ နိုင်ငံငယ်ကလေးက အမျိုးသမီးတစ်ဦးဦးကို အဓမ္မပြုကျင့်ရန် ကြံစည်မှု တကယ်ပြုကျင့်မိခြင်း မရှိလေဟန် ပုံစံတစ်ကွက်တစ်လေ ဇာတ်လမ်းထဲပါတဲ့အခါမှာလည်း အဲဒီစစ်သည်ဟာများသောအားဖြင့် နီဂရိုးအသားမည်းစစ်သည်တစ်ဦးဦး ဖြစ်နေတတ်ပြန်ပါတယ်။

အဲဒါကိုရွံမုန်းတဲ့ အသားဖြူစစ်သားတစ်ဦးဦးက ဝင်ကူလိုက်...ဟန်မျိုး ရိုက်ပြလေ့ရှိပြီး၊ နောက်ဆုံးမှာ အသားမည်းစစ်သည်ကို အမေရိကန်အသားဖြူအရာရှိကြီးများက ခမ်းခမ်းနားနား တရားရုံးကြီး...မှာ ဒီကိစ္စအတွက် ကြီးကြီးကျယ်ကျယ်စစ်ဆေး၊ ခုံရုံးဖွဲ့နေကြဟန် ...ရိုက်ပြပြီး ကမ္ဘာသူကမ္ဘာသားတွေကို မျက်စိလှည့်နေကြပါတယ်။

တကယ်တော့ အလွန်ကောင်းတဲ့ လူနေမှုစနစ်ထဲမှာ လူဆိုး...ရှိကြောင့် " bad man " against the " good system " ...ညီပျက်ရလေဟန် လိမ်လည်ဝါဒဖြန့်တာမျိုးပါ။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်လောကအနေနဲ့ အစိုးရနဲ့အခုလို လက်ဝါးရိုက်ဆောင်ရွက်နေခြင်းဟာ နှစ်ဘက်အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းကြောင့်ပဲဖြစ်ပါတယ်။ ဒါကြောင့်ပဲ ရုပ်ရှင်လောကဟာဝါဒဖြန့်စစ်ကစားခြင်းရဲ့ စည်းမျဉ်းစည်းကမ်းတွေကိုမလွန်ဆန်ခြင်းပဲဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာတော့ သူတို့အစိုးရကို ဝေဖန်သယောင်၊ အချင်းချင်းစီးပွားရေးဌာနချင်း၊ ဒါမှမဟုတ် စစ်တပ်နဲ့ အစိုးရနိုင်ငံရေးသမားတွေကြား အပြန်ပြန်အလှန်လှန် ဆန့်ကျင်စကားလေးတွေနဲ့ ထိုးနှက်နေပုံ၊ သူတို့ရဲ့သတင်းစာတွေမှာ ရေဒီယိုရုပ်မြင်သံကြားသတင်းတွေမှာ တွေ့ရကောင်းတွေ့ရပါလိမ့်မယ်။

တစ်ကယ်တော့ အလွန်ပွင့်လင်းဟန်ပြုလုပ်ထားတဲ့၊ အသေးအဖွဲ့ဝေဖန်မှုတွေရဲ့ နောက်ကွယ်မှာစနစ် တကျလေ့လာနေသူတွေမှအပ သာမန်ကမ္ဘာ့ပြည်သူတွေ မသိလိုက်နိုင်တဲ့ လက်တွဲပူးပေါင်းဆောင်ရွက်မှုလေးတွေ တွေ့ရမှာဖြစ်ပါတယ်။

ဥပမာ လူမှုနိုင်ငံရေးစနစ်နဲ့ လူမှုစီးပွားရေးစနစ်တို့ရဲ့ အပြန်အလှန်အငြင်းပွားပုံကလေးတွေကို သက်ဆိုင်ရာအဖွဲ့ခေါင်းဆောင်တွေရဲ့ မသင့်မြတ်မှုပုံစံနဲ့ စာနယ်ဇင်းတွေမှာ တွေ့ရတယ်ဆိုပါတော့။

တကယ်တမ်းကြည့်ရင် လုပ်နည်းလုပ်ဟန်နည်းဗျူဟာ **tactics** ကွဲပြားမှုကြောင့် အငြင်းပွားမှုပုံစံမျိုးသာဖြစ်ပြီး၊ နိုင်ငံငယ်လေးတွေ အပေါ် အဘက်ဘက်ကထိုးနှက်ရာမှာတော့ မသင့်မြတ်ပါဘူးလို့ဆိုတဲ့ အဲဒီအဖွဲ့အစည်းတွေရဲ့ မဟာဗျူဟာရည်မှန်းချက် **Strategic goal** ကတော့ အတူတူဖြစ်ကြောင်း လေ့လာနေသူတွေမြင်တွေ့ရမှာ ဖြစ်ပါတယ်။



## သတင်းသုတေသန

အခုလိုသွယ်ဝိုက်နည်း၊ တိုက်ရိုက်နည်းတွေနဲ့ သတင်းဝါဒဖြန့်မှု ပုံစံအမျိုးမျိုးကို ဘယ်လောက် တာသွားသလဲဆိုတာ အနောက်အုပ်စုရဲ့ သတင်းသုတေသနဌာနကြီးတွေဖြစ်တဲ့ **Rand Corpora -tion** ကိုလံဘီယာတက္ကသိုလ်၊ ဟားဘတ်တက္ကသိုလ်၊ ပါရီမြို့က နိုင်ငံရေးသိပ္ပံတက္ကသိုလ် **Institute of Political Studies**၊ လန်ဒန်မြို့အခြေစိုက် စီးပွားရေးသိပ္ပံကျောင်းကြီး **London School of Economics** အီတလီက အပြည်ပြည်ဆိုင်ရာဆက်ဆံရေးတက္ကသိုလ် **Italian Institute of Relations** စတဲ့ ဌာနကြီးတွေကလေ့လာသုတေသနပြုလျက်ရှိပါတယ်။

လုပ်ချလိုက်တဲ့ ဝါဒဖြန့်ဖြူးမှုပုံစံအမျိုးမျိုးရဲ့ အကျိုးသက်ရောက်မှုကို လူထုပရိတ်သတ်ရဲ့ တုန့်ပြန်မှုပေါ် မူတည်ပြီး လေ့လာအသုံးချ လျက်ရှိပါတယ်။ အခုလို သုတေသနပြုလေ့လာမှုကို တစ်ခါတစ်ရံ ပညာရှင်ပုဂ္ဂိုလ်တစ်ဦးချင်းနဲ့ စီးပွားရေးဌာနတွေက ငှားရမ်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂလိက ပုဂ္ဂိုလ်တစ်ဦးချင်းကလည်း ဆောင်ရွက်တတ်ပါသေးတယ်။

ဘယ်လိုပဲဖြစ်ဖြစ် နိုင်ငံကြီးများက အကောင်အထည်ဖော်လိုတဲ့ နိုင်ငံရေးပုံစံအတိုင်း ဝါဒဖြန့်မှုရဲ့ ဩဇာသက်ရောက်စေဖို့အတွက် သော်လည်းကောင်း၊ ဝါဒဖြန့်လိုက်တဲ့သဘောထားအတိုင်း ကမ္ဘာ့ပြည်သူလူထုပရိတ်သတ်ဟာ အလေးအနက်ခံယူပြီး ယုံကြည်သက်ဝင်လာစေဖို့အတွက်သော်လည်းကောင်း၊ လက်ခံရရှိလိုက်တဲ့ သတင်းဝေဖန်ချက်အာဘော်ကို အထပ်ထပ်အခါခါ ပြန်လည်သတိရနေစေဖို့နဲ့ ဆက်လက်ပြီး လေးနက်စွာခံယူတွေးတော လာစေဖို့အတွက် သော်လည်းကောင်း၊ ဝါဒဖြန့်နည်းစနစ်အမျိုးမျိုးကို တီထွင်အသုံးပြုနေကြောင်း တွေ့ရပါတယ်ခင်ဗျာ။

## ပိပိရိရိအမှားနဲ့ မရေမရာအမှန်

နောက်ဆုံးမှာလွှင့်ထုတ်လိုက်တဲ့ သတင်းတွေ၊ သတင်းဝေဖန်ချက်တွေကို နိဂုံးချုပ်လိုက်ရင် ဝါဒဖြန့်သူတွေရဲ့ ဖြစ်စေချင်တဲ့ပုံစံအတိုင်း ပရိသတ်ရဲ့စိတ်ထဲမှာ အံ့ဝင်သွားစေဖို့နဲ့ လွဲချော်မသွားစေဖို့ စိတ်ပညာရှင်တွေနဲ့ သတင်းပညာရှင်တွေ ပူးပေါင်းစီစဉ်ထားကြတယ်လို့ဆိုပါတယ်။

လေ့လာသူတွေရဲ့ တွေ့ရှိတင်ပြချက်တွေအရ သိရတာကတော့ ဩဇာအာဏာချဲ့ထွင်ရေးဝါဒီတွေရဲ့ သတင်းထုတ်လွှင့်ချက်



တွေဟာ တိကျမှန်ကန်တဲ့သတင်းဖြစ်ဖို့ထက် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မှန်တယ်လို့ပရိတ်သတ် လက်ခံသွားစေဖို့ ပြုပြင်ဖန်တီးထားတဲ့ သတင်းတွေဖြစ်နေပါတယ်လို့ ဆိုကြတယ်ခင်ဗျ။

ဒါနဲ့ပတ်သက်လို့ ထင်ပေါ်ကျော်ကြားတဲ့ ၁၉ ရာစုအတွေးအခေါ်ပညာရှင်နဲ့ သမိုင်းပညာရှင်ကြီး ဖြစ်သူ အလက်ဇီဒီတိုကီဗီလီ **Alexis de Tocqueville** က ထုတ်ဖော်ပြောကြားခဲ့ဖူးပါတယ်။

**"အမှားတစ်ခုကို ပိပိရိရိ ပိုင်ပိုင်နိုင်နိုင် ရှင်းရှင်းလင်းလင်း ပြောကြားခြင်းဟာ၊ အမှန်တစ်ခုကို မရေမရာ မပြတ်မသားပြောကြားခြင်းထက် ပိုပြီးအကျိုးသက်ရောက်မှု ကြီးမားတတ်ပါတယ်။"**

အဲသလိုပြောကြားခဲ့ပါတယ်။ ဒီအတွေးအခေါ်ကို ကမ္ဘာနဲ့အဝန်း ကျယ်ကျယ်ပြန့်ပြန့် လက်တွေ့သုံးစွဲနေသူတွေကတော့ လူအများသိနေတဲ့ ဘီဘီစီအသံလွှင့်ဌာနက သတင်းကြေငြာသူ၊ ဝေဖန်သူများဖြစ်ပါကြောင်း အိန္ဒိယသတင်းစာဆရာကြီး ဂိုဗင်းဗိဒရာသိက သာဓကပြုပြောကြားခဲ့တာ မှတ်သားရပါတယ်။

## နိုင်ငံကြီးသား စစ်ဝါဒီစိတ်ဓာတ်

နိုင်ငံကြီးတွေအနေနဲ့ သူတို့ရဲ့နိုင်ငံသားတွေအပေါ် နိုင်ငံကြီးသားဝါဒနဲ့ စစ်ဝါဒီစိတ်ထားတွေ ထားတတ်လာအောင် သတင်းပညာနဲ့သွန်သင်ပေးနေတာတွေကို သတင်းပညာတတ်ကျွမ်းတဲ့ နိုင်ငံငယ်

www.burmeseclassic.com

www.burmeseclassic.com



လေးတွေက သတင်းစာဆရာကြီးတွေ နိုင်ငံရေးသမားတွေက လက်မခံနိုင်ပါဘူးလို့ ကန့်ကွက်သံတွေလည်း ကြားနေရပြန်ပါတယ်။

သူတို့ပြောကြတာတွေကတော့ နိုင်ငံကြီးတွေက ပြည်သူတွေဟာ အခြားနိုင်ငံငယ်တွေက ပြည်သူတွေကို နှိမ့်ကျနေကြောင်း ထင်မြင်လာအောင် ဒီကမ္ဘာကြီးမှာ သူတို့တတွေဟာ လူရိုင်းတွေရဲ့အလယ်မှာနေရလို့ ဘဝအကြပ်အတည်းနဲ့ ကြုံတွေ့နေရကြောင်း ထင်မြင်လာအောင် သူတို့ဆီက စာနယ်ဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားအစီအစဉ်တွေရဲ့ သွွန်သင်မှုကို ခံယူနေကြရပါတယ်-တဲ့။

ဒါကြောင့်ပဲ နိုင်ငံကြီးများက ပြည်သူတွေဟာ ကမ္ဘာ့လူနေမှုစနစ်ကြီးအပေါ် လွှမ်းခဲ့တဲ့နှစ် (၅၀)၊ နှစ် (၁၀၀)လောက်တုန်းကလိုပဲ **အင်အားသည်သာအမှန်တရား** (Might is Right) ဆိုတဲ့အတွေးအမြင်မျိုး သူတို့တတွေရဲ့ လူနေမှုအဆင့်မြင့်တက်ဖို့ လိုအပ်သမျှကို အင်အားနဲ့သာ နေရာတကာမှာ ရယူဖို့လိုတယ်ဆိုတဲ့ အတွေးအမြင်မျိုးတွေ ပေါ်ပေါက်ပျံ့နှံ့နေစေပါတယ်လို့ ပြောနေကြတယ်ခင်ဗျ။ ဒီလိုသွွန်သင်ခံရမှုကို နိုင်ငံကြီးသား ပြည်သူတွေဟာ နေ့ရက် မလပ်၊ နာရီမလပ် ခံယူနေကြရတယ်လို့လည်း ဝေဖန်နေကြပါတယ်။

အထူးသဖြင့် အမေရိကန်ပြည်သူတွေဟာ သူတို့အစိုးရရဲ့ **အင်အားအခြေခံဝါဒ**ကို ချီးကျူးမဆုံး ဖြစ်နေကြပါတယ်တဲ့။

ဒီလိုနဲ့ပဲ နောက်ဆုံးတော့ သူတို့တတွေဟာ စစ်ရေးဝါဒကို



လက်ခံမှန်းမသိ လက်ခံလာကြတဲ့ စစ်ရေးဝါဒီ နိုင်ငံကြီးသားတွေအဖြစ်ကို ရောက်ရှိကြရပါတယ် - တဲ့။ ဒီကိစ္စနဲ့ပတ်သက်လို့ အမေရိကန် ကာကွယ်ရေးဝန်ကြီးဟောင်း အလက်ဇန္ဒားဟိတ်ဂ် **Alexander Haig** ရဲ့စကားတစ်ခွန်းဟာ မှတ်သားလောက်ပါတယ်။

ဟိတ်ဂ်ကပြောတာက "လောကမှာ ငြိမ်းချမ်းရေးထက် အရေးကြီးတာတွေ အများကြီး ရှိသေးတယ်"လို့ဆိုထားပါတယ်။ သေသေချာချာ စဉ်းစားကြည့်ပါ ခင်ဗျာ။

ဒီစကားရဲ့ အကျိုးဆက်ကိုဆန်းစစ်ကြည့်တဲ့အခါ ကမ္ဘာကြီး ငြိမ်းချမ်းရေးထက် ပိုအရေးကြီးတဲ့ အမေရိကန်အစိုးရရဲ့ စစ်အင်အားဂုဏ်သိက္ခာတို့ စွက်ဖက်ရေးဟာ အမေရိကန်အကျိုးစီးပွား ကာကွယ်ခြင်းပဲဆိုတာတို့ကို အမေရိကန်ပြည်သူတွေကလိုက်ပါ ခေါင်းငြိတ်နေကြကြောင်း တွေ့လာရပါတယ်။

## ကမ္ဘာ့ရန်သူ နိုင်ငံငယ်များ

မြောက်အမေရိကတိုက် ပြည်သူလူထုနဲ့ အနောက်ဥရောပတွဲ ဒေသကနိုင်ငံသားတွေအပေါ် အဲဒီလိုစစ်ရေးဝါဒီစိတ်ဓါတ် သွတ်သွင်းပြီးတဲ့အခါမှာတော့ နိုင်ငံကြီးတို့နဲ့ ဆန့်ကျင်မိတဲ့နိုင်ငံငယ်လေးတွေဟာ အလိုလို အမေရိကန်ပြည်သူတွေရဲ့ ရန်သူနိုင်ငံသဖွယ်ဖြစ်အောင် **စိတ်ဓါတ်စစ်ဆင်ရေး** (Psychological Warfare) အလုပ်ခံ

www.burmeseclassic.com

ရပါတော့တယ်။ သည့်နောက်တော့ အဲဒီအကြောင်းမညီညွတ်တဲ့ နိုင်ငံငယ်လေးတွေဟာ တစ်ကမ္ဘာလုံးက ဝိုင်းဝန်းရှုံ့မုန်းလာစေအောင် ဝါဒဖြန့်ခြင်းခံ ရတဲ့ **ကမ္ဘာ့ရန်သူကြီးသဖွယ်ဖြစ်အောင်** လုပ်တတ်ကြပြန်ပါရော။

အမေရိကတိုက်နဲ့ အနောက်ဥရောပတိုက်က ပြည်သူတွေကို စစ်ဝါဒီစိတ်ဓါတ်သွတ်သွင်းရာမှာ ပစ်မှတ်ထားတဲ့ အကြောင်းအရာ စကားလုံးတွေကတော့ နိုင်ငံငယ်တွေနဲ့ပတ်သက်ပြီး **ဒီမိုကရေစီလိုလားသူများနဲ့ စစ်အာဏာရှင်၊ နိုင်ငံတကာ အကြမ်းဖက်လုပ်ရပ်တွေမှာ** ပါဝင်ပတ်သက်မှု စတဲ့စကားလုံးတွေဖြစ်ပြီး ကမ္ဘာ့ပြည်သူများ အလွတ်ရနေပြီဖြစ်တဲ့ စကားလုံးလေးတွေတောင် ဖြစ်နေရပါပြီ။

## ကြောက်စရာကောင်းတဲ့ခြေလှမ်း

ယခင် ဆိုဗီယက်ပြည်ထောင်စုကြီးရဲ့ သတင်းစာဆရာကြီးများက ငြီးတွားနေတာကတော့ ဆိုဗီယက်ပြည်ထောင်စုဟာ နယ်ချဲ့ဝါဒီတို့ရဲ့ စစ်အန္တရာယ်ကျရောက်နေတဲ့ နိုင်ငံငယ်လေးတွေကို ဘယ်လောက်ပဲထောက်ခံ၊ ထောက်ခံ လက်နက်လျှော့ပေါ့ရေးကို ဘယ်လောက်ပဲ အကောင်းမြင်ဝါဒနဲ့ အရေးဆိုဆို၊ ကမ္ဘာ့ပြည်သူတွေရဲ့နားတွေ မျက်စိတွေထဲကို **ဆိုဗီယက်ပြည်ထောင်စု**ဆိုတဲ့ စကားလုံးတွေနဲ့တွဲပြီး **အန္တရာယ်ခြိမ်းခြောက်မှု**ဆိုတဲ့ စကားလုံးဆိုးတွေကို ရေရေလည်လည်သုံးနေ



ကြတာဟာ အံ့သြစရာတော့ဖြစ်နေတယ် လို့ဆိုကြပါတယ်။

နောက်ဆုံးကုန်ကုန်ပြောရမယ်ဆိုရင် ဆိုဗီယက်ပြည်ထောင်စုက တစ်ဖက်သတ် **ချုကလီးယားလက်နက် စမ်းသပ်မှုပိတ်ပင်ရေး**ကို အဆိုပြုလိုက်တာတောင်မှ ဒါဟာ **ကြောက်စရာကောင်းတဲ့ ခြေလှမ်းတစ်ရပ်**လို့ ဆိုနေပါတယ်တဲ့။

ဘာကြောင့်လဲဆိုတော့ သမားရိုးကျ တပ်ဖွဲ့ကြီးတွေနဲ့ သမားရိုးကျ လက်နက်တွေကိုတိုးမြှင့်ချင်လို့ အခုလိုချုကလီးယားလက်နက် စမ်းသပ်မှုပိတ်ပင်ရေး အဆိုပြုနေတာပါလို့ အနောက်ဘက်နိုင်ငံရေးသမားများက စွပ်စွဲလေ့ရှိပါသေးသတဲ့။

ဒီလိုပါပဲ၊ နိုင်ငံငယ်တွေကဒေသတွင်း နိုင်ငံကြီးများရဲ့တပ်ချထားမှုတွေကို ရင်ဆိုင်နိုင်အောင်စစ်အင် အားတိုးမြှင့်ထားတဲ့အခါမှာတော့ **စစ်အင်အားထူထောင်နေပြီ၊ ကာကွယ်ရေးလိုအပ်ချက်ထက်ပိုနေပြီ၊ အကြမ်းဖက်အဖွဲ့အစည်းတွေကို ကူညီနိုင်တဲ့အနေအထားရောက်နေပြီ၊ လူမျိုးစုငယ်တွေကို လွှမ်းမိုးထားတယ်၊ လူမျိုးကြီးဝါဒကျင့်သုံးနေတယ်** စတဲ့ စကားလုံးတွေနဲ့ ထိုးနှက်ဖို့ခွဲလေ့ရှိကြပြန်ပါရော။

နိုင်ငံကြီးများရဲ့ **စိတ်ဓါတ်စစ်ဆင်ရေး** စစ်ဆင်နွှဲမှုမှာ **အဓိကရည်မှန်းချက်**ကတော့ နိုင်ငံငယ်လေးများရဲ့ အမျိုးသားရေးရည်မှန်းချက်ဆိုင်ရာလုပ်ငန်းတွေကို ချေဖျက်ပစ်ရေးနဲ့ နိုင်ငံကြီးများက **စိုးမိုးချုပ်ကိုင်**နိုင်ရေးပဲ ဖြစ်ပါတယ်လို့ ဆိုကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဝါဒဖြန့် ယပ်းထိပ်ဖူး

တကယ်တော့အခုလို ဝါဒဖြန့်ချိရေးစစ်ပွဲမှာ အသွင်သဏ္ဌာန်နဲ့နည်းစနစ်ပိုင်းသမျှတအောင် အခြေခံမူချထားတာရယ်လို့ မရှိပါဘူး။ လိုချင်တဲ့နိုင်ငံရေးရည်မှန်းချက်နဲ့ဖြစ်ပေါ်လာတဲ့ နိုင်ငံရေး ရာသီဉတုပေါ်မူတည်ပြီး၊ ပုံစံချနည်းစနစ် သွတ်သွင်းဆောင်ရွက်လေ့ရှိကြပါတယ်။ အတွေးအခေါ်ပိုင်းဆိုင်ရာ အမှောင့်လုပ်ငန်းတွေဆောင်ရွက်တဲ့အခါ မှန်တစ်ချပ်ကို မှန်ကူကွက်ဖော်သလို ထောင့်ပေါင်းစုံက အကွက်ဖော်ပြီး အရောင်ဆိုးသလို စီစဉ်လေ့ရှိကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ထိုးကွက်တိုင်းမှာတော့ ပစ်မှတ်နိုင်ငံ၊ ဒါမှမဟုတ် အဲဒီနိုင်ငံထဲက အုပ်ချုပ်သူအစုအဖွဲ့ကို ထိမှန်စေမဲ့ ဝါဒဖြန့်ယမ်းထိပ်ဖူး ကတော့ပါစမြဲပဲခင်ဗျာ။

ဒီလိုထိရောက်စွာနှိပ်ကွပ်နိုင်ဖို့အတွက် ကိုလိုနီလက်သစ်ဝါဒီပညာရှင်များဟာ ပစ်မှတ်နိုင်ငံရဲ့ အမျိုးသားရေး လှုပ်ရှားမှုအခြေအနေ၊ မျိုးချစ်ဝါဒဖြန့်ချိရေးဆိုင်ရာပုဂ္ဂိုလ်များရဲ့ တုန့်ပြန်ကာကွယ်နိုင်စွမ်း၊ တစ်ဦးချင်း စီးပွားရေးပိုင်ဆိုင်မှုနဲ့ လူနေမှုအဆင့်၊ ပစ်မှတ်အုပ်စုရဲ့ အသက်အပိုင်းအခြားအလိုက် သဘောထား (Opinion)၊ နိုင်ငံရဲ့ ပထဝီဝင်အခြေအနေ စတဲ့အချက်အလက်တွေကို အသေးစိတ်ဇယားချပြီး တွက်ချက်ကြပါတယ်။



## လက်ဦးဖို့သာပမာန

ဒါပေမဲ့နည်းစံနစ်သစ်တွေဘယ်လိုပဲထွန်းကားပါစေ၊ မူလလက်ဟောင်း လေ့ကြီးထိုးရိုးရိုးနည်းဟာ အခြေခံပဲဖြစ်နေပါသေးတယ်။

အဲဒါကတော့ 'နယ်ချဲ့ဝါဒီတို့ရဲ့ ဝါဒဖြန့်စစ်ဆင်မှုတွေမှာ **သတင်းတစ်ခုဟာ ဘယ်လောက်ခြေခြေမြစ်မြစ်ရှိတယ်၊ ဘယ်လောက်မှန်ကန်တယ်ဆိုတာ အကြောင်းမဟုတ်၊ လက်ဦးအောင် ပြောနိုင်မှုသာပမာန**ဆိုတဲ့အချက်ကို လက်ကိုင်ထားနေရတုန်းပါပဲ။

လူ့သဘောသဘာဝကိုက မူလပထမ သိရှိလိုက်ရတဲ့အချက်ကိုသာ ဘဝင်ထဲမှာစွဲယူမှတ်သားထားလိုက်ပြီး၊ နောက်မှသိရတဲ့အချက်ကို အလေးနက်ထားရိုး ထုံးစံမရှိကြတော့ဘဲ ပေါ့တန်သွားကြတတ်လို့ ပါပဲခင်ဗျာ။

လက်ဦးရင်ပြီးရော နောက်မှဖြစ်ချင်ရာဖြစ် ဆိုတဲ့အကျင့်ကို ဘယ်လောက်များ ဦးစားပေးသလဲဆိုတာ၊ ဆိုဗီယက်ချာနိုဘိုင် အကုမြူ ဓါတ်အားစက်ရုံပေါက်ကွဲမှု ရုပ်ရှင်မှတ်တမ်း အတုထုတ်လုပ်ခဲ့တာင်းအောင်ထင်ရှားရှား တွေ့မြင်ရပါတယ်။

အဲဒီမှတ်တမ်းရုပ်ရှင်အတုကို ထုတ်လုပ်သူဟာ တွမ်ဂါးစင်း (Tom Garcinque) ဆိုသူဖြစ်ပြီး၊ မှတ်တမ်း ရုပ်ရှင်အတုရိုက်တဲ့ နေရာ

www.burmeseclassic.com

www.burmeseclassic.com



ဘဲတော့ အီတလီနိုင်ငံ မြို့ကြီးတစ်မြို့ဖြစ်တဲ့ 'Trieste' မြို့က ဘိလပ်မြေ စက်ရုံတစ်ရုံမှာ ဖြစ်ပါတယ်ဗျာ။

လက်မြန်ခြေမြန် လုပ်ထုတ်လိုက်တဲ့ အဲဒီမှတ်တမ်းရုပ်ရှင်ကို သာမာန်ကမ္ဘာ့လူထုကတော့ အံ့ဩတကြီး ရင်သပ်ရှုမောခဲ့ကြရပါတယ်။ ဇာတ်လမ်းပြချိန်ကလည်း (၅)မိနစ်ထဲဆိုတော့ အလုအယက်ပေ့ါ။

ဒါပေမယ့် ပညာရှင်တွေကတော့ ချက်ချင်းသိလိုက်ကြပါတယ်။ အခုရိုက်ကွင်းက တောင်ကုန်းထူထပ်တဲ့ နေရာမှာဖြစ်နေပြီး၊ ချာနီဘိုင်စက်ရုံအစစ်က လွင်ပြင်တစ်ခုထဲမှာရှိနေတာကိုး။ နောက်ပြီးမီးခိုးဖုန်မှုန့်တွေထွက်ပုံကလည်း အဏုမြူမီးခိုးမှိုပွင့်ထွက်ပုံနဲ့မှမတူဘဲကိုး။

ဒီကိစ္စ အလိမ်ကြီးမှန်းသိသွားပေမယ့်လည်း အမေရိကန်ပြည်သူတို့အနေနဲ့ ဘယ်သူကမှငွေကုန်ခံပြီး တရားစွဲနေကြမှာမဟုတ်ဘူးဆိုတာကို ဒါရိုက်တာတွမ်ဂါစင်း ကြိုတွက်ပြီးသားထင်ပဗျာ။ လက်ဦးဖို့သာပဓာနပေ့ါလေ။

## လက်ခုပ်ထဲကရေ

ပြည်သူလူထုအနေနဲ့ အခုလိုလိမ်လည် ထုတ်လုပ်တာကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ နယ်ချဲ့ဝါဒီဝါဒဖြန့်ချိရေးသမားတွေကတော့ အကြိုက်တွေ့ပုံရတယ်ခင်ဗျ၊ ဒီလုပ်ဇာတ်ကြီးကို မှတည်ပြီး ဆိုဗီယက်တို့အပေါ် စိတ်ဓာတ်စစ်ဆင်ရေး အကြီးအကျယ်



လုပ်နိုင်ခဲ့တာတွေ့ရပါတယ်။ ဒီလုပ်ဇာတ်လမ်းကြီးကိုလည်း ကမ္ဘာသူတမ္ဘာသား သန်းပေါင်းများစွာကိုပြသပြီး အမြင်သွေလွဲစေနိုင်ခဲ့တာတွေ့ရပါတယ်။

တစ်ကယ်တော့ အဏုမြူအဆိပ်တွေ ပျံ့လွင့်ခြင်းခံနေရတဲ့ ဥရောပသားတွေအပေါ်မှာ ဆိုဗီယက်အစိုးရရဲ့ ဒီကိစ္စထုတ်ပြန်ဖြေရှင်းချက်တွေကို စာနယ်ဇင်းသမားတွေက မှန်မှန်ကန်ကန် မတင်ပြသင့်ဘူးလားလို့ စဉ်းစားစရာရှိပါတယ်။

ဒါပေမဲ့ ခက်တာက ဒီလိုကိစ္စမျိုးမှာ ပြည်သူကိုအမှန်အတိုင်းတင်ပြနိုင်တဲ့ ပုဂ္ဂိုလ်တွေက အနောက်ဘက် ပြန်ကြားရေးလောကမှာ မရှိသလောက်ရှားပါးနေတဲ့ ကိစ္စပဲခင်ဗျ။ ဆိုလိုတာက ရှိသမျှကလောင်တွေဟာ ကိုလိုနီလက်သစ်ဝါဒီတို့ရဲ့ လက်ခုပ်ထဲကရေ ဖြစ်နေတယ်လို့ ဆိုလိုခြင်းပါ။

ချာနိုဘိုင်အဏုမြူ မတော်တဆမှုကြောင့် ပေါ်ပေါက်လာတဲ့ အဏုမြူရောင်ခြည် အဆိပ်သင့်မှုဟာ ဩစတေးလျတိုက်အထိရောက်လာကြောင်း သတင်းထုတ်ပြန်မှုတွေ ပေါ်လာတာနဲ့တစ်ပြိုင်နက် ကမ္ဘာ့လူထု အုတ်အော်သောင်းနင်း ဖြစ်လာတာတော့ပါပဲ။

အလားတူပဲ အခြားနည်းလမ်းပေါင်းစုံနဲ့ အမြတ်ထုတ်ဝါဒဖြန့်မှုကို ဆိုဗီယက်တို့က တုန့်ပြန်မှုတွေလည်း ပေါ်ပေါက်ခဲ့ပါတယ်။ ဒါပေမယ့် ကမ္ဘာ့လူထုရဲ့အမြင်မှာတော့ ပထမဆုံးရရှိလိုက်တဲ့ သတင်း

www.burmeseclassic.com

www.burmeseclassic.com



တွေက ဘဝင်ထဲမှာစွဲနေပြီမို့ နောက်ထပ်ဖြေရှင်းချက်တွေကို အလေး အနက်မရှိကြတော့ပါဘူး။

ဆိုဗီယက်ပြည်ထောင်စုရဲ့ဖြေရှင်း ဖော်ထုတ်ချက်တွေထဲမှာ **အနောက်အုပ်စုအစိုးရတွေက လွန်ခဲ့တဲ့ နှစ်ပေါင်း(၄၀)ခန့်ကာလ အတွင်းမှာ ဖုံးဖိထားခဲ့တဲ့ ရှုံကလီးယားမတော်တဆမှုပေါင်း(၁၀၀) ခန့် ရှိတာယ်ဆိုတဲ့အကြောင်း ရက်စွဲ၊ နေရာတွေနဲ့တကွ ထောက်လှမ်းဖော်ပြ ချက်တွေ ပါလာပါတယ်။**

အခုလို အနောက်အုပ်စုက ဆိုဗီယက်အဏုမြူ မတော်တဆ မှုကို လေပူဖောင်းမှုတ်ပြီး ဘီလူးရုပ်ဆွဲပြလိုက်ခြင်းကိစ္စမှာ နိုင်ငံရေး ရည်မှန်းချက်တွေ အများအပြားပါဝင်နေကြောင်း တွေ့ရပါတယ်လို့ ဆိုဗီယက်သတင်းစာများက ဖော်ပြကြပါတယ်။

ဒီနေရာမှာ ဘယ်နိုင်ငံကမှန်တယ်၊ မှားတယ်လို့ပုဂ္ဂလဓိဋ္ဌာန်နဲ့ မရှုမြင်ဘဲ၊ ဓမ္မဓိဋ္ဌာန်နဲ့ ဝါဒဖြန့်ချိရေးစစ်ပွဲရဲ့ပညာခန်းကိုသာ ကြည့် ကြဖို့ ပန်ကြားလိုပါတယ်ဗျာ။

အနောက်အုပ်စုရဲ့ ဝါဒဖြန့်မှုရည်မှန်းချက်တွေမှာ ဆိုဗီယက် ပြည်ထောင်စုရဲ့ နျူကလီးယားအတတ်ပညာကို ကမ္ဘာကယုံကြည်မှု မရှိရေး၊ ဆိုဗီယက်တွေကိုယ်တိုင် ကန့်ကွက်ရေး၊ ဆိုဗီယက်အစိုးရရဲ့ မူဝါဒကို ပြည်သူတွေယုံ ကြည်မှုကင်းမဲ့ရေး၊ ဖွံ့ဖြိုးရေးအတွက် ချမှတ် ထားတဲ့သိပ္ပံနဲ့ နည်းပညာတွေကို ယုံကြည်မှုကင်းမဲ့ပြီး အနောက်အုပ်စု



အပေါ် ပိုမိုမှီခိုလာရေး၊ ဆိုဗီယက်စီးပွားရေး အခြေခံယိုင်နဲ့သွားရေးနဲ့ နောက်ဆုံးမှာ ဖွံ့ဖြိုးမှုရဲ့အခြေခံဖြစ်တဲ့ စွမ်းအင်ပြဿနာကြောင့် အထွေ ထွေအရပ်ရပ် ချွတ်ခြုံကျရေးတို့အထိ ရည်မှန်းချက်ထားလာကြောင်း တွေ့ကြရပါတယ်။

[illegible]ကို ချုခင်းစေခြင်း

ဒါပေမယ့် ဒီကနေ့အချိန်ကာလမှာတော့ ဆိုဗီယက်ပြည်ထောင်စု အပေါ် ကမ္ဘာ့လူထုကြီးရဲ့ အမြင်သွေလွဲမှုတွေကို လျော့ကျသွားစေမယ့် ပြုပြင်ပြောင်းလဲမှုတွေ ဆိုဗီယက်ပြည်တွင်းမှာ ပြုလုပ်ခဲ့တာတွေရပါ တယ်။

ဆိုဗီယက်ပြည်ထောင်စုရဲ့ ပြည်ပဆက်ဆံရေး မူဝါဒတွေကို လည်း ပြုပြင်ပြောင်းလဲပစ်လိုက်တဲ့အတွက် ပြင်ပကမ္ဘာမှာဖြစ်ပေါ်နေ တဲ့ သံသယစိတ်တွေ ရုတ်တရက်ထိုးကျသွားတာ တွေ့ရပါမယ်။

ပြင်ပကမ္ဘာက သံသယတွေလျော့ကျနေမှုမှာ အမေရိကန် ပြည်ထောင်စုနဲ့ အနောက်အုပ်စုရဲ့ သဘောထားတွေပြောင်းလဲ လာမှုလည်း ပါဝင်နေပါတယ်။ ဆိုဗီယက်ပြည်ထောင်စုရဲ့ ပြုပြင် ပြောင်းလဲရေးလုပ်ရပ်တွေဟာ အပေါ်ယံမိတ်ကပ်ချယ်သတဲ့ သဘော မဟုတ်ဘဲ လက်တွေ့ပြောင်းလဲမှုလုပ်နေပြီဆိုတာ သူတို့လက်ခံ လာကြပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဆိုဗီယက်ပြည်ထောင်စုရဲ့ 'ပယ်ရီစတြွိုအိကာ' လို့ခေါ်တဲ့ (ဘက်စုံပြုပြင်ပြောင်းလဲရေး)နဲ့ 'ဂလပ်စ်နူး' လို့ခေါ်တဲ့ (ပွင့်လင်းမှု) ကျင့်သုံးလာတာတွေဟာ အနောက်အုပ်စုရဲ့ တလွဲသတင်းဖြန့်ဝေမှုတွေကို အမြစ်ကလှန်လိုက်ခြင်းပဲလို့ နိုင်ငံတကာလေ့လာသူများ (International Observers) ကသုံးသပ်ကြပါတယ်။

ဒီဆောင်ရွက်ချက်တွေဟာ ဆိုဗီယက်အပေါ် အကောင်းမမြင်နိုင်သူများ၊ အနောက်ဘက်က တစ်လွဲသတင်းထုတ်လွှင့်နေသူများ။ ဆိုဗီယက်ဆန့်ကျင်ရေးသမားများရဲ့ နှစ်ပေါင်းများစွာက ချိုးထားတဲ့ နိုင်ဖဲကိုတောင် ချခင်းနိုင်စေခဲ့တယ်လို့ ဆိုပါတယ်။

## ဂလပ်စ်နူးဖြင့် စိန်ခေါ်သလော

နောက်ဆုံးမှာ USIA အမေရိကန်ပြန်ကြားရေး အေဂျင်စီအဖွဲ့ကြီးရဲ့ ညွှန်ကြားရေးမှူးဖြစ်သူ ချားလ်စ်ဝစ် (Charles Wick) ကတောင်မှ ဂလပ်စ်နူးဆိုတဲ့ စကားလုံးလေးဟာ အမေရိကန်ပြည်ထောင်စုက ဆိုဗီယက် ပြည်ထောင်စုအပေါ် ကျင့်သုံးတဲ့ဝါဒဖြန့်ချိရေးနှောင်ကြိုးတွေကို တိကနဲနေအောင် ဖြတ်ဇာတာက်နိုင်တဲ့ ဓါးသွားပါပဲလို့ ဝန်ခံပြောဆိုခဲ့ပါတယ်။

ဒါတင်မကပါဘူး။ ဂလပ်စ်နူးဟာ အမေရိကန်လူထုဆက်ဆံရေးလုပ်ငန်းကြီးကိုတောင် အာခံလာတဲ့ **အန္တရာယ်စိန်ခေါ်မှု**



တစ်ရပ်ဖြစ်တယ်လို့သူ့ အမြင်ကို သုံးသပ်တင်ပြခဲ့ပါတယ်။

အလားတူပဲ ဆိုဗီယက်ပြည်တွင်းက စီးပွားရေးနဲ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေဟာ အမေရိကန်ပြည်ထောင်စုရဲ့ တစ်ချိန်က ဆိုဗီယက်အပေါ် သတင်းမှားတွေနဲ့ မှတ်တမ်းတင်ခဲ့မှုတွေအပေါ် ပြောင်းပြန်လှန်ပြီး အမေရိကန်ပြည်သူတွေရဲ့ သဘောထားအမြင်ကို ဆွဲယူသိမ်းသွင်းသွားမှာတောင် စိုးရိမ်နေရပြီလို့ သူကဆိုပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဆိုဗီယက်ပြည်ထောင်စုရဲ့အခုလိုပြုပြင်ပြောင်းလဲမှုတွေဟာ ဆိုရှယ်လစ်စီးပွားရေးစံနစ်ရဲ့ ညှိုးဖျင်းမှုကြောင့်ဖြစ်တယ်လို့ဆိုသူကဆို၊ အနောက်အုပ်စုရဲ့အရင်းရှင်စံနစ် ကုန်ထုတ်လုပ်မှုဆီကိုဒူးထောက် အညံ့ခံလိုက်တာပဲလို့ ပြောသူကပြော၊ အနောက်ဘက်လူထု ဆက်သွယ်ရေးလုပ်ငန်းများက ခြေမြန်လက်မြန်သတင်းတွေ၊ ဆောင်းပါးတွေနဲ့ လုပ်ချလိုက်တာလည်းတွေ့ကြရပြန်ပါတယ်။ ဒီနေရာမှာ နိုင်ငံရေးစနစ်ကို မကြည့်ဘဲ အမှောင့်လုပ်ငန်းသာကို သင်ခန်းစာယူဖို့လိုပါတယ်ခင်ဗျာ။

## သင်းကျောကွင်း

တကယ်တော့ အခုလိုတလွဲသတင်းတွေနဲ့ လှည့်စားတယ်ဆိုတဲ့ အတတ်ပညာဟာ လူတိုင်းကိုအချိန်တိုင်းမှာ ကောက်ကျစ်လှည့်ဖြားနိုင်ဖို့ ရတဲ့နည်းပညာရယ်လို့တော့ တရားသေသတ်မှတ်လို့မရပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



လှည့်စားလို့ရတယ်ဆိုတာတောင် လူတွေကိုယာယီအားဖြင့်သာအမှန်တရားနဲ့ကင်းကွာသွားအောင်လုပ်နိုင်ပြီး၊ တစ်သက်လုံးလှည့်စားနိုင်တာတော့မဟုတ်ပါဘူး။ သို့ပေမဲ့ ဒီလိုကောက်ကျစ်လှည့်ဖျားမှုတွေကို တွန်းလှန်နိုင်တဲ့နည်းကတော့နိုင်ငံငယ်လေးတွေက လူထုဆက်သွယ်ရေးတာဝန်ရှိပုဂ္ဂိုလ်တွေအနေနဲ့ အင်တိုက်အားတိုက်နဲ့ ထိရောက်တဲ့လက်တုံ့ပြန်မှုတွေလိုတာတော့ အမှန်ပါပဲ။

ဒါကြောင့် အနောက်ဘက်အင်အားကြီး နိုင်ငံများရဲ့ဝါဒဖြန့်ချိရေးလုပ်ရပ်တိုင်းမှာ အမြဲတမ်း **အတွေးအခေါ်ပိုင်းဆိုင်ရာ အဖျက်လုပ်ငန်းကျော့ကွင်း the snare of the ideological saboteurs** တွေပါနေတယ် ဆိုတာကတော့ ယုံမှားဖွယ်မရှိသတိပြုရမှာ ဖြစ်တယ်ခင်ဗျ။ပြောရမယ်ဆိုရင်တော့ အနောက်ဘက်က စာနယ်ဇင်းသမားအများစုအနေနဲ့ အမှန်တရားကို ပြောဖို့ ရေးဖို့ဟာ သူတို့အတွက်သိပ်ကိုခက်ခဲတဲ့ ကိစ္စကြီးဖြစ်နေပုံပေါ်ပါတယ်။

နေမဝင်ပြိုန်ကြားရေးအင်ပါယာကြီးထဲမှာ အမှန်တရားကိုမကြောက်မရွံ့၊ သတ္တိရှိရှိ၊ သစ္စာရှိရှိနဲ့ ရေးမယ့် သားမယ့် ထုတ်လွှင့်မယ့် သတင်းသမားများ နောင်အခါမှာ ရှာလို့တွေ့နိုင်ပါဦးမလားလို့တောင် စိုးရိမ်စရာဖြစ်နေပေါ့ဗျာ။

□ □ □

## နိုင်ငံရေးကိုလမ်းခင်းပေးမယ့် တလွဲသတင်း

'ကျွန်မတို့ဟာ အဝေးကနေပြီး သတင်းရယူနေရတာမို့လို့ သတင်းလေးတွေ မှားယွင်းသွားရတာကို ခွင့်လွှတ်ပါရှင်' လို့ ပြည်ပအသံလွှင့်ဌာနကြီးများက ချိုအေးကြည်မြတဲ့ အသံရှင်လေးတွေကို ပြောခိုင်းပြီး နှစ်သိမ့်တတ်ကြပါတယ်။

ဒါပေမယ့် နိုင်ငံငယ်လေးတွေက သတင်းလေ့လာနေသူတွေကတော့ တလွဲသတင်းလေးတွေ ထုတ်လွှင့်နေခြင်းဟာ နိုင်ငံရေးအတွက် လမ်းခင်းနေခြင်းပဲ **Misinformation paves the way for Politics** လို့ ကျယ်ကျယ်လောင်လောင် ပြန်အော်နေကြသံတွေ ကြားနေရတယ် ခင်ဗျ။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ပတ်သက်လို့ အနောက်ဘက် သတင်းပညာသင်တန်းတွေမှာကိုးကိုးတင်ပြီး သင်ပေးနေတဲ့ ဆောင်ပုဒ်လေးတစ်ခုကို သာဓကပြပါရစေ။

## စစ်ပွဲကြီးတင်ပို့လိုက်မယ်

အမေရိကန် သတင်းစာအင်ပါယာကြီးကို ပထမဆုံးထူထောင်ခဲ့သူ 'ဝီလီယံရှုးဒေါ့ဟတ်စ်' က ကျူးဘားနိုင်ငံမှာရှိတဲ့ သူ့ရဲ့သတင်းစာက သတင်းထောက်တစ်ဦးဆီကို ရိုက်လိုက်တဲ့ကြေးနန်းစာလေးတစ်စောင်ဖြစ်ပါတယ်။ မင်းကဓါတ်ပုံတွေသာ ပို့လိုက်ကွာ၊ ပြီးရင်ငါက စစ်ပွဲကြီးပို့ပေးလိုက်မယ် တဲ့။ သူ့စာသားကတော့ **You furnish the pictures and I 'll furnish the war** ဖြစ်ပါတယ်။

အဲဒီတုန်းက ရှုးဒေါ့ဖ်ဟတ်စ်ပေးပို့လိုက်တဲ့ ကြေးနန်းစာတိုလေးဟာ ဒီကနေ့ အမေရိကန်ပြန်ကြားရေး အင်ပါယာကြီးကို ထူထောင်နေသူသတင်းစာဆရာများအတွက် ပို့ချနေတဲ့ သင်ရိုးညွှန်းတမ်းစာအုပ်များရဲ့ မီးရှူးတန်ဆောင် ခေါင်းစည်းစာတမ်းလေး ဖြစ်နေပါပြီ။

ဘာကြောင့်လဲဆိုတော့ ပြီးခဲ့တဲ့ရာစုနှစ် အဆုံးပိုင်းကာလကမ္ဘာ့ကိုလိုနီနယ်ပယ်တွေ ပြန်လည်ခွဲယူမှု အထွတ်အထိပ် ရောက်ရှိချိန်မှာ အမေရိကန် သတင်းစာအင်ပါယာကြီး ထူထောင်မှုမှာ ရှုးဒေါ့ဖ်ဟတ်စ်ဟာ ပြောင်မြောက်လှတဲ့ ရှေ့ဆောင်ရှေ့ရွက် ပုဂ္ဂိုလ်ကြီးတစ်ဦး



ဖြစ်နေလို့ပါပဲခင်ဗျာ။ ပြီးတော့ သူကကျူးဘားနိုင်ငံကို သူ့ကတိအတိုင်း စစ်ပွဲကြီးတင်ပို့နိုင်ခဲ့သူ ဖြစ်လို့ပါပဲ။

အဲဒီတုန်းက ရှုးဒေါ့ဖ်ဟတ်စ်ရဲ့ သွန်သင်မှုကိုသူ့တပည့် ကျူးဘားမှာ ရောက်နေတဲ့သတင်းစာဆရာက အပြည့်အဝခံယူပြီး အမေရိကန်စစ်သင်္ဘောကြီးတစ်စင်း ပေါက်ကွဲသွားပုံကို သရုပ်ဖော်လီဆယ်ထားတဲ့ဓါတ်ပုံတွေ၊ ရုပ်ပုံတွေအများကြီး သတင်းစာထဲ ထည့်ပေးလိုက်ပါတယ်။

အဲဒီမှာတင် ရှုးဒေါ့ဖ်ဟတ်စ်ဟာ အမေရိကန်အစိုးရ အာဏာပိုင်တွေနဲ့ပူးပေါင်းပြီး သူ့ကတိအတိုင်း စစ်ပွဲကြီးတင်ပို့ပေးလိုက်ပါတော့တယ်။

ဒါနဲ့ ၁၈၉၈ ခုနှစ်မှာအမေရိကန်က ကျူးဘားကိုသိမ်းပိုက်တဲ့ သမိုင်းတွင်သော စစ်ပွဲကြီး ပေါ်ထွက်ခဲ့ပါလေရော။ ကျူးဘားသမိုင်းမှာ မမေ့နိုင်စရာပေါ့။

သူတို့ရဲ့ ပညာခန်းတွေကတော့ ရှာဖွေလေတွေ့ရှိလေပါပဲခင်ဗျာ။

ကျူးဘား-အမေရိကန်သမိုင်းမှာ မမေ့နိုင်စရာ ဖြစ်ကျန်ရစ်ခဲ့တဲ့ သတင်းပညာရှင် ရှုးဒေါ့ဖ်ဟတ်စ်ရဲ့ နည်းစနစ်တွေကို နိစ္စဓူဝလက်တွေ့ဆောင်ရွက်နေသူတွေထဲမှာ အနောက်ဘက်အစိုးရများရဲ့ ဝါဒဖြန့်ချိရေးဌာနကြီးများသာမကဘဲ ပုဂ္ဂလိကလူထုဆက်သွယ်ရေး လုပ်ငန်းဌာနများလည်း ပါဝင်နေတာ တွေ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ကျူးဘားစစ်ပွဲ ဖော်မြူလာအတိုင်း

ဟတ်စ်ရဲ့ ကျူးဘားစစ်ပွဲဖော်မြူလာအတိုင်း ဆောင်ရွက်မှုတွေထဲမှာ အထင်ရှားဆုံးခေတ်သစ်စစ်ပွဲကြီး တင်ပို့နိုင်ခဲ့တဲ့ဖြစ်ရပ်ကတော့ တုံကင်ပင်လယ်ကွေ့အရေးအခင်း ခေါ်တဲ့ပုံတွေကနေတဆင့် ဗီယက်နမ်စစ်ပွဲကြီး တင်ပို့နိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်။

တုံကင်ပင်လယ်ကွေ့ဒေသမှာ အင်အားကြီးမားလှတဲ့ အမေရိကန်နိုင်ငံရဲ့ စစ်ဘက်ပို့ဆောင်ရေး သင်္ဘောကြီးများ သွားလာနေတာကို မြောက်ဗီယက်နမ်က လက်နက်တင် စက်တပ်လှေကလေးတွေက ရန်စကျူးကျော် ပစ်ခတ်ပါတယ်ဆိုတဲ့ သတင်းတစ်ခုကြောင့်ပဲဖြစ်တယ် ခင်ဗျ။

အဲဒီသတင်းကို ကြိုတင်စီစဉ်ထားတဲ့အတိုင်း မဆလာတွေ အရောင်တင်မှုန့်တွေရောပြီး စနစ်တကျချက်ပြုတ်လို့ ကမ္ဘာကိုတင်ပို့လိုက်တဲ့အခါ ကမ္ဘာကမျက်စိလည်ပြီး မြိန်ရေယှက်ရေ သင့်တော်ပါပေတယ် လို့ ခေါင်းညိတ်လိုက်ကြရတဲ့ အမေရိကန်ရဲ့ ဗီယက်နမ်ကျူးကျော်စစ်ဟင်းလေးအိုးကြီး ဖြစ်လာပါလေရောတဲ့ခင်ဗျာ။

အလားတူပဲ ပါရှင်းပင်လယ်ကွေ့ဒေသမှာ ရုတ်တရက်ဖြစ်ပေါ်လာတာလို့ အများအမြင်မှာ ထင်မြင်လာစေတဲ့ အမေရိကန်စစ်ရေးပေါက်ကွဲမှုကြီးတစ်ခု ဖြစ်ခဲ့ပါသေးတယ်။

ဒါနဲ့ပတ်သက်လို့ အာဖရစ်-အာဆီ (Afrique-Asie) ဂျာနယ်



ကြီးက သုံးသပ်ရာမှာတော့ ကောက်ကျစ်စဉ်းလဲပြီး လိမ်ညာထားသည့်သတင်းများကို ဖြန့်ကျက်လိုက်ပြီး ထိုသတင်းများအပေါ်မှာ အမေရိကန်အစိုးရအဖွဲ့က အဆုံးအဖြတ် ပေးလိုက်သည့်အခါတွင် နိုင်ငံငယ်တစ်ခုသည် အမေရိကန်စစ်ယန္တယားကြီး၏ ပစ်မှတ်ဖြစ်သွားခဲ့ရပါတော့သည်။

ထိုကဲ့သို့ နှုပ်ကြောင်းပေးထားသည့် သတင်းများ၏ အန္တိမရည်မှန်းချက်ဖြစ်သော ပစ်မှတ်နိုင်ငံကား ၁၉၈၆ခုနှစ်က အမေရိကန်နှင့်အပေါင်းပါ လေယာဉ်များအကြီးအကျယ် ချေမှုန်းပစ်လိုက်ကြသည့်လစ်ဗျားနိုင်ငံပင် ဖြစ်ပေတော့သည် လို့တင်ပြခဲ့တာကို တွေ့ရပါတယ်ခင်ဗျာ။

အဲသလိုပဲ လွတ်မြောက်ခါစ နိုင်ငံငယ်လေးတွေရဲ့ အမျိုးသားရေးလှုပ်ရှားမှုတွေကို နှိပ်ကွပ်ချင်တဲ့အခါ ဟတ်စ်ရဲ့သတင်းတင်ပြနည်းကို အသုံးပြုလေ့ရှိပါတယ်။

## နယ်ချဲ့ဝါဒ ပုပ်ကြီးထဲကပဲတွေ

အချုပ်အားဖြင့်ဆိုရရင် အနောက်အုပ်စုရဲ့ဝါဒဖြန့် ယန္တယားကြီးဟာ နယ်ချဲ့ဝါဒဆိုတဲ့ပုပ်ကြီးထဲကပဲတွေ (Western Propaganda is in the van of Imperialist policy) ပါပဲလို့ နိုင်ငံငယ်များရဲ့တင်ပြချက်တွေကို ကျယ်ကျယ်လောင်လောင် ကြားနေရပါပြီ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ မဟာဗျူဟာမြောက် စစ်ရေး နိုင်ငံရေး ရည်မှန်းချက်များအတွက် သတင်းမှားလေးတွေထုတ်လွှင့်ပြီး နှပ်ကြောင်းပေးတတ်သလို တစ်ခါတစ်ရံမှာတော့ နည်းဗျူဟာမြောက် ရည်မှန်းချက်ကလေးတွေအတွက်လည်း သတင်းမှားလေးတွေကို တမင်တကာ မှားယွင်းဖြန့်ချိတတ် ပြန်ပါသေးတယ်။

ပုံစံပြရမယ်ဆိုရင် သိပ်မကြာသေးတဲ့နှစ်တွေတုန်းက ပါကစ္စတန်အစိုးရ (ဇီယာအူလ်ဟတ်လက်ထက်)ကို အမေရိကန်လုပ်အက်ဖ်-၁၆ နောက်ဆုံးပေါ် ပိုးကြိုတိုက်လေယာဉ်တွေထောက်ပံ့ခဲ့စဉ်တုန်းက ဖြစ်ရပ်ဖါခင်ဗျာ။

၁၉၈၇ခုနှစ် မေလအတွင်းက ပါကစ္စတန်လေတပ်မတော်ရဲ့ အက်ဖ်-၁၆ပိုးကြိုတိုက်လေယာဉ်တစ်စီး ပျက်ကျခဲ့ပါတယ်။ချက်ခြင်းဆိုသလိုပဲ အနောက်ဘက်စာနယ်ဇင်းများက ခြေမြန်လက်မြန်သတင်းမှားလေးတွေ ထုတ်လုပ်လိုက်တယ် ခင်ဗျ။

အာဖဂန်နစ္စတန် နယ်စပ်မှာဖြစ်တာမို့လို့ **အာဖဂန်နစ္စတန် အစိုးရတပ်တွေက ဆိုဗီယက်လုပ်နောက်ဆုံးပေါ် ဒုံးကျည်နဲ့ပစ်ချ** လိုက်တာ ပါတဲ့။ ပါကစ္စတန်မှာရှိတဲ့ **အမေရိကန်လုပ်နောက်ဆုံးပေါ် အက်ဖ်-၁၆ လေယာဉ်တွေကိုကာကွယ်ဖို့ လေကြောင်းကြိုတင်သတိပေးစနစ်တပ်ဆင်ထားတဲ့ အေဝက်စ် (Awacs) လေယာဉ်ကြီးတွေလို နေမြဲတဲ့** စတဲ့သတင်းတွေပဲ ဖြစ်ပါတယ်။



ဒီသတင်းတွေ ကမ္ဘာတစ်လွှား ဖြန့်ဖြူးလိုက်တာနဲ့ တစ်ပြိုင်နက် အမေရိကန်ကွန်ကရက်လွှတ်တော်က ပါကစ္စတန်ကို အေဝက်စ် လေယာဉ်ကြီးရောင်းချဖို့ကိစ္စ၊ အက်ဖ်-၁၆ လေယာဉ်တွေအင်အားဖြည့်တင်းပေးဖို့ကိစ္စတွေ သဘောတူဆုံးဖြတ်ပေးလိုက်တာ တွေ့ကြရပြန်ပါတယ်။

အချို့သတင်းစာဆရာကြီးများကတော့ ဒီလိုပါကစ္စတန်ရဲ့ အက်ဖ်-၁၆လေယာဉ်ကိစ္စတွေ ဟိုးလေးတကျော် သတင်းလွှင့်လိုက်ခြင်း ကိစ္စဟာ ပါကစ္စတန်မှာ လူတိုင်းပါးစပ်ဖျား ရေပန်းစားအောင် ကြော်ငြာထားတဲ့ အက်ဖ်-၁၆ ကြော်ငြာတွေကို အချိန်ကိုက်ပံ့ပိုးပေးလိုက်တာ ဖြစ်လိမ့်မယ်လို့လည်း သုံးသပ်ကြပြန်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ပါကစ္စတန်ကို အက်ဖ်-၁၆ လေယာဉ်တွေစတင်ပေးဖို့ စီစဉ်နေတဲ့အချိန်မှာ ပါကစ္စတန်လူထုဟာ အနောက်ဘက်ကို သဘောထားယိမ်းယိုင်လိုက်ပါရေးနဲ့ အရှေ့အလယ်ပိုင်းဒေသက မွတ်စလင်အခြေခံဝါဒီများနဲ့ သဘောထား ကွဲပြားလာစေရေးအတွက် အမေရိကန်တို့က အက်ဖ်-၁၆ လေယာဉ်ကြော်ငြာလုပ်ငန်းကို ငွေကုန်ကြေးကျခံပြီး ဆောင်ရွက်ခဲ့တယ်လို့ အိန္ဒိယသတင်းစာဆရာကြီးတွေက ထောက်ပြကြပါတယ်။ အဲဒီတုန်းက အစ္စလမ်မာဘာဒ်နဲ့ ကရာချိမြို့တွေက **ကဖေးဆိုင်တွေကိုတောင် အက်ဖ်-၁၆ လို့ဆိုင်အမည်တွေပြောင်းကုန်ပါသတဲ့**။ လာဟိုး နဲ့ကီတာ Quetta မြို့ကြီးတွေမှာတော့

www.burmeseclassic.com

www.burmeseclassic.com



အက်ဖ်-၁၆ တံဆိပ်ပုံပါတဲ့ တီရှပ်တွေကို တစ်ပြိုင်တည်းရိုက်နှိပ် ဖြန့်ချိပါသတဲ့။ ပက်ရှဝါမြို့တော်မှာလည်း ဘတ်စ်ကားတွေနဲ့ ကိုယ်ပိုင်ကားတွေမှာ ကားကိုယ်ထည်အနှံ့ အက်ဖ်-၁၆ လေယာဉ်ပုံတွေကို ခေတ်စားအောင်တပ်ဆင်ကြပါသတဲ့။

ဒါပေမယ့် နောက်ပိုင်းမှာတော့ ပါကစ္စတန် အက်ဖ်-၁၆ လေယာဉ်ပျက်ကျမှုကြီးဟာ အမှန်အတိုင်းပေါ်ပေါက်လာပါတော့တယ်။

ဖုံးမရ ဖိမရဖြစ်ရပ်မှန်သတင်းကို အနီးပတ်ဝန်းကျင်နိုင်ငံတွေက သတင်းစာဆရာတွေက ဖော်ထုတ်လာကြတဲ့အခါ အမေရိကန်အစိုးရရဲ့ တရားဝင်ပြောခွင့်ရပုဂ္ဂိုလ်က ယူပီအိုင်သတင်းဌာနကို ဖြစ်ရပ်မှန်ဝန်ခံ ပြောကြားခဲ့ပါတယ်။ **အမှန်အားဖြင့် ပါကစ္စတန် အက်ဖ်-၁၆ ဗုံးကြဲတိုက်လေယာဉ် နှစ်စီးပျံသန်းပြီး စစ်ရေးလေ့ကျင့်စဉ်မှာ တစ်စီးက** လေယာဉ်ချင်းပစ်တဲ့ ဒုံးပျံတစ်စင်းပစ်လွှတ်ခဲ့ပါတယ်။ နောက်တစ်စီးက ဒုံးသွားလမ်းကြောင်းထဲ မှားယွင်းဖြတ်သန်းဝင်ရောက်မိစဉ် ထိမှန်ပျက်ကျခဲ့တာပါ၊ တကယ်တော့ ပျက်သွားခဲ့တဲ့ လေယာဉ်က လေသူရဲရဲ့ အမှားပါလို့ ဝန်ခံပြောကြားလိုက်ရပါသတဲ့ခင်ဗျာ။

## ကြော်ငြာနိုင်ငံရေး

အနောက်အုပ်စုရဲ့ အစိုးရအဖွဲ့တွေဟာ ကမ္ဘာ့လူသားထုကြီးကို အတွေးအမြင်ပိုင်းဆိုင်ရာ သိမ်းသွင်းမှုနဲ့ နိုင်ငံရေးပိုင်းဆိုင်ရာ လွှမ်းမိုးမှု



ရယူတဲ့အခါ ဝါဒဖြန့်ချိရေးဌာနကြီးတွေကိုသာ အသုံးပြုခဲ့ကြတာမဟုတ်ဘဲ လူထုအတွင်းကဖြစ်နိုင်တဲ့လုပ်နည်း လုပ်ဟန်အားလုံးကိုပါအသုံးချတာတွေ့ရပါတယ်။ ပြောရမယ်ဆိုရင်တော့ ဒီလုပ်ငန်းတွေအတွက် အဓိကအသုံး ပြုနေကြတဲ့နည်းစနစ်ကတော့ လူထုရဲ့နိစ္စဓူဝအနီးစပ်ဆုံးရင်းနှီးမှုရှိနေတဲ့ ကြော်ငြာနည်းပဲခင်ဗျ။

တကယ်တော့ ကြော်ငြာဆိုတာလည်း ဝါဒဖြန့်ချိမှုတစ်မျိုး ပါပဲ။ ဒါကြောင့် အင်အားကြီးနိုင်ငံများဟာ ကမ္ဘာ့အကြီးမားဆုံးလုပ်ငန်းရှင်ကြီးများထံကနေ ငွေအင်အားအလုံးအရင်းနဲ့ အထောက်အကူရယူနေပြီး ကြော်ငြာလုပ်ငန်းကို ဦးစားပေးလုပ်နေတာ တွေ့ရပါတယ်။

အမေရိကန်နိုင်ငံကို နမူနာကြည့်ရင်ပဲ တစ်နှစ်၊ တစ်နှစ်ကို ပျမ်းမျှကြော်ငြာစရိတ်ငွေ ဒေါ်လာသန်းပေါင်း (၈၀၀၀၀) လောက် အသုံးပြုနေကြပါတယ်။

ဒါကြောင့် အနောက်အုပ်စု အစိုးရတွေဟာ ကမ္ဘာ့လူထုကြီးကို အတွေးအမြင်ဖြားယောင်း သိမ်းသွင်းရာမှာ ကြော်ငြာကိုဘယ်လောက်အားထားတယ်ဆိုတာ ပေါ်လွင်နေပါတယ်။

အထူးသဖြင့် လူထုဆက်သွယ်ရေးလုပ်ငန်းတွေမှာ ငွေကြေးအင်အားနည်းပါးလှတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေက လူထုအပေါ်မှာ နိုင်ငံကြီးများရဲ့ ကြော်ငြာလက်နက်ဟာ ဘယ်လောက်ထိချက်ကောင်းနေသလဲဆိုတာ တွေ့ရမှာဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အစားထိုးယဉ်ကျေးမှုအတွက် ကြော်ငြာ

နိုင်ငံရေးအတွက် အသုံးပြုမှုကို အသာဘေးချိတ်ထားလို့ရသေးတယ်ပဲထားပါဦး။ သူတို့ဖြန့်ချိလိုက်တဲ့ ကြော်ငြာတွေဟာ နိုင်ငံရေးနဲ့ဘာမှ မသက်ဆိုင်ဘူးဆိုတာတောင် အနောက်ဘက်နဲ့မတူတဲ့ အရှေ့ဘက်ဒေသက အမျိုးသားယဉ်ကျေးမှုတွေကို ပြေးညီးဖြည်းလက်စတုန်းစေအောင်နဲ့ အရှေ့ဘက်ဒေသကလူတွေကို အနောက်ဘက် ယဉ်ကျေးမှုလက်ခံလာစေရေးအတွက် ထိရောက်တဲ့လက်နက်တွေ ဖြစ်နေတာ ရှေ့မြင်နေကြရပါတယ်။

ဒါ့အပြင် အခုလိုယဉ်ကျေးမှုတွေ ကန်းသွားစေတဲ့ **အနောက်ဘက်၊** **ကြော်ငြာမှုတွေဟာ** ထိုးဖောက်လာစဉ်မှာ ဥပဒေကြောင်းအရ စွပ်စွဲနိုင်လောက်အောင် သိသာမြင်သာတဲ့အကြောင်း အရာတွေမဟုတ်**ပါဘူး။**

**တစ်စုံတစ်ခုသော အတိုင်းအတာအထိ ယဉ်ကျေးမှုတွေ ပျက်သုဉ်းသွားစေပြီး လက်လွန်မှသာသိရတဲ့ကိစ္စမျိုးလည်း ဖြစ်နေပြန်ပါတယ်။**

ဒါကြောင့် အနောက်ဘက်က ယဉ်ကျေးမှုတွေ တစိမ့်စိမ့်ထိုးဖောက်ဝင်ရောက်နေမှုဟာ အမျိုးသားရေးတာဝန်ကြီးအဖြစ် ရှုမြင်ရမယ့် အလေးအနက်ထားရမယ့် အန္တရာယ်ကြီးသာ ဖြစ်ပါတယ်လို့ နိုင်ငံငယ်များက အမျိုးသားရေးဝါဒီများက မီးမောင်းထိုးပြနေကြပါပြီခင်ဗျာ။



ကမ္ဘာနဲ့အဝန်းမှာ အနောက်ဘက်ယဉ်ကျေးမှုတွေ ပျံ့နှံ့စိမ့်ဝင်လာတာနဲ့အမျှ နိုင်ငံတိုင်းရဲ့စစ်မှန်သော အမျိုးသားယဉ်ကျေးမှုတွေအတွက် ရတက်မအေးစရာ ဖြစ်လာရပါတယ်။

ပိုဆိုးတာကဒီလို ထိုးဖောက်မှုမျိုးကို ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေဟာ အင်အားကြီးမားတဲ့ အဖွဲ့အစည်းတွေ ဖြစ်နေခြင်းပါပဲ။

ဥပမာအားဖြင့် ဒီလိုအနောက်ဘက်ယဉ်ကျေးမှု ကြော်ငြာတွေနဲ့ထိုးဖောက်နေတဲ့ ကမ္ဘာ့ကော်ပိုရေးရှင်းကြီးတွေနဲ့ လက်ခွဲဌာနကြီးတွေဟာ အိန္ဒိယတစ်နိုင်ငံထဲမှာကိုပဲ တစ်နှစ်ကိုဒေါ်လာသန်း(၅၀၀)ကျော် သုံးစွဲနေပါတယ်လို့ သုတေသီတွေကတွက်ပြထားကြပါတယ်။

အဲဒီကြော်ငြာနဲ့ ဝါဒဖြန့်ချိမှုတွေဟာ မူလကအနောက်တိုင်းလိုလားသူ အိန္ဒိယနိုင်ငံသား မျက်နှာကြီး အသိုက်အဝန်းထဲက စတင်ထိုးဖောက်လာတာမှန်ပေမယ့် အခုတော့နိုင်ငံသား လူအများစုထဲကိုပါ ထိုးဖောက်လာနေတာတွေ့ရပါတယ်တဲ့။

ဘယ်လောက်အထိအတင့်ရဲ နေလဲဆိုရင် အိန္ဒိယရုပ်သံအစီအစဉ်တွေမှာ အလုပ်သမားတွေရဲ့ ကြမ်းတမ်းတဲ့ ဘဝသရုပ်ဖော်ဇာတ်လမ်းမျိုးပြသနေတာတောင်မှ ကြားဖြတ်ပြီး "ကိုကာကိုလာ" ယဉ်ကျေးမှုကြော်ငြာသွတ်သွင်းတဲ့ အထိပါပဲတဲ့။

www.burmeseclassic.com

www.burmeseclassic.com



## ကြော်ငြာစာပေ

နောက်တစ်ခုက အနောက်တိုင်းစာပေတွေဟာ အနောက်တိုင်းယဉ်ကျေးမှုတွေကို သယ်ယူလာနေတဲ့ ကြော်ငြာသဖွယ် ဖြစ်နေခြင်းပါပဲ။

ပုံစံပြရရင် အမေရိကန်ဂျာနယ်တစ်ခုဖြစ်တဲ့ ရီးဒါးဒိုင်ဂျက်ဂျာနယ်ကို အာရှနိုင်ငံများအတွက် အာရှမှာ ပူးယူပုံနှိပ်ဖြန့်ဝေနေတာလစဉ်အုပ်ရေသိန်းပေါင်းများစွာ ရှိနေခြင်းပါပဲ။

အလားတူပဲ တိုင်းမ် မဂ္ဂဇင်း၊ နယူးစ်ဝိခ်နဲ့ ဖေါ်ကျွန်းမဂ္ဂဇင်းတွေ ဝေါလ်စတြီဂျာနယ်နဲ့ အင်တာနေရှင်နယ် ဟာရဲလ်ထရီဗြွန်းသတင်းစာတွေဟာ အရှေ့ယဉ်ကျေးမှုနယ်ပယ်ထဲကို အကြီးအကျယ်ထိုးဖောက်နေရုံမက လျှော့စျေးနဲ့ပါသွင်းနေတဲ့ စာပေကြော်ငြာတွေလည်း ဖြစ်နေပါတယ်။

အဲဒီစာပေကြော်ငြာတွေကနေ အမေရိကန် လူနေမှုစနစ်ထဲက လူဆိုးဂိုဏ်းပုံစံတွေ အနောက်ဘက် လူနေမှုဓလေ့တွေ သွတ်သွင်းပြီး အရှေ့ဘက်ယဉ်ကျေးမှု နယ်ပယ်ထဲမှာ လူငယ်တွေကို အမေရိကန်ယဉ်ကျေးမှုကိုလိုလားတဲ့ ဖောက်သည်တွေဖြစ်အောင် ဖန်တီးနေတယ်လို့ဆိုကြပါတယ်။

အထူးသဖြင့် အာရှတိုက်က စာအုပ်ဆိုင်တွေထဲမှာ မက်ဂရော-ဟီးလ်စာပေတိုက်နဲ့ သူ့ရဲ့လက်ခွဲ စာအုပ်တိုက်တွေရဲ့ အနောက်တိုင်းကြော်ငြာစာပေတွေဟာ ပြည့်နှက်လို့နေပါတယ်လို့လည်း ထောက်ပြကြပါတယ်။



## ဟောလီဝုဒ်ရဲ့အမွေတွေ

ရုပ်ရှင်နဲ့ သွတ်သွင်းတဲ့ ကြော်ငြာလုပ်ငန်းမှာ နာမည်ကြီးတာကတော့ ဟောလီးဝုဒ်ပဲခင်ဗျာ။ ဟောလီးဝုဒ်ရုပ်ရှင်တွေက ဖြန့်ချိနေတဲ့အကြောင်းအရာတွေကတော့ ဖွံ့ဖြိုးစနိုင်ငံတွေကအားထားရမယ့်လူငယ်တွေကို စိတ်ဓါတ်ရေးရာ ပျက်ပြားစေခြင်းနဲ့ အကြမ်းဖက်မှု၊ ရက်စက်မှု၊ လိင်မှုရေးရာတွေကို ကိုးကွယ်အားထားလိုစိတ်တွေကိန်းဝပ်လာစေခြင်းပါပဲ။

အခုနောက်ပိုင်းဟောလီးဝုဒ်ရုပ်ရှင်ရဲ့ အမွေကိုဆက်ခံနေတာကတော့ ဗြိုလ်တုကလာတဲ့ ရုပ်ရှင်ဇာတ်လမ်းတွေနဲ့ ဗွီဒီယိုကားထုပ်တွေပဲဖြစ်ပါတယ်။ ဒါတွေကို အတုယူပြီး ပညာနည်းပါးသူများကထုတ်ဝေနေတဲ့ ဒေသန္တရပြည်တွင်းစာအုပ်စာပေ ရုပ်ရှင်ဇာတ်လမ်းတွေကလည်း ဒုနဲ့ဒေး ရှိနေကြပြန်ပါတယ်။ အခုလို အနောက်တိုင်းယဉ်ကျေးမှုတွေကို လက်ခံဖြန့်ဝေနေတဲ့အသိုက်အဝန်းကတော့ နိုင်ငံငယ်များက မျက်နှာကြီးအသိုက်အဝန်းနဲ့ ဂိတရုပ်ရှင်နယ်သားတွေဖြစ်နေတတ်ပြီး သူတို့ကိုနမူနာယူနေတဲ့ ပြည်တွင်းလူထု၊ လူတန်းစားအသီးသီးထံကို နေ့စဉ်နဲ့အမျှ ယဉ်ကျေးမှုအသစ်တွေ

www.burmeseclassic.com



ဆင့်ပွားသွတ်သွင်းပေးနေတာ တွေ့ကြရမှာပါ။ အခုလိုသွတ်သွင်းလာတဲ့ကြော်ငြာတွေကြောင့် ဒေသအတွင်းမှာရှိတဲ့ ဒေသန္တရလူမှုရေးဓလေ့ ထုံးစံတွေနဲ့ အမျိုးသားအစဉ်အလာတွေ (National traditions) ကို တိုက်ရိုက်ထိခိုက်စေတဲ့အပြင် အနောက်ဘက်အစဉ်အလာတွေကိုလည်း ဝင်ရောက်လာစေတာတွေ့ရပါတယ်။ တကယ်တော့ အဲဒီအနောက်ဘက် လူမှုဓလေ့ထုံးစံတွေထဲမှာ ဂုဏ်သိက္ခာအားဖြင့် သာမန်အဆင့်ထက် တန်ဘိုးများစွာနိမ့်ပေမယ့် လူပြိန်းကြိုက်မက်မောစရာပုံစံလေးတွေ ထည့်သွင်းထားတာကြောင့် ကူးစက်မှုလွယ်ကူနေကြောင်းတွေ့ရပါတယ်။

ဒါကြောင့်လည်း ဖွံ့ဖြိုးဆဲနိုင်ငံသားတွေရဲ့ ဘဝင်ထဲကို အရည်အသွေးအဆင့်အတန်းနိမ့်ကျပေမယ့် စွဲငြိစရာလေးတွေပါဝင်နေတဲ့ အဲဒီတိုင်းတာပါးယဉ်ကျေးမှုဓလေ့တွေ ဝင်ရောက်တွယ်ကပ်နိုင်ကြခြင်းပါပဲ။

အခုလိုဖုံးကွယ်ထားတဲ့ အနောက်ဘက်ယဉ်ကျေးမှုတွေ ပါဝင်နေတဲ့ ကြော်ငြာတွေကို အနောက်ဘက် စာနယ်ဇင်းတွေကကြော်ငြာထည့်ပြလိုက်တာနဲ့ နိုင်ငံငယ်တွေက အမျိုးသားသတင်းစာတွေ (National Newspaper) နဲ့ မဂ္ဂဇင်းတွေက အနောက်ဘက်ပုံစံ အဝတ်အစားတွေ၊ တေးဂီတတွေ၊ အဆိုအကတွေကို လိုက်ပါဝါဒ ဖြန့်ပေးနေကြပါတယ်။



တစ်ချိန်တည်းမှာပဲ ကိုယ့်နိုင်ငံကိုယ့်ဒေသရဲ့ ရှေးအကျဆုံးယဉ်ကျေးမှု အမွေအနှစ်တွေကို တဖြည်းဖြည်း စွန့်ပယ်မိလျက်သားဖြစ်နေကြတာတွေ့ရပါတယ်။ အခြားတစ်ဘက်မှာတော့ နိစ္စဓူဝစားသောက်နေတဲ့ ရိုးရာဓလေ့ အစားအစာတွေရဲ့နေရာမှာ အနောက်တိုင်းအစားအစာပုံစံ ထုတ်လုပ်မှုတွေနဲ့ စည်သွပ်အစားအစာတွေကပုံစံပြောင်းပြီးနေရာဝင် ယူလာတာတွေ့ရပါလိမ့်မယ်ခင်ဗျာ။ ဒါဟာဖွံ့ဖြိုးဆဲနိုင်ငံငယ်လေး တွေရဲ့ ကျေးလက်ဒေသတွေအထိ နေရာယူထိုးဖောက်နေကြပြီဖြစ်လို့ အစားအသောက် ဓလေ့ပုံစံတွေပါ ပြောင်းလဲလာပြီဆိုတဲ့ သဘောကို ပြသလို့နေပါတယ်။

ဘာပဲဖြစ်ဖြစ် ဒေသတစ်ခုရဲ့ အမျိုးသားယဉ်ကျေးမှု (National Culture)၊ အမျိုးသားဓလေ့စရိုက်နဲ့ အမျိုးသားစိတ်ဓါတ်ရေးရာ၊ (National Moral)၊ တန်ဖိုးတွေ (Values) ဟာဒေသတစ်ခုရဲ့ လွတ်လပ်စွာအချုပ်အနှောင်မဲ့တိုးတက်မှု (Independent Development) အတွက်အလွန် အရေးပါတဲ့ အခြေခံအနှစ်သာရတွေ ဖြစ်ကြောင်းကို အမျိုးသားရေးဝါဒီ လူမှုဆက်ဆံရေး စိတ်ပညာရှင်တွေနဲ့ အမျိုးသားရေးဝါဒီ လူမှုရေးသိပ္ပံပညာရှင်တွေ ကောင်းကောင်းကြီးသိထားတဲ့အချက်တွေပေါ့ခင်ဗျာ။

❐ ❐ ❐

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတိုင်းကအားပေးနေသော ဟောလီးဝုဒ်

ရုပ်ရှင်နဲ့ပတ်သက်လို့ မျှော်ကြည့်လိုက်ပြန်တော့လည်း စိတ်မသက်မသာဖြစ်ရပြန်ပါတယ်။ ရုပ်ရှင်ဟာ လူထုရဲ့ဟဒယနှလုံးကို သိမ်းကျုံးယူငင်နိုင်တဲ့ လူထုဆက်သွယ်ရေး ကိရိယာကြီးဖြစ်နေပြန်လေတော့ နိုင်ငံငယ်များက လူထုပရိသတ်ရဲ့စေတသိက်ကို သိမ်းပိုက်ရာမှာ ကမ္ဘာကြီးစိုးမိုးရေးဝါဒတို့အတွက် အရေးအပါဆုံး လက်နက်ကိရိယာကြီးဖြစ်နေရပြန်တာပေါ့။

လွန်ခဲ့တဲ့ အနှစ်၅၀လောက်ကစပြီး တစ်ချိန်ကလက်အောက်ခံ တိုလိုနီနိုင်ငံတွေဖြစ်ခဲ့ကြရတဲ့အာရှ အာဖရိကနိုင်ငံငယ်တွေဆီကို

www.burmeseclassic.com

www.burmeseclassic.com



အနောက်တိုင်းရုပ်ရှင်တွေအကြီးအကျယ်သွတ်သွင်းပြီးမှိုင်းတိုက်ခဲ့ကြတယ်လို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာတက္ကသိုလ်က ပါမောက္ခ မိုဟာမက်ဒိုင်အော့ပ် (Professor Muhamad Diop) ကပြောကြားခဲ့ဖူးပါတယ်။

## နိုင်ငံတိုင်းက အားပေးနေသော ဟောလီးဝုဒ်

ထင်ရှားတဲ့ အမေရိကန်ရုပ်ရှင်ထုတ်လုပ်ရေး အတိုင်ပင်ခံ ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သူ ဒါရိုင်းအက်ဖ်ဇနွတ် Darryl F. Zanuck က ကြွားလုံးထုတ်ရာမှာတော့-

**ဒီကနေ့အမေရိကန်ရုပ်ရှင်တွေကို ကမ္ဘာတစ်ဝန်းလုံးက စာမတတ်သူတွေရော၊ စာတတ်ပေတတ် ပညာရှင်တွေရော၊ အစိုးရအရာရှိကြီးတွေနဲ့ နိုင်ငံတိုင်းက လူထုသဘောထားကိုပုံသွင်းနေတဲ့ ပုဂ္ဂိုလ်ကြီးတွေကိုယ်တိုင်က ကြည့်ရှုအားပေးနေကြပါပြီ** လို့ မော်ကြွားပြောဆိုလိုက်ပါတယ်။

ဒီတော့ကာ အမေရိကန်ရုပ်ရှင်လုပ်ငန်းကြီးဟာ တစ်ကမ္ဘာလုံးကို ဘယ်လောက်လွှမ်းမိုးထားပြီလဲဆိုတာ အထူးသက်သေပြနေစရာလိုမယ် မထင်တော့ပါဘူး။

ကမ္ဘာ့ရုပ်ရှင်ထုတ်လုပ်မှု အဆင့်အတန်းကိုကြည့်ရင် အမေရိကန်နဲ့ ဗြိတိန်ပြီးရင် အိန္ဒိယနိုင်ငံဟာ တတိယလိုက်နိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ကျန်နိုင်ငံတွေဟာ ပြောရလောက်အောင် ရုပ်ရှင်ထုတ်လုပ်မှု



အဆင့်အတန်းရှိတဲ့ အနေအထားမှာမတွေ့ရပါဘူး။

ဒီတော့ကာ ရုပ်ရှင်ကို ကိုယ်တိုင်မထုတ်လုပ်နိုင်တဲ့ အာရှနဲ့ အာဖရိကနိုင်ငံလေးတွေအဖို့ ဘယ်အခြေအနေမှာရှိနေမလဲ စဉ်းစားကြည့်ပါခင်ဗျာ။ အဲဒီလိုနိုင်ငံတွေမှာ ဟောလီးဝုဒ်ရုပ်ရှင်တွေသာလွှမ်းမိုးနေပါတယ်လို့ ပြောကြားချက်များဟာ လွန်အံ့မထင်ပါ။

## ဟောလီးဝုဒ် နယ်ပယ်

ဘာပဲဖြစ်ဖြစ် ဟောလီးဝုဒ် ရုပ်ရှင်ထုတ်လုပ်သူများရဲ့ စာရင်းဇယားတွေကို လေ့လာကြည့်ရာက တွေ့ရတဲ့အချက်က၊ ဒီကနေ့ကမ္ဘာအဝန်းမှာ အခြားနိုင်ငံများက ဟောလီးဝုဒ်ရုပ်ရှင်တွေကို ကြည့်နေတဲ့ ပရိသတ်ဟာ ရက်သတ္တတစ်ပတ်ကို လူပေါင်း(၁၇၅)သန်းခန့်ရှိနေကြောင်းသိရပါတယ်။

အလားတူ Jeune Afrique ဂျာနယ်ကြီးရဲ့ သုတေသနပြုဖော်ပြချက်အရ သိရတာကတော့၊ အာဖရိကမှာပြနေတဲ့ ရုပ်ရှင်ပြသချိန်ပေါင်းရဲ့ (၆၀)ရာခိုင်နှုန်းဟာ၊ အမေရိကန်ရုပ်ရှင်တွေ ပြသတဲ့အချိန်တွေ ဖြစ်နေပါတယ်လို့ ဆိုထားပါတယ်။

ဒီလိုနဲ့ ကိုင်ရိုမြို့မှာမကြာသေးမီကထုတ်ဝေတဲ့ (အီဂျစ်လူမျိုးတွေအကြိုက်တွေ့နေတဲ့ အမေရိကန်ရုပ်ရှင်)လို့ အမည်ပေးထားတဲ့ စာအုပ်တစ်အုပ်မှာ ဖော်ပြထားချက်ဟာလည်း မှတ်သားစရာပါ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစာအုပ်ထဲမှာ၊ အီဂျစ်လူမျိုးများအပေါ် အမေရိကန်ရုပ်ရှင်ရဲ့ ဩဇာသက်ရောက်မှုဟာ အကြီးမားဆုံးဖြစ်နေတဲ့အတွက် အီဂျစ်လူမျိုးတိုင်းရဲ့ အတွေးအမြင် အားလုံးအပေါ်မှာ အမေရိကန်ယဉ်ကျေးမှုရဲ့ အငွေ့အသက်တွေ စိမ့်ဝင်ပျံ့နှံ့ လျက်ရှိနေပါပြီ။ ဒီဖြစ်ရပ်အခြေအနေအတိုင်း အခြားဖွံ့ဖြိုးဆဲနိုင်ငံ အများစုမှာလည်း ခံစားနေကြရတယ်လို့ ရေးသားဖော်ပြခဲ့ပါတယ်။

တကယ်တော့ ဟောလီးဝုဒ်ရုပ်ရှင်အများစုရဲ့ အသွင်သဏ္ဍာန်ကို ကြည့်လိုက်ရင် အညီအဟောက် ဇာတ်လမ်းတွေ၊ အပစ်အခတ် အသတ်အဖြတ်နဲ့ သွေးစွန်းတဲ့ဇာတ်လမ်းတွေ သူလျှိုဇာတ်လမ်းတွေ ဖြစ်နေကြတာတွေ့ရပါတယ်။

## တရားမဲ့လွတ်လပ်မှုနဲ့ မတရားတဲ့ရာဇဝတ်မှု

အခြားအနောက်ဘက် နိုင်ငံအများစုက ရုပ်ရှင်တွေဟာလည်း ဒီအတိုင်းဖြစ်နေတာ တွေ့ရပါတယ်။ တကယ်တော့ အဲဒီဇာတ်လမ်းတွေဟာအာရှ၊ အာဖရိက ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ အမျိုးသားယဉ်ကျေးမှုစရိုက်၊လက္ခဏာတွေနဲ့ ဘယ်လိုမှ သဟဇာတမဖြစ်ကြတဲ့ ဇာတ်လမ်းတွေဖြစ်နေတယ်ဆိုတာတွေ့ရပါလိမ့်မယ်။

တကယ်တော့ ဒီရုပ်ရှင်တွေဟာ အမေရိကန်လူနေမှုစရိုက်ရဲ့ဖြစ်ရပ်မှန် သွင်ပြင်လက္ခဏာတွေရဲ့ ပုံရိပ်တွေလို့လည်း ဆိုနိုင်ပါ



တယ်။ အမေရိကန်လူနေမှုဘဝဟာ တရားမဲ့လွတ်လပ်မှုနဲ့ မတရားတဲ့ရာဇဝတ်မှုတို့နဲ့ပြည့်နှက်နေတဲ့ လူနေမှုဘဝရယ်လို့ လူသိများလှပါတယ်။

ဒါကြောင့် ရာဇဝတ်မှုထူပြောတဲ့နေရာမှာ ကမ္ဘာပေါ်မှာ အမေရိကန်ကိုမှီတဲ့ ဒုတိယနိုင်ငံရယ်လို့ ရှိနိုင်မယ်မထင်ပါဘူး။ တကယ်တော့ အခုလိုဖြစ်နေရတာကိုက အမေရိကန်လူနေမှု ပတ်ဝန်းကျင်အတွက် ဝမ်းနည်းစရာအကောင်းဆုံးကိစ္စရပ်တစ်ခုပါ။

ဒီလိုမတရားမှုတွေ၊ ရာဇဝတ်မှုထူပြောမှုတွေ ပေါ်လာရတာဟာ အမေရိကန်လူနေမှုဘဝထဲမှာ မညီမျှခြင်းများနဲ့ အလုပ်လက်မဲ့ပေါများခြင်းတို့ကြောင့်ဖြစ်တယ်လို့ အခြေခံအားဖြင့်ဆိုရမှာဖြစ်ပေမယ့် ခုနက ရုပ်ရှင်ဇာတ်လမ်းမျိုးတွေကြောင့်လည်း အခြေအနေပိုဆိုးလာရတာဖြစ်တယ်လို့ ဆိုရပါလိမ့်မယ်။

## လူဆိုးဂိုဏ်း ရုပ်ရှင်နှစ်

အမေရိကန်ရုပ်ရှင်တွေရဲ့ အခြေအနေဆိုးရွားပုံဟာ တစ်ခါတလေ အံ့ဩဖို့တောင်ကောင်းလှပါတယ်။ ၁၉၇၉ ခုနှစ်တုန်းကမ္ဘာ့ကုလသမဂ္ဂကြီးက အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များနှစ်လို့ သတ်မှတ်ပြီး နိုင်ငံတကာနဲ့လက်တွဲလို့ ပညာပေးလှုံ့ဆော်မှုတွေပြုလုပ်နေစဉ်မှာပဲ၊ ဟောလီးဝုဒ် ရုပ်ရှင်မြို့တော်ကြီးက လူဆိုးဂိုဏ်း ရုပ်ရှင်နှစ်လို့ လူပြောများရလောက်အောင်၊ လူဆိုးဂိုဏ်းများအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ်ရုပ်ရှင်ရိုက်ထုတ် လိုက်တဲ့နှစ် ဖြစ်နေပါတယ်ခင်ဗျာ။ ဒီတော့ဘယ်လိုပြောရမလဲ။

တစ်ဘက်မှာ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်လုပ်တဲ့ ရုပ်ရှင်ကားအများစုကိုလည်း ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပြသလျက်ရှိပါတယ်။ အဲဒီရုပ်ရှင်တွေဟာလည်း ရုပ်ရှင်ကြည့်ပရိတ်သတ်အပေါ်မှာ သမိုင်းကို လိမ်လည်လှည့်ဖျားဖို့နဲ့၊ နယ်ချဲ့တို့အပေါ် နိုင်ငံငယ်ကလေးတွေက ပြည်သူတွေရဲ့ အမျိုးသားရေးနဲ့ လူမှုရေးဆန့်ကျင်လှုပ်ရှားမှုတွေကို နောက် မျိုးဆက်လူငယ်တွေ အတွေးအမြင်လွဲမှားစေဖို့ ရည်ရွယ်လုပ်ဆောင်နေတာ တွေ့ရပြန်ပါတယ်။

အမေရိကန်ကာကွယ်ရေးဌာနရဲ့ ရုပ်ရှင်ကားအများစုဟာ အမေရိကန်တို့ရဲ့ ခေတ်လွန်သစ်ဆန်းတဲ့ အစွမ်းထက်လက်နက်တွေကို ကြော်ငြာဖို့ဖြစ်ပြီး၊ ရုပ်ရှင်သူရဲကောင်း ဇာတ်ကောင်တွေအဖြစ်၊ ဗီယက်နမ်စစ်ပြန်တွေ၊ ကြေးစားလူသတ်သမားကြီးတွေကို သရုပ်ဖော်ပွဲထုတ်လေ့ ရှိပါတယ်။

## သမိုင်းကို ပြောင်းပြန်လှန်နေခြင်း

တကယ်တော့ ဒီရုပ်ရှင်ဇာတ်လမ်းတွေကိုလေ့လာရင် တစ်ချိန်က အမေရိကန်စစ်တပ်တွေ ကျူးကျော်မိခဲ့တဲ့ ဒေသတွေမှာ ဒီနေ့အထိ ပြောစမှတ်ပြုနေကြတုန်းဖြစ်တဲ့ ရက်စက်မှုမျိုးစုံအတွက် မကောင်း



သတင်းကျော်ကြားမှုတွေကို ဖုံးကွယ်ဖို့ဖြစ်ကြောင်း တွေ့ရပါလိမ့်မယ်။ တစ်ချိန်တည်းမှာပဲ ရုပ်ရှင်ထဲက အမေရိကန်ဇာတ်လိုက်တွေဟာ တစ်ချိန်က စစ်နိုင်သူအဖြစ်၊ မျိုးချစ်စစ်သည်များအဖြစ်ကျော်ကြားခဲ့တဲ့ ဗီယက်ကောင်းတွေကို ကြက်ကလေးတွေ၊ ငှက်ကလေးတွေသဖွယ် အနိုင်ယူသုတ်သင်သွားနိုင်တဲ့ သူရဲကောင်းဝါဒဇာတ်လမ်းမျိုးတွေ ဖြစ်နေကြောင်းတွေ့ရမှာပါ။

တစ်ချိန်က အမေရိကန်တို့ ဆင်နွှဲခဲ့တဲ့ ဗီယက်နမ်စစ်ပွဲအပေါ်မှာ အဲဒီတုန်းက ပကတိရှုမြင်သုံးသပ်ခဲ့တဲ့ ကမ္ဘာ့ပရိတ်သတ်ကြီးကို အခုအခါမှာ အတိတ်ကအတွေးအမြင်တွေ ပျက်ပြယ်သွားစေဖို့နဲ့၊ သမိုင်းကို နောက်မျိုးဆက်တွေ ပြောင်းပြန်ရှုမြင် သုံးသပ်လာစေဖို့ ဆောင်ရွက်နေတယ်၊ အမျိုးသားရေးဝါဒီတွေရဲ့ အဲဒီတုန်းကလုပ်ရပ်တွေကိုအမှောင့်လုပ်ငန်း ဝါဒဖြန့်ချိမှုနည်းလမ်းများနဲ့ ပြန်လည်နှိပ်ကွပ်ဖို့ ယခုအခါ ကြိုးပမ်းနေကြတယ်လို့ ဝေဖန်သံတွေလည်း ကြားနေရပါတယ်။

ရှင်းရှင်းပြောရရင် ဗီယက်နမ်စစ်နဲ့ ပတ်သက်လို့ ကမ္ဘာ့စာနယ်ဇင်းများရဲ့ တစ်ချိန်ကမှတ်တမ်းတင်မှုတွေကို ချေဖျက်နိုင်ဖို့နဲ့ စစ်ရှုံးသူများအဖြစ် အမေရိကန်ပြည်သူများက အသိအမှတ်ပြုနေခြင်းကိုချေဖျက်ပြီး၊ အမေရိကန်စစ်သည်များကို သူရဲကောင်းများအဖြစ်ပြန်လည်ရှုမြင်လာအောင် သရုပ်ဖော်လျက်ရှိတယ်လို့ လေ့လာသူများကဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ အမေရိကန်ရုပ်ရှင်၊ တီဗွီနဲ့ စာအုပ်တွေမှာ အဲသလိုဇာတ်လမ်းဆင် ဖုံးကွယ်နေကြပါတယ်တဲ့။

## မျိုးချစ်တွေကိုသုတ်သင်နေတဲ့ သူရဲကောင်း

နောက်တစ်ခုက ရမ်ဘိုလိုသူရဲကောင်းဝါဒကို အသားပေးပြီး အဲ့ဒီ ဇာတ်လိုက်သူရဲကောင်းတွေဟာ နိုင်ငံငယ်တွေက မျိုးချစ်ကာကွယ်ရေး စစ်သည်တွေ၊ ဗီယက်ကောင်းစစ်သည်တွေနဲ့ ရုရှားလူမျိုးတွေကို လိုက်လံသတ်ဖြတ်တဲ့၊ အမေရိကန်သူရဲကောင်း ဇာတ်လမ်းမျိုးတွေ ဖန်တီးထားပါတယ်။

အနှစ်ချုပ် သရုပ်ဖော်ထားပုံကတော့ အဲဒီမျိုးချစ်စစ်သည်ဆိုတဲ့ လူဆိုး၊ လူယုတ်တွေကိုနှိမ်နင်းပြီး အမေရိကန်တို့ရဲ့ ဒီမိုကရေစီစနစ်ကို သက်စွန့်ဆံဖျား ကာကွယ်ခဲ့ရလို့ ဇာတ်လိုက်သူရဲကောင်းကို အပြန်လမ်းမှာ အမိနိုင်ငံတော်က သူရဲကောင်းအဖြစ် ဂုဏ်ပြုခဲ့ကြလေဟန် သရုပ်ဖော်ချက်တွေပဲ ဖြစ်ပါတော့တယ်။

ထရီဗြွန်းသတင်းစာကြီး Tribune က ဆစ်ဗက်စတာ စတာယ်လုံးကို "နောက်ထပ်ရမ်ဘိုဇာတ်ကားတွေရိုက်တဲ့အခါ ပါဝင်သရုပ်ဆောင်ဦးမလား" လို့ မေးတဲ့အခါ၊ မင်းသားစတာယ်လုံးက "ပါဝင်သရုပ်ဆောင်ဦးမယ်၊ ဘာကြောင့်လည်းဆိုတော့ လက်တင်အမေရိကဒေသတွေမှာ သွားရိုက်မှာဖြစ်လို့ပဲ" လို့ ဖြေကြားခဲ့ပါတယ်။



## ဒီတစ်ခါ လက်တင်အမေရိကအလှည့်

ချက်ဆိုရင် နားခွက်ကမီးတောက်တဲ့ နိုင်ငံငယ်များက အမျိုးသားရေးဝါဒီ စာနယ်ဇင်းသမားကြီးတွေကတော့ ဒီတစ်ခါလက်တင်အမေရိကဒေသ အမျိုးသားရေးဝါဒီတွေ နှိပ်ကွပ်ခံရမယ့် အလှည့်ပါလားလို့ အတတ်သိလိုက်ကြမှာ ဖြစ်ပါတယ်ခင်ဗျာ။

အနောက်ဘက်ကထုတ်လုပ်တဲ့ ဇာတ်လမ်းတွေမှာ အာဖရိကတိုက်က ပြည်သူတွေကိုစည်းရုံးဖို့ ရှေးရိုးစဉ်လာ လူဖြူစူပါမင်းတွေရဲ့နေရာမှာ လူမဲသရုပ်ဆောင်တွေကိုလည်း အစားထိုးရိုက်ပြတတ်ပါသေးတယ်။

အလားတူပဲ လူနေမှုဘဝသရုပ်ဖော် ဇာတ်လမ်းတွေမှာလည်း အနောက်နိုင်ငံတွေမှာ တွေ့ကြုံနေရတဲ့ လူနည်းစုလူမျိုးများရဲ့ ဆိုးရွားတဲ့ ဘဝတိုက်ပွဲအခြေအနေတွေကို မြင်တွေ့ကြရမှာ မဟုတ်ပါဘူး။

အချို့ဇာတ်လမ်းတွေမှာ လူဖြူမဟုတ်တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများက နိုင်ငံသားတွေဟာ အနောက်နိုင်ငံတွေမှာ အစစအရာရာ အဆင်ပြေနေထိုင်ကြပုံတွေ ဖန်တီးထားတတ်ပြန်ပါတယ်။

တစ်ခါတစ်ရံမှာတော့ အသားအရောင်ရှိသူ လူဆိုးဂိုဏ်းတွေဟာ နိုင်ငံကြီးသား အသားဖြူတွေအပေါ် ဒုက္ခပေးနေကြပုံ ပြောင်းပြန်သရုပ်ဖော်ထားကြပြန်တယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



## ရုပ်ရှင်များကသုတ်သင်မယ့် ပထမသားကောင်

အခုနောက်ပိုင်း နာမည်ကြီးလာတဲ့ ဝေါ့ဒစ္စနေရုပ်ရှင် ထုတ်လုပ်ရေးကိုလည်းကြည့်ပါဦး။ အဓိကအားဖြင့် မစ်ကီမောက်စ် ဇာတ်လိုက်မျိုးတွေပဲဖြစ်ပါတယ်။ ထူးခြားချက်ကတော့ ဝေါ့ဒစ္စနေရဲ့ဆောင်ပုဒ်ဖြစ်တယ်လို့ အတွင်းကျကျ လေ့လာသူတွေက ဆိုပါတယ်။

အဲဒါကတော့ ဒီဒေသဟာ ဝတ်မွတ်မှုလွတ်ကင်းတဲ့၊ ရောဂါဆိုးတွေကကင်းလွတ်တဲ့၊ လူတန်းစားတိုက်ပွဲတွေက ကင်းလွတ်တဲ့ ကမ္ဘာလေး ဆိုတဲ့ ဆောင်ပုဒ်ကို သရုပ်ဖော်ခြင်းပဲလို့ဆိုပါတယ်။ မူရင်းစာသားကတော့ Here is a world for you free of hunger, disease and social conflicts ဖြစ်ပါတယ်။

ဒီလိုအနောက်နိုင်ငံများကို သွယ်ဝိုက်ဖော်ညွှန်းတဲ့ အယူအဆနဲ့လုပ်ဆောင်မှုကြောင့်လည်း ဝေါ့ဒစ္စနေဟာ အနောက်နိုင်ငံများမှာ ကျော်ကြားလာခြင်း ဖြစ်တယ်လို့ဆိုပါတယ်။ တကယ်တော့ ဝေါ့ဒစ္စနေရုပ်ရှင်ဇာတ်လမ်းများဟာ လူသတ္တဝါတွေမှန်းတီးရေးဖြစ်တဲ့ တိရစ္ဆာန်လောကရဲ့ပုံစံမျိုးတင်ပြထားတာ ဖြစ်တဲ့အတွက် ဒုတိယတန်းစားဖျော်ဖြေမှုမျိုးဖြစ်ပြီး လူ့အများရဲ့အတွေးအမြင်ကို လွှမ်းမိုးစေတာလည်းတွေ့ရပါတယ်။

တကယ်တော့ အနောက်ဘက်ရုပ်ရှင်များရဲ့ သုတ်သင်ဖျက်ဆီးခြင်းကိုခံကြရမယ့် ပထမသားကောင်များအဖြစ် ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့



လာမယ့် နောက်မျိုးဆက်လူငယ်တွေဟာ ခြိမ်းခြောက်ခံနေကြရတယ်ဆိုတာ သတိလက်လွတ်လို့ မဖြစ်ပါဘူး။

## ခေတ်ရေစီးကြောင်းမှာ ထုထောင်းခံပြီး မျောပါနေသူများ

အနောက်နိုင်ငံများက စိတ်ပညာရှင်များကလည်း ရက်စက်ယုတ်မာမှုတွေ၊ ရာဇဝတ်ဖြစ်မှုတွေနဲ့ ပြည့်လျှမ်းနေတဲ့ ရုပ်မြင်သံကြားအစီအစဉ်တွေဟာ အနာဂတ်မျိုးဆက်လူငယ်များရဲ့ ဖြူစင်တဲ့စိတ်ထားကို ဖျက်ဆီးနေတယ်ဆိုတဲ့ အချက်ကို သတိပြုမိနေကြပါပြီ။

ဒါ့အပြင် ဒီကနေ့လူငယ်တွေဟာ မတရားမှုတွေနဲ့ဆန်းသစ်တီထွင်မှုတွေစတဲ့ အကြောင်းတရားတွေရဲ့ ခေတ်ရေစီးကြောင်းထဲမှာ ထုထောင်းရိုက်နှက်ခံပြီး မျောပါနေကြတယ်လို့ လူမှုဆက်ဆံရေးပညာရှင်များက ဆိုနေကြပါတယ်။

ဒါ့ကြောင့် ယနေ့လူငယ်တွေဟာ လှည့်စားမှုတွေကြားက အမှန်တရားကို ဖော်ထုတ်ဖို့နဲ့၊ အစစ်နဲ့အတုကိုခွဲခြားနိုင်ဖို့ မလွယ်တော့တဲ့ အနေအထားကို ရောက်နေကြပြီလည်း ဖြစ်ပါတယ်။

ဒီကနေ့ ဗြိတိသျှရုပ်ရှင်ထုတ်လုပ်ရေး လုပ်ငန်းများဟာ အမေရိကန်ဝါဒဖြန့် ရုပ်ရှင်လုပ်ငန်းများနဲ့ နှစ်ကိုယ့်တစ်စိတ် ဖြစ်နေတာလည်း စီစစ်တွေ့ရှိရပြန်ပါတယ်။

ဗြိတိသျှတို့ရဲ့ ပြည်ပပို့ရုပ်ရှင်များဟာ အမေရိကန်ဝါဒ

www.burmeseclassic.com

www.burmeseclassic.com



ဖြန့်ချိရေး အတွေးအခေါ် မူဝါဒတွေအတိုင်း လှုပ်ရှားနေပုံကို တွေ့မြင်နေကြရပါတယ်။

**ပစ်မှတ်ပြောင်းလိုက်ပြီ**

လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်လောက်က ဗြိတိသျှရုပ်ရှင် ဝေဖန်ရေးဆရာ နီနာဟစ်ဘင် (Nina Hibbin) ရဲ့ ဝေဖန်မှုကြောင့် ဗြိတိသျှရုပ်ရှင်လောကကြီး တုန်လှုပ်ချောက်ခြားခဲ့ရဖူးပါတယ်။

သူရဲ့ဝေဖန်ပုံက **ဗြိတိသျှရုပ်ရှင်လောကဟာ ကွန်မြူနစ်စနစ် ဆန့်ကျင်ရေးနဲ့ ပတ်သက်တဲ့ သူလျှိုဇာတ်လမ်းတွေ၊ သဲထိတ်ရင်ဖို ဇာတ်လမ်းတွေကို ရက်သတ္တ၂ ပတ်လျှင် တစ်ကြိမ်မှ ပျမ်းမျှအားဖြင့် ထုတ်လုပ်နေတယ်လို့** ဆိုလိုက်ခြင်းပဲဖြစ်ပါတယ်။

လူအများက သန့်စင်တယ်လို့ထင်နေကြတုန်း ဆိုလိုက်တဲ့ ဝေဖန်ရေးစကားမို့လို့ ဗြိတိသျှရုပ်ရှင်လောက တုန်လှုပ်သွားခဲ့ရခြင်း ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ (၁၀)နှစ်လောက်က ဝေဖန်ခံခဲ့ရတဲ့အတိုင်း ဒီကနေ့လည်း ထူးမခြားနား တွေ့မြင်နေရတာပါပဲ။

ကွာခြားတာက ကွန်မြူနစ်စနစ်ကြီးကို ဦးစားပေးတိုက်ဖျက်တဲ့အသွင်သဏ္ဍာန်ကနေ နိုင်ငံငယ်များရဲ့ အမျိုးသားရေးဝါဒလမ်းစဉ်တွေကို တိုက်ဖျက်တဲ့အသွင်သဏ္ဍာန်ဆီကို **ပစ်မှတ်ကူးပြောင်း** လာခြင်းပဲ ဖြစ်ပါတယ်။



ဘာပဲပြောပြော၊ ဒီလုပ်ရပ်တွေရဲ့ ခေါင်းစဉ်ပုဂ္ဂိုလ်လေးတွေဟာ ဘယ်သူတွေလဲလို့ ဆန်းစစ်လိုက်ရင်၊ ဖွံ့ဖြိုးဆဲနိုင်ငံဖေးတွေက ပရိတ်သတ်ပဲဆိုတာ သွားတွေ့ရပါလိမ့်မယ်။ ဘာကြောင့်လဲလို့ မေးရင် ရှင်းပါတယ်။

ချင့်ချိန်စဉ်းစားမှုကို ရှေ့တန်းတင်လေ့မရှိတဲ့ သာမန်ရုပ်ရှင်ကြည့်ပရိတ်သတ် ဖြစ်နေလို့ပဲပေါ့။

**ခေတ်နောက်ကျတဲ့ အသိုက်အဝန်း**

တစ်ချိန်တည်းမှာပဲ နယ်ချဲ့စိုးမိုးရေးဝါဒီတို့ သွတ်သွင်းလိုက်တဲ့ အတွေးအခေါ်လေးတွေဟာ အာရှ အာဖရိကနဲ့ လက်တင်အမေရိကတိုက်က ပြည်သူတွေရဲ့ အတွေးအမြင်တွေထဲမှာ စိမ့်ဝင်ပျံ့နှံ့လျှက်ရှိပါတယ်။

နိုင်ငံငယ်တွေဟာ သူတို့ကိုယ်သူတို့ **ခေတ်နောက်ကျနေတဲ့ ယဉ်ကျေးမှုအသိုက်အဝန်း**ထဲမှာ ကျင်လည်နေကြရတယ်လို့ ခံစားစေအောင် အနောက်ဘက်ကရုပ်ရှင်၊ တီဗွီတွေက တတ်နိုင်သမျှစွမ်းရှိကြပါလေတယ်ခင်ဗျာ။

ဒီလိုအတွေးအခေါ်များတွေကို လက်ခံသက်ဝင်စေခြင်းဟာ **အနောက်ဘက်က** ယဉ်ကျေးမှုအသစ်တွေကို ဖြန့်ကျက်ဖို့ သူတို့ရဲ့ လိုလားချက်အတိုင်း အံဝင်နေတာလည်း တွေ့မြင်နေရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါတင်မကဘဲ၊ နိုင်ငံငယ်တွေက ရုပ်ရှင်အနုပညာထုတ်လုပ်မှု လုပ်ငန်းတွေအပေါ်မှာ အပေါ်စီးရလာတာနဲ့အမျှ နိုင်ငံငယ်များရဲ့ ရုပ်ရှင်လုပ်ငန်းတွေဟာ အောင်မြင်မှုအရှိန်အဟုန် ထိုးကျနေတာကို လည်း တွေ့မြင်နေကြရပါတယ်။

အနောက်ဘက်ရုပ်ရှင်တွေ နိုင်ငံငယ်တွေကို အကြီးအကျယ် ထိုးဖောက်နေစဉ်မှာ အခြားတစ်ဘက်မှာတော့ နိုင်ငံငယ်တွေက အနုပညာရှင်တွေရဲ့ အတွေးအမြင်ပုံရိပ်တွေဟာ အနောက်နိုင်ငံကြီး များရဲ့ ရုပ်ရှင်၊ ရုပ်မြင်သံကြားထုတ်လွှင့်မှုတွေမှာ နေရာမရနိုင်ဘဲ ယဉ်ယဉ်ကလေး လစ်လျူရှုထားမှုကို ခံယူနေကြရကြောင်းပါခင်ဗျာ။

□ □ □

## ဖန်သားပြင်ပေါ်မှ ကျူးကျော်လာသော အတွေးအမြင်များ

ဒီကနေ့ ရုပ်သံကိုရိယာတွေဟာ ဖွံ့ဖြိုးပြီးနိုင်ငံသားများရဲ့ နိစ္စ ဓူဝဘဝဖြစ်စဉ်မှာ မပါမဖြစ်တဲ့ ပစ္စည်းများအဖြစ်ကနေ တစ်ဆင့်တော့လာပြီး ဖွံ့ဖြိုးဆဲနိုင်ငံများက အိမ်ခန်းများထဲကို ခုန်ပေါက်ဝင်ရောက်လာနေကြပါပြီ။

ကမ္ဘာ့အနောက်ခြမ်းက ဖျော်ဖြေရေးအစီအစဉ်တွေဟာ အရှေ့ဖျားက ဖန်သားပြင်တွေအပေါ် ဆက်သွယ်ရေးဂြိုလ်တုကနေ တစ်ဆင့် အပြောက်ထင်စေနိုင်ခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်သံစက်တွေ စတင်ပေါ်ပေါက်လာပြီး ဆယ်စုနှစ်များလေးခု ကြာမြင့်တဲ့အခါ အင်တယ်လ်ဆက်(International Telecommunication Satellite Organization) လို့ခေါ်တဲ့ ဂြိုလ်တုဆက်သွယ်ရေး ကော်ပိုရေးရှင်းကြီးတနေ အာကာသရုပ်သံ ဆက်သွယ်ရေးစနစ်ကို ဖေါ်ကျူးပေးနိုင်ခဲ့ပါတယ် ခင်ဗျာ။

အင်တယ်ဆက်ကော်ပိုရေးရှင်းရဲ့ မူလရည်ရွယ်ချက်က ဂြိုလ်တုကနေ တစ်ဆင့်ကမ္ဘာအဝန်းကို ရေဒီယိုအသံလွှင့် အစီအစဉ်တွေ၊ တယ်လီဖုန်းဆက်သွယ်ရေး အစီအစဉ်တွေ ဆက်သွယ်ပေးဖို့ဖြစ်ပါတယ်။

ဒီကော်ပိုရေးရှင်းကြီးမှာ အကြီးမားဆုံး ရှယ်ယာထည့်ဝင်နေတဲ့ ကုမ္ပဏီကတော့ COMSAT လို့ခေါ်တဲ့ အမေရိကန်ကုမ္ပဏီကြီးဖြစ်ပြီးတော့၊ နိုင်ငံပေါင်း ၉၀ ကျော်က လုပ်ငန်းဌာနကြီးတွေ ထည့်ဝင်ထားတဲ့ ကော်ပိုရေးရှင်းကြီးလည်း ဖြစ်ပါတယ်။

ဒီကော်ပိုရေးရှင်းကြီးမှာ ပါဝင်ပူးပေါင်းလာတဲ့ နိုင်ငံတွေများလာတာနဲ့ အမျှ စိတ်ဝင်စားမှု ကြီးမားလာသူတွေကတော့ နယ်ချဲ့လက်ဝါးကြီးအုပ် အင်အားစုများ ဖြစ်တယ်လို့ဆိုပါတယ်။

ဒီလိုဆိုရခြင်း အကြောင်းရင်းကတော့ အဲဒီကော်ပိုရေးရှင်းကြီးဟာ အမေရိကန်ပြည်ထောင်စုရဲ့ ရုပ်သံအစီအစဉ်မတွေကို အခြားနိုင်ငံတွေက လူသား (၆၅)သန်းဆီကို ဖောက်သည်အဖြစ် ပေးပို့နိုင်ခဲ့လို့ပါပဲ။



## စေလိုရာစေ အရုပ်ကလေးတွေ

ဒါနဲ့ပတ်သက်လို့ အထင်ရှားဆုံး သာဓကပြရမယ်ဆိုရင်တော့ နယ်ချဲ့လက်ဝါးကြီးအုပ် ယဉ်ကျေးမှုအပေါ် ဝေဖန်ရာမှာ ထင်ရှားလှတဲ့ ကိုစတာရီကာလွှတ်တော် ဒုတိယဥက္ကဋ္ဌ အီဒွါဒိုဗါလ်ဗါဒီ Eduardo Valverde ရဲ့ဝေဖန်ချက်တွေပါပဲ။ အော်စတာရီကာ နိုင်ငံထဲ ကျူးကျော်ဝင်ရောက်ခဲ့တဲ့ ပြည်ပလူမှုရေးစနစ်ကို တားမြစ်ဖို့ လွှတ်တော်ရဲ့ဥပဒေပြဌာန်းတဲ့ အစည်းအဝေးကြီးမှာ သူကဝေဖန်တင်ပြခဲ့ခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ကော်စတာရီကာ နိုင်ငံသားတွေရဲ့ ၇၅ ရာခိုင်နှုန်းဟာ နိုင်ငံခြားကလာတဲ့၊ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားရေးစိတ်ဓါတ်တွေ၊ အစဉ်အလာတွေ၊ ယဉ်ကျေးမှုတွေကို လုံးဝထည့်မစဉ်းစားတဲ့ ရုပ်ဝ ရုပ်သံအစီအစဉ်တွေကို အဟုတ်ကြီးလုပ်ပြီး၊ ကြည့်ရှုကြည်နူးနေကြပါတယ်။ ဒီအရေအတွက်ဟာ မကြာမီ ၁၀၀ ရာခိုင်နှုန်းထိမြင့်တက်လာပြီး ကျွန်တော်တို့ နိုင်ငံသားအားလုံးဟာ နိုင်ငံကြီးများရဲ့ ရုပ်သံလွှင့်ဌာနကြီးတွေဖြစ်တဲ့၊ အေဘီစီ (ABC)၊ ဝါးလ်ဒ်ဗီရှင် (Worldvision)၊ အင်ဘီစီ (NBC)၊ စီဘီအက်စ် (CBS)၊ တိုင်းမ်-လိုက်ဖ် (Time-Life)၊ နဲ့ အာရ်စီအေ (RCA) လို့ခေါ်တဲ့ အမေရိကရေဒီယိုကော်ပိုရေးရှင်း စတဲ့ ရုပ်သံဌာနကြီး တွေရဲ့ စေလိုရာစေကတစ်ခုစရာ အရုပ်ကလေးတွေဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လာတုန်တော့မယ် လို့ ငြီးတွားတင်ပြခဲ့တယ် ခင်ဗျ။

သူတင်ပြသလိုပဲ တကယ်တော့ အဲဒီဌာနကြီးတွေဟာ အလယ်အမေရိကနိုင်ငံငယ်တွေဖြစ်တဲ့ ပနားမား၊ မက္ကဆီကို၊ ကိုလံဘီယာ၊ ဗင်နီဇွဲလား၊ အီကွေဒို၊ အာဂျင်တီးနားနဲ့ ချီလီနိုင်ငံလေးတွေက ရုပ်သံလွှင့်လုပ်ငန်းတွေကို ထိန်းချုပ်ထားနိုင်တဲ့ ဌာနကြီးတွေလည်း ဖြစ်ပါတယ်။

**ဖင်းနစ်သုတေသီနှစ်ဦးရဲ့ အမြင်**

အလားတူပဲ တမ်ပီရီတက္ကသိုလ်က ဖင်းနစ်လူမျိုးသုတေသီ ၂ ဦးဖြစ်တဲ့ တာပီယိုဗားရစ် Tapio Varis နဲ့ ကားလ်နော်ဒင်စတရင်း Kaarle Nordenstreng တို့က နိုင်ငံပေါင်း ၅၀ မှာရှိတဲ့ ရုပ်သံအစီအစဉ်တွေနဲ့ ကမ္ဘာ့အဝန်းကို ဖြန့်ဝေနေတဲ့ အစီအစဉ်တွေကိုလေ့လာပြီး အခုလိုကောက်ချက်ဆွဲခဲ့ကြပါတယ်။

(၁) နိုင်ငံရပ်ခြားဒေသတွေကို ရုပ်သံအစီအစဉ်တွေ ထုတ်လွှင့်နေတဲ့လုပ်ငန်းဟာ နိုင်ငံအနည်းစုရဲ့ လက်ထဲမှာသာ ရှိနေပြီး ဖြန့်ချိသူတွေဟာ သူတို့အကျိုးအမြတ်အတွက်သာ ရည်ရွယ်ချက်ထားနေခြင်း၊

(၂) ရုပ်သံအစီအစဉ်တွေ ကမ္ဘာ့အဝန်းဆီကို ဖြန့်ကျက်နေတဲ့ အနောက်ဘက်အင်အားကြီး၊ အထူးသဖြင့် အမေရိကန်



ပြည်ထောင်စုဟာ လွတ်မြောက်ခါစ နိုင်ငံလေးတွေ Newly Free Nation ဝယ်နိုင်သလောက် ဝယ်အောင်စျေးလျှော့ရောင်းချနေခြင်း၊

(၃) အဲဒီပြည်ပကိုပို့တဲ့ ရုပ်သံအစီအစဉ်တွေဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေရဲ့ ပြည်တွင်းရုပ်သံလွှင့်ချိန်နဲ့ တိုက်ဆိုင်ပြီး သူတို့ရဲ့အကောင်းဆုံး အခန်းကဏ္ဍတွေကို လုပြီးထုတ်လွှင့်နေခြင်း၊

(၄) ပြည်ပကိုပို့တဲ့ ရုပ်သံဇာတ်လမ်းတွေဟာ အရေးပါတဲ့ အစီအစဉ်တွေမဟုတ်ဘဲ အပျော်အပါးအတွက် ဖျော်ဖြေမှုအတွက် သက်သက်ဖြစ်နေခြင်း၊

(၅) ပြည်ပကိုထုတ်လွှင့်နေတဲ့ ရုပ်သံသတင်း telenews တွေအားလုံးကို အင်္ဂလို-အမေရိကန်အေဂျင်စီကြီး သုံးခုဖြစ်တဲ့ ဗစ်နယူး Visnews၊ ယူပီအိုင်တီအင်န် UPITN နဲ့ စီဘီအက်စ် နယူးစ် CBS Newsအေဂျင်စီကြီးတွေက ချုပ်ကိုင်ထားခြင်း၊

အဲဒီအနှစ်ချုပ်သုံးသပ်ချက် (၅)ချက်ထွက်လာတာ တွေ့ရတယ်ခင်ဗျ။ ဒါ့သူတို့ဆီက ပညာရှင်သုတေသီတွေ ကိုယ်တိုင်ရဲ့ ထောက်နှုတ်ချက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



**ပေါ်ချောင်ကောင်းလုပ်ငန်း**

အစိုးရတွေရဲ့ တရားဝင်စာရင်းဇယားတွေကို လေ့လာတဲ့အခါမှာတော့၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေဆီ ပို့လွှတ်နေတဲ့ ဗြိတိန်နဲ့ ပြင်သစ်ကရုပ်မြင်သံကြား အစီအစဉ်တွေဟာ တစ်နှစ်၊ တစ်နှစ်ကို နာရီပေါင်း (၂၀၀၀၀)စီ ထုတ်လွှင့်နေကြတယ်ဆိုတာ တွေ့ရပါတယ်။ ပြည်ထောင်စုသမ္မတ ဂျာမဏီနိုင်ငံကတင်ပို့တဲ့ ထုတ်လွှင့်ချက်တွေကတော့ တစ်နှစ်ကိုနာရီ (၆၀၀၀) ရှိပါတယ်။

ရုပ်သံသတင်းလွှင့်လုပ်ငန်းဟာ လူသားတို့ရဲ့အပြုအမူတွေကို လွှမ်းမိုးမှုရယူဘို့ ကြိုးစားရာမှာ အကောင်းဆုံးနဲ့ ဈေးအသက်သာဆုံး လူထုဆက်သွယ်ရေးလုပ်ငန်း ဖြစ်တယ်လို့ ဒီကနေ့ အနောက်တိုင်းသီအိုရီသမား Western Theorists များက သဘောထားနေကြပါပြီ။ ရန်ကုန်စကားနဲ့ပြောရရင်တော့ ပေါ်ချောင်ကောင်းလုပ်ငန်းပေါ့။

ဒါဖင့်ပေါင်းများစွာသော လေ့လာမှုလုပ်ငန်းတွေက ဖော်ပြနေကြတာကတော့ ရုပ်မြင်သံကြားသတင်း ဖြန့်ချိရေးလုပ်ငန်းဟာ အတွေးအမြင့်သွတ်သွင်းရေး နည်းလမ်းတွေကို တမင်သက်သက် ရည်ရွယ်လုပ်ဆောင်နေတာကို တွေ့ရတယ်လို့ ထောက်ပြနေပါတယ်။

အဲဒီလေ့လာမှုတွေကနေ အချက်ကြီး ၃ ချက်ကို သွားတွေ့ရပါတယ်။



(၁) လူထုသဘောထားကို ဆွဲယူပုံသွင်းခြင်းလုပ်ငန်း (Formation of Public Opinion) မှာ အခြားသောလူထုဆက်သွယ်ရေးလုပ်ငန်းများထက် ရုပ်သံလုပ်ငန်းက နှာတစ်ဖျားသာအောင် ရှေ့ကပြေးနေခြင်း။

(၂) အရွယ်ရောက်ပြီးသူများမှာထက် ဆယ်ကျော်သက်များနှင့် ကလေးငယ်တွေအပေါ်မှာ ရုပ်သံရဲ့ဩဇာသက်ရောက်မှုဟာ ပိုမိုထိရောက်ခြင်း။ ဒါကြောင့် **လက်ရှိအခြေအနေမှာတွင်မကဘဲ အနာဂတ်အတွက်ပါ နိုင်ငံရေးအကျိုး သက်ရောက်မှုရှိခြင်း။**

(၃) အစိုးရအခါ ကုန်ပစ္စည်းတွေကို နိုင်ငံရပ်ခြားဒေသတွေဆီကို ပိုမိုတိုးချဲ့ပေးဖို့ လုပ်ကိုင်ရာမှာ ရုပ်သံကမ္ဘာကြီးတွေဟာ ပြည်တွင်းသုံးစွဲမှုမှာထက် ပိုမိုဈေးလျှော့ချမှုကို အဆက်မပြတ် လုပ်ကိုင်လျှက်ရှိခြင်း။

ဒါတွေပဲဖြစ်ပါတယ်။ ဒီတော့ကာ နိုင်ငံငယ်တွေ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပြည်တွင်းက ထုတ်လုပ်ရရှိမယ့် ဇာတ်လမ်း သတင်းတွေထက် ဈေးသက်သာမယ့် ပြည်ပထုတ်လွှင့်မှု အစီအစဉ် တွေကိုပိုမိုအားထားလာတာ တွေ့ရပါတယ်။ အခုလိုဈေးလျှော့ပြီး ဖြန့်ချိမှုကြောင့် ရလာတဲ့အကျိုးအမြတ်ကတော့ နိုင်ငံငယ်များက လူတွေရဲ့အမြူအမှုရဲ့ အတွေးအမြင်တွေဟာ အနောက်တက်ပုံပေါက်လာခြင်း အနောက်

www.burmeseclassic.com



ဘက်ကိုအားကိုးလာခြင်းဆိုတဲ့ အကျိုးအမြတ်ကြီး ရရှိခြင်းပဲဖြစ်ပါတယ်။

## ဝေသမျှရာ ဘယ်သူလဲ

အဲဒီလိုနိုင်ငံငယ်တွေကို အမှန်တကယ် ကွန်ကျစ်ရိတ်ထက်လျှော့ပြီး ရုပ်သံလွှင့်တဲ့အခါ အရှုံးငွေကို ဘယ်သူတွေက မျှဝေကျခံကြသလဲ။ ဒါကလည်း စဉ်းစားစရာပါ။

အဖြေကတော့ စီးပွားရေး၊ စစ်ရေး (ဝါဒဖြန့်စစ်အေးတိုက်ပွဲ)၊ ယဉ်ကျေးမှုနိုင်ငံရေးတွေမှာ အလားတူ အမြတ်ထွက်ခဲ့ကြတဲ့ ဌာနတွေက ဝေမျှခံကြခြင်းပါပဲ။

အဲဒီဌာနတွေကတော့ လူမှုရေး ယဉ်ကျေးမှုအသင်းအဖွဲ့ အမျိုးမျိုး၊ ကြော်ငြာလုပ်ငန်းအမျိုးမျိုး၊ ကာကွယ်ရေးဌာနနဲ့ အခြားအစိုးရဌာနအဖွဲ့အစည်းများ ဖြစ်ပါတယ်။

အထူးသဖြင့်တော့ အတိုင်းတိုင်းအပြည်ပြည်မှာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြတဲ့ ကော်ပိုရေးရှင်းကြီးတွေက သူတို့ရဲ့ ကြော်ငြာအတွက် မတန်တဆ ငွေပိုပေးခြင်းအားဖြင့် ခုနက ရုပ်သံလုပ်ငန်းရဲ့အရှုံးကို ဖါထေးပေးခဲ့ကြပါတယ်။

ဥပမာအားဖြင့် အာရှ၊ အာဖရိက၊ လက်တင်အမေရိက နိုင်ငံငယ်လေးတွေအတွက် ထူထောင်ထားတဲ့ **အထူးပညာသင်ကြားရေးရုပ်သံဌာန** (a special educational television centre) ထို



ဖို့ဒ်ဖောင်ဒေးရှင်းက ကုန်ကျစရိတ် ထောက်ပံ့နေခြင်းမျိုးပေါ့။

## လန်ဒန်မှာတောင် မခံနိုင်ပြီ

ဒီကနေ့ အမေရိကန်ရုပ်သံဇာတ်ထုတ်တွေဟာ ကမ္ဘာကိုပတ်ပြီး ဝမ်းနည်းဖွယ်ရာနဲ့ ရက်စက်မှုပုံပြင်တွေ ဖြန့်ဝေနေပုံ သာဓကလေးတစ်ခု တင်ပြပါရစေဦး။

အမေရိကန်ရုပ်သံအစီအစဉ်တွေ တခြားနိုင်ငံတွေဆီ ပေးပို့မှုဒီရေအလား တိုးပွားနေခြင်းနဲ့ပတ်သက်လို့ ကြုံတွေ့ရတဲ့ပြဿနာတွေအပေါ် မခံနိုင်တော့တဲ့ အင်္ဂလန်နိုင်ငံအစိုးရဟာ လန်ဒန်မြို့မှာ ကော်မတီဖွဲ့ ဆွေးနွေးနေကြရပါပြီ။

အလားတူပဲ **လီမွန်ဒီ-ဒိပလိုမက်တစ်** Le Monde Diplomatique ဂျာနယ်ထဲမှာ ပြင်သစ်နိုင်ငံ ပြန်ကြားရေးအရာရှိတစ်ဦး ဖြစ်သူ မောရစ်မက္ကီနော့ဒ် Maurice Machinod က အခုလို ရေးသားခဲ့ဖူးပါတယ်။ ပြင်သစ်ပြည်သားတွေဟာ ဂုဏ်သိက္ခာကို ခွါချပြီးတော့ ဆိုးသွမ်းယုတ်မာတဲ့ အပြုအမူတွေကို လုပ်လာတဲ့အကျင့်ရနေပြီတဲ့။

သူတို့ဟာ အခုလိုသိက္ခာမဲ့တဲ့ အပြုအမူတွေလုပ်ရတာဟာ မတရားတဲ့ အပြုအမူပါလား၊ မကောင်းတဲ့ လုပ်ရပ်ပါလားလို့တောင် သတိမမူကြတော့ပါဘူး-တဲ့။ ဒါဟာရုပ်ရှင်နဲ့ ရုပ်သံဇာတ်လမ်းတွေကနေ သွန်သင်ပေးတဲ့ အပြု အမူတွေသာ ဖြစ်ပါတယ်တဲ့၊ အဲသလိုဖြစ်နေတော့

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်သလဲလို့ မေးစရာရှိပါတယ်တဲ့။ အဖြေကတော့ လွယ်လွယ်လေးပါတဲ့။ ဒီအကျင့်ကူးစက်ခြင်းခံရတဲ့ အသိုက်အဝန်းထဲကနေ တုန့်ပြန်လာတဲ့ ဆိုးမွေတုံ့ပြန်ချက် အားလုံးကို ဒီအသိုက်အဝန်းထဲက လူတွေဘဲ ပြန်လည်ခံစားရလို့ ဘယ်သူ မပြုမိမိမှုဆိုတဲ့ ကြမ္မာဝဋ်ကြွေး တစ်ပတ်ကျော့ ခံစားရခြင်းဆိုတဲ့ အဖြေပါပဲတဲ့။

## သုံးနာရီဆိုတဲ့ အချိန်လေးအတွင်းမှာ

ဘရာဇီးနိုင်ငံမှာလည်း အိုအက်စ်တာဒိုဒီဆော်ပေါလို (O Estado de Sao Paulo) ဆိုတဲ့ ဘရာဇီးသတင်းစာကြီးရဲ့ မျိုးချစ်သတင်းထောက်တွေက သူတို့ဆီက အကြီးဆုံးမြို့တော်ကြီးတစ်ခုဖြစ်တဲ့ ဆော်ပေါလိုမြို့က ရုပ်သံကုမ္ပဏီ (၆)ခုရဲ့အစီအစဉ်တွေကို သုတေသနပြုပြီး အခုလို ဖော်ပြခဲ့ပါတယ်။

သူတို့တိုင်းတာ သုတေသနပြုတဲ့ ညနေခင်းတစ်ခုရဲ့ ရုပ်သံပြချိန်(၃)နာရီဆိုတဲ့အချိန်ကလေးအတွင်းမှာ ခုနကရုပ်သံဌာနကြီး (၆)ခုကထုတ်လွှင့်တဲ့ဇာတ်လမ်းတွေကို ပြန်လှေ့လာကြည့်လိုက်တာမှာ လူသတ်မှု (၆၄)မှု၊ ယာဉ်စည်းကမ်းချိုးဖောက်ပြီး ကားတိုက်မှု (၉)မှု ခိုးပြုမှု (၃)မှု ပစ်ခတ်သတ်ဖြတ်မှု (၁၈)မှုနဲ့ ထိုးကြိတ်ရိုက်နှက်မှု (၂၂)မှု ပါဝင်ခဲ့တယ်လို့ စစ်ဆေးဖော်ထုတ်ခဲ့ကြပါတယ်။ ဘရာဇီးလ်နိုင်ငံမှာ **စည်သွပ်ဖလင် canned film** လို့ ဘန်းစကားနဲ့ခေါ်နေတဲ့ **အမေရိကန်**



**ရုပ်ရှင်ဇာတ်ထုတ်**တွေကြောင့် အရွယ်မရောက်သေးသူ ကလေးငယ်တွေရဲ့ ရာဇဝတ်မှုတိုးတက်လာပုံကိုလည်း လူမှုရေးသိပ္ပံပညာရှင်တွေက လေ့လာခဲ့ကြပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံတွေကို စျေးလျှော့ပြီး ထုတ်လွှင့်လို့ရနိုင်ရတဲ့ အရှုံးတာ တကယ်တော့ စီးပွားရေးကုမ္ပဏီကြီးတွေက ကြော်ငြာခပို့ပေးပြီး ထောက်ပံ့တာကြောင့် ရုပ်သံကုမ္ပဏီတွေအနေနဲ့ ဒေါ်လာသန်းပေါင်းများစွာ စာရင်းချုပ်အမြတ်ပေါ်ပါသေးတယ်လို့လည်းဆိုကြပါတယ်။

## ခေတ်သစ်အလီဘာဘာ

ပြောရမယ်ဆိုရင်တော့ ဖွံ့ဖြိုးဆဲနိုင်ငံလေးတွေရဲ့ တောကြိုအုံကြားအထိရောက်အောင် **အေးဓားပြ** တိုက်ခံနေကြရတာမို့ အဲဒီအနောက်ဘက် ရုပ်သံလွှင့်ဌာနကြီးတွေကို ငွေရှင်ကြေးရှင်ဓါးပြကြီးတွေနဲ့စုဖွဲ့ထားတဲ့ ခေတ်သစ် **အလီဘာဘာ** "Ali Baba အုပ်စုလို့ ပြင်သစ်ဆီးနိုက်လွှတ်တော်အမတ် ဟင်နရီကေးလဗက် Henri Caillavet-က အမည်ပေးထားကြောင်းပါခင်ဗျာ။

ရုပ်သံလုပ်ငန်းရဲ့ အရေးပါမှုကို သိရှိလာတဲ့အခါမှာတော့ **အမေရိကန်စစ်ဖက်-စက်မှုလုပ်ငန်းစုကြီး**တွေကလည်း သူတို့ရဲ့လုပ်ငန်း**တိစ္စ**ကြော်ငြာတွေ ဖန်သားပြင်ပေါ် သွယ်ဝိုက်တဲ့နည်းနဲ့ ရောက်လာဖို့ **အပြိုင်း**အထန် ကြိုးစားလာပါတော့တယ်။ အထင်ရှားဆုံးကတော့

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပေါ်ပေါက်မလာသေးတဲ့ လက်နက်ဆန်းတွေနဲ့ လူစွမ်းကောင်းဇာတ်လမ်းတွေ ဖန်တီးထားတဲ့ ရမ်ဘိုဇာတ်ကားတွေပါပဲခင်ဗျာ။

## စိတ်ကစဥ့်ကလျားဝေနာရှင်တို့ဖြစ်အင်

အခုလို ရုပ်သံလုပ်ငန်းကြီးတွေက ဆင်ရိုက်လိုက်တဲ့အထဲမှာ ထင်ရှားတဲ့ဇာတ်ကားကြီးက Amerika အမေရိက လို့ခေါ်တဲ့ ဇာတ်ကားကြီးဖြစ်ပြီး အလွန်ကြီးမားတဲ့ ငွေပင်ငွေရင်း မြှုပ်နှံမှုတွေ၊ ခေတ်အမီဆုံးစက်ပစ္စည်း ကရိယာတွေ၊ ကွန်မြူနစ်ဆန့်ကျင်ရေး အထူးကျွမ်းကျင်သူ၊ သဘောတရားရေးပါရဂူမြောက်သူဆိုသူတွေ၊ အတွေ့အကြုံဝါရင့်တဲ့ လုပ်ငန်းကျွမ်းကျင်သူတွေနဲ့ ဖွဲ့စည်းရိုက်ကူးထားပါတယ်။ ဒီဇာတ်ကားကို ဒေါ်လာသန်း လေးဆယ်လောက် ငွေကုန်ကြေးကျအများအပြား အကုန်ခံပြီး လုပ်ထုတ် လိုက်တာ ဖြစ်ပါတယ်။

ဘာဘဲဖြစ်ဖြစ် သူတို့ လုပ်ထုတ် လိုက်တဲ့ ဒီဇာတ်ကားကြီးကို ကြည့်ရသူတွေဟာ ဆိုဗီယက်ပြည်ထောင်စုနဲ့ အဆက်အသွယ်ရှိသူတွေအားလုံးကို ရွံမုန်းသွားရလောက်အောင် မုန်းတီးစိတ်ဝင်သွားစေနိုင်တာတော့ အမှန်ပါပဲတဲ့။

ဒီနေရာမယ် ဘယ်နိုင်ငံဘက်က ရပ်တည်ကြည့်ရှုရမယ်လို့ မဆိုလိုပါဘူး။ ပညာရပ်ရဲ့သဘောကို စောကြောကြည့်ရန် တင်ပြခြင်းသာဖြစ်ပါတယ်ခင်ဗျာ။



ဒီဇာတ်ကားကြီးကို ဝေဖန်သူတွေရဲ့အဆိုကတော့ သူ့ရှေ့ကပေါ်ခဲ့တဲ့ ရမ်ဘို ဇာတ်လမ်းတွေနဲ့စာရင် ဒီဇာတ်လမ်းကြီးက ပိုမိုပြီးသိမ်မွေ့နက်နဲစွာ ပရိယာယ်ကျင့်သုံးနိုင်တယ်၊ ဖျားယောင်းနိုင်စွမ်းအားပိုသာတယ်၊ လှည့်စားကြံသွင်းနိုင်စွမ်းအား ပိုကြီးမားတယ်လို့ ဆိုကြပါတယ်။

ရုပ်မြင်သံကြားလောကမှာ ရှေ့ဆောင်ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်၊ ကာလီဖိုးနီးယား ပြည်နယ်တက္ကသိုလ် လူမှုရေးသိပ္ပံပညာ ကထိကတစ်ဦး လည်းဖြစ်သူ တော့ဒ်ဂစ်သလင်း Todd Githlin က ဝေဖန်ရာမှာတော့ အဲဒီဇာတ်ကားကြီးဟာ အလွန်အကျွံ အခွင့်အရေးဝါဒီတွေနဲ့ ရိုင်ဝါဒ **Reganism** စွဲသမားတွေရဲ့ စိတ်ကစဥ့်ကလျား ဝေဒနာကို ဖော်ပြတဲ့ ဇာတ်ကားပါပဲ လို့ ဝေဖန်ခဲ့ပါသတဲ့။

## ဆိုဗီယက်နှမ် မုန်းတီးရေး

ဒါ့အပြင် အေဘီစီကုမ္ပဏီ (American Broadcasting Company) ဟာ မတော်တဆထုတ်လွှင့်မှုမျိုးမဟုတ်တဲ့ ဆိုဗီယက်ဆန့်ကျင်ရေး ဇာတ်လမ်းတွေနဲ့ သတင်းထုတ်လွှင့်မှုတွေကို စနစ်တကျစဥ်ထုတ်လွှင့်နေတယ်လို့လည်း သူကဆိုပါတယ်။

အခြားဝေဖန်သူများကလည်း အမေရိကန်ပြည်ထောင်စုရဲ့ ရုပ်သံလုပ်ငန်းကြီး (၃)ခုမှာ အေဘီစီ ရုပ်သံကုမ္ပဏီကြီးဟာ ထူးခြားစွာ သတိပြုရမယ့် ရုပ်သံကုမ္ပဏီဖြစ်ကြောင်း၊ ၁၉၆၀ ပြည့်နှစ်များ

www.burmeseclassic.com

www.burmeseclassic.com



ကာလတုန်းက အောဘီစီထုတ်လွှင့်တဲ့ သတင်းတွေဟာ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လောနိုင်ငံနဲ့ အခြားအမေရိကန် ကျူးကျော်မှုကို လက်မခံတဲ့ နိုင်ငံတွေက ပြည်သူတွေကိုမုန်းတီးလာစေတဲ့ သတင်းတွေ အများဆုံး ထုတ်လွှင့်ခဲ့ကြောင်း ဝေဖန်ကြပါတယ်။

အမေရိကမှာ ရိုက်ဝါဒထွန်းကားနေတဲ့ နှစ်တွေတစ်လျှောက်လုံး အောဘီစီကုမ္ပဏီဟာ နိုင်ငံငယ်တွေရဲ့လူမှု-နိုင်ငံရေးရည်မှန်းချက်တွေကို ချေဖျက်နေပြီး၊ အမေရိကန်ပြည်ထောင်စုရဲ့ ချမ်းသာကြွယ်ဝမှုအကြောင်း၊ စီးပွားရေးနိုင်ငံရေး အင်အားကြီးမားမှုအကြောင်းနဲ့ စစ်အင်အားတောင့်တင်းမှု အကြောင်းတွေကိုသာ မကုန်နိုင်မခန်းနိုင် ထုတ်လွှင့်ဖော်ပြခဲ့တယ်လို့ ဆိုပါတယ်။

## သမ္မတနဲ့နီးစပ်သူရဲ့ သဘောထား

အလားတူပဲ ၁၉၈၂ ခုနှစ်က လေ့လာမှုတွေအရ သိရတာကလည်း အောဘီစီရဲ့ သတင်းထုတ်လွှင့်မှုတွေဟာ ဝါရှင်တန်အစိုးရမူဝါဒနဲ့ သဘောထားတွေသာ ပြည့်နှက်နေတယ်လို့ ဖော်ပြထားပါတယ်။

အောဘီစီဟာ ၁၉၈၃ ခုနှစ်မှာ နျူကလီးယားဆန့်ကျင်ရေး ဇာတ်ကားဆိုပြီး The Day After ဆိုတဲ့ အမေရိကန်-ဆိုဗီယက် နျူကလီးယား အပြန်အလှန်စစ်ပွဲ ဆင်နွှဲပုံဇာတ်ကားကို ထုတ်လွှင့်ပြသခဲ့ပါတယ်။



ဒါတောင်မှ ဇာတ်ကားကို မပြသခင်တုန်းက ပရိယာယ်ဝေစုမနှစ်သက်တဲ့ ဘွင်းဘွင်းရှင်းရှင်းသမား တစ်ဦးက အောဘီစီကုမ္ပဏီကို ဆိုဗီယက်ဆန့်ကျင်ရေး ဇာတ်ကားတွေ ခပ်ပြောင်ပြောင်ဘဲ ထုတ်လွှင့်သင့်တယ်လို့ ဝေဖန်အကြံပေးခဲ့သတဲ့။

ဒီလိုဝေဖန်တဲ့ပုဂ္ဂိုလ်ကတော့ နှယ်နှယ်ရရ ပုဂ္ဂိုလ်မဟုတ်ပါခင်ဗျာ။ နေရှင်နယ်ရီဗျူး National Review လို့ခေါ်တဲ့ ဝေဖန်ရေးမှာနယ် ထုတ်လုပ်သူ ဝီလီယမ်အက်ဖ်၊ ဘက်ကလေ William F. Backley ဖြစ်ပါတယ်။

သူဟာ သမ္မတရိုက် ဘင်ဂျမင်စတိုင်း ဆိုသူတို့နဲ့ ပုဂ္ဂိုလ်ရေးရာ နီးနီးစပ်စပ် ခင်မင်သူလည်း ဖြစ်ပါတယ်။

ဆင်ဂျမင်စတိုင်းကတော့ လက်ယာအစွန်းရောက် နိုင်ငံရေးဝါဒီတစ်ဦးဖြစ်ပြီး သမ္မတနစ်ဆင်နဲ့ သမ္မတဖို့ဒ်တို့ လက်ထက်က သမ္မတရဲ့ မိန့်ခွန်းရေးသူ ပုဂ္ဂိုလ်ကြီးဖြစ်တယ်ခင်ဗျ။

## ကုလသမဂ္ဂ စိတ်ဆိုးတဲ့အမေရိက

အထက်မှာ ဖော်ပြခဲ့တဲ့ **အမေရိက** Amerika ဆိုတဲ့ ရုပ်ရှင်ကားကို ဖန်တီးသူဟာလဲ ဘင်ဂျမင်စတိုင်းပဲဖြစ်ပြီးတော့ သူ့ရဲ့အတွေးအမြင်ဟာ ရိုက်နဲ့ လက်ယာစွန်းဝါဒီတွေအတွက် ထိထိရောက်ရောက် အထောက်အကူ ဖြစ်ခဲ့တယ်လို့လည်း ဆိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီ **အမေရိက**ဆိုတဲ့ ရုပ်ရှင်ကားဟာ ကုလသမဂ္ဂကြီးအပေါ် ဆိုးဆိုးရွားရွား ပြင်းပြင်းထန်ထန် ထိခိုက်စေတဲ့ ရုပ်ရှင်ကားလည်းဖြစ်တယ်လို့ ကုလသမဂ္ဂအရာရှိကြီးများက ဝိုင်းဝန်းဝေဖန်ခဲ့ကြပါတယ်။

အခုလို ဝေဖန်တဲ့အထဲမှာ **အေဘီစီခေါ် အမေရိကန်အသံလွှင့်တုမ္ဗဏီကြီး**ကို အထိရောက်ဆုံးနဲ့ အပြင်းထန်ဆုံး ဝေဖန်သူကတော့ တစ္ဆာကုလမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဟာဗီးယားပဲရက်စ်ဒေ တွေးလျား ပဲဖြစ်ပါကြောင်း။

ဖန်သားပြင်ပေါ်မှတစ်ဆင့် ကျူးကျော်လာတဲ့အတွေးအမြင်များနဲ့ ဝေဖန်သူတို့အကြောင်း တစ်စေ့တစ်စောင်းပေါ့ခင်ဗျာ။

□ □ □

## စိတ်အစာနှင့် ဝါဒဖြန့်စားပိုကြီး

ဒီကနေ့ ကမ္ဘာ့နိုင်ငံတိုင်းလိုလို လက်စွဲထားဖတ်ရှုနေကြရတဲ့ တိုင်းမ်မဂ္ဂဇင်းနဲ့ နယူးစ်ဝခ်မဂ္ဂဇင်းတို့ဟာ တကယ်တော့ အနောက်နိုင်ငံများ အားထားနေကြတဲ့ ဖြန့်ကြားရေးနဲ့ ဝါဒဖြန့်ချိရေးဆိုင်ရာ အဓိက လက်နက်ကိရိယာတွေပါပဲလို့ လူမှုရေးသိပ္ပံပညာရှင်တွေက ပြောဆိုနေကြပါပြီ။

ဘယ်လောက်အထိ လက်စွဲပြုအားထားနေရသလဲဆိုရင် အဲဒီ မဂ္ဂဇင်းမျိုးတွေကို ကမ္ဘာ့မြေမျက်နှာပြင် အနှံ့ဒေသတိုင်းမှာတို့ ဒေသဆိုင်ရာ စာအုပ်ထုတ်ဝေရေးဌာနရှိတွေ ရိုက်နှိပ်ဖြန့်ချိရေးဌာနများတွေကနေ တဆင့် ဘာသာစကားအမျိုးမျိုးနဲ့ ရိုက်ရိုက်သော်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ သွယ်ဝိုက်ကူးယူ ဘာသာပြန်၍သော်လည်းကောင်း အားပေးအားမြှောက် ပြုနေကြပါတယ်တဲ့။

**ကြော်ငြာရှိုးကေ့စ်ကြီးများ**

တစ်ဘက်က ထုတ်ဝေဖြန့်ချိသူတွေဘက်ကလည်း သူတို့အကျိုးအတွက် ဘယ်လောက်အားထားပြီး ဖြန့်ချိနေကြသလဲဆိုရင်၊ ဒီမဂ္ဂဇင်းတွေအများအပြား ဝယ်ယူခြင်းမပြုနိုင်တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံငယ်ဒါဇင်ပေါင်းများစွာဆီကို အမေရိကန်သံရုံးတွေကနေ တစ်နှစ်ကိုတိုင်းမ်မဂ္ဂဇင်းချည်းပဲ အုပ်ရေနှစ်သန်းတိတိ အခမဲ့ဖြန့်ချိပေးနေတာတွေတွေ့ရတယ်ခင်ဗျ။

အမေရိကန်စီးပွားရေးလုပ်ငန်း ကမ္ဘာရဲ့သတင်းစာကြီး (The Newspaper of the US Business World) လို့ခေါ်နေကြတဲ့ ဝေါလ်စတြီ ဂျာနယ်ကြီးဆိုရင် လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်ကျော်လောက်ကစပြီး အာရှတိုက်မှာ တိုက်ရိုက်ကူးယူပြီး ထပ်ဆင့်ဖြန့်ဝေခဲ့ရတဲ့ သတင်းစာကြီးပဲ ဖြစ်ပါတယ်။

အဲဒီသတင်းစာကြီးရဲ့ နောက်လေးနှစ်အကြာမှာတော့ အမေရိကန် ဝါရှင်တန်ပို့စ်သတင်းစာ၊ နယူးယောက်တိုင်းမ် သတင်းစာနဲ့ အင်တာနေရှင်နယ် ဟာရဲလ်ထရီဗြွန်း သတင်းစာကြီးတို့ဟာလည်း အာရှတိုက်အတွက် ထပ်ဆင့်ရိုက်နှိပ်ထုတ်ဝေတဲ့ သတင်းစာတွေပြ



လာခဲ့ပြန်ပါတယ်။ အင်တာနေရှင်နယ် ဟာရဲလ်ထရီဗြွန်းသတင်းစာကတော့ ပြင်သစ်နိုင်ငံပါရီမြို့မှာ ထုတ်ဝေပြီး၊ နယူးယောက်တိုင်းမ်သတင်းစာ ပိုင်ရှင်ကြီးများအဖွဲ့နဲ့ ဝှစ်နေ ဆက်သွယ်ရေးကော်ပိုရေးရှင်းတို့က ပူးတွဲပိုင်ဆိုင်ကြတဲ့ သတင်းစာကြီး ဖြစ်ပါတယ်။ အခုလိုအာရှတိုက်အတွက် ထပ်ဆင့်ရိုက်နှိပ်ထုတ်ဝေဖို့ ဒေါ်လာသန်းပေါင်းများစွာ အသုံးပြုထားကြောင်းလည်း တွေ့ရပါတယ်။

အဲဒီမဂ္ဂဇင်းတွေဟာ သာမန်ကြည့်ရင် မသိသာလှပေမယ့်တကယ့်ကို ပညာသားပါတဲ့ ဝါဒဖြန့်ချိရေး ပစ္စည်းတွေပါလို့ တချို့ကဆိုကြပါတယ်။ အဲဒီမဂ္ဂဇင်းတွေဟာ တကယ့်ကိုပဲ အနောက်ဘက်ကပစ္စည်းတွေကြော်ငြာတဲ့ **ရှိုးကေ့စ်** တွေပါ-တဲ့။

ဘာကြောင့်လဲဆိုတော့ နိုင်ငံတကာဖြစ်ရပ်တွေအပေါ် အနောက်ဘက်နိုင်ငံကြီးများရဲ့ အတွေးအမြင်ယူဆချက်တွေ၊ အနောက်ဘက်က ယဉ်ကျေးမှုပုံစံတွေ၊ အနောက်ဘက်ကနေ အရှေ့ဘက်ကို တင်ပို့နေတဲ့ ကုန်ပစ္စည်းတွေအပေါ် အာရုံစွဲမက်ရေးအတွက် ကြော်ငြာတွေကိုတစ်ကန့်စီခင်းကျင်းပြသထားတဲ့ "ရှိုးကေ့စ်" ကြီးတွေ ဖြစ်နေလို့ပါတဲ့ခင်ဗျာ။

အဲဒီမဂ္ဂဇင်းတွေထဲမှာ အထူးသဖြင့် အမေရိကန်လုပ်နာရီတွေ၊ ကင်မရာတွေ၊ အလှကုန်ပစ္စည်းတွေ စီးကရက်နဲ့ အရက်တွေ မော်တော်ကားတွေကို အတင်းအဓမ္မ ကြော်ငြာနေသလို၊ ယခင်က

www.burmeseclassic.com

www.burmeseclassic.com



ဆိုဗီယက်ဆန့်ကျင့်ရေး၊ ယခုသဘောထားမတိုက်ဆိုင်တဲ့ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များကို ဆန့်ကျင်ဝေဖန်ရေးတို့အတွက် တစ်ဘက်သတ်တင်ပြထားတဲ့ ဆောင်းပါးတွေကို အလျှံပယ် တွေ့နိုင်ပါတယ်တဲ့။

**အာဖရိကအတွက် ဆင်ထားတဲ့လက်နက်တွေ**

၁၉၇၀ ပြည့်ကျော် နောက်ပိုင်းနှစ်တွေမှာတော့ အနောက်အာဖရိက West Africa လို့အမည်ရတဲ့ ဂျာနယ်တစ်စောင်ကို ဗြိတိန်မှာရိုက်နှိပ်ပြီး၊ အနောက်အာဖရိကနိုင်ငံတွေကို စတင်ဖြန့်ချိခဲ့ပါတယ်။

ဒါပေမယ့် ဒီဂျာနယ်အတွက် ကုန်ကျငွေကိုတော့ တောင်အာဖရိကနိုင်ငံရဲ့နိုင်ငံခြားရေးနဲ့ ပြန်ကြားရေးဌာနကြီးက တိုက်ရိုက်ကုန်ကျခံရတယ်လို့ ဆိုပါတယ်။

အလားတူပဲ ပင်-အာရပ်သတင်းစာတိုက်ကြီးကလည်း သစောင်းစာတွေ၊ ဂျာနယ်တွေ အများအပြားထုတ်ဝေ ဖြန့်ချိနေတာ တွေ့ရပါတယ်။ ဒီလိုစာနယ်ဇင်းတွေဟာ အများအားဖြင့် အာရပ်နိုင်ငံများရဲ့ ပြင်ပဒေသတွေမှာ အများဆုံးရိုက်နှိပ်ကြပေမဲ့၊ အာရပ်နိုင်ငံတိုင်းလိုလိုမှာ သွတ်သွင်းရောင်းချနေတဲ့အတွက် နိုင်ငံကြီးများအဖို့အလွန်ထိရောက်တဲ့ **အာဖရိကဆိုင်ရာလက်နက်** တွေဖြစ်နေတယ်လို့ဆိုပါတယ်။

အာရပ်နိုင်ငံတွေအတွက်ဆိုပြီး လန်ဒန်မြို့မှာ ရိုက်နှိပ်တဲ့ စာနယ်ဇင်းတွေကတော့၊ အာလ်ရှတ်အာလ်ဆတ်နေ့စဉ်ထုတ် သတင်းစာ၊ အာလ်ဟာဝါဒီးစ် အပတ်စဉ်ထုတ်သတင်းစာနဲ့ အာလ်အစ်တိဆတ်အာလ်အာရပ်ဗီ ဂျာနယ်တို့ဖြစ်ပါတယ်။ အဲဒီ စာနယ်ဇင်းတွေအတွက် ကုန်ကျစရိတ်တွေကိုတော့၊ အနောက်ဘက် အရင်းရှင်ကမ္ဘာကဘဏ်ကြီးတွေ၊ နိုင်ငံ့တကာကော်ပိုရေးရှင်းတွေက သူတို့စီးပွားရေးအတွက် ကြော်ငြာတဲ့ကြော်ငြာခတွေကနေကုန်ကျခံနေတာမို့ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်နိုင်တာတွေ့ရပါတယ်။

ဒီနေရာမှာ ပြင်သစ်နိုင်ငံဟာလည်း ဗြိတိန်ထက်နောက်မကျန်ရစ်တာတွေ့ရပါတယ်ခင်ဗျာ။ ပြင်သစ်နိုင်ငံကလည်း အပတ်စဉ်ထုတ်နိုင်ငံရေး စာစောင်တွေဖြစ်တဲ့ အာလ်မွတ်စ်တာဘာလ်နဲ့ အာလ်ဝါလတန်အာလ်အာရပ် ဗီစာစောင်တွေနဲ့၊ လူမှု-ယဉ်ကျေးမှု ကိစ္စတွေ (Socio-cultural Problems) လေ့လာတင်ပြတဲ့ အာလ်မွတ်တားဂျာနယ်၊ နာမည်ကြီးအားကစား မဂ္ဂဇင်းဖြစ်တဲ့ အာလ်ဝါတန်အာလ်ရီအာဒီမဂ္ဂဇင်းတို့ကို ရိုက်နှိပ်ဖြန့်ချိတာ တွေ့ရပါတယ်။

အဲဒီ အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ စာနယ်ဇင်းတွေဟာ အထူးသဖြင့်တော့ အာရပ်တွေထဲက သူတို့ရဲ့ လက်ရွေးစဉ်ဝရိသတ်ဖြစ်တဲ့ စီးပွားရေးလုပ်ငန်းသမားတွေ၊ ဝန်ထမ်းတွေစတဲ့စီးပွားရေး၊ နိုင်ငံရေးဘဝတွေမှာ ဩဇာပြောင်းတဲ့ ပုဂ္ဂိုလ်တွေကို ရည်ရွယ်ထုတ်ဝေတယ်လို့ ဆိုပါတယ်။ ပါဝင်တဲ့ အကြောင်းအရာတွေကတော့ အရှေ့အလယ်ပိုင်းနဲ့ အဲဒီဒေသဝန်းကျင် နိုင်ငံရေး၊ စီးပွားရေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်တဲ့ အတွေးအမြင်တွေကို လိုသလိုသိမ်းသွင်း ဆွဲဆောင်လို့ပဲဖြစ်တယ်လို့ ဆိုကြပါတယ်။

အလားတူပဲ အမျိုးသမီးတွေအတွက်၊ ကလေးသူငယ်တွေအတွက်ရယ်လို့ လူတန်းစားအလိုက် စည်းရုံးသိမ်းသွင်းဖို့ ထုတ်ဝေတဲ့ စာအုပ်စာတမ်း၊ စာနယ်ဇင်းတွေလည်း တွေ့ရပြန်ပါတယ်။ အဲဒီလို စာနယ်ဇင်းတွေကိုတော့ အတွေ့အကြုံအလွှန် ရင့်ကျက်လှတဲ့ အနောက်ဥရောပနဲ့ အမေရိကန်ပြည်ထောင်စုတို့က စာနယ်ဇင်းသမားတွေက စီစဉ်ကြတာဖြစ်ပါတယ်။

စာအုပ်ထုတ်ဝေရေး လုပ်ငန်းတွေမှာလည်း လွတ်မြောက်ခါစနိုင်ငံငယ်တွေ (Newly-free Countries) ဟာ ကမ္ဘာ့အရင်းရှင်ကြီးများပိုင်ဆိုင်တဲ့ ကော်ပိုရေးရှင်းကြီးတွေကို မှီခိုအားထားနေရတာတွေ့ရပြန်ပါတယ်ခင်ဗျာ။ ဘာကြောင့်လဲဆိုတော့ အဲဒီနိုင်ငံငယ်တွေက စာအုပ်ဆိုင်တွေမှာ ကြည့်လိုက်ရင် စာအုပ်သုံးအုပ်မှာ နှစ်အုပ်က နိုင်ငံကြီးများကလာတဲ့ စာအုပ်တွေဖြစ်နေလို့ပါ။

၁၉၈၀ ပြည့်နှစ်က လေ့လာကြည့်ချက်အရ အဲဒီနှစ်အတွင်းမှာ ထုတ်ဝေတဲ့ နိုင်ငံကြီးများက သတင်းစာတွေ၊ စာအုပ်တွေနဲ့ ပုံနှိပ်စာစောင်ကြီးတွေကို ဖွံ့ဖြိုးဆဲနိုင်ငံတွေဆီ ဒေါ်လာသန်း (၆၆၀)ဖိုး တင်ပို့ခဲ့ကြောင်း သိရပါတယ်။ အများဆုံးကတော့ အမေရိကန် စာအုပ်စာတမ်းတွေပါ။



အမေရိကန် ကွန်ဂရက်လွှတ်တော် စာကြည့်တိုက်ရေးရာအမှုဆောင် ဒါရိုက်တာရဲ့ ပြောကြားချက်အရ၊ နိုင်ငံပေါင်း (၁၅) နိုင်ငံက အစိုးရတွေနဲ့ အဲဒီအရေးအတွက်လောက်ပဲရှိတဲ့ ပုဂ္ဂလိကအဖွဲ့အစည်းကြီးတွေဟာ အမေရိကန် စာအုပ်စာတမ်းတွေကို အများအပြားတိုးမြှင့်လက်ခံဖို့ သဘောတူထားပြီးပါပြီလို့ ဆိုတယ်ခင်ဗျ။

## စာအုပ်စာပေ လှုံ့ဆော်ဆွဲဆောင်ဘော

အမေရိကန် စာအုပ်စာတမ်းတွေ ပြည်ပကိုပို့တဲ့ပုံစံနဲ့ နည်းလမ်းတွေကတော့ အမျိုးမျိုးပါပဲ။ ဥပမာအားဖြင့် ၁၉၈၅-၈၆-၈၇ သုံးနှစ်အတွင်းမှာ အာရှဖောင်ဒေးရှင်းလို့ခေါ်တဲ့ အဖွဲ့ကြီးတစ်ခုတည်းကပဲ အာရှနိုင်ငံပေါင်း (၂၀)ကို အမေရိကန် စာအုပ်စာတမ်းတွေ ဒေါ်လာ (၁၇)သန်းကျော်ဖိုး အခမဲ့လက်ဆောင်ပေးခဲ့တာ တွေ့ရပါတယ်။ ၁၉၈၀ ပြည့်နှစ်တုန်းကတော့ ဒေါ်လာ (၅)သန်းဖိုး လက်ဆောင်စာအုပ်တွေ ဖြန့်ဝေခဲ့ပါတယ်။

အလားတူပဲ အမေရိကန်တက္ကသိုလ်များ ပုံနှိပ်တိုက်အသင်းကလည်း လက်တင်အမေရိကနိုင်ငံများထံ အမေရိကန် စာအုပ်စာတမ်းတွေအမြောက်အများ ပေးပို့လျက်ရှိတာ တွေ့ရပါတယ်။

အမေရိကန် ကလေးသူငယ်များ စာပေကောင်စီ (Children's Book Council) ကလည်း ကမ္ဘာအဝန်းက နိုင်ငံပေါင်း

www.burmeseclassic.com

www.burmeseclassic.com



များစွာဆီကို ကလေးသူငယ်စာပေတွေ အမြောက်အမြား ပေးပို့လျက်ရှိကြောင်းတွေ့ရမြန်ပါတယ်။ ဒီစာပေတွေရဲ့ ကလေးသူငယ်တွေအပေါ် အကျိုးသက်ရောက်မှုတွေကတော့ ကြားရတဲ့အတိုင်းပါပဲ။

ဒီလိုပါပဲ။ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအေဂျင်စီအနေနဲ့ သီရိလင်္ကာနိုင်ငံ၊ အင်ဒိုနီးရှား၊ ပနားမား စတဲ့ နိုင်ငံငယ်ပေါင်းများစွာဆီကို ကောလိပ်တက္ကသိုလ်တွေနဲ့ စာကြည့်တိုက်ကြီးတွေမှာ အသုံးပြုဖို့ဆိုပြီး အင်္ဂလိပ်ဘာသာနဲ့ ရိုက်နှိပ်ထားတဲ့ စာအုပ်တွေ အမြောက်အမြား ပေးဝေလျက်ရှိကြောင်း တွေ့ရပါတယ်။

အဲသလို အမေရိကန်စာရေးဆရာတွေရေးတဲ့ စာအုပ်တွေကို ဗင်လေယ်ရပ်ခြားဒေသ ပုံနှိပ်တိုက်တွေမှာ ထပ်ဆင့်ရိုက်နှိပ်နိုင်ဖို့ ငွေကြေးထောက်ပံ့မှုတွေလည်း ရှိနေပါသေးတယ်။ ဥပမာအားဖြင့်မကြာသေးမီနှစ်များကပဲဖရင်ကလင်စာအုပ်တိုက်အစီအစဉ်နဲ့ အီဂျစ်နိုင်ငံမှာ ရိုက်နှိပ်ဖြန့်ဝေဖို့နဲ့၊ အာရပ်ဘာသာပြန်ဆိုဖို့ စာအုပ်အမျိုးအမည်ပေါင်း (၁၀၀၀)ကျော်အတွက် ငွေကြေးကုန်ကျခံခဲ့ကြောင်းတွေ့ကြရပါတယ်။

အဲဒီအထဲမှာ တက္ကသိုလ်ကောလိပ်ပြဌာန်းစာအုပ်အမျိုးပေါင်း (၂၀၀)ကျော်နဲ့ စွယ်စုံကျမ်း (၂) မျိုးလည်း ပါဝင်ခဲ့ပါသေးတယ်။

အခုလို ဒေသန္တရစာအုပ် ထုတ်ဝေသူတွေအနေနဲ့ အနောက်



ဘက်စာရေးဆရာတွေရေးတဲ့ စာအုပ်တွေထုတ်ဝေဖို့ အနောက်နိုင်ငံတွေအကြောင်း ပြုစုရေးသားဖြန့်ဝေဖို့ အားပေးအားမြောက်ပြုပြီးတဲ့အခါမှာတော့ အဲဒီပုဂ္ဂိုလ်တွေကို အမည်နာမအမျိုးမျိုး တပ်ဆင်ထားတဲ့ဘွဲ့ထူးဂုဏ်ထူးလက်မှတ်တွေ၊ ဆုတံဆိပ်တွေ ပေးနေတော့တာပါပဲ။

အချို့အဖွဲ့အစည်းတွေကတော့ နိုင်ငံငယ်က ဘာသာစကားတွေနဲ့ပြန်ဆိုထားတဲ့ အနောက်ဘက်က စာအုပ်တွေဖြန့်ဝေပေးဖို့ရယ်၊ အဲဒီနိုင်ငံငယ်တွေမှာ အနောက်ဘက်စာပေတွေချည်း သီးသန့်တင်ထားတဲ့ စာကြည့်တိုက်တွေထောင်ဖို့ရယ်၊ ကြိုးစားနေကြကြောင်း တွေ့ရမြန်ပါတယ်။

ဥပမာအားဖြင့် အမေရိကန်အစိုးရရဲ့ နိုင်ငံတကာဆက်သွယ်ရေးအေဂျင်စီ (US Government's International Communication) တစ်ခုတည်းကကိုပဲ နိုင်ငံပေါင်း (၈၀)ကျော်မှာ အထက်က ပြောတဲ့ စာကြည့်တိုက်မျိုးပေါင်း (၁၂၈)ခု ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း သိရတယ်ခင်ဗျာ။

## ရုပ်ပြာက်ပန် ဦးညွှတ်စေခြင်း

နောက်တစ်ခုကလည်း နိုင်ငံငယ်လေးတွေက စာအုပ်ထုတ်ဝေသူတွေ၊ ပုံနှိပ်လုပ်သားအတတ်ပညာရှင်တွေ၊ စာပေဖြန့်ချိရေးလုပ်ငန်းရှင်တွေ၊ စာကြည့်တိုက်မှူးတွေကို အမေရိကန်ပြည်ထောင်စု

www.burmeseclassic.com

www.burmeseclassic.com



မှာခေါ်ယူသင်တန်းပေးခြင်း အခြားနိုင်ငံငယ်လေးတွေဆီမှာ စုစည်းပြီးသွားရောက် သင်ကြားပေးခြင်း စတဲ့လုပ်ငန်းတွေလည်း ရှိပါသေးတယ်။

ဒီလိုလုပ်ငန်းမျိုးတွေကို အမေရိကန်အစိုးရ ပြန်ကြားရေးဌာနကြီးက ကမကထပြု ဆောင်ရွက်တာတွေရှိသလို အခြားသော အသင်းအဖွဲ့ကြီးတွေဖြစ်တဲ့ အမျိုးသားပညာရေးဗျူရို၊ အမေရိကန်စာအုပ်ကုန်သည်ကြီးများအသင်း၊ အာရှဖောင်ဒေးရှင်းနဲ့ စာကြည့်တိုက်ကြီးများအသင်းချုပ်တို့ကလည်း ဆောင်ရွက်လေ့ရှိကြပါတယ်။

ဒီတော့ ဘာဖြစ်သလဲလို့ မေးစရာရှိပါတယ်။ သာမန်အကူအညီပေးတာပါလို့ ပြောရလောက်တဲ့ အခုလိုကိစ္စ လေးတွေရဲ့နောက်ကွယ်မှာ သတိထားစရာပညာတွေ ပါရှိနေတာဟာ အထက်ကမေးခွန်းရဲ့ အဖြေပါပဲ။

များစွာသော စာအုပ်လုပ်ငန်းများရဲ့ စက်မှုနဲ့ သိပ္ပံပညာရှင်တွေ၊ စာရေးဆရာကြီးတွေနဲ့ စာပေပညာရှင်များဆိုသူတွေကို တစ်ကြိမ်မှ တစ်ခါစီသော သင်တန်းများ၏ နောက်ပိုင်းတွင် **အနောက်ဘက်သို့ ရာသက်ပန် ဦးညွတ်ကျိုးသွားစေခြင်း** ဟာ အကြီးမားဆုံးသော အကျိုးသက်ရောက်မှု ဖြစ်ပါတယ်ခင်ဗျာ။

ဒီအကျိုးသွားရဲ့ နောက်ဆက်တွဲဖြစ်ရပ်ကတော့ အဲဒီလိုမွေးထုတ်ထားတဲ့ ပညာရှင်တွေရဲ့ စွမ်းဆောင်မှုနဲ့ လုပ်အားကြောင့် သူတို့



နိုင်ငံငယ်လေးတွေက ပရိသတ်ရော အနီးပတ်ဝန်းကျင်နိုင်ငံ၊ ဒေသတွေဆီက ပရိသတ်ကိုပါ အတွေးအမြင်လေးတွေကို **နိုင်ငံကြီးများဆီ ယိမ်းယိုင် ဦးညွတ်လာစေခြင်း** ဖြစ်ရပ်ပါ။

ဒီတော့ကာ အနောက်ဘက်က စာအုပ်စာပေလုပ်ငန်းကြီးတွေအပေါ်မှာ နိုင်ငံငယ်လေးတွေက စာသမား၊ ပေသမားတွေကို ဘာဖြစ်လို့မှီခိုအားထားလာအောင် လုပ်ဆောင်လာကြသလဲဆိုတာ သဘောပေါက်လောက်ပြီပေါ့ ခင်ဗျာ။

## ထင်ပေါ်ဖို့စင်တော်က ကောက်ဦးမှ

ဒါနဲ့ပတ်သက်လို့ ပါကစ္စတန်နိုင်ငံသားထင်ရှားတဲ့ကဗျာပညာရှင်ကြီးတစ်ဦးဖြစ်သူ ဖက်ဇ်အာမက်ဖတ်ဇ် (Faiz Ahmad Faiz) ဆိုသူကလာဟိုးမြို့ အပါတ်စဉ်ထုတ်ဗျူးပွိုင့် (Viewpoint) ဂျာနယ်မှာ ရေးသားခဲ့ပုံကလေးဟာ မှတ်သားလောက်ပါတယ်။

သူကပြောတာကတော့ **ကျွန်တော်တို့လို စာပေသမားတစ်ယောက်ဟာ** ကိုယ့်နိုင်ငံ၊ ကိုယ့်ပရိတ်သတ်ထဲမှာ ထင်ပေါ်ကျော်ကြား**လာဖို့အတွက်ကလေး**ကိုတောင် ပထမဆုံးလိုအပ်ချက်က **ကျွန်တော်တို့ရဲ့လက်ရာကလေးတွေကို** အနောက်နိုင်ငံတွေက တော်ကောင်းပြီး **ပုံနှိပ်ပေးဖို့လိုအပ်ပါတယ်**----------၊ ပြောရမယ်ဆိုရင်တော့------**တျွန်တော်တို့ရဲ့** အရည်အသွေးနဲ့ စာပေပညာလုပ်အားစွမ်းပကား

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ရှိတယ်ဆိုဒါဟာ ရှင်းရှင်းပြောရရင် တစ်ချိန်က ကိုလိုနီဝါဒီနိုင်ငံကြီးတွေက မျက်နှာသာပေးဖို့လိုတယ်ဗျို့------- are dependent on the favour of the former Colonialist. လို့ပြောကြားခဲ့တာ ဖတ်ရှုရပါတယ်ခင်ဗျာ။

တကယ်တော့လည်း လက်တင်အမေရိကဒေသနဲ့ အာရှရဲ့ဒေသအများစုဟာ အနောက်ဘက်ကစာအုပ်ထုတ်ဝေသူများရဲ့ ဩဇာအာဏာခွဲဝေယူထားခြင်းကိုခံနေရတဲ့ ဒေသတွေဖြစ်နေတာ တွေ့ရမှာပါ။

ဥပမာ ဟတ်စ်ကော်ပိုရေးရှင်း၊ ဝက်စ်တန်းစာအုပ်ထုတ်ဝေရေးကုမ္ပဏီ Western Publishing Co.၊ ဝေါ့ဒစ္စနေကော်ပိုရေးရှင်း နဲ့ ရီးဒါးဒိုင်ဂျက်စာအုပ်ဖြန့်ချီရေး အဖွဲ့ကြီးတို့ရဲ့ စာပေဩဇာဖြန့်ကျက်ထားရာ နယ်မြေတွေပေါ့။

ဒီထဲမှာ ဟတ်စ်ကော်ပိုရေးရှင်းကြီး တစ်ခုတည်းကကိုပဲ ဖွံ့ဖြိုးဆဲ ဒေသကလေးတွေအပေါ်မှာ ရက်ပေါင်းသုံးဆယ်၊ တစ်လအတွင်း ဖြန့်ချိတဲ့စာအုပ်၊ စာစဉ်၊ ပုံပြစာအုပ်ငယ်၊ ရုပ်ပြကာတွန်း၊ ဘာသာရပ်သင် စာအုပ်တွေနဲ့ ပြက္ခဒိန်စာစောင်၊ စုစုပေါင်း (၁၅)သန်းကျော် ထုတ်ဝေဖြန့်ချိနေတာ လေ့လာတွေ့ရှိရပါတယ်။

အထက်ကတင်ပြခဲ့တာက အမေရိကန် **စာအုပ်ထုတ်ဝေသူများရဲ့ အင်ပါယာ** ကို တစေ့တစောင်း ဖော်ကျူးခြင်းဖြစ်ပါတယ်။ ဒါပေမဲ့



ဒီကိစ္စမှာ အတက်အကြွဆုံးကတော့ ဗြိတိသျှစာအုပ် ထုတ်ဝေရေးတိုက်ကြီးတွေပါပဲ။

**စာပေကိုလိုနီနယ်ပယ်**

ဗြိတိသျှ စာအုပ်တိုက်ကြီးတွေဟာ ကိုလိုနီသမ္မာရင့်တာနဲ့အမျှ ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း (၇၀)နီးပါးမှာ ဝင်ရောက်နေရာယူထားနိုင်ကြတာ တွေ့ရပါတယ်။

ကမ္ဘာ့မြေပုံပေါ်မှာ အကြမ်းဖျင်း ဆွဲပြလိုက်ရရင်တော့ အရှေ့ဘက် စင်ကာပူနိုင်ငံကနေ အနောက်ဖက် တောင်အာဖရိကနိုင်ငံအထိ၊ ဩစတြေးလျတိုက်ကြီးကနေ တန်ဇန်နီးယားနိုင်ငံအထိ ကမ္ဘာပတ်ထားတဲ့ စက်ဝန်းလမ်းကြောင်းကြီးတစ်လျှောက် နယ်မြေတွေဖြစ်ပါတယ်ခင်ဗျာ။

အဲဒီနယ်မြေတစ်လျှောက် စာပေကိုလိုနီဒေသကရတဲ့ **အမြတ်အစွန်းကို ကြည့်ရင်တော့ သူတို့ဆီကထုတ်ပြန်တဲ့ စာရင်းဇယားအရတိုပဲ တစ်နှစ်အတွင်းမှာ ပေါင်စတာလင်ငွေ သန်း (၁၀၀)လောက် ရှိတယ်**လို့ဆိုပါတယ်။

ဒါနဲ့ပတ်သက်လို့ ယခင်ဗြိတိသျှစာအုပ်ထုတ်ဝေသူများအသင်းရဲ့အတွင်းရေးမှူးဖြစ်သူ ရော်နယ်ဘာကာ Ronald Berker ရဲ့ ထုတ်ဖော်ပြောကြားချက်အရ အာရှ အာဖရိကနဲ့ လက်တင်အမေရိက

www.burmeseclassic.com

www.burmeseclassic.com



**နိုင်ငံ**တွေမှာ ဗြိတိသျှနဲ့ အမေရိကန် စာအုပ်ထုတ်ဝေသူတွေဟာ တစ်နှစ်ကို စီးပွားရေးဈေးကွက်ဝင်စာအုပ် **သူတို့အခေါ် လူထုဈေးကွက်ဝင်စာအုပ်** အမျိုးအမည်ပေါင်း (၃၀,၀၀၀)လောက် ဖြန့်ချိနေပါတယ်လို့ ဆိုထားပါတယ်။

အလားတူ ပြင်သစ်နိုင်ငံက ဖရန့်ချ်ဟာရှဲအုပ်စု၊ ဂယ်လီမတ်နဲ့ ဖရက်စ်ဒီလာတီး စာအုပ်ထုတ်ဝေရေး လုပ်ငန်းကြီးတွေဟာလည်း ပြင်သစ်စာပေသုံးစွဲနေတဲ့ အာရှနဲ့အာဖရိကနိုင်ငံငယ်တွေ အပေါ်မှာ **အ**ခိုင်အမာ ခြေကုတ်ယူထားကြောင်း တွေ့ရပြန်တယ်ခင်ဗျာ။

ဥပမာအားဖြင့် ပြင်သစ်ဟာရှဲအုပ်စု တစ်ခုတည်းကပဲ နိုင်ငံငယ် (၃၃)နိုင်ငံအတွင်းမှာ လက်အောက်ခံအေဂျင်စီအဖွဲ့တွေရဲ့ အကူအညီနဲ့ မြောက်မြားစွာသော ဖြန့်ချိရေးတိုက်ကြီးတွေနဲ့ သတင်းစာတွေ၊ အချိန်မှန်ထုတ်ဂျာနယ်၊ မဂ္ဂဇင်းတွေကို အုပ်ချုပ်ဖြန့်ချိနေတာ တွေ့ရပါတယ်။ ဒီဟာရှဲစာအုပ် ထုတ်ဝေရေးကုမ္ပဏီက ဖြန့်ချိလိုက်တဲ့ စာအုပ်တွေရဲ့ ထက်ဝက်လောက်ဟာ အခြားဘာသာစကားနဲ့ ရိုက်နှိပ်ထားခြင်းဖြစ်ကြောင်းလည်း တွေ့ရပြန်ပါတယ်။

တကယ်တမ်းပြောရရင်တော့လည်း အနောက်နိုင်ငံကြီးတွေက သူတို့ရဲ့စာအုပ်တွေ အရေအတွက်ကြီးမားစွာ ထုတ်လုပ်နေတာကိုချည်း တစ်ဘက်သတ် အပြစ်ပြောလို့မရဘူးလို့ ဆိုရပါလိမ့်မယ်ခင်ဗျာ။



ဒီလိုဖြစ်ရခြင်းအတွက် အခြားအကြောင်းရင်း တစ်ခုကတော့ နိုင်ငံငယ်တွေက စာအုပ်ထုတ်ဝေဖြန့်ချိခြင်း လုပ်ငန်းတွေဟာ ခေတ်နောက်ကျပြီး ညှိုးဖျင်းနေခြင်းကြောင့်လည်း ဖြစ်ပါတယ်။ ဒီလိုပြောရင် မှားမယ်မဟုတ်ပါဘူး။

## စိတ်အစာနှင့် ဝါဒဖြန့်စားဖိုကြီး

ဒါကြောင့် နိုင်ငံငယ်တွေက လိုအပ်နေတဲ့ **စိတ်အစာ** Spiritual food တွေကို အခြားနေရာတွေက နေရှာကြံရယူနေရမှာဖြစ်တယ်။

ဒီအားနည်းချက်ကို သိထားတဲ့အနောက်ဘက်ကိုလိုနီလက်သစ်ဝါဒီ နိုင်ငံကြီးများက **ဝါဒဖြန့်ချိရေးစားဖိုကြီး** The Propaganda Kitchen တွေဟာ နိုင်ငံငယ်များကလိုအပ်နေတဲ့ **စိတ်အစာ**လေးတွေကို ဘယ်လိုအာဟာရဓါတ်မျိုးတွေနဲ့ သွတ်သွင်းပြီး ချက်ပြုတ်ပို့ဆောင်ပေးနေသလဲ။ စဉ်းစားရပါလိမ့်မယ်။

ဒါဟာ အမိဓာအချက်လည်း ဖြစ်ပါတယ်ခင်ဗျာ။ ဒါနဲ့ပတ်သက်လို့ လန်ဒန်မြို့ထုတ် ဖိုင်နင်ရှယ်တိုင်းမ်စ် Financial Times သတင်းစာကြီးရဲ့ ဖော်ပြချက်တွေဟာ ကွင်းကနဲ ကွက်ကနဲနေအောင်ကို ရှင်းလင်းလှပါတယ်။ သတင်းစာကြီးက ဖော်ပြတာကတော့ **ဗြိတိသျှနိုင်ငံက စာအုပ်တွေကို နိုင်ငံခြားကို** တင်ပို့ရောင်းချနေခြင်းဟာ

www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးအကျိုး အမြတ်တစ်ခုတည်းကြောင့် မဟုတ်ပါဘူး -တဲ့။ ဗြိတိန်နိုင်ငံနဲ့ ဗြိတိသျှစာပေတစ်မျိုးတည်းကိုသာ ရေရှည်မှီခိုနေစေရေးအတွက် ဝါဒဖြန့်ချိပေးနေခြင်း၊ အနောက်ဘက်လူနေမှုပုံစံကို အထက်ဝင်အားပေးလာအောင် ပုံသွင်းပေးနိုင်ခြင်း၊ သူ့စကားနဲ့ ပြောရရင် **Eulogisation of the Western way of life**၊ ဆိုရှယ်လစ်ဝါဒကဲ့သို့ အခြားသောလူနေမှုစနစ် ဝါဒများကို ချေဖျက်ပေးနိုင်ခြင်းစတဲ့ အကျိုးအမြတ်တွေကို ရရှိနေ တယ်ဆိုတာ သိထားရပါမယ် -တဲ့။

ဒါကြောင့်လည်း အိန္ဒိယနိုင်ငံက ဝေဖန်ရေးသမားကြီး ဒေါက်တာ ဆူဒက်ရှ် Dr. Sudhest က အနောက်ဘက်က ထုတ်လုပ်လိုက်တဲ့ စာပေတွေအပေါ် အခုလိုဝေဖန် သုံးသပ်ထားပါတယ်။

အနောက်ဘက်ကလာတဲ့ လူထုဆက်သွယ်ရေး ပစ္စည်းတွေကနေ အိန္ဒိယနိုင်ငံက စာဖတ်ပရိသတ်၊ ဒါမှမဟုတ် ရုပ်ရှင်၊ တီဗွီကြည့်သူတွေကို သွတ်သွင်းပေးနေတာတွေကတော့ အမျိုးမျိုးသော အတွေးအခေါ်ပိုင်း ဖြားယောင်းလိမ်လည်မှုတွေရယ်၊ အရှေ့ဥရောပသူလျှိုတစ်ဦးကို ဘယ်လိုဖမ်းဆီလိုက်တယ်ဆိုတဲ့ စွန့်စားခန်းဇာတ်လမ်းမျိုးတွေရယ်သာ ဖြစ်ပါတယ်-တဲ့။

ပြီးတော့ အဲဒီစာပေ၊ ဇာတ်လမ်းတွေဟာ ဇာတ်လမ်းအဆင်အပြင် စကားလုံးအသုံးအနှုန်း၊ စာရေးဆရာ၊ ဇာတ်ညွှန်းဆရာအမည်တွေသာ အသွင်သဏ္ဌာန်အားဖြင့် ပြောင်းချင်ပြောင်းသွားမယ်၊ အနှစ်



သာရချင်းကတော့ တစ်ခုနဲ့တစ်ခု ထူးမခြားနားဖြစ်နေကြတာမို့လို့ တကယ်တန်းဆန်းစစ်ကြည့်ရင် စစ်မှန်တဲ့စာပေနဲ့ အနုပညာအရည်အသွေးကင်းမဲ့နေတဲ့ စာပေ၊ ဇာတ်လမ်းတွေသာ ဖြစ်ပါတယ်-တဲ့။ အဲသလို ဝေဖန်ခဲ့ပါတယ်။ အဲသလို စာပေတွေဟာ စာဖတ်သူများရဲ့ ဝေဘုဒ္ဓိအသိဉာဏ် ပညာကိုတိုးတက်စေခြင်းလည်းမရှိ ဖတ်ရှုရတဲ့ အကြောင်းတရားတွေကနေ တုံ့ပြန်အကျိုးပြုမှုမျိုးလည်းမရှိ၊ စာရေးသူများရဲ့ ခွဲခြမ်းစိတ်ဖြာ အသိပညာ တိုးတက်စေမှုမျိုးလည်း အဲဒီစာပေမျိုးမှာ မပါရှိပါဘဲ စာဖတ်သူများကို ပကတိလူမှုရေးအခြေအနေတွေကနေ့ကင်းကွာ သွားအောင်သာ ဖန်တီးထားတဲ့ စာပေတွေဖြစ်နေပါတယ်ခင်ဗျာ။

အထူးသဖြင့် ပြင်သစ်နိုင်ငံကထုတ်တဲ့ ဖရက်စ်ဒီလာစီတီးစာအုပ်တိုက်ထုတ် စာအုပ်တွေဟာ အထက်ပါအမျိုးအစား သူလျှိုနဲ့ ရာဇဝတ်မှုခင်းစာအုပ်မျိုးတွေသာ ဖြစ်ပါတယ်။ အလားတူစာပေမျိုးထဲမှာ ဗြိတိန်နိုင်ငံ လန်ဒန်မြို့ဟော်ဒါနှင့် စတောက်တန်လီမိတက် Hodder and Stoughton Ltd. က ထုတ်ဝေတဲ့ စာအုပ်တွေလည်းဝါဝင်ပါတယ်။ ဒီစာပေလီမိတက်ဟာ အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့ စီအိုင်အေနဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့် စာပေလောကမှာ တစ်မျိုး တစ်ဖုံ နာမည်ကြီးတဲ့စာအုပ်တိုက်ကြီးလည်းဖြစ်တယ်လို့ သိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## မှိုလိုပေါက်နေသော စာအုပ်တိုက်ကြီးများ

ကမ္ဘာအဝန်း နိုင်ငံများစွာမှာ လက်ခွဲတိုက်ငယ်တွေ တည်ထောင်ပြီး အမေရိကန်စာပေတွေ ရောင်းချခြင်း၊ ဒေသန္တရစာနယ်ဇင်းတွေထဲမှာ သူတို့ရဲ့ ဝတ္ထု၊ ဇာတ်လမ်း၊ ဆောင်းပါးတွေကို အခကြေးငွေရယူပြီး ဖြန့်ချိနေခြင်းစတဲ့ လုပ်ငန်းတွေကို လုပ်ကိုင်နေတဲ့ အမေရိကန်စာအုပ်တိုက်ပေါင်းဟာ စုစုပေါင်း(၆,၀၀၀)နီးပါးရှိတယ်လို့ စာရင်းဇယားတွေက ဖော်ပြနေပါတယ်။

ဒါဟာ အပေါ်ယံသုတေသနပြု ခန့်မှန်းချက်သာ ဖြစ်ပါတယ်ခင်ဗျာ။ တကယ်တော့ အမေရိကန်နဲ့ အနောက်ဘက်အင်အားကြီးနိုင်ငံများက အမိကစာအုပ်ထုတ်ဝေသူများဟာ နိုင်ငံငယ်များဆီကို တင်ပို့လိုက်တဲ့ စာအုပ်အမျိုးအမည်လောက်သာ ဖော်ပြပြီး၊ အတွဲပေါင်းဘယ်လောက်တင်ပို့တယ်၊ ဘယ်လောက်များများ မိတ္တူပွားပြီး ဒေသတွင်း ထုတ်ဝေခွင့်ပြုတယ်ဆိုတာတွေကို လျှို့ဝှက်ထားလေ့ရှိကြပါတယ်။ ဒါကြောင့် အနောက်ဘက်စာပေများရဲ့ ဩဇာအာဏာစက်ကွင်းဟာ နိုင်ငံငယ်များက ပရိသတ်အပေါ် အတွေးအမြင်ပိုင်းဆိုင်ရာမှာ ဘယ်လောက် ထိုးစစ်ဆင်ချုပ်ကိုင်ထားနိုင် ကြတယ်ဆိုတာကို သုတေသနပြုဖော်ပြရန် ဖိုးလမင်းတို့လို အမျိုးသားရေးဝါဒီ သုတေသီများအတွက် ခက်ခဲလွန်းလှပါတယ်။



ဒါပေမယ့်လည်း အမေရိကန်အစိုးရ ထုတ်ဝေရေးဌာနတွေက ဖြန့်ချိနေတဲ့ စာပေတွေရဲ့ ကမ္ဘာအဝန်းဝါဒဖြန့်ချိရေး ထိုးစစ်ရေးယာအကျယ်အဝန်းကိုတော့ အမေရိကန်အစိုးရပြန်တမ်း၊ မှတ်တမ်းတွေကနေတဆင့် ခြုံငုံအကဲခတ်လို့ ရနိုင်ပါတယ်။

ဥပမာအားဖြင့် အမေရိကန်အစိုးရဟာ အဲသလိုပုံနှိပ်ထုတ်ဝေမှုမျိုးတွေအတွက် တစ်နှစ်ကို ဒေါ်လာသန်း (၅၀၀)ကနေ (၈၀၀) အထိ အသုံးပြုနေကြောင်းကိုတော့ သိရပါတယ်။

ဒါပေမဲ့ အမေရိကန် အစိုးရက ငွေကြေးစိုက် ထုတ်ပေးထားတဲ့ ပုံနှိပ်တိုက်ကြီးတွေထဲမှာရော၊ အရင်းရှင် ကမ္ဘာတစ်ခုလုံးရဲ့ ပုံနှိပ်တိုက်ကြီးတွေထဲမှာပါ အကြီးမားဆုံး ဖြစ်တဲ့ အမေရိကန်အစိုးရပုံနှိပ်လုပ်ငန်းဌာနကြီး US Government Printing Office က မှည်ပကို ပုံနှိပ်ဖြန့်ဝေခွင့်ပြုလိုက်တဲ့ ဝါဒဖြန့် စာပေတွေကိုတောင် ပမာဏအားဖြင့် ဘယ်လောက်ရှိတယ်ဆိုတာသိရဖို့ မလွယ်ပါဘူးခင်ဗျာ။ အတိုင်းအဆမရှိများပြားလှပါတယ်လို့သာ ခန့်မှန်းနိုင်ပါသေးတယ်။

ဒီလိုပဲ အမေရိကန် ပြန်ကြားရေးအေဂျင်စီကြီးဟာ အစိုးရရုံးဌာနတွေနဲ့ အနီးကပ်ဆက်သွယ်ပြီး၊ အာရှ၊ အာဖရိကနဲ့ လက်တင်အမေရိက နိုင်ငံငယ်လေးတွေဆီကို များပြားလှတဲ့ စာအုပ်စာတမ်းတွေ ဖြန့်ချိလျက်ရှိနေတာ တွေ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်နိုင်ငံ အတွင်းမှာသာမကဘဲ ဒီစာအုပ်စာတမ်းမျိုးတွေကို ထပ်မံကူးယူပုံနှိပ်ဖြန့်ချိပေးနိုင်တဲ့ထုတ်ဝေရေးဌာန (Publishing Centres)တွေဟာ ကမ္ဘာ့မြို့တော်ကြီးတိုင်းမှာလိုလို ရှိနေပြီလည်းဖြစ်ပါတယ်။

## ဝါဒဖြန့်စာပေတွေ ခြေတော်တင်မွေးဖွားပေးနေ

ယခင် ကမ္ဘာ့ဘက်မလိုက်နိုင်ငံများ စုစည်းထူထောင်ထားတဲ့ သတင်းအေဂျင်စီများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဥက္ကဋ္ဌကြီးဖြစ်ခဲ့သူ အိန္ဒိယ သတင်းစာဆရာကြီးဟောင်းလည်းဖြစ်တဲ့ မစ္စတာဒင်ကာရာအိုမင်ကီကာ Dinker Rao Mankeker ရဲ့ပြောကြားချက်အရ သိရတာကတော့ အမေရိကန် ပြန်ကြားရေးဌာနကြီးဟာ အမေရိကန်ပြည်တွင်းပြည်ပ စာအုပ်ထုတ်ဝေသူများအတွက် တစ်နှစ်ကို ဘာသာပေါင်း(၂၅)ဘာသာနှင့် စာအုပ်ပေါင်း(၅)သန်း ထုတ်ဝေဖြန့်ချိရေးအတွက် အကူအညီပေးလျက် ရှိတယ်လို့ဆိုပါတယ်။သူပြောတဲ့စကားအသုံးအနှုန်းအတိုင်း ပြန်ပြောရမယ်ဆိုရင်တော့ ဒီ "ယဉ်ကျေးမှုနယ်ချဲ့ဝါဒ" ကြီးဟာ အာရှ အာဖရိကနဲ့လက်တင် အမေရိကနိုင်ငံလေးတွေကို အမွှေခြေတော်တင်ပြီး၊ နိုင်ငံငယ်လေးတွေက စာအုပ်ဈေးကွက်တွေမှာဝါဒဖြန့်စာပေတွေကိုအများအပြားမွေးဖွားပေးနေတယ်လို့တောင် ပယ်ပယ်နယ်နယ်ပုံခိုင်း ပြောကြားထားပါတယ်။



## အခမဲ့စာပေများ၏ အမြတ်အစွန်း

အမေရိကန်ပြန်ကြားရေး အေဂျင်စီကြီးဟာ နိုင်ငံအများအပြားကထုတ်ဝေရေး စာအုပ်တိုက်တွေကို ကန်ထရိုက်ပေးပြီးတော့လည်း ဝါဒဖြန့်စာပေတွေ ဖြန့်ချိစေတာတွေ့ရပါတယ်။ အထူးသဖြင့်တော့ နိုင်ငံအများအပြားက ကောလိပ်၊ တက္ကသိုလ်တွေ၊ စာကြည့်တိုက်ကြီးတွေနဲ့ အခြားအစိုးရရုံးဌာနကြီးတွေကို အခမဲ့ဝေငှပေးဖို့လည်း ထုတ်ဝေနေတာတွေ့ရပါသေးတယ်။

အခုလို ဝါဒဖြန့်စာပေတွေကို အခမဲ့ရော၊ လျှော့ဈေးနဲ့ပါဝေငှနေတယ်ဆိုတာဟာ၊ ပြန်လည်ရရှိတဲ့ ဩဇာအာဏာချဲ့ထွင်ရေး အကျိုးအမြတ်နဲ့နှိုင်းယှဉ်ရင် အကြီးအကျယ်ကွာခြားနေလို့သာ လုပ်နေကြတယ်ဆိုတာ ဗေဒင်မေးစရာ မလိုဘူးပေါ့ခင်ဗျာ။

အမေရိကန် ပြန်ကြားရေးအေဂျင်စီကြီးဟာ တကယ်တော့ ငွေကြေးတင်မကဘဲ နိုင်ငံငယ်များမှာရှိတဲ့ သူရဲ့လက်ခွဲ တိုက်ငယ်တွေကို ခေတ်မီ စက်မှုသိပ္ပံအကူအညီတွေလည်း ပေးနေတာတွေ့ရပါတယ်။ ဒီလိုနည်းနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို မကြာသေးမီနှစ်များအတွင်း စာအုပ်အမျိုးအမည်ပေါင်း (၂၀၀၀) ကျော်နဲ့ စာအုပ်ပေါင်း (၅) သန်းကျော်ဖြန့်ဝေခဲ့တာ တွေ့ရှိရပါတယ်။ ဒီလိုဝါဒဖြန့် စာပေတွေကြောင့် အမေရိကန်ပြည်ထောင်စုဟာ နိုင်ငံငယ်တွေဆီကနေ စီးပွားရေး

www.burmeseclassic.com

www.burmeseclassic.com



ပူးပေါင်း ဆောင်ရွက်မှုတွေ ပိုမိုရရှိလာနေတဲ့အတွက် နိုင်ငံငယ်များရဲ့ စီးပွားရေးနဲ့ယဉ်ကျေးမှုပေါ် လစီ တွေကို သွေးဆောင်ပုံသွင်းပေးနေတဲ့ ဝါဒဖြန့်စာပေတွေ အများအပြား ပါဝင်နေလိမ့်မယ်ဆိုတာလည်း ခန့်မှန်းကြည့်နိုင်ပါသေးတယ်။

## တက္ကသိုလ်များ ပုံနှိပ်တိုက်ရဲ့ အကူအညီ

အမေရိကန် ပြန်ကြားရေးအေဂျင်စီကြီးဟာ အမေရိကန် တက္ကသိုလ်များ ပုံနှိပ်တိုက်နဲ့လည်း ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်း ဆောင်ရွက်နေတာ တွေ့ရဦးမှာဖြစ်ပါတယ်။ တက္ကသိုလ်များ ပုံနှိပ်တိုက်ဟာလည်း ဒီအေဂျင်စီကြီးရဲ့ ပံ့ကိုင်ပေးမှုကြောင့် အာရှနဲ့အာဖရိက နိုင်ငံများကလုပ်ဆောင်နေတဲ့ ကိုယ့်အားကိုယ်ကိုး ဖွံ့ဖြိုးရေးလုပ်နည်း လုပ်ဟန်တွေအပေါ် မှာ တစ်ဖက်စောင်းနင်းဖြစ်စေမယ့် ပိုင်းခြားစိပ်ဖြာ သုံးသပ်မှုတွေကို ရေးသားဖြန့်ချိလျှက် ရှိပါတယ်။

ဥပမာအားဖြင့် ပြောရမယ်ဆိုရင် နိုင်ငံငယ်များက ကျင့်သုံးနေတဲ့ စီးပွားရေး၊ လူမှုရေးဆိုင်ရာ မူဝါဒတွေကို ထင်ရှားတဲ့တက္ကသိုလ် ပါမောက္ခဆိုသူတွေရဲ့ နာမည်တွေနဲ့ ဝေဖန်ပြခြင်း၊ ဆန့်ကျင်ဖက်စီးပွား ရေးပညာရပ်အမြင်နဲ့ ကြည့်ရှုသုံးသပ်ပြီး ပြဌာန်းစာအုပ်တွေ ရိုက်နှိပ်ခြင်း များပြုလုပ်ခဲ့ကြပါတယ်။ အချို့သော အမေရိကန်စာအုပ်တိုက်တွေ ကတော့ နိုင်ငံငယ်များအပေါ် ချေဖျက်နိုင်တဲ့ ထူးခြားတဲ့နိုင်ငံရေး



စရိုက်လက္ခဏာပါတဲ့ အတွေးအမြင်တွေကို ပုံနှိပ်ဖြန့်ချိနေကြဖြစ် ပါတယ်။ ဥပမာအားဖြင့် အမေရိကန်နယူးကုမ္ပဏီ American New Company လိုစာအုပ်တိုက်တွေဟာ အမေရိကန် လူနေမှုစရိုက်ဆီကို သိမ်းသွင်းပေးတဲ့၊ နိုင်ငံငယ်တွေက နိုင်ငံရေးစရိုက် လက္ခဏာတွေကို ချေဖျက်နိုင်တဲ့၊ စာအုပ်မျိုးတွေ ဦးစားပေးထုတ်နေတာ တွေ့ရပါတယ်။

ဘာပဲပြောပြော အထက်စာအုပ်တိုက်တွေဟာ အမေရိကန် ဝါဒ ဖြန့်ချိရေးဌာနကြီးတွေက လျှို့ဝှက်ချမှတ်ပေးနေတဲ့ မူဝါဒတွေရဲ့ ဘောင်အတွင်းကနေ အမေရိကန်ဝါဒဖြန့်ချိရေး ရည်မှန်းချက်တွေကို အကောင်အထည်ဖော် ပေးနေကြတယ်ဆိုတာ တွေ့ရပါတယ်။

## ဗီယက်နပ်ကို ရုပ်ဘိုလှတ်လိုက်မယ်

နိုင်ငံကြီးများရဲ့ဝါဒဖြန့်ချိရေးကာ်ရီယာတွေထဲမှာ ကာတွန်း ဇာတ်လမ်းတွေဟာလည်း အဓိကနေရာကနေပါဝင် နေကြောင်းတွေ့ရ ပြန်တယ်။

အဲဒီကာတွန်းဇာတ်လမ်းတွေထဲမှာ အနောက်အုပ်စုနိုင်ငံ ကြီးများနဲ့ နိုင်ငံရေးသဘောထားချင်း မတိုက်ဆိုင်တဲ့ နိုင်ငံများ၊ လူမျိုးများ၊ နိုင်ငံခေါင်းဆောင်များကို ကာတွန်းရုပ်ပြတွေနဲ့ စောင်းမြောင်းရေးဆွဲပြီး နိုင်လိုမင်းထက် ယုတ်ညံ့တဲ့စကားအသုံးအနှုန်းတွေနဲ့ ပုံဖော်ထား တာတွေပါဝင်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခုနောက်ပိုင်းမှာ ခေတ်စားလာတဲ့ ဇာတ်ကောင်ကတော့ စူပါမင်းဖြစ်ပြီး၊ စူပါမင်းလို၊ ရမ်ဘိုလိုဇာတ်လိုက်တွေကို ဗီယက်နမ်တပ်ဖွဲ့တွေအပေါ် ကမ်ပူးချားတပ်ဖွဲ့တွေအပေါ် သုတ်သင်နှိမ်နှင်းအောင်မြင်သူများအဖြစ် သရုပ်ဆောင်စေတာကို တွေ့ရမှာဖြစ်ပါတယ်။ တစ်ခါက အမေရိကန်သမ္မတရီဂင်ဟာ ဟောပြောပွဲတစ်ခုမှာ မိုက်ခွက်စမ်းရင်း အပြောင်အပျက်ပြောလိုက်ဖူးပါတယ်။ "ဗီယက်နမ်ကို ရမ်ဘိုလွှတ်လိုက်မယ်တဲ့။" အခုတော့တစ်ကယ်ဖြစ်နေခဲ့ပြီခင်ဗျ ။

တစ်ခါတစ်ရံမှာတော့ စိတ်ကူးယဉ်သတ္တဝါဇာတ်လမ်းတွေ၊ ထူးဆန်းတဲ့ အာကာသခရီးသွားပုဂ္ဂိုလ်ဇာတ်လမ်းတွေ၊ ဉာဏ်များတဲ့ လူဆိုးဂိုဏ်းခေါင်းဆောင်တွေ၊ ဇာတ်လိုက်တွေအဖြစ် သရုပ်ဆောင်စေတာလည်းတွေ့ကြရမှာပါ။ ဒါကအားကျစွဲလမ်းစေအောင် ပြုလုပ်တဲ့လုပ်နည်းလုပ်ဟန်တွေဖြစ်ပါတယ်။ လူမှုဘဝတိုးတက်ရေးအတွက် ဘာမှအနှစ်သာရမပါတဲ့ လုပ်ဇာတ်တွေပါ။

ဒါနဲ့ပတ်သက်လို့ ကော်စတာရီကာနိုင်ငံသား သုတေသီတစ်ဦးဖြစ်သူ အီးမိုရာ E.Mora ကသူဟာ ကော်စတာရီယာ နိုင်ငံထဲကို အမေရိကန် သတင်းစာတိုက်နဲ့ စာအုပ်တိုက်တွေက သွတ်သွင်းလာတဲ့ ကာတွန်းဇာတ်လမ်း စာအုပ်ပေါင်း(၅၀)ကို လေ့လာကြည့်ခဲ့ပါတယ်တဲ့။ အဲဒီလို လေ့လာကြည့်တဲ့အခါ (၄၃)အုပ်က ရာဇဝတ်မကင်းသော ဖောက်ပြန်မှုတွေ၊ အဓမ္မပြုကျင့်မှုတွေ၊ ထိတ်လန့်ကြောက်မက်ဖွယ်ရာ



အကျင့်တွေ၊ လှို့ဝှက်သဲဖိုဆန်တဲ့ တန်ခိုးရှင်ဇာတ်လမ်းတွေ၊ မှော်ဆရာဇာတ်လမ်းတွေနဲ့ နိုင်ငံရေးဆိုးနှက်တလိချက်တွေသာ ဖြစ်နေပါတယ်လို့ သုံးသပ်ပြထားပါတယ်။

## စိတ်ဓာတ်ရေးရာတန်ဖိုးများ ပျော်ဝင်သွားခြင်း

တကယ်တော့ လူ့အသိုက်အဝန်းထဲမှာ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းတွေဟာ လူသားတွေရဲ့ စိတ်ထားစရိုက်တွေကို ကြီးကိုင်ထားနိုင်တဲ့ အင်အားကြီးမားလှတဲ့အရာတွေ၊ မရှိမဖြစ်တဲ့အရာတွေသာ ဖြစ်ပါတယ်ခင်ဗျာ။ အခုတော့ နိုင်ငံငယ်များက နှစ်ပေါင်းထောင်နဲ့ချီပြီး ရှင်သန်လာခဲ့တဲ့ ယဉ်ကျေးမှုတွေ၊ အမျိုးသားစရိုက် လက္ခဏာတွေနဲ့ စိတ်ဓါတ်ရေးရာ စရိုက်လက္ခဏာကောင်းတွေဟာ အနှစ်သာရကင်းမဲ့တဲ့နိုင်ငံကြီးများက ယဉ်ကျေးမှုပုံစံသစ်တွေရဲ့ ဝါးမျိုခြင်းကိုခံနေရပါပြီ။

ဒီအကြောင်းကို နာမည်ကျော် **ဘာတိုးဘရက်** Bertolt Brecht ဆိုသူပုဂ္ဂိုလ်ကြီးက **စိတ်ဓါတ်ရေးရာတန်ဖိုး များရောင်းကုန်ပစ္စည်းများအတွင်းသို့ ပျော်ဝင်သွားခြင်း** the melting of spiritual values into commodities လို့ တင်စားပြောကြားခဲ့ပါတယ်။ ဆိုလိုတာက ကမ္ဘာ့လူသားများရဲ့ စိတ်ဓါတ်ရေးရာတန်ဖိုးတွေဟာ အနောက်အကျ် နိုင်ငံကြီးများက ယဉ်ကျေးမှုရောင်းကုန်ပစ္စည်းတွေထဲကို ပျော်ဝင်သွားနေပြီလို့ ရည်ညွှန်းပြောဆိုခြင်း ဖြစ်ပါတယ်ခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



သူပြောသလို ဟုတ်မဟုတ် အထက်မှာတင်ပြခဲ့တဲ့ စာရင်းဇယား အကြောင်းအရာတွေနဲ့ စီစစ်ချိန်ထိုးကြည့်ပေတော့လို့သာ ပြောလိုက်ပါရစေ။

အခုလို စိတ်ဓါတ်ရေးရာတန်ဖိုးတွေ ပျော့ဝင်သွားရခြင်း နောက်ကြောင်းကို ဆန်းစစ်ကြည့်တဲ့အခါ ၁၉၈၀ ပြည့်ကျော်ကာလတွေမှာ တစ်ဟုန်ထိုးပေါ် ပေါက်လာတဲ့ အမေရိကန်အပေါ်စားစာအုပ်တွေကို သွားတွေ့ရပါတယ်။

ဒီစာအုပ်တွေဟာ စာရေးသူနာမည်တွေမပါ၊ စာအုပ်နာမည်တွေမပါ၊ အပေါ်စားစာရွက်တွေနဲ့ရိုက်ပြီး တစ်ခါတစ်ရံ စာအုပ်အဖုံးထူတောင်မှမပါပဲနဲ့ ဖြစ်သလိုရိုက်နှိက်ထုတ်ဝေထားတဲ့ စာအုပ်တွေဖြစ်ပါတယ်။ အဲဒီစာအုပ်တွေကို စူပါမားကက်လို့ခေါ်တဲ့ ဈေးရုံကြီးတွေကနေ လမ်းဘေးပလက်ဖောင်းပေါ် က၊ ထင်းရှူးသေတ္တာတွေအထိ ပျံ့နှံ့ရောက်ရှိစေခဲ့ပါတယ်။ စာအုပ်သေတ္တာကြီးတွေပေါ် မှာတော့ **ကာမတဏှာ၊ မူခင်း၊ မှော်၊ သူလျှို** စသည်ဖြင့် စာလုံးအမဲကြီးတွေသာတွေရပြီး အုပ်ရေအတိအကျမရှိ သေတ္တာလိုက်ထည့်ပြီး ကမ္ဘာအဝန်းကို တင်ပို့ခဲ့ကြပါတယ်။ စာရေးဆရာနာမည်၊ ထုတ်ဝေတဲ့ စာအုပ်တိုက်တွေ မပါတာကြောင့်လည်း ဘယ်သူ့မှာမှတာဝန်မရှိသလို ဖြစ်ရပြန်တယ်ခင်ဗျာ။ တကယ်တော့ ဟင်းရွက်ကန်စွန်းဝယ်ရင်တောင်မှ အပုပ်အသိုးရွေးထုတ်ဝယ်ယူလို့ရနိုင်ပါသေးတယ်။ အခုလို သေတ္တာနဲ့ ပိတ်ပြီး



ရောင်းတဲ့စာအုပ်တွေကျတော့ ဟင်းရွက်ကန်စွန်းလိုတောင် အပုပ်မရွေးနိုင်တော့တဲ့ အဖြစ်ကိုရောက်ကြရပါတယ်။

ဒီစာပေမျိုးတွေကို နိုင်ငံငယ်လေးတွေဆီကို တင်ပို့လိုက်တဲ့အခါမှာတော့ ဘာပြောကောင်းမလဲပေါ့ခင်ဗျာ။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com

# မီဒီယာစစ်မျက်နှာ

အနာဂတ် ကမ္ဘာ့နိုင်ငံများရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေး၊ အုပ်ချုပ်ရေးနဲ့ လုံခြုံရေးနယ်ပယ်စုံမှာ ထိုးစစ်၊ ခံစစ်နှစ်မျိုးစလုံးအသုံးပြုလာရမယ့် ဒုတိယတပ်မတော် Second Army ကြီးဟာ ပြန်ကြားရေးလုပ်ငန်း ကြီးပဲဖြစ်တယ်လို့ မီဒီယာလောကမှာ ဆိုနေတာမှန်ပါသလား၊ ဒါကြောင့် ဝါဒဖြန့်ချိရေးနယ်ပယ်ကို တစ်စွန်းတစ လေ့လာကြရအောင်ပါ ခင်ဗျာ။

နယ်ချဲ့ဝါဒီတို့ရဲ့ ဝါဒဖြန့်ချိရေးနယ်ပယ်ထဲမှာ ခေတ်အဆက်ဆက်ကို တွေ့ကြုံဖြတ်သန်းလာခဲ့ပြီး ဝါအရင့်ဆုံး၊ ဒူရေးအပါဆုံး

www.burmeseclassic.com

www.burmeseclassic.com



အသံလွှင့်ဌာနကြီးကို ပြပါလို့ဆိုရရင် ဗြိုင်ဘက်ကင်းလောက်အောင် ပညာသားတွေနဲ့ ပြည့်နေတဲ့ ဗြိတိသျှအသံလွှင့် ကော်ပိုရေးရှင်းကြီး ဘီဘီစီ ကို ပြရပါလိမ့်မယ်ခင်ဗျာ။

## ဘာလဲဘီဘီစီ

ဘီဘီစီဆိုတဲ့ ကမ္ဘာကျော်အသံလွှင့်ဌာနကြီးရဲ့ အန္တိမရည်မှန်း ချက်ကို နိုင်ငံငယ်လေးတွေနဲ့ ယခင်အရှေ့အုပ်စု နိုင်ငံတွေက ပညာရှင်တွေ ရှာဖွေခဲ့ပါတယ်။

အဲသလိုရှာဖွေတဲ့အခါမှာတော့ လက်ဝါးကြီးအုပ် အရင်းရှင် စနစ်ကို အကာအကွယ်ပေးတဲ့ ဝါဒဖြန့်ချိရေးခံတပ်ကြီးအဖြစ် လည်း ကောင်း၊ ဆိုဗီယက်ဆန့်ကျင်ရေး စစ်အေးတိုက်ပွဲများရဲ့ ထိုးစ မျက်နှာစာအဖြစ် လည်းကောင်း၊ ဘက်မလိုက်နိုင်ငံများရဲ့ လှုပ်ရှားမှု ကိုလိုက်လံချေမှုန်းနေတဲ့ ဝါဒဖြန့်ချိရေးနယ်ပယ်က စစ်ဦးတီလူးအဖြစ် လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များရဲ့ နယ်ထကာစ အပြည်ပြည်ဆိုင် ရာစီးပွားရေးနဲ့ ပြန်ကြားရေးအစီအစဉ်သစ်လုပ်ငန်းတွေကို လည်ပင် ညှစ်ထားတဲ့ သတ္တဝါကြီးအဖြစ်လည်းကောင်း ရှုမြင်ခဲ့ကြပါတယ်။

ဒါပေမဲ့ သူ့မိတ်ဆွေအမေရိကန်ဝါဒဖြန့် ယန္တယားကြီးနဲ့ မ ဘဲနည်းနည်းတော့ ကွဲလွဲမှုရှိပါတယ်လို့ အဲဒီပညာရှင်တွေက အ အမှတ်ပြုထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘီဘီစီအဖွဲ့ကြီးဟာ



အစိုးရနဲ့ ဘာမှမဆိုင်ပါဘူး၊ အလွန်လွတ်လပ်ပါတယ်လို့ သာမန်လူထု အပေါ် မကြာခဏ အော်နေပေမဲ့ တကယ်တော့ အစိုးရအုပ်ချုပ်သူ များရဲ့ ထိန်းချုပ်မှုဘောင်ထဲက လှုပ်မရအောင်တီကျလှတဲ့ ပုံစံချ ပေးထားခြင်းခံရတဲ့ အဖွဲ့ အစည်းပါလို့ ဝါဒဖြန့်ချိရေးပညာရှင်များက ထောက်ပြနေကြလို့ ဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ဘီဘီစီဒါရိုက်တာများ (ညွှန်ကြား ရေးမှူးများ) ဘုတ်အဖွဲ့နာယကကြီးကို ဗြိတိသျှ ဘုရင့်တော်ဝင်အမိန့် ဒီခရီနဲ့ ခန့်အပ်လို့မပါပဲတဲ့။

ဒီလို နာယကရွေးတဲ့အခါ ဗြိတိသျှအစိုးရရဲ့ စီစစ် ထောက်ခံမှုအပေါ် တော်ဝင်ပုဂ္ဂိုလ်ကြီးများက ဆုံးဖြတ်အတည် ပြုပြီးမှ ခန့်အပ်ခွင့်ရလို့ပဲ ဖြစ်ပါတယ်။

ဒါ့အပြင် ဗြိတိန်နိုင်ငံအစိုးရရဲ့ ထိပ်တန်းအရာရှိကြီးများဟာ အချိန်မရွေး ဘီဘီစီအသံလွှင့်ဌာနကြီးရဲ့ မိုက်ကရိုဖုန်းကို သုံးခွင့်ရနေ တာတွေ့ရပါတယ်လို့လည်း ဆိုထားပါတယ်။

တခြားမကြည့်ပါနဲ့။

ဘီဘီစီရဲ့ ပြည်ပအစီအစဉ်များ ထုတ်လွှင့် ဖို့ကုန်ကျတဲ့ ငွေကြေးအားလုံးနဲ့ ပြည်တွင်း ဘီဘီစီရေဒီယိုနဲ့ ရုပ်သံလွှင့် အစီအစဉ်တွေအတွက် ကုန်ကျငွေရဲ့ အချိုးအဆကို ဗြိတိသျှအစိုးရ တပဲ ကျွန်ကျခံနေတာကို ကြည့်ရင်ရှင်းပါတယ်ခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



## ဘယ်လဲဘီဘီစီ

ပြီးတော့ ဘီဘီစီ အသံလွှင့်ဌာနကြီးရဲ့ အသံလွှင့်ခွင့်ပြုမိန့်ကို ဗြိတိသျှ ပြည်ထဲရေးဝန်ကြီးဌာနကနေ တောင်းခံရပြီးတော့ ဘီဘီစီရဲ့ မည်သည့် အသံလွှင့်ချက်ကိုမဆို ဗြိတိသျှ ပြည်ထဲရေးဝန်ကြီးဌာနက ချွင်းချက်မရှိ ပိတ်ပင်နိုင်ခွင့်ရှိနေပါတယ်။ ဒီတော့ကာ ဘီဘီစီအသံလွှင့်ဌာနကြီးရဲ့ လွတ်လပ်ပါတယ်လို့ ဆိုနိုင်တဲ့အချက်ဟာ ဘယ်မှာလဲဗျာ။

ဘီဘီစီ အသံလွှင့်ဌာနဟာ ဘယ်နိုင်ငံရဲ့ ဘာသာစကားတွေကို မထုတ်လွှင့်ရ ဘယ်နိုင်ငံရဲ့ ဘာသာစကားတွေကိုတော့ ထုတ်လွှင့်ရမယ်ဆိုတဲ့ အချက်တွေရယ်၊ အချိန်ဘယ်လောက်မဲ ကန့်သတ်ထုတ်လွှင့်ရမယ်၊ ဘယ်လိုသဘောထား အမြင်တွေပေါ် လွှင့်လာစေမယ့် အစီအစဉ်မျိုး ထုတ်လွှင့်ရမယ်ဆိုတဲ့ အချက်တွေကိုလည်း ဗြိတိသျှ အစိုးရက ချုပ်ကိုင်ထားတာ တွေ့ရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဗြိတိသျှအစိုးရက ငွေကုန်ကြေးကျခံပေးရလို့ အခုလို ကိုင်ထားရတာ ပါတဲ့။

ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ပြန်ကြားရေးဌာနခွဲ (The information department of the Foreign Office) ဟာ ဘီဘီစီ အသံလွှင့်ဌာနက ဆင်နွှဲရမဲ့ဝါဒဖြန့် တိုက်ပွဲကြီးတွေကိုလည်း မူတွေ ဘောင်တွေချပြီး ကြိုတင်ပြင်ဆင် သတ်မှတ်ပေးရတယ်လို့ဆိုပါတယ်။



အလားတူပဲ ဘီဘီစီရဲ့ နိုင်ငံခြားတိုင်းပြည်များကို ထုတ်လွှင့်တဲ့ အသံလွှင့်ချက်တွေကိုလည်း ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ပင်လယ်ရပ်ခြား နိုင်ငံများဆိုင်ရာ ပြန်ကြားရေးဌာနခွဲ (Overseas Information Department of the Foreign Office) က စီစဉ်ပေးရတယ်လို့ သိရပါတယ်။

အဲဒီဌာနခွဲရဲ့ သဘောတူညီချက်မပါရင် ဗြိတိသျှနိုင်ငံခြားရေးမူဝါဒနဲ့ ပတ်သက်တဲ့ ဘယ်လိုအသံလွှင့်ချက်မှ လေထဲစာတက်မလာစေရဘူးဆိုတာ တွေ့ရတယ်လို့တောင် ဖွံ့ဖြိုးဆဲနိုင်ငံများက ဝါဒဖြန့်ချိရေးပညာရှင်များက ပြောကြတယ်ခင်ဗျ။

အလားတူပဲ ဘီဘီစီအသံလွှင့်ဌာနမှာ တာဝန်ထမ်းဆောင်နေသူတွေရဲ့ လှုပ်ရှားမှုတွေ၊ တာဝန်ထမ်းဆောင်ရာမှာ ကျေနပ်ဖွယ်ရာ ရှိ/မရှိဆိုတဲ့ အချက်တွေကို ဗြိတိသျှ တန်ပြန်ထောက်လှမ်းရေး (British counter-intelligence) ဌာနက ဦးဆောင်ဦးရွက်ပြုပြီး တာဝန်ယူကိုင်တွယ်ထားကြောင်း ၁၉၈၅ ခုနှစ်၊ နွေရာသီကမှ အများပြည်သူများ သိခဲ့ကြရပါတယ်ခင်ဗျာ။

အဲသလိုပဲ ဒုတိယကမ္ဘာစစ် ကာလကတည်းက ဗြိတိသျှ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ကွပ်ကဲမှုအောက်မှာ ရှိနေခဲ့တဲ့ ဗြိတိသျှ ယတ်နက်ကိုင်တပ်ဖွဲ့များရဲ့ ရေဒီယိုနဲ့ ရုပ်/သံ လုပ်ငန်းတော်မတီကြီးတာလည်း ဘာမှမဆိုင်ဘဲနဲ့ ဘီဘီစီ အသံလွှင့်ဌာနကြီးရဲ့ အုပ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



စီမံမှု တာဝန်တွေကို တရားဝင်မဟုတ်တဲ့ အခြားနည်း တွေနဲ့ ကိုင်တွယ် ကွပ်ကဲထားတယ်လို့ သိရပါတယ်။

ဒီတော့ကာ အထက်မှာတင်ပြခဲ့သလိုပဲ ဘီဘီစီရဲ့ ဆောင်ပုဒ်တွေဖြစ်တဲ့ Freedom လွပ်လပ်မှု Independance လွပ်လပ်ရေး ဆိုတဲ့ စကားလုံးတွေဟာ ဘယ်သူ့အတွက် ချမှတ်ထားတာတွေလဲလို့ပြန်စဉ်းစားရတော့မှာပဲ ခင်ဗျာ။

ဘာကြောင့်လဲဆိုတော့ သူ(ဘီဘီစီ)ကိုယ်တိုင်က ဗြိတိသျှအုပ်ချုပ်ရေး အသိုင်းအဝန်းနဲ့ ဂရိတ်ဗြိတိန် လျှို့ဝှက်ထောက်လှမ်းရေးဌာနတွေရဲ့ တင်းတင်းကြပ်ကြပ် ပြဋ္ဌာန်းချုပ်ကိုင်မှုတွေကို ခံနေရလို့ပါပဲဗျာ။

လွန်ခဲ့တဲ့နှစ် အနည်းငယ်ကာလအထိ ဘီဘီစီရဲ့ ပင်လယ်ရပ်ခြားတိုင်းတပါးဆီကို အသံလွှင့်နေမှုတွေကို စစ်ဆေးကြည့်တဲ့အခါ အင်္ဂလိပ်ဘာသာနဲ့ ထုတ်လွှင့်မှုအပြင် ရက်သတ္တတစ်ပါတ်ကို နာရီပေါင်း (၇၂၈) နာရီ အခြားဘာသာ (၃၇)ဘာသာနဲ့ ထုတ်လွှင့်နေတာ တွေ့ရပါတယ်။

ဒါကြောင့် ဗြိတိန်ပြည်တွင်း အသံလွှင့်ချိန်ထက် တိုင်းတပါးဆီကိုအသံလွှင့်ချိန်က အများကြီးပိုနေတာ တွေ့ရပါတယ်။ ဘီဘီစီရဲ့ သတင်းတင်ပြပုံကိုကြည့်ရင်လည်း၊ သူ့ပြည်တွင်းမှာ တင်ပြပုံနဲ့မတူဘဲ ပြည်ပနိုင်ငံများက သောတရှင်များဆီ တင်ပို့တဲ့အခါသတင်းများကို တိုး-လျှော့ ဖြတ်တောက်ပြုပြင်ခြင်း၊ လိုရာဆွဲ၍ စကားတန်ဆာ



ဆင်ခြင်း၊ ရှေးယခင်က ဗြိတိသျှကိုလိုနီဖြစ်ခဲ့သော ဒေသများအပေါ် လူမှု-စီးပွားရေးလုပ်ငန်းစဉ်များ တိုးတက်မှုကို ထိခိုက်စေသော သတင်းများ ရွေးချယ်ထုတ်လွှင့်မှုများလွန်းခြင်း၊ အာရှ၊ အာဖရိကနဲ့ လက်တင်အမေရိကနိုင်ငံငယ်များက အမျိုးသားရေးရှေ့တန်းတင်သူ အစိုးရများ၊ နိုင်ငံခေါင်းဆောင်များကို အကြည်အညိုပျက်စေမည့် သွားပုပ်လေလွင့် သတင်းထုတ်ပြန်နည်းများ အသုံးပြုခြင်းများကို တွေ့ရပါတယ်လို့ ကမ္ဘာ့အနှံ့ဝေဖန်သံတွေထွက်နေတာကြာပါပြီ။

**နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ သတင်းဝယ်ရောင်းအလုပ်**

သတင်းတွေ တွန့်လိမ်ကောက်ကွေးအောင် လုပ်နေပါတယ်လို့ပြောရင် ယုံရခက်ခက်ဖြစ်နေသူတွေ ရှိဦးမှာပါ။ ဒီတော့ကာ ခပ်ရှင်းရှင်းပဲ မထောက်မညှာ တင်ပြလိုက်ပါရစေတော့။

ဒါနဲ့ပတ်သက်လို့-လန်ဒန်မြို့ထုတ် ဂါဒီးယန်းသတင်းစာ The Guardian နဲ့၊ အော့ဗ်ဇာဗား သတင်းစာ The Observer တို့က ဖော်ကောင်လုပ်လိုက်တဲ့ အချက်ကလေးကို ကိုးကားတင်ပြလိုက်ပါတယ်။ ကမ္ဘာစစ်ကြီးပြီးဆုံးပြီး နှစ်ပေါင်း (၃၀)အကြာ ၁၉၇၇ ခုနှစ်အထိ လေ့လာတွေ့ရှိချက်အရ ဗြိတိသျှနိုင်ငံခြားရေးရုံး the Foreign Office ကြီးသည် လျှို့ဝှက်သတင်းသုတေသနဌာနတစ်ခု (a Secret Information Research Department) တည်ထောင်

www.burmeseclassic.com

www.burmeseclassic.com



၌ အမြဲတမ်းဝန်ထမ်းများ ခန့်အပ်ထားပါသည်။ ၎င်းလျှို့ဝှက် ဝန်ထမ်းများကို ကမ္ဘာအနှံ့ ဗြိတိသျှသံရုံးများတွင် ခန့်အပ်ထားရှိပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ ဗြိတိသျှနိုင်ငံခြားရေးရုံး သတင်းသုတေသနဌာန ကြီးသည် စာအုပ်ထုတ်ဝေရေးတိုက်ကြီး တစ်ခုကိုလည်း "အသွင်ယူ"၍ ဟန်ပြတည်ထောင်ထားပြီး၊ ထိုစာပေတိုက်မှနေ၍ ဗြိတိသျှ နယ်ချဲ့ဝါဒ ယောင်းကြီးကို ဂုဏ်တင်ပေးမည့် ဝါဒဖြန့်ချိရေးစာပေ **propaganda literature** များကို အလေးထား ဖြန့်ချိလျက်ရှိပါသည်။

ကမ္ဘာ့သတင်းစာ၊ စာမျက်နှာများပေါ် တွင် တင်ပေးလိုသော သတင်းဆောင်းပါးများအတွက် ပညာသားပါသော တလွဲသတင်း **artful misinformation** များကို လက်ရာမြောက်စွာပြုပြင် ပေးနိုင်သော နိုင်ငံတကာရေးရာ သတင်းရေးကျွမ်းကျင်သူများ **leading writers of international affairs** တို့လည်း အဆိုပါသတင်း သုတေသနဌာနကြီးက မက်လောက်သော အခကြေးငွေများပေးထား ပါသည်။

ထိုကဲ့သို့တည်ထောင်လုပ်ငန်း ဆောင်ရွက်မှုအတွက် ကုန်ကျငွေ တချို့တစ်ဝက်နှင့် ကမ္ဘာ့အဝန်း သတင်းဖြန့်ချိမှုအတွက် လိုအပ်ငွေ တို့ကို ဗြိတိသျှ လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့အစည်းများ **British Secret Services** က၊ စိုက်ထုတ်ကုန်ကျခံလျက်ရှိပါသည်။



အဲသလိုသတင်းစာကြီးများက ဖော်ထုတ်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီလိုဖော်ထုတ်မှုများနဲ့ ပတ်သက်လို့များသောအားဖြင့် ဆိုဗီယက် ထောက်လှမ်းရေး ကေဂျီဘီကို လက်ညှိုးထိုးစွပ်စွဲလေ့ရှိတာလည်း တွေ့ရတတ်ပါတယ်။ ဘာပဲဖြစ်ဖြစ် မုပ်ယင်တော့ ပေါ်လာစမြဲပါ။

အခုလို သတင်းသုတေသန ဌာနကြီးရဲ့အကြောင်း သတင်း စာကြီးနှစ်စောင်က ဖော်ပြလိုက်လို့အများ ပြည်သူသိသွားတဲ့အခါမှာ တော့ ဗြိတိသျှနိုင်ငံခြားရေးဌာနကြီးဟာ ပြည်ပရေးရာ သတင်းမြန်ကြား ရေးဌာန Overseas Information Department ရယ်လို့ အမည် လွှဲပြီး ပြန်လည်ဖွဲ့စည်းလိုက်ကြောင်း နောက်ပိုင်းမှာစုံစမ်းသိရှိကြရ ပါတယ်။ သဘောကတော့ မူလဌာနကြီးကို တရားဝင်ဖျက်သိမ်း ပြလိုက်ပြီး တစ်ခန်းရပ်သွားလေဟန် လှည့်စားလိုက်ခြင်းပါ။

တကယ်တော့ အဲဒီပြည်ပရေးရာ သတင်းမြန်ကြားရေးဌာန ကြီးဖွဲ့စည်းပြီးနောက် ဝါဒဖြန့်ချိရေးလုပ်ငန်းရပ်တွေ Propaganda functions ကိုပိုပြီးတော့တောင်မှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက် ခဲ့ကြပါသေးတယ်။

သာမန်အားဖြင့် သတင်းသုတေသနဌာနကို ဖျက်သိမ်းပြီး မူလဝန်ထမ်းများအား ပယ်ရှားခဲ့သည်ဆိုသော်လည်း ရှေ့ဆောင် စံပြသတင်းရေးကျွမ်းကျင်သူများကိုတော့ ဌာနကြီးဖွဲ့စည်းရာမှာပြန်လည် ထည့်သွင်းခဲ့တယ်လို့ သိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အဝါရောင်စာထုပ်ကလေးများ

ဒီပြည်ပရေးရာ သတင်းပြန်ကြားရေးဌာနရဲ့ လုပ်ပုံကိုင်ပုံတွေနဲ့ပတ်သက်ပြီး ကြားပုံ၊ မြင်ပုံ အချက်အလက်တွေကို လန်ဒန်မြို့ထုတ် ထိရီဗြွန်း Tribune သတင်းစာကြီးက ဖော်ပြခဲ့ခြင်းဖြစ်ပါတယ်။

စာထုပ်ကလေးတွေထဲမှာတော့ သတင်းအဖြစ်ဖန်တီးရာမှာ သာအသုံးပြုဖို့ စဉ်းစားဆုံးဖြတ်ရာမှာ အထောက်အကူပြုမဲ့ သတင်းအချက်အလက်တွေ ပါရှိပါတယ်-တဲ့။

သတင်းစာကြီးက ဖော်ပြရာ မှာတော့ ရက်သတ္တ အပါတ်စဉ်တိုင်းမှာလိုပဲ ဗြိတိန်နိုင်ငံရဲ့ ရှေ့ဆောင် သတင်းစာဆရာကြီး (၇၀)ဟာ ဗြိတိန်နိုင်ငံခြားရေး ဝန်ကြီးရုံးကနေ အဝါရောင်စာထုပ်လေး တစ်ထုတ်စီကိုရလေ့ရှိပါတယ်-တဲ့။

များသောအားဖြင့်တော့ သက်ဆိုင်ရာဒေသအလျောက် ကျွမ်းကျင်သူ (ဥပမာ)-တရုတ် နိုင်ငံရေး ကျွမ်းကျင်သူ၊ အာရှရေးရာ ကျွမ်းကျင်သူ၊ ဆိုသူများထံကို သူတို့နဲ့သက်ဆိုင်တဲ့နိုင်ငံတွေရဲ့ အချက်အလက်တွေချပေးပါတယ်-တဲ့။

ဒီအဝါရောင် စာထုတ်လေးထဲမှာပါတဲ့ စာရွက်စာတန်းတွေကို နိုင်ငံခြားရေးရုံး တံဆိပ်ခပ်နှိပ်ထားပြီး၊ ယခုစာပါအကြောင်းအရာ သတင်းအချက်လက်များသည် ယေဘုယျအားဖြင့် သတင်းဖန်တီး



နိုင်ရန်အတွက် အသုံးပြုရန်ဖြစ်ပြီး ဗြိတိသျှအစိုးရ၏ တရားဝင်အာဘော်အဖြစ် ရည်ညွှန်းဖော်ပြခွင့်မပြု လို့ သတိပေးစာတန်း ခတ်နှိပ်ထားတယ်လို့ဆိုပါတယ်။

အခုလိုချပေးလိုက်တဲ့ အချက်အလက်တွေဟာ မှန်ကန်မှုရှိတယ်၊ မရှိဘူးဆိုတာအပထားပြီး များသောအားဖြင့်တော့ သဘောထားချင်း မတိုက်ဆိုင်တဲ့ နိုင်ငံတွေကအစိုးရအဖွဲ့၊ လူပုဂ္ဂိုလ်ရေးရာတို့အပေါ် လိုသလိုစီမံခန့်ခွဲနိုင်ဖို့ သတင်းတွေ ဖြစ်သတဲ့။

ပြည်ပရေးရာ သတင်းပြန်ကြားရေးဌာနကြီးရဲ့ လမ်းညွှန်သတင်းတွေကို အဓိကအားဖြင့် ပြည်ပမှာရှိတဲ့ ဗြိတိသျှသံရုံး ဝန်ထမ်းတွေအတွက် ပြန်လည်ချပေးလေ့ရှိကြောင်း၊ ဒါ့အပြင် အာရှ၊ အာဖရိကနဲ့ လက်တင် အမေရိကမှာရှိတဲ့ သူတို့ယုံကြည်အားထားသူ သတင်းစာဆရာကြီးတွေရယ်၊ အနောက်ဘက်ယိမ်းတဲ့ အာဘော်ရှိသူ၊ သတင်းစာတိုက်ကြီးတွေရယ် ဆီကိုအခုလို အဝါရောင်စာထုပ်လေးတွေ ပေးပို့လေ့ရှိကြောင်း ဖော်ပြထားပါတယ်။

ဒီဌာနကြီးကထုတ်ဝေတဲ့ သတင်းလွှာတွေရဲ့ အာဘော်ကို ကြည့်လိုက်ယင်တော့၊ ၁၉၈၆ ခုနှစ် မကြာသေးမီနှစ်ကအထိ ဖော်ပြချက်တွေဟာ အနောက်ဘက်ကို အားမကိုးဘဲ ကိုယ့်အားကိုယ်ကိုးထူထောင်နေတဲ့ နိုင်ငံတွေရဲ့ နိုင်ငံခြားရေးမူဝါဒနဲ့ ပြည်တွင်းရေးမူဝါဒတွေ ကိုချေဖျက်နှိမ်နင်းဖို့ အကြောင်းအရာတွေသာ ဖြစ်တယ်လို့ဆို

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ၁၉၈၄ ခုနှစ်နဲ့ ၁၉၈၅ ခုနှစ်က ထုတ်ပြန်တဲ့သတင်းတွေဟာ လည်းရာနှုန်းအားဖြင့်ရော၊ သဘောထားအားဖြင့်ပါ ဒီအတိုင်းပဲဖြစ်ပြီး (၇၀) ရာနှုန်းသော သတင်းအချက်အလက်တွေဟာ နှိပ်ကွပ်ဖို့ဖန်တီးထားချက်တွေသာဖြစ်တယ်လို့ ဆိုပါတယ်။

ဘာပဲပြောပြော ဗြိတိသျှအစိုးရရဲ့ ဝါဒဖြန့်ချီရေးဌာနအားလုံးကိုသတင်းဖန်တီးဖို့နည်းပညာပိုင်း အထောက်အကူပြုနေတဲ့ ဌာနကြီးကတော့ ဗြိသိသျှပြန်ကြားရေးရုံးချုပ် (Central Office of Information) ကြီးဖြစ်ကြောင်း သိရပါတယ်။

ဒီဌာနကြီးရဲ့ အဓိကလုပ်ငန်းတာဝန်ကတော့ ဗြိတိသျှဝန်ကြီးဌာနပေါင်းစုံနဲ့ အခြားဌာနပေါင်းစုံက ပေးပို့လိုက်တဲ့ သတင်းတွေကို စုစည်းပြုပြင်ပြီး သတင်းစာနဲ့ အသံလွှင့်ဌာနတွေဆီ ချပေးရတဲ့အလုပ်ပဲဖြစ်ပါတယ်။

တပြိုင်တည်းမှာပဲ အဲဒီသတင်းတွေကို တခြားနိုင်ငံတွေဆီကိုလည်းပို့ပေးပါတယ်။

ဒီပြန်ကြားရေး ရုံးချုပ်ကြီးဟာ ကွန်မွန်း ဝက်တူဒေး Commonwealth Today ဆိုတဲ့ ဂျာနယ်ကြီးကို တည်ထောင်ပြီး ဘာသာစကားပေါင်း(၁၀)မျိုးနဲ့တပြိုင်တည်း သတင်းတွေ ဖြန့်ချိလျက်ရှိပါတယ်။



**လက်ချာရဲ့ ဗြိတိသျှကောင်စီ**

ဗြိတိန်နိုင်ငံမှာတော့ လူသိအများဆုံး ပေါ်ပြူလာအဖြစ်ဆုံး သတင်းဝါဒဖြန့်ချိရေးအဖွဲ့ကြီးဟာ ဘီဘီစီ အသံလွှင့်ဌာနကြီး ဖြစ်ပြီးတော့ ဒုတိယပေါ်ပြူလာအဖြစ်ဆုံးဌာနကြီးဟာ ဗြိတိသျှကောင်စီ British Council ဖြစ်ပါတယ်။

ဗြိတိသျှကောင်စီဟာ သတင်းထုတ်ပြန်ရေး အလုပ်တွေလုပ်လာတာ ရာစုနှစ်ထက်ဝက်လောက် သက်တမ်းရှိနေပြီလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ဒီဌာနကြီးရဲ့ ဝါစဉ်သက်တမ်းဟာလည်း အတော်စိတ်ချရနေပြီမို့ ဗြိတိန်နိုင်ငံရဲ့ လူထုရေးရာနဲ့ယဉ်ကျေးမှုရေးရာလုပ်ငန်းတိစ္စတွေမှာ ကူညီပူးပေါင်းဆောင်ရွက်ဖို့ဆိုပြီး တရားဝင်တာဝန်ပေးထားပါတယ်။ ဒါကတရားဝင်တာဝန်ပါ။

တစ်ဘက်မှာတော့ ဗြိတိသျှနယ်ချဲ့ဝါဒ အကျိုးစီးပွား (Interests of British Imperialism) ကို ကာကွယ်စောင့်ရှောက်ရေး လက်ချာရဲ့ အဖွဲ့ကြီးဖြစ်တယ်လို့သိရပါတယ်။

ဗြိတိသျှကောင်စီရဲ့ လုပ်ငန်းကြီးကို ချဲ့ထွင်လာတာနဲ့အမျှ လိုအပ်လာတဲ့ ငွေကြေးလိုအပ်ချက်၊ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်နဲ့ လူအင်အားတို့ကို ဗြိတိသျှအစိုးရက တာဝန်ယူဆောင်ရွက်ပေးခဲ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခုဆိုယင် ဗြိတိသျှကောင်စီဟာ အစိုးရဆီကနေ တစ်နှစ်စာ ဘတ်ဂျက်ငွေ ပေါင်စတာလင်သန်း (၅၀)နဲ့အတူ နိုင်ငံပေါင်း (၈၀)မှာ ထားရှိတဲ့ ယဉ်ကျေးမှုဌာနတွေနဲ့ စာကြည့်တိုက်ဌာနပေါင်း (၁၃၀) တို့ကို စီမံကွပ်ကဲခွင့်ရရှိထားပါတယ်။ ကောင်စီရဲ့ ဝန်ထမ်းအင်အား ကတော့ (၅၀၀၀)ရှိနေပါပြီ။

ဒီကောင်စီဟာ သူ့ရဲ့လူမှုဆက်ဆံရေးဆိုင်ရာ ဝါဒဖြန့်ချိမှု လုပ်ငန်းတွေကို ယဉ်ကျေးမှုနဲ့ပညာသင်ကြားရေးကိစ္စတွေအပေါ် အမှီပြုပြီး အဓိကအားဖြင့် အချက်အလက်တွေရယူဆောင်ရွက်လေ့ ရှိပါတယ်။

အထူးသဖြင့်တော့ နိုင်ငံခြားတိုင်းပြည်များနဲ့ ပညာရေး ဆိုင်ရာဖလှယ်ရေးလုပ်ငန်းတွေနဲ့ အင်္ဂလိပ်ဘာသာ သင်ကြားရေး သင်တန်း ကျောင်းတွေကနေတဆင့် ဖြန့်ဖြူးထားတဲ့ကွန်ယက်ကြီးကို အသုံးပြုကြောင်း သိရပါတယ်ခင်ဗျာ။

ကောင်စီဟာ ကမ္ဘာ့နိုင်ငံအနှံ့အပြားမှာထားရှိတဲ့ တက္ကသိုလ် ပေါင်း (၇၀)နဲ့ ကောလိပ်ပေါင်း (၅၀)အတွက် အင်္ဂလိပ်ဘာသာ နည်းပြဆရာ အများအပြားကိုလည်း စေလွှတ်ထားပါတယ်။

နိုင်ငံခြား တိုင်းပြည်တွေမှာ အင်္ဂလိပ်ပညာရေးနဲ့ ယဉ်ကျေးမှု ပြပွဲတွေ စီစဉ်ခြင်းအလုပ်ကိုလည်း ဒီကောင်စီကြီးကပဲ ဆောင်ရွက် လျက်ရှိပါတယ်။



## နိုင်ငံရေးတစ်ခေတ် ပြောင်းခဲ့ပြီ

ဒီကောင်စီကြီးရဲ့ လုပ်ငန်းတာဝန်တွေဟာ ဗြိတိသျှကိုလိုနီ အင်ပါယာကြီး ပြိုကွဲလာနေမှုနဲ့ အံကိုက်ပေါ်ထွန်းလာခြင်းတော လည်း သတိထားလေ့လာအပ်တဲ့ အချက်အလက်တွေပါခင်ဗျာ။ အခု အခါမှာတော့ ကောင်စီရဲ့ရုံးငွေကို သူ့ရဲ့ဌာနခွဲတွေနဲ့ ဝန်ထမ်းတွေ အခြေစိုက်ထားတဲ့ ယခင်ဗြိတိသျှ ကိုလိုနီဟောင်း နိုင်ငံတွေအတွက် ရည်ရွယ် အသုံးပြုနေကြောင်းလည်း လေ့လာတွေ့ရှိနေရပါတယ်။

နောက်တစ်ခုကလည်း ဗြိတိသျှကောင်စီကြီးရဲ့ ဝါဒဖြန့်ချိမှု ကြိုးပမ်းချက်တွေဟာ နိုင်ငံငယ်တွေဆီက လူထုပရိတ်သတ်တွေဆီ ကို ပစ်မှတ်ဖြန့်ကျဲထားတဲ့ အသွင်သဏ္ဌာန်မတွေ့ရဘဲ၊ အဲဒီနိုင်ငံဒေသ တွေဆီက ဗြိတိသျှလိုလားသူအုပ်စုတွေနဲ့ ထောက်လှမ်းရေးလုပ်ငန်း လုပ်ကိုင်ပေးမယ့် အဖွဲ့အစည်းတွေဆီကိုသာ ပစ်မှတ်ကန့်သတ်ထားပြီး ဆောင်ရွက်နေတာ တွေ့ရပါတယ်။ ဒါဟာ ထူးခြားတဲ့အချက်ပါ။

ပြောရမယ်ဆိုရင်တော့ ဒီကောင်စီကြီးဟာ ဗြိတိသျှနိုင်ငံခြားရေး ရုံးကြီးရဲ့ လမ်းညွှန်မှုကိုခံယူပြီး ဗြိတိသျှအစိုးရဌာနတွေနဲ့ ပြည်ပမှာ ပညာရေးယဉ်ကျေးမှုနဲ့ သိပ္ပံနယ်ပယ်တွေမှာ လုပ်ကိုင်နေတဲ့ ဗြိတိသျှ အဖွဲ့အစည်းတွေကို လုပ်ငန်းချင်းဆက်စပ်ဖွဲ့စည်းပေးနေတဲ့ ဌာနကြီး ဖြစ်နေတာ တွေ့ရပါတယ်။ ဒီဌာနကြီးရဲ့ ကြီးကြပ်မှုပဲ ဗြိတိန်နိုင်ငံတော

www.burmeseclassic.com

www.burmeseclassic.com



ကောလိပ်ကျောင်းတွေမှာ နိုင်ငံခြားတိုင်းပြည်တွေက အင်္ဂလိပ်ဘာသာ လာရောက်သင်ကြားနေသူ ကျောင်းသားပေါင်း(၁၀၀၀၀၀) လောက် အမြဲရှိနေတာ တွေ့ရမြန်ပါတယ်။ ဒီကောင်စီကြီးရဲ့ အလားအလာကိုလည်း မျှော်ကြည့်ဖို့ လိုပါသေးတယ်ခင်ဗျာ။ မကြာသေးမီနှစ် တွေထဲမှာ အာရှ၊ အာဖရိကနဲ့ လက်တင်အမေရိက ဒေသတွင်းမှာ ဗြိတိန်နိုင်ငံရဲ့ အရေးပါမှုတွေကိုလျှော့တွက်လာတာနဲ့အမျှ ဒီကောင်စီ ကြီးရဲ့လုပ်ငန်းတွေကို ပိုမိုချဲ့ထွင်ပြီး မဲတင်းပေးမှုလားလို့လည်း စဉ်းစားစရာဖြစ်လာပါတယ်။

ဒါနဲ့ပတ်သက်လို့ ၁၉၈၅ ခုနှစ်ကုန်လောက်ပိုင်းမှာ လန်ဒန်မြို့မှာ အပတ်စဉ်ထုတ်ဝေနေတဲ့ **အီကိုနော်မစ်** (The Economist) သတင်းစာကြီးကဖော်ပြတာကတော့ ကမ္ဘာ့နိုင်ငံများရဲ့ ဆက်ဆံရေးဟာ **နိုင်ငံရေးပုဂ္ဂိုလ် အဖွဲ့အစည်းများ နဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနများရဲ့** အပေါ်မှာမှီခိုနေရသော ခေတ်ကနေတဆင့် ယခုအခါ **ကုန်သွယ်ရေး၊ ပညာရေး၊ ယဉ်ကျေးမှုနဲ့ ပြန်ကြားရေးနယ်ပယ်တို့ကို မှီခိုအားထားရတဲ့ခေတ်ကို** ကူးပြောင်းခဲ့ပါပြီတဲ့။ ဒါကြောင့် ဒီနယ်ပယ်တွေကို ချုပ်ကိုင်ထားတဲ့ ဗြိတိသျှကောင်စီကြီးကို အရေးတကြီး မြှင့်တင်အားပေးဖို့လိုအပ်နေပြီလို့ သတိပေးရေးသားခဲ့ပါတယ်။ ဒါဟာအရေးကြီးတဲ့ သတိထားစရာအချက်တစ်ခုပါ။

အားလုံးကို ခြုံကြည့်လိုက်ရင်တော့၊ အမေရိကန်ပြည်ထောင်စုဟာ ကမ္ဘာစစ်နောက်ပိုင်း ခေတ်စားလာတဲ့ ဆိုရှယ်လစ်နိုင်ငံတွေ၊



ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းနေတဲ့ နိုင်ငံတွေနဲ့ ငြိမ်းချမ်းရေးနဲ့ တိုးတက်ရေးလုပ်ငန်း လုပ်ကိုင်နေတဲ့အစုစုတွေအပေါ်မှာ မွှေနှောက်ပြီး နယ်ချဲ့ဝါဒသစ်ကို ထူထောင်နေတဲ့ အချိန်မှာ ဗြိတိန်နိုင်ငံဟာ နိုင်ငံခြားသို့ ဝါဒဖြန့်ချိရေးဆိုင်ရာ မူဝါဒယန္တယားကြီးနဲ့ ပတ်သက်ပြီး ရှေးရိုးစွဲအယူအဆအတိုင်း စွဲမြဲစွာနဲ့ ပြင်းထန်စွာ ကျင့်သုံးနေတုန်းပဲဆိုတာ တွေ့ရပါတယ်။

ဒါကြောင့် ခေတ်မီနိုးကြားတဲ့ ကိုလိုနီလက်သစ်ဝါဒကို ကျင့်သုံးနိုင်သူ အမေရိကန်ပြည်ထောင်စုရဲ့နောက်မှာ ဗြိတိန်နိုင်ငံဟာ အများကြီးကျန်ရစ်နေပြီဆိုတာ လေ့လာတွေ့ရှိရပါတယ်ခင်ဗျာ။

**ဂျာမန်အမျိုးသားရေးလုပ်ငန်း-တဲ့**

အခြားတစ်ဘက်မှာ ယခင်ပြည်ထောင်စု သမ္မတဂျာမနီနိုင်ငံရဲ့ ပြည်ပရေးရာ ဝါဒဖြန့်ချိမှုကို ဂျာမနီအစိုးရရဲ့ သတင်းစာနဲ့ပြန်ကြားရေးလုပ်ငန်းဌာနကြီးက ကြီးကြပ်လုပ်ကိုင်လျက် ရှိနေတာကိုသွားတွေ့ရပါတယ်။

ဂျာမနီနိုင်ငံအပေါ် လေးစားအထင်ကြီးအောင်နဲ့ မှီခိုအားထားလိုစိတ်နိုင်ငံခြားသားများထံမှာ ကိန်းဝပ်လာစေဖို့အတွက် **ပြည်ပရေးရာ ယဉ်ကျေးမှုဝါဒ**တွေကို ဂျာမန်အမျိုးသားရေးလုပ်ငန်းတွေအဖြစ် အမှတ်ဆောင်ရွက်နေတာ တွေ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလုပ်ငန်းကြီးကိုလည်း ဂျာမနီအစိုးရ ဝန်ကြီးဌာနအားလုံးကို နိုင်ငံခြားရေးဝန်ကြီးဌာနက ဦးဆောင်ပဲ့ကိုင် ဆောင်ရွက်လျက်ရှိပြီး တက်လာတဲ့ အစိုးရအဖွဲ့အားလုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။

ဂျာမနီသတင်းစာ တစ်စောင်ဖြစ်တဲ့ ဖရန့်ဖူးထဲရှန်ရှ Frankfurter Rundschau သတင်းစာကြီးက ဖော်ပြရာမှာတော့ အနောက်ဂျာမနီနိုင်ငံဟာ ပြည်ပနိုင်ငံရေးဝါဒဖြန့်ချိမှုလုပ်ငန်း External Political Propaganda ကြီးအတွက် တစ်နှစ်ကို ဂျာမန်မတ်ခ်ငွေသန်းပေါင်း (၅၀၀၀)လောက် အသုံးပြုနေရပါတယ်လို့ ဆိုထားပါတယ်။

အာရှ အာဖရိကနဲ့ လက်တင်အမေရိကနိုင်ငံများဆိုင်ရာ ပြဿနာအဝဝကိုလေ့လာဖို့ အနောက်ဂျာမနီနိုင်ငံထဲမှာတင်၊ လေ့လာရေးဌာနပေါင်း (၂၄၄)ဌာန ရှိနေတာလည်း လေ့လာသိရှိရပါတယ်။

**ဟစ်တလာကိုအားပေးခဲ့တဲ့ဂိုဧး**

ဂျာမနီနိုင်ငံရဲ့ ပြည်တွင်းပြည်ပ နှစ်ဌာနလုံးမှာရှိတဲ့ သဘောတရားရေးရာ သွတ်သွင်းရေးဌာနပေါင်း မြောက်များစွာရှိတဲ့အနက် ဂျာမန်ဘာသာစကားနဲ့ ယဉ်ကျေးမှုချဲ့ထွင်အခြေစိုက်ရေး၊ နိုင်ငံတကာရေးရာလေ့လာရေး ဌာနကြီးဖြစ်တဲ့ ဂိုသေးသိပ္ပံ Goethe Institut ကြီးဟာ အထင်ရှားဆုံးပဲလို့ ဆိုပါတယ်။ အလားတူထင်ရှားတာ



တွေကတော့ "ဟွန်းဘို့တ်ဖေါင်ဒေးရှင်း" Humboldt Foundation ဂျာမန်ပညာရေးဖလှယ်ရေးဌာနနဲ့ အနောက် ဂျာမဏီအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေအဖွဲ့ West German International Development Fund တို့ပဲ ဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲ နိုင်ငံတွေမှာ အလှုပ်ရှားဆုံးအဖွဲ့ကြီးကတော့ ဂိုသေးသိပ္ပံဖြစ်ပြီး၊ ဒီအဖွဲ့ကြီးကို ဂျာမနီစစ်ဘက် စက်မှုလုပ်ငန်းစုကြီးက ငွေကြေးထောက်ပံ့ ထူထောင်လာတာ ရာစုနှစ်ထက်ဝက်တောင် ကျော်လာပြီဖြစ်ပါတယ်။

ဂိုသေးသိပ္ပံရဲ့ တရားဝင်ရည်မှန်းချက်ကတော့ အခြားနိုင်ငံသားများနဲ့ ဂျာမန်လူမျိုးများအကြားမှာ အပြန်အလှန်နားလည်မှု တိုးမြှင့်တည်ဆောက်ရေးအတွက် ဂျာမန်ဘာသာစကားနဲ့ယဉ်ကျေးမှု ဖြန့်ဖြူးရေးဖြစ်တယ်လို့ တရားဝင်လုပ်ငန်းအဖြစ် ဖော်ပြထားပါတယ်။

အမှန်တကယ်တော့ ဂိုသေးသိပ္ပံဟာ အာဏာရှင်ဟစ်တလာလက်ထက်က ဟစ်တလာ အာဏာကြီးထွားရေးအတွက် တက်ကြွစွာ ဝါဒဖြန့်လုပ်ငန်းတွေ လုပ်ကိုင်ခဲ့တဲ့ ဌာနကြီးဖြစ်ကြောင်းနဲ့ ယနေ့ကာလမှာတော့ လက်တုံ့ပြန်ရေးဝါဒီ၊ ဂျာမန်အမျိုးသားရေးဝါဒီနဲ့ ကိုလိုနီလက်သစ်ဝါဒီတို့ရဲ့ အတွေးအမြင်တွေကို ဖြန့်ဖြူးပေးနေပါတယ်လို့လည်း ဝေဖန်သူတွေ များနေပါတယ်။ ဂိုသေးသိပ္ပံကြီးဟာ ဒီကနေ့ကာလမှာ နိုင်ငံပေါင်း (၆၀)မှာ ဌာနခွဲပေါင်း(၁၂၀)လောက် ဖွင့်ထား

www.burmeseclassic.com

www.burmeseclassic.com



ပြီး နှစ်စဉ်ဂုဏ်တို့ရဲ့ အတွေးအမြင်တွေနဲ့ ဇာတ်လမ်းဆင်ထားတဲ့ ရုပ်သံဇာတ်ကားပေါင်း (၂၀၀၀၀) ကျော် ပြသဖြန့်ဖြူးလျက် ရှိတယ်လို့သိရပါတယ်။

ကမ္ဘာ့နိုင်ငံအနှံ့ အသံလွှင့်ဌာနပေါင်း (၂၀၀)တို့ဟာ ဂိုသေးရဲ့ ဂျာမန်ဘာသာ သင်ခန်းစာတွေကို လက်ဆင့်ကမ်းပို့ချပေးလျက်ရှိနေပါတယ်။

ဂိုသေးလက်အောက်ခံ စာကြည့်တိုက်ကြီးတွေဟာ လွှပ်လပ်ကာစ နိုင်ငံငယ်တွေမှာ ဂျာမန်စာရေးဆရာကြီးများရေးတဲ့ စာအုပ်ပေါင်း(၅၀၀၀၀၀)လောက် ဖြန့်ဖြူးလျက်ရှိတယ်လို့ ဆိုပါတယ်။

ဂိုသေးရဲ့ ပြည်ပဌာနခွဲတွေမှာ နောက်ဆုံးပေါ် လူထုဆက်သွယ်ရေးပစ္စည်းကိရိယာတွေ တပ်ဆင်ထားကြောင်းနဲ့ နိုင်ငံငယ်တွေက ဒေသန္တရဝန်ထမ်းတွေ ခန့်အပ်ပြီး ခေတ်ပေါ်ပစ္စည်းအသုံးပြုနည်းတွေလည်း လေ့ကျင့်သင်ကြား ပေးထားတယ်လို့ သိရပါတယ်။

## အာဖရိကချစ်သူ ပြင်သစ်

ဂျာမနီနိုင်ငံထက်ပိုပြီး ပြည်ပနိုင်ငံတွေက လူထုပရိတ်သတ်ကိုကျယ်ကျယ်ပြန့်ပြန့် အနောက်ဘက်အတွေးအမြင်တွေ သွတ်သွင်းပေးနေတဲ့ အဖွဲ့အစည်းကိုပြပါဆိုယင်တော့ ပြင်သစ်နိုင်ငံရဲ့ ပြည်ပနိုင်ငံရေးဝါဒဖြန့်ချိမှု အောင်မြင်စီတွေကို ပြရပါလိမ့်မယ်။



ပြင်သစ်တို့ဟာ ဒီလုပ်ငန်းမျိုးမှာဂျာမန်တွေထက်ပိုပြီး ခြေပြေတယ်လို့ ပြောရခြင်းအကြောင်းကတော့ ပြင်သစ်ဘာသာစကားကိုရုံးသုံးဘာသာအဖြစ် အသုံးပြုနေတဲ့နိုင်ငံတွေဟာ ကမ္ဘာအနှံ့ အထူးသဖြင့် အာဖရိကမှာ အများအပြားရှိနေပြီး ပြင်သစ်နိုင်ငံဟာ နိုင်ငံတကာမှာ ယဉ်ကျေးမှုအခြေချတည်ဆောက်မှု ပိုမိုကျယ်ပြန့်ခဲ့တာကြောင့်ပဲ ဖြစ်ပါတယ်။

တကယ်တော့ ပြင်သစ်နိုင်ငံရဲ့ ကမ္ဘာအဝန်းကို အတွေးအခေါ်သွတ်သွင်းရေးလုပ်ငန်းဟာ လိုင်းစုံတယ် Several Channels လို့ဆိုရပါလိမ့်မယ်။

ပြင်သစ်နိုင်ငံဟာ ကမ္ဘာ့နိုင်ငံပေါင်း (၇၄)နိုင်ငံနဲ့ ယဉ်ကျေးမှုသိပ္ပံနဲ့စက်မှုသိပ္ပံပညာရပ်နယ်ပယ်တွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီချက်တွေ၊ စာချုပ်တွေ၊ ပဋိညာဉ်တွေ အများအပြား ပြုလုပ်ထားပြီး ဖြစ်တာလည်းတွေ့ရပါတယ်။

ပြင်သစ်နိုင်ငံဟာ အာဖရိကနိုင်ငံတွေမှာ ဒီလုပ်ငန်းကြီးအတွက် အလွန်ကြီးမားတဲ့ကွန်ယက်ကြီး ဖြန့်ကျက်ထားတာကို တွေ့ရတယ်ခင်ဗျ။

အာဖရိကတိုက်က နိုင်ငံငယ်လေးတွေမှာ ပြင်သစ်နိုင်ငံဟာ များစွာသော မူလတန်းကျောင်းတွေ အတတ်ပညာသင် သိပ္ပံကျောင်းတွေ၊ ကောလိပ်တွေတည်ထောင်ပေးထားပြီး သောင်းနဲ့ချီတဲ့ ပြင်သစ်

www.burmeseclassic.com

www.burmeseclassic.com



ဘာသာသင် ကျောင်းဆရာတွေလည်း ခန့်အပ်ထားကြောင်းသိရပါတယ်။ သူတို့ဟာ နိုင်ငံငယ်တွေက တပည့်စာသင်သားပေါင်း (၅၀၀၀၀) ကျော်ကို သင်ကြားလျှက် ရှိပြီး အမာခံအင်အားရရေးအတွက် လေ့ကျင့်ပေးလျက်ရှိနေတယ်လို့ဆိုပါတယ်။

အာဖရိကတိုက်က ကျောင်းသားသန်းပေါင်းများစွာ တို့ဟာ ပြင်သစ်နိုင်ငံက ပြဋ္ဌာန်းပေးထားတဲ့ ကျောင်းသင်ဘာသာရပ် စာအုပ်တွေကို သင်ယူလျက်ရှိပါတယ်။

အလားတူပဲ အသွင်အမျိုးမျိုးရယူထားတဲ့ အသင်းအဖွဲ့တွေရယ်၊ အဖွဲ့အစည်းတွေရယ်ဟာ လူငယ်တွေကို အသိပညာဘက် ဆွဲဖြန့်ဖြူးခြင်း၊ ယဉ်ကျေးမှုဝါဒဖြန့် ရိုက်သွင်းမှုများ ပြုလုပ်ခြင်းထက် နိုင်ငံရေးသဘောတရားတွေ သွတ်သွင်းပေးခြင်းများ ပိုမိုဆောင်ရွက်လျက်ရှိတယ်လို့လည်း ဆိုကြပါတယ်။

နိုင်ငံတော်တော်များများမှ ပြင်သစ်အသင်းအဖွဲ့တွေနဲ့ အဖွဲ့စည်းတွေဟာ လက်တစ်ဘက်က အစိုးရဌာနကြီးတွေ (ဥပမာ-ယဉ်ကျေးမှုဝန်ကြီးဌာနတွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန) တွေနဲ့ ပူးတွဲလုပ်ကိုင်လျက်ရှိသလို အခြားလက်တစ်ဘက်ကလည်း ပြင်သစ်ဖက်စပ်လုပ်ငန်းတို့ အပြည်ပြည်ဆိုင်ရာ ဖက်စပ်လုပ်ငန်းကြီးတို့အမည်နဲ့ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုတွေလည်း မလစ်မဟာရအောင် အကွက်စေ့စေ့ ဆောင်ရွက်နေကြတယ်လို့ ဆိုပါတယ်။



## ပြင်သစ်အတွက်သမိုင်းရဲ့လိုအပ်ချက်

ပြင်သစ်အသံလွှင့် ဌာနတွေဟာလည်း နိုင်ငံခြားတိုင်းပြည်တွေအတွက် နေ့စဉ်(၂၄)နာရီပတ်လုံး အသံလွှင့်ပေးနေကြပြန်ပါတယ်။ နိုင်ငံပေါင်း (၇၀)ဆီကိုလည်း ရေဒီယိုအသံလွှင့်တိပ်ခွေတွေ ရုပ်သံအစီအစဉ် တိပ်ခွေတွေပေးပို့လျက် ရှိနေပါတယ်ခင်ဗျာ။

လွန်ခဲ့သော(၁၅)နှစ်ကျော် ကာလအတွင်းမှာ ပြင်သစ်စာပေနဲ့ပြုစုထားတဲ့စာအုပ်တွေ ပြည်ပတင်ပို့မှုဟာ လေးဆတက်လာခဲ့ပြီး ယခုအခါမှာတော့ ပြင်သစ်နိုင်ငံထုတ်စာအုပ်အားလုံးရဲ့ (၂၀)ရာခိုင်နှုန်းကို ပြည်ပတင်ပို့နေကြတာ တွေ့ရပြန်ပါတယ်။ အလားတူပဲ ပြင်သစ်ရုပ်ရှင်ကားထုတ်တွေ တင်ပို့မှုဟာလည်း အရေအတွက်မသေးလှတာ တွေ့ရပါတယ်။ အထူးသဖြင့်တော့ ပြင်သစ်နိုင်ငံဟာ ပြင်သစ်စကားပြော ဖွံ့ဖြိုးဆဲနိုင်ငံငယ်တွေကို ဦးစားပေးပြီး အသိပညာရှင် အတတ်ပညာရှင် ထောင်ပေါင်းများစွာကို ခေါ်ယူသင်တန်းပေးပို့ချလျက်ရှိပါတယ်။ အလားတူပဲအဆင့်မြင့်ပညာရေး သင်တန်းတွေလည်း ပို့ချပေးလျက်ရှိပါတယ်။

အရေအတွက်အားဖြင့် (၇၅)ခုလောက်ရှိတဲ့ သဘောတရားရေး ယဉ်ကျေးမှုနဲ့ ဘာသာစကားသင်ကျောင်း ဌာနတွေဟာ သူတို့ရဲ့ ဆောင်ရွက်မှုကြောင့် ပြင်သစ်စကားပြော အခြားနိုင်ငံသားတွေကို

www.burmeseclassic.com



မရှောင်မတိမ်းသာအောင် စုစည်းထားမိပြီးဖြစ်ကြောင်း သက်သေပြဖို့ ကြိုးပမ်းနေကြတယ်လို့လည်း ဝေဖန်သူတွေက ဆိုနေကြပါတယ်။ ဒါကို သမိုင်းရဲ့လိုအပ်ချက် ဖြစ်တယ်လို့လည်း တွက်ဆ ထားပုံပေါ်ပါ တယ်တဲ့။ အာဖရိကနဲ့ ကမ္ဘာ့နေရာအနှံ့မှာ တည်ရှိနေကြတဲ့ ပြင်သစ်စကားပြောနိုင်ငံများက ပြည်သူများရဲ့ အတွေးအမြင်ကို သိမ်းသွင်းစုစည်းယူဖို့အတွက် သောင်းနဲ့ချီတဲ့ ပြင်သစ်အကြံပေးပုဂ္ဂိုလ်တွေဟာ အဲဒီနိုင်ငံငယ်လေးတွေက လူထုဆက်သွယ်ရေး လုပ်ငန်းဌာနတွေနဲ့ ပညာရေးနယ်ပယ်တွေမှာ ဝင်ရောက်နေရာယူထားကြတယ်လို့လည်း ဗြိတိန်အက်နိုင်ငံများက စာနယ်ဇင်းများမှာ ဖော်ပြထားတာလေ့လာသိရှိရပါတယ်။

စွမ်းအားဖမာဏ ကြီးသည်ငယ်သည်ကို အပထားလို့ လွတ်လပ်ခါစ နိုင်ငံငယ်လေးတွေအပေါ် ဒီလိုသဘောတရားရေး သွတ်သွင်းယူခြင်းလုပ်ငန်းတွေမှာ အနောက်နိုင်ငံကြီးတွေသာမကဘဲ အင်အားတောင့်တင်းစနိုင်ငံတွေဟာလည်း တစ်နိုင်တစ်ပိုင် ကြိုးပမ်းလျက်ရှိနေတာ တွေ့ရပါတယ်။

## တက်သစ်စ ဆွီဒင်

ဒီကိစ္စမှာ အတော်လေးသွက်လက်ထက်မြက်တဲ့ နိုင်ငံကလေးကတော့ ဆွီဒင်နိုင်ငံဖြစ်ပြီး ဆွီဒင်နိုင်ငံရဲ့စိတ်ဓါတ်ရေးရာ



ကာကွယ်ရေးကော်မရှင် Sweden's Commission For Psychological Defence ဟာ လူထုဆက်သွယ်ရေးလုပ်ငန်းထဲကို အဆက်မပြတ်တိုးဖောက် ဝင်ရောက်လာနေတယ်လို့ ဂျာမနီနိုင်ငံကိုလုံးမြို့က သတင်းစာတစ်စောင်ဖြစ်တဲ့ ဘလေးထဲ၊ ဖျူဝါ၊ ဒွိုက်ရှေး၊ အွန်အင်တာနေရှင်နာလ် ပိုလီတစ် Blatter fur deutsche and internationale Politik ကဖော်ပြခဲ့ပါတယ်။

ကိုယ့်နည်းကိုယ့်ဟန် ဆွီဒင်ပုံစံနဲ့ ပြည်ပနိုင်ငံရေးဝါဒဖြန့် လုပ်ငန်းတွေ ဆောင်ရွက်ရာမှာ စည်းရုံးလှုပ်ရှားတဲ့ပုံစံ၊ စိတ်ဓါတ်ရေးရာကာကွယ်ရေး ကော်မရှင်ရဲ့ကြွပ်ကဲမှုနဲ့ ပူးတွဲဆောင်ရွက်တဲ့ပုံစံ၊ ရေဒီယိုအသံလွှင့်နည်း ပုံစံတွေအပြင် သတင်းစာထုတ်ဝေသူများအသင်း၊ တစ်နင်းဂါးနပ်စ်တာယ်လီဂရမ်ဘီးရား သတင်းအေဂျင်စီ၊ လူထုရေးရာကလပ်အသင်း၊ သတင်းစာဆရာများသမဂ္ဂနဲ့ အင်ဖော်မေးရှင်းဘီးရားလို့ခေါ်တဲ့ လျှို့ဝှက်ထောက်လှမ်းရေး အဖွဲ့အစည်းတို့ကလည်း သူ့နည်းသူ့ဟန်နဲ့ ဝင်ရောက်လှုပ်ရှားနေကြတယ်လို့ ဆိုပါတယ်။

အထူးသဖြင့်တော့ အရင်းရှင်အင်အားကြီး နိုင်ငံတွေဟာ သူတို့ရဲ့ ဝါဒဖြန့်ချိရေး လုပ်ငန်းကြီးတွေရဲ့ အကူအညီကို ဒီကနေ့အချိန်မှာ စွမ်းအားပြည့်ရရှိရေး လုံးပမ်းလျက်ရှိနေတာ လေ့လာတွေ့ရှိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ကြောင်သူတော်နေတိုး

ဒါကြောင့်လည်း အရင်းရှင်နိုင်ငံကြီးများ ပူးပေါင်းဖွဲ့စည်းထားတဲ့ နေတိုးစစ်အုပ်စုအဖွဲ့ကြီးဟာ ပူးပေါင်းဖွဲ့စည်းထားတဲ့ ထောက်လှမ်းရေးအဖွဲ့အစည်းတွေ၊ ရေဒီယိုနဲ့ရုပ်သံဝါဒ ဖြန့်ချိရေး အေဂျင်စီတွေ ပုံနှိပ်ထုတ်ဝေရေးအသင်းကြီးတွေကို စုစည်းပြီး အသုံးပြုနေတာ တွေ့ရတယ်ခင်ဗျ။

နေတိုးအဖွဲ့ကြီးရဲ့ အထက်ပါအသင်းအဖွဲ့တွေထဲမှာ ဒီကိစ္စနဲ့ပတ်သက်လို့ အထင်ရှားဆုံးဌာနကြီးကတော့ **ပြန်ကြားရေးနဲ့ယဉ်ကျေးမှုဆက်ဆံရေးကော်မတီ** Committee for Information and Cultural Relation ပဲဖြစ်ပါတယ်။

ဒီကော်မတီဟာ တစ်ချိန်က ဆိုရှယ်လစ်နိုင်ငံတွေနဲ့နယ်ချဲ့လက်အောက်က ရုန်းကန်ထလာတဲ့ လွတ်မြောက်စနိုင်ငံလေးတွေအပေါ် အမှောင့်လုပ်ငန်းဝါဒဖြန့်ချိမှုတွေ အကြီးအကျယ်ပြုလုပ်ဖို့ ကြပ်မတ်ကြိုးကိုင်ခဲ့တယ်လို့ သိရပါတယ်။

ဒီကော်မတီကြီးကို အားတက်သရော အထောက်အကူပြုကူညီနေတဲ့ အဖွဲ့ကြီးတွေကတော့ ရောမမြို့က **နေတိုးကာကွယ်ရေးကောလိပ်ကျောင်းကြီး**နဲ့ **နိုင်ငံတကာရေးရာ အတ္တလန္တိတ်သိပ္ပံကျောင်းကြီး** Altantic Institute for International Affairs တို့ပဲဖြစ်ပါတယ်။



တကယ်တော့ နိုင်ငံငယ်လေးတွေအပေါ် လူထုဆက်သွယ်ရေးလုပ်ငန်းတွေနဲ့ **ကြောင်သူတော်**လုပ်ပြီး အနိုင်ယူနေခြင်းကြောင့်လည်း လွတ်မြောက်စ၊ ဖွံ့ဖြိုးစနိုင်ငံလေးတွေဟာ နိုင်ငံကြီးများရဲ့ အကူအညီမပါတဲ့ လူထုဆက်သွယ်ရေး ကိရိယာတွေဖြစ်တဲ့ အမျိုးသားသတင်းစာ၊ ရေဒီယို၊ ရုပ်သံနဲ့ ရုပ်ရှင်အဖွဲ့အစည်းတွေကို ထူထောင်နေကြတာဖြစ်ပါတယ်ခင်ဗျာ။

ဒါ့အပြင် နိုင်ငံငယ်လေးတွေဟာ ပညာရေးယဉ်ကျေးမှုနဲ့ အခြားသော နိုင်ငံကြီးများရဲ့ အကူအညီတွေမှန်သမျှကို သတိကြီးစွာရယူခြင်းနဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုကို ပျိုးထောင်ခြင်း၊ သတင်းစီးဝင်စီးထွက်မှုတွေကို သတိကြီးစွာကြပ်မတ်ခြင်း၊ ကိုယ်ပိုင်ပျိုးထောင်ထားတဲ့ အမျိုးသားရေးဝါဒီ ပညာရှင်များကို အသုံးပြုခြင်းစသည်ဖြင့် နိုင်ငံကြီးများရဲ့ ပြန်ကြားရေးနယ်ချဲ့ဝါဒကို ပိတ်ဆို့မှုတွေတစ်ပြိုင်နက် ပြုလုပ်ခဲ့ကြပါတယ်။

ဒါ့ကြောင့်လည်း နိုင်ငံကြီးများက ခေါင်းဆောင်ကြီးအချို့ကိုယ်တိုင်က သူတို့ရဲ့ **သတင်းလွတ်လပ်စွာ စီးဆင်းရေး** Free Flow of Information ဆောင်ပုဒ်နဲ့ နိုင်ငံငယ်များကို ထိုးဖောက်မှုမအောင်မြင်ကြောင်းသိရှိပြီး၊ ဒါကိုပြစ်တင်ပြောကြားမှုတွေထောင်ကြားနေရပြီဆိုတာ တင်ပြလိုက်ရပါတယ်ခင်ဗျာ။

ဘာပဲပြောပြော **အနောက်ခေတ်** နိုင်ငံများရဲ့ **ယဉ်ကျေးမှု**

www.burmeseclassic.com

www.burmeseclassic.com



ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးနဲ့ အုပ်ချုပ်ရေးလုပ်ငန်းကြီးတွေရဲ့ အောင်မြင်မှုဟာ ပြန်ကြားရေးလုပ်ငန်းကြီးရဲ့ အကာအကွယ်ပေးမှုနဲ့ တိုက်ကွက်ဖော်မှုအပေါ် မူတည်နေပြီမို့ ပြန်ကြားရေးလုပ်ငန်းအဖွဲ့ကြီးဟာ နိုင်ငံများရဲ့ ဒုတိယတပ်မတော်ကြီး ဖြစ်လာနေပြီလို့ဆိုနေကြတာ မှန်ပါသလား။ စဉ်းစားစရာပေါ့ခင်ဗျာ။

❐ ❐ ❐

# မီဒီယာ အနောက်မိုး

အမေရိကန် နာမည်ကျော် စာရေးဆရာကြီး မတ်ခ်တွိန် Mark Twain က ထူးဆန်းတဲ့ သံမဏိစကားတစ်ခွန်း ပြောဖူးခဲ့တယ်ခင်ဗျ။ ဒီကမ္ဘာဂြိုလ်ကြီးပေါ်မှာ နေရာအနှံ့ အလင်းရောင် ပေးနေတဲ့ အရာဝတ္ထုကြီး နှစ်ခုရှိသတဲ့။ တစ်ခုကကောင်းကင်ပေါ်က နေမင်းကြီး၊ နောက်တစ်ခုက ကမ္ဘာမြေပေါ်က အေပီ (Associated Press) သတင်းဌာနကြီးပါတဲ့။

သူပြောလိုက်တဲ့ အချိန်တုန်းက တစ်ကမ္ဘာလုံးအနှံ့ နိုင်ငံတကာကို သတင်းဖြန့်ဖြူး လက်ဝါးကြီးအုပ်ထားတဲ့ အဓိက

www.burmeseclassic.com

www.burmeseclassic.com



သတင်းဌာနကြီးက လေးခုရှိပါတယ်။ ဗြိတိန်နိုင်ငံက ရိုက်တာ Reuter၊ ပြင်သစ်နိုင်ငံက HNA အိပ်ချ်အင်န်အေ လို့ခေါ်တဲ့ ဟားဗတ်စ်နယူးစ်အေဂျင်စီ Havas News Agency၊ ဂျာမနီနိုင်ငံ (ထိုစဉ်က အနောက်ဂျာမနီ)က ဝုဖ်နယူးစ်အေဂျင်စီ Wolff News Agency၊ အမေရိကန်နိုင်ငံက အေပီလို့ခေါ်တဲ့ အဆိုစီယိတ်တက်ပရက်စ် Associated Press တို့ပဲဖြစ်ပါတယ်။

## သတင်းနယ်ကြီးတွေခွဲပြီးကိုင်ထား

အဲဒီအထင်ကရ သတင်းဌာနကြီးလေးခုဟာ ကမ္ဘာကြီးတစ်ခုလုံးကို အခြားသော ကိုလိုနီအင်အားစုကြီးတွေလိုပဲ သတင်းနယ်ကြီးတွေခွဲပြီး လွှမ်းမိုးထားကြပါတယ်။ ကမ္ဘာကြီးကို သူတို့လိုချင်သလို သတင်းရယူပိုင်ခွင့်နဲ့ ဖြန့်ဝေပိုင်ခွင့်တွေ တရားဝင်ရထားတဲ့အလား ပိုင်းခြားခွဲဝေယူထားကြတာပါ။ ဒါကြောင့် လွန်ခဲ့တဲ့နှစ်ပေါင်း (၁၀၀) ကျော်လောက်ကစပြီး ဒီကမ္ဘာကြီးဟာ **"ဖြန့်ဖြူးရေး နယ်ချဲ့ဝါဒ"** ထွန်းကားခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဖြန့်ဖြူးရေးလက်ဝါးကြီးအုပ် အရင်းရှင်ကြီးတွေကတော့ သူတို့ကိုသူတို့ လွတ်လပ်သော ဒီကမ္ဘာကြီးရဲ့ စတုတ္ထမဏ္ဍိုင် အင်အားစုကြီးပါလို့ ကြွေးကြော်နေကြတယ်ခင်ဗျ ။ ပထမမဏ္ဍိုင် အင်အားစုကြီးက နိုင်ငံရေးနဲ့ အုပ်ချုပ်ရေး အင်အားစုကြီး၊ ဒုတိယမဏ္ဍိုင်ကတော့



တရားစီရင်ရေး အင်အားစု၊ တတိယမဏ္ဍိုင်ကြီးကတော့ အထွေထွေ လွှမ်းမိုးချုပ်ချယ်ရေး အင်အားစုကြီးပေါ့လေ။

## ဘာလဲမီဒီယာမဏ္ဍိုင်

**"မီဒီယာမဏ္ဍိုင်"** လို့ခေါ်ရမယ့် တစ်ပတ်တစ်ကြိမ်ထုတ် Media-Pouvoir (The Power of Media) ဆိုတဲ့ ဂျာနယ်ကြီးတစ်စောင်ကိုလည်း သိပ်မကြာသေးခင်ကပဲ ပါရီမြို့မှာ ကြွားလုံးထုတ်ပြီး စင်ပေါ်တင်ခဲ့ကြပါသေးတယ်။

လေ့လာနေသူ လူတိုင်းလူတိုင်းက ဘယ်သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းမှ လူထုဘက်မှာမရှိပါဘူး၊ လွတ်လပ်မှုလည်းမရှိ လွတ်လပ်ခွင့်လည်း မရှိတော့ပါဘူးလို့ အထင်ရောက်နေကြချိန်မှာ ဖြန့်ဖြူးရေးလက်ဝါးကြီးအုပ်ထားသူတွေက ဒီကမ္ဘာကြီးမှာ လူထုဆက်သွယ်ရေးကိရိယာတွေအားလုံး လွတ်လပ်ပါတယ်လို့ လှည့်ဖြားနားသွင်းနိုင်ဖို့ ကြိုးပမ်းချက် တစ်ရပ်ပေါ့ဗျာ။ အထက်က **"မီဒီယာမဏ္ဍိုင်"** ဆိုတဲ့ ဂျာနယ်ကြီးကို ထုတ်ဝေပြီးကြိုးပမ်းကြတာဖြစ်ပါတယ်။

## မီဒီယာစက်ရုံ

တကယ်တော့ အနောက်နိုင်ငံများရဲ့ သတင်းမီဒီယာတွေဟာ လူမှု-စီးပွားရေးနဲ့ လူမှု-နိုင်ငံရေး စနစ်တွေ အဓိကပါဝင်ဖွဲ့စည်း

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ အရာတစ်ခုပဲလို့ ဆိုရပါတော့မယ်။ နိုင်ငံအနှံ့အပြားမှာရှိနေတဲ့ စာနယ်ဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား လူထုဆက်သွယ်ရေး မီဒီယာအားလုံးဟာလည်း အရင်းရှင်နိုင်ငံကြီးများရဲ့ စီးပွားရေး အရိပ်အောက်ကနေ နိုင်ငံကြီးများရဲ့ အကျိုးစီးပွားကို ဖြည့်ဆည်းပေးနေရတဲ့အရာတွေ ဖြစ်လို့နေပါပြီ။

အခုလိုပြောရခြင်းကလည်း မီဒီယာလုပ်ငန်းကြီးတွေ ကိုယ်တိုင်က အထင်ကရ စီးပွားရေး ကုမ္ပဏီကြီးတွေ ဖြစ်နေလို့ပါပဲ။ ဥပမာပြောရရင် အမေရိကန်ပြည်ထောင်စုက ထိပ်တန်းမီဒီယာလုပ်ငန်းကြီးငါးခုဟာ ကမ္ဘာ့ထိပ်သီးအမြင့်ဆုံး စက်မှုလုပ်ငန်း ကော်ပိုရေးရှင်းကြီး (၅၀၀)ထဲမှာ ပါဝင်နေလို့ပါပဲ။ အမှန်တော့လည်း မီဒီယာလုပ်ငန်းကြီးတစ်ခုဟာ စက်မှုလုပ်ငန်းကြီး တစ်ခုဖြစ်နေပြီးတော့ သူ့အောက်မှာ စက်ရုံခွဲတွေ အများအပြား ပါဝင်ဖွဲ့စည်းထားသလို ဖြစ်နေပါတယ်။ မီဒီယာလက်အောက်ခံ စက်ရုံခွဲတွေဆိုတာကတော့ တစ်ဝက်ကုန်ချောပစ္စည်းတွေနဲ့ ကုန်ပစ္စည်း အစိတ်အပိုင်းတွေ ထုတ်လုပ်နေတဲ့ စက်ရုံတွေသဖွယ်ပါပဲ။

အဲဒီကုန်ပစ္စည်းတွေကတော့ သတင်းနဲ့ကြော်ငြာလုပ်ငန်း အေဂျင်စီတွေက ထွက်လာတဲ့အရာတွေ၊ အစိုးရသတင်းဌာနတွေက ထွက်လာတဲ့သတင်းတွေ၊ အစိုးရဝန်ကြီးဌာနတွေနဲ့ ကော်ပိုရေးရှင်းကြီးတွေက ထွက်လာတဲ့ လူထုဆက်ဆံရေး Public-Relations



ဆိုင်ရာ အကြောင်းအချက်သတင်းတွေပဲ ဖြစ်ပါတယ်။ အဲဒီသတင်းအချက်အလက်တွေ၊ သတင်းစဉ်တွေ၊ ဆောင်းပါးစာတမ်းတွေ၊ ကြော်ငြာတွေ၊ ကြေညာချက်တွေအားလုံးဟာ စာနယ်ဇင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားတွေကို ထောက်ပံ့ပေးထားခြင်းသာ ဖြစ်ပါတယ်။

မီဒီယာစက်မှုလုပ်ငန်းကြီးမှာပါတဲ့ စက်ရုံတွေဟာ ကုန်ချောတွေထုတ်လုပ်ခြင်း၊ တပ်ဆင်ခြင်း လုပ်ငန်းတွေ ဆောင်ရွက်တာလည်း တွေ့ရပါတယ်။ အဲဒီစက်ရုံတွေကတော့ သတင်းစာလုပ်ငန်းရုံးတွေ၊ ရုပ်မြင်သံကြားကုမ္ပဏီတွေ၊ ရေဒီယို အသံလွှင့်ရုံတွေ၊ စာအုပ်စာနယ်ဇင်း ထုတ်လုပ်ဖြန့်ချိရာ ဌာနတွေစတဲ့ သတင်းထုတ်လုပ်ဖြန့်ချိရာဌာနအားလုံး ပါဝင်ပါတယ်။

## မီဒီယာလုပ်ငန်းစုကြီးများ

သတင်းလောကကြီးကို ကြည့်လိုက်မယ်ဆိုရင်တော့ သတင်းထုတ်လုပ်ရာစက်ရုံတွေက ထုတ်လုပ်လိုက်တဲ့ သတင်းတွေ အားလုံးနီးပါးဟာ အနောက်နိုင်ငံကြီးတွေ၊ အထူးသဖြင့် အမေရိကန် သတင်းတော်ရုံတွေက ထုတ်လုပ်လိုက်တဲ့ သတင်းကုန်ပစ္စည်းတွေသာ ဖြစ်တာတွေ့ရပါလိမ့်မယ်။ ဒါကြောင့်သတင်းတွေအားလုံးနီးပါးဟာ ပုံတူတွေထွက်နေတာပေါ့ခင်ဗျာ။

ဒီလိုဆိုရင် သတင်းစာတစ်စောင်နဲ့တစ်စောင် ဘာကွာ

www.burmeseclassic.com

www.burmeseclassic.com



သလဲလို့ မေးစရာရှိပါတယ်။ ကွာတာကတော့ သတင်းတွေ မဟုတ်ဘဲ အယ်ဒီတာ အာဘော်လောက်သာ ကွာတာတွေ့ရပါတယ်။ သတင်းဝေဖန်ချက်၊ အယ်ဒီတာအာဘော်တွေဟာ သတင်းစာတစ်စောင် မျက်နှာပြင်ရဲ့ ၁၀ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းလောက်အထိ နေရာယူထားလို့ ကွဲပြားတာကလည်း အဲဒီရာနှုန်းလောက်ပဲ ဖြစ်ပါတယ်။

အဲဒီလိုသတင်းထုတ်ကုန်ပစ္စည်းတွေကြောင့်ပဲ အလွန်ကြီးမားတဲ့ အမေရိကန်သတင်းမီဒီယာ လုပ်ငန်းစုကြီးတွေဖြစ်တဲ့ စီဘီအက်စ် (CBS)၊ အေဘီစီ (ABC) နဲ့၊ အင်ဘီစီ (NBC) ဆိုတဲ့ရုပ်မြင်သံကြား လုပ်ငန်းစုကြီးတွေ၊ အေပီ (AP) နဲ့ ယူပီအိုင် (UPI) သတင်းအေဂျင်စီလုပ်ငန်းစုကြီးတွေ ပေါ်ပေါက်လာရတယ်လို့ တစ်ဖန်တစ်လှည့်ဆိုပြန်ရင်လည်း ရနိုင်ပါတယ်။ အဲဒီသတင်းအေဂျင်စီကြီးတွေဟာ ဂန်းနက်သတင်းစာလုပ်ငန်းကြီး Gannet ရဲ့ အောက်မှာရှိနေပြီး၊ ဂန်းနက်ဟာလည်း စခရစ်ဟိုဝပ်ဒ် သတင်းစာလုပ်ငန်းစုကြီး Scripps-Howard Newspapers Group ရဲ့အောက်မှာ ရှိနေပြန်ပါတယ်။

## ပုဂ္ဂလိကပိုင် အစိုးရဝါဒဖြန့်ယန္တရား

တစ်ခါ **"လူထုပညာပေးရေးစနစ်"** လို့ခေါ်နေတဲ့ လူအများစုကိုဝါဒဖြန့်ချိတဲ့လုပ်ငန်းတွေမှာတော့ **"ယဉ်ကျေးမှု ပုံစံဝါဒဖြန့်ချိ**



**ပညာပေးရေး"** နဲ့ **"ပုံစံပြုဝါဒဖြန့်ချိ ပညာပေးရေး"** ဆိုတဲ့ အစီအစဉ်တွေအများစုပါဝင်ပြီး၊ ဒီအတွက် ကုန်ကျစရိတ်တွေကိုတော့ သန်းကြွယ် သူဌေးကြီးတွေ ထူထောင်ထားတဲ့ လူမှုရေး ဖောင်ဒေးရှင်းကြီးတွေ အဖွဲ့အစည်းကြီးတွေနဲ့ အစိုးရစီမံကိန်း ဘတ်ဂျက်ခွဲဝေမှုတွေကနေ ကျခံပေးနေတယ်လို့ ဆိုပါတယ်။

ဒါကြောင့် အခုလို တစ်ကမ္ဘာလုံး ဝါဒဖြန့်ချိပေးနေမှုတွေကို အရင်းစစ်လိုက်ရင် အမြစ်က တစ်ကမ္ဘာလုံးကို လက်ဝါးကြီးအုပ်ထားတဲ့ အနောက်နိုင်ငံများရဲ့ အရင်းအနှီးပိုင်ရှင်ကြီးတွေ ဖြစ်တယ်ဆိုတာတွေ့ရပါလိမ့်မယ်။ သက်သေပြစရာမလိုလောက်အောင် ရှင်းနေတဲ့ အမေရိကန်၊ အနောက်နိုင်ငံကြီးများနဲ့ ဂျပန်နိုင်ငံတို့ရဲ့ သတင်းထုတ်လုပ်ဖြန့်ချိရာဌာနကြီးတွေကို ထပ်မံပြီး သက်သေပြရဦးမယ်ဆိုရင်တော့ အဲဒီလုပ်ငန်းကြီးတွေကို ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးတွေက ပိုင်ဆိုင်ထားပြီး၊ အနှောက်အယှက် အဟန့်အတားတွေ မှန်သမျှ သက်ဆိုင်ရာ အစိုးရအာဏာပိုင်တွေက ကာကွယ်စောင့်ရှောက်ပေးထားတာ တွေ့နေရတယ်လို့ ဆိုပါတယ်။

ဒါပေမယ့်လည်း အနောက်အုပ်စုနိုင်ငံများရဲ့ ရေဒီယိုနဲ့ ရုပ်မြင်သံကြား လုပ်ငန်းကြီးတွေကို ပိုင်ဆိုင်သူတွေထဲမှာ အစိုးရအုပ်ချုပ်သူလူတန်းစားတွေ ပါဝင်နေတယ်ဆိုတာကိုတော့ လူအများက မမြင်မိကြတာတွေ့ရပါတယ်။ ဒါကြောင့်ပဲ အများက မျက်စိလျှမ်းပြီး

www.burmeseclassic.com

www.burmeseclassic.com



**"ပုဂ္ဂလိကပိုင်တွေပါ၊ လွတ်လပ်ပါတယ်"** လို့ အထင် ရောက်နေကြတဲ့ ကမ္ဘာ့သတင်းဖြန့်ကြားရေး လုပ်ငန်းကြီးတွေဟာ အနောက်နိုင်ငံကြီးတွေက အစိုးရအုပ်ချုပ်သူ လူတန်းစားများရဲ့ အကျိုးကို သယ်ပိုးပြီး၊ အစိုးရများရဲ့ အမိန့်တွေ၊ ပညတ်ချက်တွေကို နာခံနေကြရတဲ့ ဖြန့်ကြားရေးလုပ်ငန်းကြီးတွေ ဖြစ်နေရတာပေါ့ဗျာ။

တစ်နည်းအားဖြင့် ပြောရရင် အင်အားကြီးနိုင်ငံများရဲ့ အစိုးရအုပ်ချုပ်သူများရဲ့ နိုင်ငံရေးမူဝါဒတွေ၊ အကျိုးစီးပွားရေးတွေကို ကမ္ဘာ့ဖြန့်ကြားရေး လုပ်ငန်းကြီးတွေနဲ့ စီးပွားရေးလုပ်ငန်းကြီးတွေက ပူးပေါင်း သယ်ပိုးပေးနေရတာ ဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။ ခပ်ရှင်းရှင်းပဲတင်ပြရရင်တော့ နိုင်ငံကြီးများရဲ့ အစိုးရလက်ဝါးကြီးအုပ် အရင်းရှင်စနစ်ကြီးရဲ့အောက်မှာ သတင်းသမား အားလုံးဟာ သူတို့ကိုယ်သူတို့ **"လွတ်လပ်တယ်"** လို့ထင်နေရပေမယ့် အစိုးရအခစားတွေအဖြစ် လက်တွေ့မှာ မြင်နေကြရမှာဖြစ်ပါတယ်။

## ပိုင်ရှင်ကြီးတွေ

ဒါကြောင့် ပုဂ္ဂလိကပိုင် ဖြန့်ကြားရေးလုပ်ငန်းကြီးတွေက ဝန်ထမ်းအားလုံးဟာ ငွေရင်းငွေနှီးပိုင်ဆိုင်သူတွေနဲ့ အစိုးရအာဏာပိုင်တွေရဲ့ အကျိုးကို တိုက်ရိုက်ထမ်းပိုးပေးနေရတဲ့ အခစားအလုပ်သမားတွေ Wage workers သာဖြစ်နေရတယ်လို့ ပြောရင် မမှားနိုင်ပါဘူး။



ဘာကြောင့်လဲဆိုတော့ သူတို့သတင်းဖြန့်ကြားရေး လုပ်ငန်းကြီးတွေကို စုစည်းပိုင်ဆိုင်သူများကတော့ ရုပ်ပတ်မူးဒေါ့ Rupert Murdoch၊ ရောဘတ်ဟာဆန် Robert Hersant နဲ့ အိပ်ဇယ်စပရင်ဂျာ Axel Springer တို့လို လူနည်းစုလုပ်ငန်းပိုင်ရှင်ကြီးတွေဖြစ်နေလို့ပါပဲ။

ဥပမာ - ရုပ်ပတ်မူးဒေါ့ရဲ့ ပိုင်ဆိုင်မှုကို ကြည့်မယ်ဆိုရင် အမေရိကန်နဲ့ အနောက်နိုင်ငံကြီးများမှာရှိတဲ့ သတင်းစာဂျာနယ်လုပ်ငန်းကြီးပေါင်း ၉၀ နဲ့ များပြားလှတဲ့ ရေဒီယိုနဲ့ ရုပ်မြင်သံကြားထုတ်လွှင့်ရေးလုပ်ငန်းကြီးတွေ ပါဝင်နေပါတယ်။ စုစုပေါင်း ဒေါ်လာသန်းပေါင်း ၁၅၀၀ ကျော်ရှိတဲ့ လုပ်ငန်းကြီးတွေပါ။

မကြာသေးမီကပဲ ရုပ်ဒေါ့ဟာ သူထပ်မံဝယ်ယူ ပိုင်ဆိုင်လိုက်တဲ့ ချီကာဂိုဆန်းတိုင်းမ်း Chicago Sun-Times သတင်းစာကြီးကို ချက်ချင်းပဲ သတင်းစာရဲ့အာဘော်ပြောင်းလဲဖို့ ကြော်ငြာလိုက်တာတွေ့ရပါတယ်။ ဒါနဲ့ပတ်သက်လို့ သူ့ကို အင်တာဗျူးတစ်ခုမှာမေးမြန်းတာ ခံလိုက်ရပါတယ်။ **"ဒီသတင်းစာကြီးဟာ အစဉ်လာမျိုးစုံ - ဝါဒီဆန်သွားပြီလား"** လို့ အမေးခံရတာပါ။ သူ့အနေနဲ့ **"မှန်ပါတယ်"** လို့ဝန်ခံလိုက်ရပါတယ်။

ဆိုလိုတာကတော့လွတ်လပ်ပါတယ်ဆိုတဲ့ သတင်းစာအခင်းအကျင်းဟာ နိုင်ငံရေးကြိုးကိုင်မှု အဆင့်ဆင့်အောက်က ပိုင်ရှင်

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါမျိုးတွေမှာ **"ပုဂ္ဂလိကပိုင် သတင်းဌာန"** တွေပါ **"လွတ်လပ်ပါတယ်"**၊ **"အစိုးရတွေနဲ့ မပတ်သက်ပါဘူး"** လို့ အသံစုံ အော်ဟစ်နေကြတဲ့ သတင်းဌာနကြီးတွေရဲ့ **"ဟန်ဆောင်မှု"** တွေဟာ လူရှေ့သူရှေ့မှာ ဖြုလွှာကျွတ်ကျသလို အရှက်ကွဲကြရပါတယ်။

ဒါကြောင့် **"အများဘက်က ရပ်တည်ပါတယ်"**၊ **"အများဆန္ဒနဲ့ အညီထုတ်လွှင့်နေတာပါ"** ဆိုတဲ့ သတင်းဌာနကြီးတွေဟာ နယ်ချဲ့ ဝါဒီအစိုးရတွေရဲ့ အကျိုးကို သယ်ပိုးနေရတဲ့ နယ်ချဲ့ဝါဒီတို့ရဲ့ အာဘော်ကို ရောင်ပြန်ဟပ်နေကြတဲ့ သတင်းဌာနကြီးတွေဆိုတာ ကမ္ဘာ့ ပြည်သူတွေရဲ့ မျက်စိအောက်မှာ ထင်းကနဲ ပေါ်လာကြရပါ တော့တယ်။ ဒါပေမယ့်လည်း **"သတင်းလွတ်လပ်စွာ ဖြန့်ကြားခွင့်"** ရှိသည်ဆိုတဲ့ ကြွေးကြော်သံကိုတော့ တစ်ပြားသားမှ လျှော့တာ မတွေ့ ရဘူးခင်ဗျ။

## အလုပ်ဖော်မြူလာ

သတင်းစာတစ်စောင်ဟာ ပိုင်ရှင်ပြောင်းသွားလို့ သတင်း တင်ပြပုံ **"ဟန်"** တွေ၊ **"ပုံစံ"** တွေ၊ **"နည်းစနစ်"** တွေ ပြောင်းချင် ပြောင်းသွားမယ်၊ ကမ္ဘာ့အရေးကိစ္စတွေ နိုင်ငံရေးရာသီဥတုတွေ ပြောင်းလို့ သတင်းတွေ ပြောင်းချင်ပြောင်းရေးရမယ်၊ အပြိုင်အဆိုင် ကုမ္ပဏီတွေ လုပ်ငန်းစုကြီးတွေရဲ့ အာဘော်ကိုလိုက်ပြီး ပြောင်းရေး



အသစ်တစ်ဦးရဲ့ လက်ထဲအရောက်မှာ သတင်းစာအာဘော်ကို လုံးဝပြောင်းပြန်လှန်ခံရနိုင်တယ်ဆိုတဲ့ အချက်ပါပဲ။

## လွတ်လပ်စွာ လေယူရာယိမ်း

တကယ်တော့ **"လွတ်လပ်ပါတယ်"** လို့ ကြွေးကြော် နေတဲ့ အနောက်ဘက်ဖြန့်ကြားရေး အင်ပါယာကြီးထဲက စာနယ်ဇင်း၊ ရေဒီယိုနဲ့ ရုပ်မြင်သံကြားတွေရဲ့ အာဘော်တွေက နီးစပ်ရာအစိုးရ အာဏာပိုင်တွေရဲ့ ပြောင်းလဲနေတဲ့ မူဝါဒတွေ၊ ပြောင်းလဲနေတဲ့ အဖြစ်သနစ်တွေပေါ်မှာ တည်မှီပြီး ရောယိမ်းလိုက်၊ ဘသားယိမ်း လိုက်လုပ်နေရတာ တွေ့ကြရမှာပါ။

အဲဒီလိုအဖြစ်သနစ်တွေကို ဗီယက်နမ်စစ်ကို လိုလားတဲ့ အစိုးရတွေ၊ စစ်ကိုဆန့်ကျင်လိုတဲ့ အစိုးရတွေရဲ့ လက်ထက်တွေမှာ ခုတစ်မျိုး၊ တော်ကြာတစ်မျိုး အစိုးရကို လိုက်ပြီးပြောင်းနေကြရတဲ့ မီဒီယာ အာဘော်တွေ တွေ့ခဲ့ကြမှာပါ။

အလားတူပဲ **"အီရန်ဂိတ်"** လို့ခေါ်နေကြတဲ့ အီရန်အရေး အခင်း၊ **"ဝါးတားဂိတ်"** လို့ခေါ်နေကြတဲ့ သမ္မတ စစ်ဆင်ရေးကိစ္စတွေ ချစားလို့ နာမည်ပျက်၊ မျက်နှာပျက်နဲ့ ထွက်ရတဲ့ အမေရိကန် သမ္မတတွေရဲ့ အရေးကိစ္စတွေမှာလည်း မီဒီယာတွေရဲ့ လေယူရာ ယိမ်းကနေကြရတဲ့ အဖြစ်တွေ တွေ့ခဲ့ကြရမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



ချင်ရေးနေရမယ်၊ ဘယ်ဟာတွေဘယ်လိုပဲ ပြောင်းပြောင်း မပြောင်းတာကတော့ ကမ္ဘာကြီးစိုးမိုးရေးဝါဒီတွေဖြစ်တဲ့ နိုင်ငံကြီးများက အစိုးရတွေရဲ့ အကြိုက်လိုက်ရေးနေရတဲ့ ပုံစံကြီးပါပဲခင်ဗျာ။

မီဒီယာတွေအတွက် လုပ်နည်းလုပ်ဟန် ဖော်မြူလာကတော့ မီဒီယာပိုင်ရှင်ကြီးတွေနဲ့၊ အစိုးရအာဏာပိုင်ကြီးတွေရဲ့ အပြန်အလှန်အကျိုးပြုမှုကို ပံ့ပိုးပေးနေရတဲ့ **"အလုပ်ဖော်မြူလာ"** အတိုင်းပါပဲ။

## လေ့ပုံနှစ်ဘက်နှင်းသူ

ဒါကို နမူနာပြရမယ်ဆိုရင်တော့ ပြင်သစ်သတင်းစာသူဌေးကြီး ရောဘတ်ဟာဆန်ကို ပြရပါလိမ့်မယ်။ သူဟာ ပြင်သစ်အမျိုးသားလွှတ်တော်ကြီးမှာ ပါဝင်ခွင့်ရထားသူ တစ်ဦးဖြစ်ပြီး လက်ယာစွန်းဝါဒီတွေ အပေါ်မှာ ဩဇာလွှမ်းမိုးနိုင်သူ တစ်ဦးလည်းဖြစ်တယ်လို့ ဆိုပါတယ်။ အခုလို လက်ယာစွန်းဝါဒီတွေနဲ့ လွှတ်တော်အပေါ်မှာ ဩဇာလွှမ်းမိုးနိုင်ဖို့ ရည်ရွယ်ပြီး လီမာတင် Le Matin ဆိုတဲ့ သတင်းစာကြီးကို ဝယ်ခဲ့တာလို့လည်း စောင့်ကြည့်နေသူများက ဆိုပါတယ်။

အလားတူပဲ သူဌေးကြီး ဟာဆန်တစ်ယောက် ပြင်သစ်သမ္မတဟောင်း ဗယ်လရီဂစ်စကတ်ဒီအက်စတိန်အတွက် ရည်ရွယ်ပြီး လီဖီဂါရို Le Figaro သတင်းစာကြီးကို ဝယ်ခဲ့ကြောင်း၊ ဝန်ကြီးချုပ်



ရှက်ချီရက်အတွက် ရည်ရွယ်ပြီးတော့ ဖရန့်ဆွာ France - Soir ဆိုတဲ့ သတင်းစာကြီးကို ဝယ်ယူခဲ့ကြောင်း စောင့်ကြည့်လေ့လာနေသူတွေက ဆိုပါတယ်။

ဘာပဲဖြစ်ဖြစ် ဟာဆန်ရဲ့ ပြင်သစ်သတင်းစာ အင်ပါယာကြီးဟာ လက်ယာစွန်းဝါဒီအင်အားစု Right-Wing Forces တွေအတွက် ဖြစ်နေတာတော့ သေချာပါတယ်လို့ ဆိုပါတယ်။

ဒီလိုပဲ ပြန်ကြားရေးကိစ္စနဲ့ ပတ်သက်ရင် အရာရာဟာ နိုးရိုးရှင်းရှင်း ဖြစ်ပျက်နေတာလို့ ထင်မြင်နေလို့တော့ မရပါဘူးလို့လည်း ဆိုနေကြပါပြီ။

**"တော်လှန်ရေး"** လို့ အမိပ္ပါယ်ရတဲ့ **"ရီဗော်လူးရှင်း"** Revolution ဆိုတဲ့ သတင်းစာကြီးက ရေးသားတာကတော့ သတင်းစာသူဌေးကြီးဟာဆန်ဟာ ပြင်သစ်အုပ်ချုပ်သူ အာဏာပိုင်လူတန်းစားရဲ့ မဟာဗျူဟာကို လိုက်နှင်းနိုင်လောက်အောင် အရည်အချင်း ပြည့်ဝတယ်လို့ပဲ ဆိုရမှာပါတဲ့။

သူဌေးကြီးဟာဆန်မှာ ကွန်ဆာဗေးတစ် ဝါဒီတွေအတွက် ဘက်လိုက်ရေးဖို့ သတင်းစာတွေရှိသလို အတိုက်အခံ လစ်ဘရယ်ဝါဒီတွေအတွက် သတင်းစာတွေလည်း ရှိနေသေးတယ်လို့ ဆိုပါတယ်။ သတင်းစာတွေအများကြီးရဲ့ပိုင်ရှင် သူဌေးကြီးဟာဆန်ကို ရေထဲကငါးရဲ့ကော၊ ကုန်းပေါ်ကငါးရဲ့ပါ ငါးရဲ့နှစ်ကောင်လုံးဖမ်း

www.burmeseclassic.com

www.burmeseclassic.com



တယ်ပဲပြောပြော၊ လျှော့နန်းနှစ်ဘက်နင်းတယ်ပဲပြောပြော သူကတော့ ဘယ်ဖါတီတက်တက် အောင်ပွဲခံနိုင်မည့်သူပဲပေါ့။

**စီအိုင်အေသတင်းနဲ့ ပုဂ္ဂလိကအသင်းဝင်နံပါတ်**

ဒီလိုပါပဲ အနောက်အုပ်စုနယ်ချဲ့ဝါဒီတို့ရဲ့ လက်အောက်မှာ နေရတဲ့ သတင်းစာသမားတွေဟာလည်း သတင်းစာတိုက်ပိုင်ရှင်နဲ့ အစိုးရကြားမှာ **"ထိန်းချုပ်ရေး"** နဲ့ **"တွန်းအားပေးနိုင်ရေး"** အတွက် နည်းမျိုးစုံနဲ့ လွှမ်းမိုးခံနေကြရတာပါပဲ။

ဒါကြောင့်ပဲ အနောက်နိုင်ငံကြီးများက သတင်းစာသမားတွေက တချို့ကိစ္စတွေမှာ နှုတ်ပိတ်ခံထားရသလို တချို့ကိစ္စတွေမှာတော့ **"တွန်းစတတ်"** ထည့်ပြီး ချဲ့ကားချင်သလို ချဲ့ကားတတ်ကြပါတယ်တဲ့။

ဒီကိစ္စအတွက်လည်း နမူနာပြစရာက အခိုင်အမာ ရှိနေပါတယ်။ အမေရိကန်သတင်းထောက် ၄၀၀ က သရုပ်ပြနေတဲ့ ကမ္ဘာ့သတင်းသမားတွေ အသားရေပျက်ဖွယ်ကိစ္စပါ။ အဲဒီ အမေရိကန်သတင်းထောက် ၄၀၀ ဟာ အမေရိကန် ဗဟိုထောက်လှမ်းရေး အေဂျင်စီ **"စီအိုင်အေ"** က ခိုင်းစေတဲ့ သတင်းမျိုးတွေကို ရှက်ဖွယ်လိလိ ရေးသားနေတာတွေ၊ တစ်ခါတစ်ရံမှာတော့ စီအိုင်အေထောက်လှမ်းရေးအဖွဲ့က ရေးထားတဲ့သတင်းတွေကို သူတို့ သတင်းထောက်



အသင်းဝင်နံပါတ်၊ နာမည်တွေနဲ့ လက်မှတ်တွေ ရေးထိုးပေးနေတာတွေ တွေ့ရတယ်လို့ ဆိုပါတယ်။

အဲဒီအကြောင်းထောက်ပြ ရေးသားထားတဲ့ ဂျာနယ်ကတော့ ၁၉၇၇ ခုနှစ် စက်တင်ဘာလ ၂၀ရက်မှာ ထုတ်ဝေတဲ့ Rolling Stone ဂျာနယ်ပဲ ဖြစ်တယ်ခင်ဗျ။

**မီဒီယာနှင့် စစ်ဘက်စက်မှုလုပ်ငန်းစုကြီးများ**

အနောက်ဘက်က လက်ဝါးကြီးအုပ်လုပ်ငန်းရှင်ကြီးများရဲ့ လူထုဆက်သွယ်ရေး ကိရိယာတွေဖြစ်တဲ့ သတင်းအေဂျင်စီကြီးတွေ၊ သတင်းစာလုပ်ငန်းတွေ၊ ရေဒီယိုတွေ၊ ရုပ်မြင်သံကြားတွေနဲ့ စီးပွားရေး ကြော်ငြာလုပ်ငန်းကြီးတွေဟာ တကယ်တန်း ပြည်တွင်း အစိုးရပိုင် လူထုဆက်သွယ်ရေးလုပ်ငန်းတွေနဲ့ နှိုင်းယှဉ်ရင် အစိုးရပိုင်ထက် လူထုပရိသတ်နည်းကြောင်း၊ ထိရောက်မှုနည်းကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။

ဒါပေမယ့်လည်း အခြားနိုင်ငံတွေဆီကို နိုင်ငံကြီးတွေရဲ့ နိုင်ငံခြားရေးမူဝါဒတွေ ဝါဒဖြန့်ရာမှာတော့ သူတို့အစိုးရပိုင် လူထုဆက်သွယ်ရေးလုပ်ငန်းတွေထက် ပုဂ္ဂလိကပိုင်တွေက ပိုပြီးအစွမ်းထက်တာ တွေ့ရပါတယ်လို့ လေ့လာသူတွေက ဆိုကြပါတယ်။

ဒါကြောင့်ပဲ လူထုဆက်သွယ်ရေး ကိရိယာတွေ ပိုင်ဆိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးတွေဟာ နိုင်ငံတကာကို ဝါဒဖြန့် စစ်ဆင်ရေး ဆင်နွှဲတဲ့အခါ အနောက်နိုင်ငံကြီးတွေရဲ့ အစိုးရဌာနကြီးတွေနဲ့ ပူးပေါင်းဆောင်ရွက်ကြရတယ်လို့ ဆိုပါတယ်။

မီဒီယာလုပ်ငန်းပိုင် ကော်ပိုရေးရှင်းကြီးတွေကို များသောအားဖြင့်စစ်ဘက်စက်မှု လုပ်ငန်းကြီးတွေက ပိုင်ရင်ပိုင်၊ မပိုင်ရင်တောင်မှ အဲဒီစစ်ဘက်စက်မှုလုပ်ငန်းစုကြီးတွေက ထိန်းချုပ်ထားနိုင်တာလည်း တွေ့ရပါတယ်။ အဲဒီထဲမှာ IBM ကော်ပိုရေးရှင်း၊ ဝက်စတင်းဟောက်စ် Westinghouse၊ အမေရိကန်ပြည်ထောင်စုက လျှပ်စစ်ကော်ပိုရေးရှင်းကြီးဖြစ်တဲ့ ဝက်စတန်းအီလက်ထရစ် Western Electric၊ ဂျာမနီနိုင်ငံက ဇီးမန်း Siemens ကုမ္ပဏီနဲ့ ပြင်သစ်က မာထရာ Matra ကုမ္ပဏီတို့ဟာ တစ်ကမ္ဘာလုံးသိနေတဲ့ လုပ်ငန်းကြီးတွေပါပဲ။

အဲဒီလုပ်ငန်းစုကြီးတွေ ကော်ပိုရေးရှင်းကြီးတွေဟာ သူတို့ရဲ့ မူလ လုပ်ငန်းကြီးတွေ ကြီးပွားချမ်းသာလာဖို့အတွက် ကမ္ဘာ့အနှံ့က မီဒီယာဈေးကွက်ကြီးတွေကိုပါ တစ်ချက်ခုတ်နှစ်ချက်ပြတ် သူတို့အုပ်စိုးမှုအောက်ရောက်အောင် လုပ်ယူလေ့ရှိကြပါတယ်။ ဒီလိုဖြစ်အောင် ကော်ပိုရေးရှင်းကြီးတွေက ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းကြီးတွေ စာအုပ်တိုက်ကြီးတွေ၊ ရေဒီယိုတွေနဲ့ ရုပ်မြင်သံကြားထုတ်လွှင့်ရေးလုပ်ငန်းကြီးတွေ၊ သတင်းစာတိုက်ကြီးတွေ၊ ဂျာနယ်တိုက်ကြီးတွေကို



အနှံ့အပြား ဝယ်ယူထူထောင်ထားကြတာ တွေ့ရပါတယ်။

## အပေးနဲ့အယူ

ဒီနည်းနဲ့ သူတို့ဟာ ပြည်တွင်းပြည်ပမှာ ရှိနေကြတဲ့ လူထုပရိတ်သတ်ကြီးတွေကို သူတို့အပေါ် ကျိုးနွံလာစေဖို့၊ ဦးတျိုးသွားစေဖို့အတွက်၊ ဖိနှိပ်ရေးနဲ့ ကျူးကျော်ရေး ယန္တယားကြီးအဖြစ် အတွေးအမြင်သွတ်သွင်းရေး လုပ်ငန်းကြီးတွေကို အမွမ်ရယူ အသုံးချနေကြတယ်လို့ နိုင်ငံငယ်လေးတွေရဲ့ စာနယ်ဇင်းသမားများက ဆိုကြပါတယ်။

အခြားတစ်ဘက်မှာတော့ နယ်ချဲ့စိုးမိုးရေးဝါဒီတို့ရဲ့ ပြန်ကြားရေးလုပ်ငန်းစုကြီးတွေဟာ နယ်ချဲ့စစ်ဘက်စက်မှု လုပ်ငန်းစုကြီးတွေတို့ ကျယ်ကျယ်ပြန့်ပြန့် ပုံ့ပိုးနေတာကို အထင်အရှား တွေ့မြင်နေကြရပါတယ်တဲ့။

ဘာပဲပြောပြော နယ်ချဲ့ရေးဝါဒီတို့ရဲ့ ပြန်ကြားရေး လုပ်ငန်းစုကြီးနဲ့ စစ်ဘက်စက်မှုလုပ်ငန်းစုကြီးတို့ဟာ အပြန်အလှန် ကြီးပွားရေးကိစ္စတွေမှာတော့ ပူးပေါင်းပြီး လက်ဝါးရိုက်စီစဉ်နေကြတာ အမှန်ပါပဲ။

စစ်ဘက်-စက်မှု လုပ်ငန်းစုကြီးဟာ စစ်လက်နက်ပစ္စည်းတွေ ထုတ်လုပ်ရောင်းချဖို့အတွက် ကမ္ဘာ့အဝန်းကို ဈေးကွက်ရဖို့ ကြော်ငြာ

www.burmeseclassic.com

www.burmeseclassic.com



တဲ့အခါမှာရော၊ လက်နက်တွေ အပြိုင်အဆိုင် တပ်ဆင်ဖို့ ဘေးတီးပေးပြီး ဝါဒဖြန့်စစ်အေး တိုက်ပွဲဆင်နွှဲရာမှာရော ပြန်ကြားရေးလုပ်ငန်းစုကြီးကို ရှေ့ကတင်ပြီး အသုံးချနေပါသတဲ့။

လုပ်ငန်းစုကြီးနှစ်ခုဟာ ပူးပေါင်းပြီးတော့ အီလက်ထရွန်းနစ်ပစ္စည်းကိရိယာတွေလည်း ထုတ်လုပ်နေပါသေးတယ်။ ရုပ်မြင်သံကြားနဲ့ သတင်းစာလုပ်ငန်းကြီးတွေ အသုံးပြုဖို့ လိုအပ်တဲ့သတင်းပို့ဖမ်းဆိုင်ရာ ကွန်ပျူတာနဲ့ ပို့ဖမ်းစက်တွေကို စစ်ဘက်-စကီမှု လုပ်ငန်းစုကြီးက ပူးပေါင်းထုတ်လုပ်ပေးနေတာ တွေ့ရပါတယ်။

## ကမ္ဘာ့ဝါဒ သစ်ဆိုပြီး

အထက်က လုပ်ငန်းစုကြီးနှစ်ခုဟာ ကမ္ဘာသူ၊ ကမ္ဘာသားတွေအပေါ်မှာ အတွေးအမြင် ထိုးဖောက်လွှမ်းမိုးကြရာမှာလည်း တစ်သဘောတည်းပါပဲ။ ဒါပေမယ့် ပြီးခဲ့တဲ့ နှစ်ပိုင်းတွေမှာတော့ အမေရိကန် ပြန်ကြားရေးလုပ်ငန်းစုကြီးဟာ **"ကမ္ဘာ့ဝါဒသစ်"** ကို အကောင်အထည်ဖော် ဝါဒဖြန့်ရာမှာ မအောင်မမြင်နဲ့ အရှိန်အဟုန်ကျဆင်းနေတယ်လို့ ဝေဖန်လာသူတွေက ဆိုကြပါတယ်။

အဲဒီ **"ကမ္ဘာ့ဝါဒသစ်"** ကို ဖြန့်ဝေပြီးတဲ့အခါ အမေရိကန်အကျိုးစီးပွါး ဖော်ဆောင်ပေးမယ့် နေရာတွေလို့ဆိုတဲ့ နယ်မြေတွေကို **"အသက်သွေးကြောနယ်မြေ"** တွေလို့ သတ်မှတ်ပြီး အမေရိကန်



အစိုးရနဲ့ စစ်ဘက်အသိုက်အဝန်းက သူတို့ရဲ့ စီမံကိန်းတွေကို ပေါ်ပေါ်ထင်ထင် ထုတ်ပြန်ကြတော့တာပဲတဲ့။

ရည်ရွယ်ချက်ကတော့ အမေရိကန်အစိုးရတွေ အဆက်ဆက်က သဘောမတွေ့တဲ့ဒေသတွေ၊ နိုင်ငံတွေမှာ ပြုလုပ်နေကြတဲ့ လူမှု ဖွံ့ဖြိုးရေးကြိုးပမ်းမှုတွေ၊ ပြည်တွင်းတိုးတက် ပြောင်းလဲမှုတွေကို တားဆီးဖို့ ကြိုးပမ်းချက်ပါပဲ။

## သူပုန်နဲ့အစိုးရ ခေါ်ချင်သလိုသာ ခေါ်ပါပေါ့

ဒါ့ထက်ပိုပြောရရင် အကောင်းနဲ့အဆိုးကို ပြောင်းပြန်မြင်လာအောင်၊ တိုးတက်ရေးနဲ့ ဆုတ်ယုတ်ရေးကို ပြောင်းပြန်မြင်လာအောင် အစီပွါယ်ချင်း၊ နေရာချင်း ပြောင်းလဲတပ်ဆင်ရေး လုပ်ရပ်ပါပဲတဲ့။

ဥပမာ-ဆန်ဆာလ်ဗေဒိုမှာဆိုရင် မျိုးချစ်ပုဂ္ဂိုလ် Patriots တွေကို **"အကြမ်းဖက်သမားတွေ"** Terrorist ပါတဲ့။ နယ်ချဲ့ဝါဒီတို့ရဲ့လက်က တိုင်းပြည်ကို လွတ်မြောက်အောင် ကြိုးပမ်းသူတွေရဲ့ လှုပ်ရှားမှု Liberation Struggle ကိုတော့ **"သွေးစွန်းသောစစ်ပွဲ"** Bloody War တဲ့။ အဲဒီနိုင်ငံတွေက ဥပဒေမဲ့ ပုန်ကန်နေသူ အကြမ်းဖက်တမ်း လူသတ်မားတွေကိုတော့ **"လူမှုရေးအင်အားစု"** တွေပါတဲ့။

အလားတူပဲ သတင်းလွဲတွေပေးပို့ပြီး ကမ္ဘာ့လူထုကြီးကို

www.burmeseclassic.com

www.burmeseclassic.com



နားလှည့်ထားပုံကလေးတစ်ခု ရှိပါသေးတယ်။ အဲဒါကတော့ နိုင်ငံငယ်လေးတွေ ကိုလိုနီဝါဒီတွေရဲ့ လက်ထဲက လွတ်မြောက်အောင်ကြိုးစားတဲ့အခါ အမေရိကန်တပ်ဖွဲ့တွေ ပို့လွှတ်နှိမ်နင်းလေ့ရှိပြီး ဒါကို **"ဆိုဗီယက်ကျူးကျော်မှု"** Soviet Aggression ကနေ **"အမေရိကန်ပြည်ထောင်စုကို (အဲဒီဒေသ) ခုခံကာကွယ်ဖို့ တွန်းအားပေးခံရခြင်း"** Compelled to defend ကြောင့် ဆောင်ရွက်နေရတာပါတဲ့။

တစ်ဘက်က ဆိုဗီယက်ပြည်ထောင်စုက တုန့်ပြန်ဝါဒဖြန့်တဲ့အခါမှာတော့ **"ဆိုဗီယက်ကျူးကျော်မှု"** ဆိုတဲ့နေရာဒေသတွေမှာ **"ဆိုဗီယက်စစ်တပ်"** တွေ မတွေ့ရဘဲ **"အမေရိကန်စစ်တပ်"** တွေပဲ တွေ့နေရပါလားလို့ ဆိုဗီယက်တွေက သရော်ထားတာလည်း တွေ့ရပါတယ်။

ဒီနေရာမယ် ဘယ်ဝါဒ၊ ဘယ်နိုင်ငံရယ်လို့ အယူအစွဲမထားပဲ နိုင်ငံငယ်လေးတွေဘက်ကနေ နိုင်ငံကြီးသား ကိုလူလည်များရဲ့ ဝါဒဖြန့်ပုံ ပညာခန်းလေးတွေကို လေ့လာဖို့ တင်ပြရခြင်းပါ။

ကမ္ဘာ့တစ်နေရာမှာ အစိုးရတပ်တွေကို **"ဖက်ဆစ်"** တွေလို့ ခေါ်ဝေါ်သမုတ်ပြီး ပုန်ကန်သူတွေကို **"မျိုးချစ်တပ်ဖွဲ့"** တွေလို့ သတ်မှတ်ပေမယ့် အခြားတစ်နေရာမှာ အစိုးရတပ်တွေကို **"သူရဲကောင်းတပ်ဖွဲ့"** တွေ၊ **"မဟာမိတ်"** တွေလို့ ခေါ်ဝေါ်ပြီး ပုန်ကန်သူတွေကိုတော့ **"သူပုန်"** တွေလို့ ခေါ်ချင်သလို ခေါ်နေတာမျိုးလည်း



တွေ့ရပြန်ပါတယ်တဲ့။ ဒီလိုနဲ့ နေ့စဉ်နဲ့အမျှ နာရီနဲ့အမျှ လိမ်လည်သတင်းလွှင့်မှုတွေကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာဂျာနယ်တွေကနေ သတင်းလက်ဝါးကြီးအုပ်ထားသူတွေက ထုတ်လွှင့်နေတာ တွေ့ကြရပါတယ်။

ရည်ရွယ်ချက်ကတော့ ကမ္ဘာ့နိုင်ငံငယ်လေးတွေရဲ့ သတင်းသမားတွေက မှားနေပါတယ်လို့ အော်နေကြတဲ့ **"သတင်းမှား"** တွေကို နိုင်ငံကြီးသားလူလည်ကြီးများက ကိုယ့်ဟာကိုယ် အမှန်လုပ်ပြီး **"ဤ"** ကို **"ကျွဲ"** ဖတ်နေကြတာ ထုံးစံလိုတောင် ဖြစ်နေပေါ့ဗျာ။

အခုတင်ပြခဲ့တာလေးတွေကတော့ **"ပြန်ကြားရေးနယ်ရဲ့ဝါဒ"** ရဲ့ သတ်မှတ်ဘောင်ခတ်ချက်အတိုင်း သူတို့ပြောနေတဲ့ **"စာတွဲမထွတ်ဆိုင်ကြီး"** ဖြစ်တဲ့ **"နယ်ရဲ့ပြန်ကြားရေးလုပ်ငန်း"** ကြီးတွေရဲ့လုပ်ရပ်တွေပေါ့ခင်ဗျာ။

[illegible]ပဲ လွတ်လပ်စွာစီးဆင်း
[illegible]လွတ်လပ်စွာရေးသား

အနောက်ဘက်အတွေးအခေါ် ရိုက်သွင်းရေးဝါဒီတို့ မမောနိုင်မပန်းနိုင် အကြိမ်ကြိမ် အပ်ကြောင်းထပ်အောင် ပြောနေတဲ့ စကားလေး တစ်ခွန်းရှိပါသေးတယ်။ **"သတင်းလွတ်လပ်စွာစီးဆင်းရေး"** အတွက် အာမခံချက်ပေးနိုင်အောင်လို့ **"လွတ်လပ်စွာ ပြောဆို**

www.burmeseclassic.com

www.burmeseclassic.com



**ခွင့်**" နဲ့ "**လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့်၊ ရေးသားခွင့်**" တို့ရှိရမယ် ဆိုတဲ့အချက်ပါပဲ။ အခုလို "**သတင်းလွတ်လပ်စွာ စီးဆင်းရေး**" ဆိုတဲ့ ဆောင်ပုဒ်ဟာ အမေရိကန်ပြည်ထောင်စုအနေနဲ့ သတင်းတွေကို လိုသလိုဝါဒဖြန့်နိုင်အောင်လို့ ရည်ရွယ်တည်ဆောက်ထားတာပဲ လို့လည်း နိုင်ငံငယ်တွေက ထောက်ပြနေကြပါတယ်။

နိုင်ငံငယ်လေးတွေအပေါ်ကို လိုနီလက်သစ်ဝါဒနဲ့ လွှမ်းမိုးအုပ်ချုပ်ထားနိုင်ဖို့နိုင်ငံကြီးများဟာအတွေးအခေါ် သိမ်းသွင်းရေးဝါဒဖြန့်ချိမှု မရှိမဖြစ်လိုအပ်ပါတယ်တဲ့။ ဒီအစဉ်အလာဟာ အမေရိကန် အစိုးရအဆက်ဆက်ရဲ့မူဝါဒထဲမှာအမြဲတမ်း ပါဝင်နေတာလည်းဖြစ်ပါတယ်-တဲ့။

ဒါနဲ့ပတ်သက်လို့ဝေဖန်သူတွေ သက်သေပြုထောက်ပြနေတဲ့ စကားလေးကတော့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတစ်ဦးဖြစ်ခဲ့တဲ့ ဂျွန်ဖော်စတာဒါးလက်စ်ရဲ့ သမိုင်းတွင်ခဲ့တဲ့စကားတစ်ခွန်းပါ။ သူဟာ အမေရိကန်ပြည်ထောင်စုရဲ့ စစ်အေးတိုက်ပွဲဆင်နွှဲရေး မူဝါဒတွေ ချမှတ်ပေးခဲ့တဲ့ ဗိသုကာကြီးတစ်ယောက်ဖြစ်ခဲ့သလို နောင်အစိုးရများက စစ်အေးတိုက်ပွဲဆိုင်ရာ အတိုင်ပင်ခံပြုခဲ့ရသူတစ်ဦးလို့လည်း သိရပါတယ်။

"တကယ်လို့များ ကျုပ်ကိုနိုင်ငံခြားရေးပေါ်လစီချမှတ်ဖို့ တွေ့ရာလေးပါးဘာမှမပြောမနေပါနဲ့၊ တစ်ချက်တည်းပဲချမှတ်ပေးပါလို့



ခိုင်းလာခဲ့ရင် ကျုပ်ပြောမယ့် တစ်ချက်တည်းသောစကားကတော့ (သတင်းလွတ်လပ်စွာ စီးဆင်းစေရမယ်)ဆိုတဲ့စကားပဲဗျ" လို့ ပြတ်ပြတ်သားသားပြောခဲ့တာတွေ့ရပါတယ်။

အခုလိုပြောတဲ့အကြောင်းရေးသားထားတဲ့ စာအုပ်ကတော့ ဟာဗတ်အိုင်ရှိလာရေးတဲ့ "**ဆက်သွယ်ရေးနဲ့ယဉ်ကျေးမှုလွှမ်းမိုးအုပ်ချုပ်ရေး**" ဆိုတဲ့စာအုပ်ပါပဲ။ အဲဒီစာအုပ်ရဲ့စာမျက်နှာနံပါတ် (၃၀)ပေါ်မှာ တွေ့ရမှာဖြစ်ပါတယ်။

## အသိဉာဏ်ပညာ ကျွန်ခံရေး

တကယ်တော့လည်း သူတို့ဘက်ကနေကြည့်ရင် "**သတင်းလွတ်လပ်စွာစီးဆင်းရေး**" ဆိုတဲ့ ဖော်မြူလာဟာ "**ဖြန့်ကြားရေးနယ်ချဲ့ဝါဒ**" Information Imperialism အတွက် မရှိမဖြစ်လိုအပ်နေတဲ့၊ အလွန်လည်း လိုက်လျောညီထွေဖြစ်တဲ့ မျက်နှာဖုံးစွပ်တစ်ခု ဆိုတာ တွေ့နေရပါတယ်။

အဲသလို "**သတင်းလွတ်လပ်စွာ စီးဆင်းရေး**" ဆိုတဲ့ ဖော်မြူလာကြီးရဲ့ နောက်ကွယ်မှာ "**လူတစ်ချို့အတွက် လွတ်လပ်မှု**" ဟာ ကျန်သူအားလုံး "**အသိဉာဏ်ပညာကျွန်ခံရေး**" Intellectual Slavery ဆိုတဲ့ ရည်မှန်းချက်ကိုတွေ့နေရပါတယ်လို့ နိုင်ငံငယ်များကမျိုးချစ် သတင်းစာဆရာကြီးများက ငြီးတွားကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့်တော့ ကမ္ဘာ့နိုင်ငံငယ်လေးတွေက ပြန်ကြားရေးလုပ်ငန်းတွေဟာ သူတို့ရဲ့ သတင်းမှန်တွေကို ကမ္ဘာကြီးတစ်ခုလုံးကြားရလောက်အောင် ပြောပြနိုင်စွမ်းမရှိကြလို့ အထက်က ပြောခဲ့တဲ့ကိန်းကို ဆိုက်ကြရပါတယ်။ ဒါနဲ့ပတ်သက်လို့ ဝေဖန်သူတွေထဲမှာအထင်ရှားဆုံးပုဂ္ဂိုလ်ကတော့ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနဲ့ယဉ်ကျေးမှုအဖွဲ့ကြီးဖြစ်တဲ့ ယူနက်စကို အဖွဲ့ကြီးရဲ့ ညွှန်ကြားရေးမှူးချုပ်ဖြစ်ခဲ့သူ အမာဒူမာတာအမ်ဘိုး ဆိုသူပဲဖြစ်ပါတယ်။

သူပြောလိုက်တဲ့စကားလေးဟာ ယနေ့အထိ နိုင်ငံငယ်လေးများက အမြတ်တနိုးသိမ်းထားရတဲ့စကားလေး ဖြစ်ခဲ့ပါတယ်။ သူက **"သတင်းတွေဟာ တစ်ဘက်သတ်တည်း လွတ်လပ်စွာစီးဆင်းနေရမယ် one-way flow of information ဆိုရင်တော့ အဲဒီလွတ်လပ်ခွင့်ဟာ လုံးဝအဓိပ္ပာယ်မရှိတဲ့ လွတ်လပ်ခွင့်ပဲဗျာ"** လို့ပြောကြားခဲ့တာပါ။

## လွတ်လပ်စွာနှိပ်စက်ခွင့်

ဒါကြောင့် နိုင်ငံကြီးများရဲ့ သတင်းမီဒီယာ **"လွတ်လပ်ခွင့်"** ဆိုတဲ့ စကားလုံးကလေးဟာ နိုင်ငံငယ်များအတွက်တော့ **"နှိပ်စက်ခွင့်"** ရယ်လို့ အဓိပ္ပာယ်သတ်မှတ်ရပါလိမ့်မယ်-တဲ့။

အရင်းအနှီးကြီးမား ချမ်းသာတဲ့နိုင်ငံကြီးများရဲ့ အသုံးအနှုန်း



ဖြစ်တဲ့ **"လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့်"** ဆိုတဲ့ စကားရပ်လေးဟာလည်းပုံနှိပ်ထုတ်ဝေခွင့်ကို ဓားပြတိုက်ဖို့ ချမ်းသာသူတွေရဲ့လွတ်လပ်ခွင့်ပဲ ဖြစ်တဲ့အကြောင်း၊ သူတို့ရဲ့ချမ်းသာကြွယ်ဝမှုနဲ့ ကမ္ဘာ့နိုင်ငံငယ်လေးများက ပြည်သူတွေကို လွတ်လပ်စွာ ပုံသွင်းခိုင်းစေဖို့ပဲဖြစ်တဲ့အကြောင်း၊ အလိမ်အညာလွတ်လပ်ခွင့်သာ ဖြစ်တဲ့အကြောင်းနိုင်ငံငယ်လေးများက နားလည်နေကြပါပြီ-တဲ့။

ဒါကြောင့် **"သတင်းလွတ်လပ်စွာ စီးဆင်းရေး"** ဆိုတဲ့စကားလုံးဟာ ချမ်းသာတဲ့ လုပ်ငန်းရှင်ကြီးတွေရဲ့ အကျိုးအတွက်နဲ့နိုင်ငံကြီးတွေက အစိုးရတွေရဲ့ အနိုင်ကျင့်အုပ်စိုးရေးအတွက် အဆင့်အတန်း နိမ့်ကျလှတဲ့ စကားလုံးတွေသာ ဖြစ်တယ်လို့တောင် ပြင်းပြင်းထန်ထန် တုန့်ပြန်နေကြပါပြီ။

## စီအိုင်အေမှ ဖော်စပ်သည်

တစ်ခါတစ်ရံမှာတော့ လွတ်လပ်စွာစီးဆင်းစေပြီးမှ ရခဲ့တဲ့သတင်းတွေကို အမေရိကန် ဗဟိုထောက်လှမ်းရေး အေဂျင်စီ အဖွဲ့ကြီးက နိုင်ငံရေးလိုအပ်ချက်နဲ့အညီ ပုံသွင်းပြုပြင်တဲ့အခါ **"ထိပ်တန်းလျှို့ဝှက်အဆင့်"** Top Secret စာရင်းထဲကို ဝင်သွားတတ်ပါတယ်တဲ့။ စီအိုင်အေ အဖွဲ့ကြီးဟာ နိုင်ငံရေး ထိပ်တန်းလျှို့ဝှက်သတင်းတွေခန့်ခွဲဖို့နဲ့ အမှောင့်လုပ်ငန်းဝါဒ ဖြန့်ချိမှုအတွက် လက်သပ်မွေးမြူ

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ဝန်ထမ်းအင်အား (၂၀၀၀၀)လောက်ရှိကြောင်းလည်း သိရပါတယ်။

အရပ်ဝတ်နဲ့ ဝါဒဖြန့်သတင်းတွေ ထုတ်ပြန်ဖို့ ဖွဲ့စည်းထားတဲ့လူဦးရေကလည်း နောက်ထပ် (၁၀၀၀)လောက် ရှိသေးတယ်လို့ ဆိုပါတယ်။ ဒါကြောင့် စီအိုင်အေအဖွဲ့ကြီးက ဖော်စပ်ထုတ်လုပ်လိုက်တဲ့သတင်းများရဲ့ အမျိုးအစား the kind of news ကို အကဲခတ်ကြည့်ပါတော့ဗျာ။

ကိုဗတ်အက်ရှင် Covert Action လို့ခေါ်တဲ့ ဂျာနယ်ကြီးမှာ ဖော်ပြထားတဲ့အတိုင်းဆိုရင် စီအိုင်အေထောက်လှမ်းရေး အဖွဲ့ကြီးဟာ သတင်းတွေ ပြန်ကြားထုတ်ပြန်ပေးနေတဲ့ အဖွဲ့အစည်းအားလုံးကို ကိုင်တွယ်အသုံးပြုနေကြောင်း၊ ဒီလို အဖွဲ့မျိုး ၅၀ လောက်ကတော့ စီအိုင်အေကိုယ်တိုင် ပိုင်ဆိုင်ကြောင်း၊ အဲဒီအဖွဲ့အစည်းတွေကို အသုံးပြုပြီးတော့ သတင်းတွေကို လိုချင်သလို ပုံပြောင်းပြီး ထုတ်ဝေနေကြောင်း ရေးသားထားပါတယ်ခင်ဗျာ။

## ရာစုနှစ်တွေ ဒါဇင်ဝက်ကျော်ခဲ့ပြီ

အမှန်တော့ အနောက်ဘက်အင်အားကြီးနိုင်ငံတွေ အနေနဲ့ သူတို့ရဲ့ ကမ္ဘာကြီးလွှမ်းမိုးရေး အတွေးအခေါ်၊ သူတို့လိုချင်နေတဲ့ နိုင်ငံရေးပုံစံနဲ့စီးပွားရေးပုံစံ၊ သူတို့လိုချင်တဲ့ ယဉ်ကျေးမှု ကျွန်ပြု



ရေးသဘောတရားတွေကိုသာ နိုင်ငံငယ်လေးတွေအပေါ်မှာ ချမှတ်ကျင့်သုံးလာခဲ့တာဟာ ရာစုနှစ်ပေါင်းဒါဇင်ဝက်ကျော်ရှိခဲ့ပြီဖြစ်ပါတယ်။

အမှန်တရားကို တိုက်ဖျက်ရာမှာလည်း နယ်ချဲ့ဝါဒီတွေနဲ့ သူတို့ကိုကျောထောက်နောက်ခံပြုပေးနေတဲ့ နယ်ချဲ့ဝါဒီ အစိုးရတွေအနေနဲ့ အမှန်တကယ်ဒီမိုကရေစီလိုလားနေတဲ့ သတင်းစာဆရာတွေအပေါ်မှာ ဥပဒေနဲ့ညီညွတ်မှုမရှိဘဲနှိပ်ကွပ်ခြင်း၊ ရက်စက်စွာချေမှုန်းသုတ်သင်ခြင်း၊ နိုင်ငံငယ်များက လူထုဆက်သွယ်ရေးလုပ်ငန်းရှင်တွေကို တိုက်ခိုက်ချေမှုန်းဖျက်ဆီးခြင်းတွေကို ရနိုင်တဲ့နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်နေကြဆဲဖြစ်တာတွေ့နေရဆဲပါ။

တကယ်တန်းမှာ ကမ္ဘာ့လက်ဝါးကြီးအုပ်သတင်းစာလုပ်ငန်းပိုင်ရှင်ကြီးတွေအနေနဲ့ နယ်ချဲ့ဝါဒရာဇဝတ်ပြစ်မှုတွေကို အခြေအမြစ်ကစပြီး ကျူးလွန်နေကြတာကိုလည်း ကမ္ဘာ့သတင်းစာဆရာတွေသိရှိထားကြပြီး ဖြစ်ပါတယ်။

## ကမ္ဘာ့သစ်ကြီးတစ်ရပ် ထူထောင်ဖို့

နိုင်ငံရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ သိပ္ပံရေးရာ၊ လူထုကျန်းမာရေး၊ ပညာရေး၊ စက်မှုနည်းပညာ၊ လူမှုရေးကိစ္စတွေ၊ နိုင်ငံတကာရေးရာနဲ့ လူမှုရေးနယ်ပယ်အားလုံးမှာ ဘယ်အချိန် ဘယ်အခါ

www.burmeseclassic.com



ကာနဲ့မှမတူဘဲ ဒီကနေ့ နိုင်ငံငယ်များဟာ နိုင်ငံကြီးများရဲ့ဟန့်တား ပိတ်ဆို့ဖျက်ဆီးမှုတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။

ဒါကြောင့် ဒီအဖြစ်ဆိုးကြီးက ကင်းဝေးစေရေးအတွက် အထက်ကတင်ပြခဲ့တဲ့ နယ်ပယ်ကဏ္ဍအသီးသီးမှာ နိုင်ငံငယ်အားလုံး ပူးပေါင်းပါဝင်တဲ့ အပြန်အလှန်အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍသစ်ကြီးတစ်ရပ် ဝိုင်းဝန်းထူထောင်ကြဖို့လိုအပ်နေပါတယ်။

## သတင်းဆိုတဲ့ လူသုံးကုန်ပစ္စည်း

ဒီကနေ့ခေတ်မှာ **"သတင်း"** ဆိုတဲ့ လူသုံးကုန်ပစ္စည်းတစ်မျိုးဟာ လူသားအားလုံးရဲ့နေအိမ်တွေထဲကို ကာယကံအိမ်ရှင် သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ နည်းလမ်းအမျိုးမျိုးနဲ့ ခုန်ပေါက်ဝင်ရောက်လို့ လာနေပြီသာဖြစ်ပါတယ်။

လူသားအားလုံးဟာ **"သတင်း"** ဆိုတဲ့အရာကို နှာခေါင်းက ရှူလေသွင်းသလို အချိန်တိုင်း မျက်စိတွေ၊ နားတွေထဲ စီးဝင်စေလျက် ရှိတာ တွေ့ရပါတယ်။

ဒါကြောင့် သတင်းကို ထုတ်လုပ်ပေးနေတဲ့ ကလောင်တွေ၊ မိုက်ကရိုဖုန်းတွေ၊ ရုပ်မြင်သံကြားကင်မရာတွေဟာ ကမ္ဘာ့ပြည်သူတွေကို အမြင်မှားယွင်းမှုမရှိစေရေး၊ မြင့်မြတ်တဲ့ ရည်မှန်းချက်တွေနဲ့ ကမ္ဘာ့နိုင်ငံတွေအချင်းချင်း၊ ကမ္ဘာ့သူ၊ ကမ္ဘာသားတွေအချင်းချင်း



ပိုမိုရင်းနှီးကျွမ်းဝင်လာစေရေးကိစ္စမှာ ဘယ်ကလောက် အရေးပါနေမလဲဆိုတာ ခန့်မှန်းနိုင်ပါတယ်ခင်ဗျာ။

## အဖြေကဘာလဲ

ဒီတော့ကာ သတင်းလက်ဝါးကြီးအုပ်ဌာနတွေက ဖြန့်ဖြူးပေးနေတဲ့ သတင်းတွေဟာ ကမ္ဘာ့ပြည်သူတွေအချင်းချင်း ဘယ်လောက်ရင်းနှီးချစ်ခင်လာကြအောင် စွမ်းဆောင်ထားနိုင်ပါသလဲ။

ဒါမှမဟုတ် ဘယ့်ကလောက်များ ကမ္ဘာကြီးအစည်းမြေအောင်၊ နိုင်ငံတွေအချင်းချင်း ကွာလှမ်းသည်ထက် ကွာလှမ်းအောင် ဆောင်ရွက်နေကြပါသလဲ။

ကမ္ဘာ့ပြည်သူတွေကတော့ အဖြေထုတ်နေကြမှာဖြစ်ပါတယ်ဗျာ။ အလားတူပဲကမ္ဘာ့နိုင်ငံများရဲ့ ယနေ့ နိုင်ငံရေးရာသီဥတုက ဖွင့်လှစ်ပြသအဖြေထုတ်ပေးနေမှာလည်းဖြစ်တယ်ခင်ဗျ။

ကံမကောင်းအကြောင်းမလှဘူးလို့ပဲ ဆိုရလေမလား။ နိစ္စဓူဝ ကမ္ဘာ့နိုင်ငံငယ်လေးတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုစတဲ့ အရေးအရာတွေကို အနောက်ဘက်သတင်း မီဒီယာတွေရဲ့ အိုလိုနီ ဝုံစံအတွေးအမြင်တွေနဲ့ ချဉ်းကပ်ရှုမြင်ပြီး ကမ္ဘာ့ပြည်သူတွေကို တင်ပြရာမှာတော့ ဒီကနေ့အားလုံးမြင်တဲ့အတိုင်းပေါ့ခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com



## သတင်းမညီမျှခြင်းအတွက်

ကမ္ဘာ့နိုင်ငံများအကြား တစ်နိုင်ငံနဲ့တစ်နိုင်ငံ၊ မယုံသင်္ကာမှုတွေ၊ နားလည်မှုလွဲမှားစရာတွေနဲ့သာ ပြည့်နှက်နေကြတာတွေ့ရပြီး ကမ္ဘာ့နာမည်ကြီး သတင်းဌာနကြီးတွေရဲ့ သတင်းမီဒီယာတွေဟာ ကမ္ဘာကြီးစိုးမိုးရေး လက်သစ်ဝါဒီတို့ရဲ့မူဝါဒကို အကောင်အထည်ဖော်ပေးနေတဲ့ အစွမ်းထက်လက်ကိုင်တုတ်တွေ ဖြစ်နေဆဲပါပဲ။

ဒါကြောင့် အထင်ကရ ကမ္ဘာ့အရင်းရှင်နိုင်ငံကြီးများက မွေးထုတ်ပေးထားတဲ့ **"ပြန်ကြားရေးအင်ပါယာကြီး ထူထောင်ရေးဝါဒီ"** တို့ရဲ့ လုပ်ရပ်တွေ၊ ဝါဒဖြန့်ပုံတွေကို လေ့လာကြည့်ဖို့ လိုပါတယ်။ ပြန်ကြားရေးအင်ပါယာကြီး ထူထောင်ရေးဝါဒမှာ ပါဝင်နေတဲ့ ထူးခြားချက်တွေကတော့-

၁။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေနဲ့ ရေဒီယို၊ ရုပ်မြင်သံကြား၊ လူထုဆက်သွယ်ရေး ပစ္စည်းတွေ အားလုံးကို အင်အားကြီးမားတဲ့ ကော်ပိုရေးရှင်းကြီးတွေရဲ့ လက်ထဲမှာ စုစည်းထိန်းချုပ်ကိုင်တွယ်ထားနိုင်ခြင်း။

၂။ ကမ္ဘာ့ပြန်ကြားရေးနယ်ပယ်ကြီးကို အစိုးရလက်ဝါးကြီးအုပ် အရင်းရှင်စနစ်ထွန်းကားတဲ့ နိုင်ငံကြီးတွေရဲ့ အာဏာရအစိုးရ အဖွဲ့အစည်းတွေက လွတ်လပ်စွာ ဝင်ရောက် စွက်ဖက်ချုပ်ကိုင်ထားနိုင်ခြင်း။



၃။ ကမ္ဘာ့သတင်းဈေးကွက်ကြီး The world market for news ကို နိုင်ငံတကာ သတင်းထုတ်ပြန်ရေး ကော်ပိုရေးရှင်းကြီးတွေကလွှမ်းမိုးချုပ်ကိုင်ထားနိုင်ခြင်း။

၄။ အင်ပါယာထူထောင်ရေးဝါဒီ အင်အားစုကြီးတွေနဲ့ အခြားတစ်ဘက်က ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးတွေကြားမှာ လူထုဆက်သွယ်ရေးနဲ့ ပြန်ကြားရေးလုပ်ငန်း ပိုင်ဆိုင်မှုအချိုးမညီခြင်းဟာ တဖြည်းဖြည်းနက်ရှိုင်းလာနေခြင်း။

၅။ အင်ပါယာချဲ့ထွင်ရေးဝါဒီတို့ရဲ့ ပြည်တွင်းရေးရာနဲ့ နိုင်ငံခြားရေးရာဝါဒတို့ကို ဖော်ညွှန်းရာမှာ အနောက်ဘက်က စာနယ်ဇင်း၊ ရေဒီယိုနဲ့ ရုပ်/သံအင်အားစုတွေရဲ့ ဖော်ပြချက်တွေဟာ လက်တွေ့ဖြစ်ရပ်နဲ့ကွာဟချက် ကြီးမားလွန်းနေပြီး တလွဲသတင်းထုတ်ပြန်မှုတွေ အရှိန်အဟုန်မြင့်မားလာနေခြင်း။

အဲဒီအချက်တွေကို တွေ့နေရပါတယ်။

## သတင်းညီမျှခြင်းစနစ်

ဒါပေမယ့်လည်း နယ်ချဲ့ပြန်ကြားရေး လုပ်ငန်းကြီးဟာ ကမ္ဘာကြီးကို လုံးဝအပြည့်အဝ လွှမ်းမိုးနိုင်လောက်အောင် စွမ်းဆောင်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာတော့မဟုတ်ပါဘူး။

ဖွံ့ဖြိုးတိုးတက်ရေးကိုလိုလားတဲ့အင်အားစုတွေဟာ ကမ္ဘာ့စီးပွားရေးနယ်ပယ်ကြီးထဲမှာ နိုင်ငံတကာစီးပွားရေးအစီအစဉ်သစ်တွေတည်ဆောက်ဖို့ကြိုးပမ်းခဲ့ကြတာတွေ့ရပါတယ်။

အဲဒီစီးပွားရေး အစီအစဉ်သစ်တွေကြောင့် ကမ္ဘာ့နိုင်ငံများရဲ့အမျိုးသားပိုင်စီးပွားရေးလုပ်ငန်းဌာနတွေဟာ ကမ္ဘာကြီးငြိမ်းချမ်းရေးခိုင်မာလာစေဖို့၊ ကမ္ဘာ့နိုင်ငံများအားလုံး လွတ်လပ်စွာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအားလုံးရဲ့ ပိုင်ခွင့်တွေကို မှန်ကန်စွာအမြန်အလျှန်သိမြင်နားလည်လာစေဖို့ ထောက်ကူကြိုးပမ်းနိုင်ခဲ့ကြတာတွေ့ရပါတယ်။

အလားတူကမ္ဘာ့နိုင်ငံများအချင်းချင်း ဖိနှိပ်ချုပ်ချယ်ခံနေရခြင်း၊ မညီမျှခြင်းများကို လျော့နည်းပပျောက်သွားစေပြီး ပိုမိုနီးကပ်စွာချစ်ခင်ရင်းနှီးလာစေဖို့ကိုလည်း **"သတင်းညီမျှခြင်း"** နည်းနဲ့ဆောင်ရွက်နိုင်ခဲ့ကြတာတွေ့ရပါတယ်။

ဒီလို **"သတင်းညီမျှခြင်းစနစ်"** ကို ရှာဖွေဖန်တီးနိုင်ခဲ့ကြတာကြောင့် ကမ္ဘာ့နိုင်ငံကြီးများရဲ့ လက်နက်ဖျက်သိမ်းရေးနဲ့ ကမ္ဘာ့လုံခြုံရေး ကြိုးပမ်းမှုတို့လို ကောင်းမြတ်တဲ့ ကမ္ဘာ့နိုင်ငံရေး ရာသီဥတုတွေဖန်တီးနိုင်ခဲ့တာကိုလည်း တွေ့ရပါတယ်။ တစ်ဘက်မှာလည်း နိုင်ငံငယ်လေးတွေအပေါ် တရားမဲ့ အနိုင်ကျင့်မှုပုံစံအမျိုးမျိုးကို



ပျက်ပြယ်လျော့နည်းသွားစေခြင်း၊ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် သင့်မြတ်သောအခြေခံများ တည်ဆောက်နိုင်ခြင်း၊ ကမ္ဘာ့စီးပွားရေး နယ်ပယ်ကြီးထဲမှာ အပြည်ပြည်ဆိုင်ရာ သတင်းစီးပွားရေး အစီအစဉ်သစ်ကြီး ချမှတ်ဆောင် ရွက်နိုင်ခြင်းဆိုတဲ့ အချက်တွေကိုတွေ့လာရပါတယ်။

## အမှောင်ထဲ ပန်းချီဆွဲရသလို

ဒုတိယကမ္ဘာစစ်ကြီးအပြီး အသစ်အသစ်သော လွတ်မြောက်ပေါ်ပေါက်လာကြတဲ့ နိုင်ငံငယ်လေးတွေဟာ ဘဏ္ဍာငွေကြေးအင်အားလျော့နည်းမှု ဒုက္ခတွေ၊ စီးပွားရေးလုပ်ငန်းတွေမှာ နားလည်တတ်ကျွမ်းသူရှားပါးတဲ့ ဒုက္ခတွေကို ရုန်းကန်ကျော်လွှားရင်းနဲ့ ကိုယ်ပိုင်အမျိုးသားစီးပွားရေးလုပ်ငန်းတွေကို ထူထောင်ခဲ့ကြပါတယ်။

အခုလို ကျော်လွှားရုန်းကန်ကြရတဲ့အခါ ပထမဆုံးကြုံတွေ့ရတဲ့ အခက်အခဲကြီးကတော့ နိုင်ငံငယ်လေးတွေရဲ့ ပညာရေးနဲ့ယဉ်ကျေးမှုဖွံ့ဖြိုးအောင် ရုန်းထလာခြင်းအပေါ် မနာလိုမရှုဆိတ်ကြတဲ့ အင်ပါယာချဲ့ထွင်ရေးဝါဒီနိုင်ငံကြီးများရဲ့ ကိုလိုနီလက်သစ်ဝါဒနဲ့ ကိုလိုနီအတွေးအခေါ်မှိုင်းကြီးကို အန်တုရုန်းကန်ရတဲ့ဒုက္ခပါပဲ။ ပထမတော့ အမှောင်ထဲပန်းချီဆွဲရသလိုပါပဲလို့ သိမီသူများက

www.burmeseclassic.com

www.burmeseclassic.com



ပြီးတွားကြပါတယ်။ ဒါပေမယ့်လည်း မကြာခင်နှစ် အနည်းငယ်အတွင်းမှာပဲ နိုင်ငံငယ်လေးများရဲ့ ပြန်ကြားရေးလုပ်ငန်းတွေဟာ ထူထူထောင်ထောင် အလင်းရောင်မြင်လာခဲ့ကြရပါတယ်။

**အမျိုးသားဟန်အပြည့် ၊ အမျိုးသားမာန်အပြည့်**

အာရှ၊ အာဖရိကနဲ့ လက်တင်အမေရိကဒေသ လွတ်မြောက်စနိုင်ငံငယ်လေးတွေဟာ ကိုယ်ပိုင်ပြန်ကြားရေး အေဂျင်စီတွေထူထောင်ပြီး အမျိုးသားဟန်အပြည့်၊ အမျိုးသားမာန်အပြည့်နဲ့ ကမ္ဘာ့ပြန်ကြားရေးနယ်ပယ်အတွင်း ဝင်ရောက်နိုင်ခဲ့ကြပါတယ်။

ကိုယ်ပိုင်စာပေနဲ့ ဝင့်ဝင့်ကြွားကြွား ထုတ်ဝေလာတဲ့ စာနယ်ဇင်းတွေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုနဲ့ ထွက်ပေါ်လာတဲ့ ရုပ်ရှင်တွေ၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းတွေနဲ့ ထွက်ပေါ်လာတဲ့ ရေဒီယိုအသံလွှင့်ဌာနလေးတွေကို ကမ္ဘာအနှံ့မြင်တွေ့ခဲ့ကြရပါတယ်။

ဒီကနေ့မှာတော့ လွတ်မြောက်ပြီးစ နိုင်ငံငယ်လေးတွေရဲ့ ကိုယ်ပိုင်ဟန်အပြည့်နဲ့ ဖွံ့ဖြိုးလာခဲ့ကြတဲ့ ပြန်ကြားရေး လုပ်ငန်းတွေကို ရင်သပ်အံ့ဩဖွယ်ရာ တွေ့ခဲ့ကြရပါပြီခင်ဗျာ။

ရှာချင်သလိုသာ ရှာပေဦးတော့ အနောက်မိုး။

❑ ❑ ❑

**မီဒီယာစစ်မျက်နှာ ကျမ်းကိုးစာရင်း**


၁။ Propaganda Psychology ဘာသာရပ်မှတ်စုများ၊ စစ်တက္ကသိုလ်၊ ပြင်ဦးလွင်။

၂။ International Relation ဘာသာရပ်မှတ်စုများ၊ စစ်တက္ကသိုလ်၊ ပြင်ဦးလွင်။

၃။ Geo-Politics ဘာသာရပ်မှတ်စုများ၊ စစ်တက္ကသိုလ်၊ ပြင်ဦးလွင်။

၄။ Culture, Communication and Social Change; by PC Joshi.

၅။ Politics and The Mass Media in Britain; by Ralph Negrine.

၆။ Politics of News; by Jaswant S. Yadava.

၇။ Politics and Television Reviewed; by Gladys Engel Lang and Kurt Lang.

၈။ Many Voices One World; by UNESCO.

၉။ The Media and International Security; by Stephen Badsey.


www.burmeseclassic.com

www.burmeseclassic.com

ဖိုးလယင်း


၁၀။ Media Policy and National Building; by VS Gupta and Vir Bala Aggarwal.

၁၁။ Political Communication Today; by Duncan Watts.

၁၂။ Mass Media Effects Across Culture; by Felipe Korzenny.

၁၃။ News and Power.

၁၄။ The Global Media: by Edward S. Herman and Robert W Mc. Chessney.

၁၅။ Practising Global Journalism; by John Herbert.

၁၆။ Imagine There's No Country; by Surjit S. Bhalla.

၁၇။ Media and Free Flow of Information: by U Ye Myint.